http://www.cherrythitsar.org




# WOMAN OF KALI

BY GARONER F.FOX

http://www.cherrythitsar.org

စာအုပ်အမှတ် ( ၁၇၉ )

**Quality Publishing House**

**အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၇၀၆၄၁၄၊ ၃၈၃၆၆၄၊ ၂၈၂၆၀၄။**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းသာရေးနှင့် နိုင်ငံတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်တည်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ကာလီဒေဝီ

အောင်ခန့်

# Woman Of Kali

**Gardner F.fox**

http://www.cherrythitsar.org

စာမူခွင့်ပြုအချက်အမှတ် - ၁၁၃၄၉/၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၄၃/၂၀၀၃ (၁၀)

❖

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - (၂၀၀၄၊ ဇွန်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - အောင်ကျော်
ကွန်ပျူတာစာစီ - Quality
အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်စက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း (မြဲ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၈၀၀ - ကျပ်

http://www.cherrythitsar.org



# ဆရာ မောင်ခန့်

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် (ဗုဒ္ဓဟူးနေ့) တွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာ၌ အဖဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့မှ မွေးဖွားသည်။ အမည်ရင်းမှာ ဝင်းမြင့်၊ ဝင်းဆွေ ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးမြို့အစိုးရအထက်တန်းကျောင်းက ဖြေဆိုအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူဆည်းပူးရာ၊ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်း အပိုင်း (ခ) ၌ 'မြန်မာစာပထမ'ရရှိပြီး၊ ၁၉၅၉ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ သာဒိုးအောင်ဆုကို တက်ရောက်ယူရသည်။

၁၉၆၀ ပြည့်နှစ်၊ မတ်လတွင် ဝိဇ္ဇာ (အထွေထွေဂုဏ်ထူးတန်း) ကို ဒုတိယတန်း၊ ပထမဆင့်မှ အောင်မြင့်ပြီး မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာအဖြစ် စတင် အမှုထမ်းသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်ဆေးတက္ကသိုလ် (၂)၊ မြန်မာစာဌာန၌ လက်ထောက်ကထိကနှင့် ဌာနမှူးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (အရည်အချင်းလိုက်  ပထမ) ရရှိသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနားဒီဂရီကောလိပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၈၀ ပြည်နှစ် မတ်လတွင် ပညာရေးဝန်ကြီးဌာန၏ ရွေးချယ်စေလွှတ်ချက်အရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော် နိုင်ငံခြားဘာသာသိပ္ပံကျောင်း၌ မြန်မာစာပေပညာရှင် (ဧည့် - ပါမောက္ခ) အဖြစ် ၂ နှစ် တာဝန်းထမ်းဆောင်သည်။

၁၉၈၆ ခုနှစ် မတ်လတွင် ကထိကနှင့် ဌာနမှူးအဖြစ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တွင် တာဝန်ထမ်းဆောင်သည်။

အဝေးသင်တက္ကသိုလ် စတင်တည်ထောင်သောအခါ၌ ကထိကနှင့် မြန်မာစာဌာနမှူးတာဝန်ကို ၁၉၉၂ ခု၊ မေလတွင် ပြောင်းရွှေ့တာဝန်ယူရသည်။

၁၉၉၃ ခု၊ နိုဝင်ဘာလတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌၊ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာဌာနမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဆန်းတွင် အငြိမ်းစားယူသည်။

ယခုအခါ မြန်မာစာကျွမ်းကျင်သူအဖြစ် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ ဆက်လက်တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာပါရဂူ သင်တန်းသားများအား စာပေပို့ချလျက်ရှိသည်။

၁၉၅၉ ခု မတ်လတွင် စာပေစတင်ရေးသားသည်။ စာပေရေးသားရာ၌ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များကို **တက္ကသိုလ်ဝင်းမွန်** ကလောင်အမည်ဖြင့် ရေးသားသည်။ ၁၉၆၈ ခုနှစ်တွင် ရေးသားသော **ခေတ်သစ်ကဗျာမိတ်ဖွဲ့** စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုကို ရရှိခဲ့သည်။

ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ရာ၌ **အောင်ခန့်** ကလောင်အမည်ဖြင့် မြန်မာပြန်သည်။ ၁၉၆၈ ခုနှစ်တွင် ဆာဝေါလတာစကော့၏ **Quentin Durward** ဝတ္ထုကို **ရဲသွေးနီနီ** အမည်ဖြင့် မြန်မာပြန်ရာ၊ ထိုဘာသာပြန်ဝတ္ထုဖြင့် ၁၉၆၈ ခုနှစ်၊ အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုကို ရရှိခဲ့သည်။

အောင်ခန့် ကလောင်အမည်ဖြင့် ဆာ ရိုက်ဒါဟက်ဂက် ဝတ္ထုအမြောက်အမြားနှင့် အခြားကမ္ဘာ့ဝတ္ထုဆရာကြီး၏ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ခဲ့သည်။

# မြန်မာပြန်သူ၏အမှာ

'ကာလီဒေဝီ'မှာ ခေတ်သစ်ရာဇဝင် စွန့်စားခန်း ဝတ္ထုဆရာကြီး 'ဂတ်နာအက်ဖော့က်' ရေးသား၍ ၁၉၅၄ ခုနှစ် အောက်တိုဘာလက နယူးယော့မြို့ရှိ 'ရွှေတံဆိပ်စာအုပ်များ' တိုက်က ထုတ်ဝေသော (Woman of Kali) ဝတ္ထုကို မြန်မာပြန်ခြင်းဖြစ်သည်။

ခေတ်သစ်ရာဇဝင် စွန့်စားခန်းဝတ္ထုကြီး ဆရာကြီး ဂတ်နာအက်ဖော့က်သည် ရမ္မက်ကျွန် ဝတ္ထုသည် ၁၉ ရာစုခေတ်ဦးက မြေထဲပင်လယ်ကို လွှမ်းမိုးခြိမ်းချောက်နေသော ထရီပိုလီ ပြည့်ရှင်ပါရှားဘုရင် ယူစွတ်ကာရာမင်လီ၏ နန်းတွင်းရေး၊ နိုင်ငံရေး အရှုပ်အထွေးများပေါ်တွင် ဇာတ်လမ်းဆင်ကာ ဇာတ်အိမ်ဖွဲ့ခဲ့ပါသည်။

ယခု ကာလီဒေဝီ ဝတ္ထုတွင် ၁၈ ရာစုခေတ်အလယ်က အိန္ဒိယပြည်ကြီးကို ကုန်သွယ်ရေးကို အကြောင်းပြကာ လာရောက်အခြေစိုက်ပြီး၊ ပြည်နယ်များ အချင်းချင်း မသင့်မမြတ်အောင် သွေးခွဲရင်း အစွမ်းကုန်နယ်ချဲ့ရန် ကြိုးပမ်းနေကြသော ဗြိတိသျှနယ်ချဲ့နှင့် ပြင်သစ်နယ်ချဲ့တို့၏ နိုင်ငံရေး အရှုပ်အထွေးပေါ်တွင် ဇာတ်လမ်းဆင်ကာ ဇာတ်အိမ်တည်ထားပါသည်။

ထိုသို့ဇာတ်လမ်းဆင်ကာ ဇာတ်အိမ်တည်ရာ၌ အိန္ဒိယ အမျိုးသားအများစုတို့ ကိုးကွယ်သော ကာလီမယ်တော်ကြီးနှင့် လျှို့ဝှက်သော သာဂ်ဂိုဏ်းအကြောင်းကိုလည်း ထည့်သွင်းရေးသားထားပါသည်။

ကာလီမယ်တော်ကြီးမှာ 'တြိမုနိ' ဟု ခေါ်သော နတ်ဘုရားသုံးပါးအနက်၊ တစ်ပါးအပါအဝင်ဖြစ်သည့် သိဝနတ်ဘုရားကြီး၏ ကြင်ယာတော်ဖြစ်ပါသည်။ 'ကာလကို အစိုးရသောသူ' ဟူ၍ လည်းကောင်း၊ 'မည်းနက်သောအဆင်းရှိသောသူ' ဟူ၍ လည်းကောင်း ဖွင့်ဆိုကြပါသည်။ ကာလီမယ်တော်ကြီးမှာ 'မရဏသေခြင်းနှင့် မကောင်းမှု ဒုစရိုက်တို့ကို စိုးမိုးသော သခင်မကြီးဖြစ်သည်' ဟု ဆိုပါသည်။ ကာလီမယ်တော်ကြီးကို မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်တို့ဖြင့် ကိုးကွယ်ကြသူများ ရှိသကဲ့သို့ မကောင်းသော ရည်ရွယ်ချက်တို့ဖြင့် ကိုးကွယ်ကြသူများလည်း ရှိပါသည်။

သာဂ်ဂိုဏ်းသားတို့မှာ ကာလီမယ်တော်ကြီးကို မကောင်းသော ရည်ရွယ်ချက်ဖြင့် ကိုးကွယ်ကြသူများဖြစ်၍ ထိုသူတို့ကြောင့် ကာလီမယ်တော်ကြီး၏ အမည်နာမပင် ခေတ္တ မှေးမှိန်သွားခဲ့ဖူးပါသည်။ သာဂ်ဂိုဏ်းသားတို့ကား

မကောင်းမှု ဒုစရိုက်သမားတို့ဖြစ်လေရာ၊ တရားဥပဒေပြဋ္ဌာန်းပြီး တရားဝင်နှိမ်နင်းရပါသည်။ ၁၈၃၁–၁၈၃၇ အတွင်းသာ သာဂ်ဂိုဏ်းသား သုံးသောင်းကျော်ကို ဖမ်းဆီးပြီး၊ သုံးရာကျော်ကို သေဒဏ်စီရင်လိုက်ပါသည်။ ထိုအခါမှစ၍ သာဂ်ဂိုဏ်းကြီး ပြိုကွဲသွားပါသည်။

'ကာလီဒေဝီ' ဝတ္ထုမှာ ရာဇဝင်စွန့်စားခန်းများနှင့် ဓာတ်လမ်း ဓာတ်ကွက် အလှည့်အပတ်တို့ကို နှစ်သက်ဖတ်ရှုကြသော စာဖတ်ပရိသတ်တို့ စိတ်ကျေနပ်စေမည့် အပျော်ဖတ်ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ခေတ်သစ်ရာဇဝင် စွန့်စားခန်း ဝတ္ထုဆရာကြီး ဂတ်ရာအက်ဖော့က်၏ The Borgia Blade ဝတ္ထုကို လက်သုံးတော်စား အမည်ဖြင့် ဆက်၍ မြန်မာပြန်နေပါသည်။

**အောင်ခန့်**

၁၉၇၄ ခု မေလ ၁၀ ရက်။

http://www.cherrythitsar.org

[၁]

# လူသတ်သမား၏ ထောင်ချောက်

မိန်းမလှလေး ရှုမနီ၏ တဲအိမ်တံခါးဝတွင်းသို့ ကပ္ပတိန်တမ်မုပရစ်ချတ်လှမ်းဝင်မိသည်နှင့် တစ်ပြိုင်နက် ကြိုးခုတင်လေးထက်၌ ခွေခွေလေးလဲနေသော ရှုမနီကို တွေ့မြင်လိုက်ရသည်။ ရှုမနီ၏ နံကြားတွင် ဓားတစ်ချောင်းစိုက်နေပြီး ဓားရိုးကို ရှုမနီလက်ဖြင့် ဆုပ်ကိုင်ထားရှာသည်။ ကပ္ပတိန်ပရစ်ချတ်ကို တွေ့မြင်သောအခါ ရှုမနီသည် အားယူကာခေါင်းထောင်လိုက်ပြီးလျှင် ကပ္ပတိန်ပရစ်ချတ်အား ယဲ့ယဲ့လေး ပြုံးပြရှာသည်။ ထို့နောက် လေသံသဲ့သဲ့ဖြင့် ....

"ဒီမှာ သခင်။ ကတိထားတဲ့အတိုင်း ကျွန်မ သိထားတာကို ဖွင့်ပြောပါ့မယ်၊ ကာလကတ္တားမြို့မှာ ဟောဒီည" ... ဟု ပြောရင်း ဖတ်လိုက်ဖုတ်လိုက်နှင့် သက်ပြင်းရှူနေရှာသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချက်လည်း ရှုမနီ၏ အပါးသို့ ခပ်သွက်သွက် လျှောက်သွားပြီး ဦးခေါင်းကို အသာပွေ့ထားလိုက်သည်။ ထို့နောက် ပြင်းထန်သော ဝေဒနာကို အလူးအလိမ့်ခံစားနေရရှာသော ရှုမနီကို စိုးရိမ်တကြီး ငေးကြည့်နေရာမှ ....

"ရှုမနီရယ် ... မင်းကို ဘယ်သူက ဓားနဲ့ထိုးသွားတာလဲကွယ်" ဟု မေးလိုက်သည်။

ထိုအခါ ရှုမနီလည်း အမေးကို ဖြေလိုသည့်အနေဖြင့် နှုတ်ခမ်းကို ကြိုးစားလှုပ်ရှားသည်။ နှုတ်ခမ်းအစုံသာ တဆတ်ဆတ်လှုပ်နေသည်။ အသံကား ထွက်ပေါ်မလာချေ။ ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်လည်း ရှုမနီ၏ နံကြားတွင် စိုက်နေသော ဓားမြှောင်ကို ဆွဲဖြုတ်ရန် ကြိုးစားသည်။ သို့သော်

http://www.cherrythitsar.org



စားမြှောင်မှာ အရင်းထိအောင် နံကြား၌စိုက်နေသောကြောင့် အလွယ်တကူ နှုတ်၍မရပေ။ ထို့ကြောင့် ကပ္ပတိန် ပရစ်ချတ်လည်း စားမြှောင်ရိုးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး ဆွဲနှုတ်ရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်တွင်ပင် ရူမနီ၏နံကြား၌ စိုက်နေသော စားမြှောင်မှာ မိမိ၏စားမြှောင်ဖြစ်နေကြောင်း သတိပြုမိသွားတော့သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မိမိအပေါ်သို့ အပြစ်ပုံကျအောင် လူသတ်သမားက ထောင်ချောက်ဆင်ထားသည့်အဖြစ်ကို ချက်ချင်းတွေးမိကာ ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားတော့သည်။ ထိုအခိုက်တွင် ရူမနီက လေသံသဲ့သဲ့ဖြင့် .... "သခင် ... သခင် သိချင်နေတဲ့ သူလျှိုဟာ" ဟု တိုးတိုးပြောရာမှ စကားဆုံးအောင် မပြောနိုင်တော့ဘဲ ကိုယ်ကို တစ်ချက်လွန့်လိုက်ရင်း ငြိမ်ကျသွားတော့သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မိမိလက်ထဲ၌ အသက်ပျောက်သွားသော ရူမနီ၏ခေါင်းကို ကြိုးကုတင်လေးပေါ်သို့ အသာလေး ပြန်ချထားလိုက်သည်။ ထို့နောက် မိမိနှင့် ရူမနီတို့ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အကြောင်းချင်းရာတို့ကို ပြန်ပြောင်းတွေးတောနေမိသည်။

ကပ္ပတိန်ပရစ်ချတ်ကား အိန္ဒိယပြည်၊ မဒရပ်မြို့ကြီးရှိ 'မြင်းလျင်တပ်' က ဗိုလ်ကြီးတစ်ဦးဖြစ်ပေသည်။ တစ်နေ့သော ညနေခင်းတွင် စိတ်ပြေ လက်ပြေ လမ်းလျှောက်ရင်း မဒရပ်ဈေးဖက်သို့ လျှောက်လာခဲ့မိသည်။ ထို့နောက် ဈေးအတွင်းရှိ ကော်ဖီဆိုင်များ၊ ကျောက်မျက်ရတနာဆိုင်များကို လှည့်ပတ်ကြည့်ရှုငေးမောရင်း လျှောက်လာခဲ့ရာမှ ချိုချဉ်ဆိုင်တန်းဖက်သို့ ရောက်လာခဲ့သည်။

ထိုအခိုက်တွင် ချိုချဉ်ဆိုင်တစ်ဆိုင်တွင်းမှ မိန်းမလှလေးတစ်ဦး ထွက်လာပြီး ကပ္ပတိန်ပရစ်ချတ်ကို ရုတ်တရက် လက်ပြလိုက်သည်။ သို့သော် ကပ္ပတိန်ပရစ်ချက်က ထိုမိန်းမပျိုကို ဈေးသည်တစ်ဦးဟုသာ သဘောထားသောကြောင့် အရေးစိုက်မနေတော့ဘဲ ဆက်လျှောက်လာခဲ့သည်။ ထိုအခါ မိန်းမပျိုလေးသည် ကပ္ပတိန်ပရစ်ချတ်နောက်သို့ အပြေးလိုက်လာပြီး လက်မောင်းကို ဆတ်ခနဲကိုင်ရင်း လေသံသဲ့သဲ့ဖြင့် ....

"ကျွန်မနာမည်က ရူမနီလို့ ခေါ်ပါတယ်။ ကျွန်မနဲ့အတူ လိုက်ခဲ့ပါနော်" ဟု ပြောသည်။

အခါ ကပ္ပတိန်ပရစ်ချတ်က မိန်းမပျိုကို ပြုံးစိစိအမူအရာဖြင့် လှမ်းကြည့်ရင်း "ကျုပ် ... သိပ်ပင်ပန်းနေတယ်။ မင်းခေါ်ရာကို မလိုက်နိုင်ပါဘူး" ဟု ပြောလိုက်ရာ မိန်းမပျိုက ....

http://www.cherrythitsar.org



“ကျွန်မကို အထင်မလွဲပါနဲ့နော် … ကျွန်မဟာ မိန်းမကောင်း တစ်ယောက်ပါ။ ပြင်သစ်တွေနဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့ သတင်းစကားတစ်ရပ်ကို ပြောချင်လို့ ခေါ်တာပါ” ဟု ပြောရှာသည်။

ဤသို့ မိန်းမပျို ပြောကြားလိုက်သောအခါကား ၁၇၅၆ ခုနှစ် နွေရာသီဖြစ်သည်။ ဤအချိန်အခါ၌ အိန္ဒိယနိုင်ငံရှိ ပြည်နယ်များကို နည်းအမျိုးမျိုးဖြင့် နယ်ချဲ့ သိမ်းပိုက်နေရာမှ အချင်းချင်း အဝေမတည့်ဘဲ ရန်ဖက်ဖြစ်ပွားနေကြသော အင်္ဂလိပ်နှင့် ပြင်သစ်တို့ အချင်းချင်း နားလည်မှုယူကာ ခေတ္တစစ်ပြေငြိမ်းပြီး မဟာမိတ်ပြုနေသော အချိန်အခါဖြစ်၏။ သို့သော် အင်္ဂလိပ်နှင့် ပြင်သစ်တို့ကား တစ်ဦးခြေလှမ်းကိုတစ်ဦး စောင့်ကြည့်အကဲခတ်နေကြသည်။ ထို့ကြောင့် အချိန်မရွေး၊ အခါမရွေး စစ်မက်ပြန်လည်ဖြစ်ပွားမည့် အခြေအနေလည်း ရှိနေသည်။

ထိုသို့သော အချိန်အခါတွင် ဘင်္ဂလားပြည်နယ် ဘုရင်ကြီး အလီ–ဝါဒီ–ခန် ရုတ်တရက် ကွယ်လွန်သွားပြီး မြေးတော် ဆာရတ်–အဒူလာ နန်းတက်လာသည်။

ဘင်္ဂလားဘုရင်သစ် ဆာရတ်–အဒူလာကား မင်းပျိုမင်းလွင် ဖြစ်ရုံမက စိတ်နေစိတ်ထားလည်း မြင့်လှသူဖြစ်သည်။ ဆာရတ်–အဒူလာသည် ဘေးလောင်းတော် ဘိုးလောင်းတော်များ ဖြစ်ကုန်ကြသော ဘာဘာမင်းတရားကြီးနှင့် အက်ဗာက်မင်းတရားကြီးများကဲ့သို့ မဂိုလက်နက်နိုင်ငံတော်ကြီးကို ချဲ့ထွင်လိုသူဖြစ်သည်။ ထိုသို့သော ဆာရတ်– အဒူလာ၏ အကြံတော်ကို ပြင်သစ်တို့သည် သွေးထိုးသွေးမြှောက် ပြုနေကြသည်။ ဆာရတ်–အဒူလာနှင့် မဟာမိတ်အင်္ဂလိပ်တို့ မိတ်ပျက်အောင် ကြားမှနေ၍ ခြေထိုးနေသည်။

ထိုသို့သောအခြေအနေမျိုးတွင် ပြင်သစ်တို့နှင့်ပတ်သက်သော အရေးကြီးသည့် သတင်းစကားကို ပြောကြားလိုပါသည်ဟု ဆိုလာသော မိန်းမလှလေး ရှုမနီကို မဒရပ်မြင်းလျှင်တပ်က ဗိုလ်ကြီး ကပ္ပတိန်ပရစ်ချတ်သည် အလွန်အမင်း စိတ်ဝင်စားသွားတော့သည်။ ထို့ကြောင့်လည်း ကပ္ပတိန်ပရစ်ချတ်သည် ရှုမနီ၏လက်ကို ဆွဲကာ လမ်းဘေး တစ်နေရာသို့ ခေါ်သွားသည်။ ထို့နောက်

“ကိုင်း … ရှုမနီ။ မင်းသိတာကို ပြောစမ်းပါကွယ်” ဟု စိတ်အားထက်သန်စွာ မေးလိုက်ရင်း ရှုမနီ၏ လက်တွင်းသို့ ငွေဒင်္ဂါးတစ်ပြား ထည့်လိုက်သည်။

ထိုအခါ ရှုမနီသည် မိမိဘေးပတ်ဝန်းကျင်ကို မျက်လုံးလေး အဝိုင်းသားနှင့် ကျီးကန်းတောင်းမှောက် ဖျတ်ခနဲ ကြည့်လိုက်ပြီးနောက် လေသံတိုးတိုးဖြင့် ….

"သခင် ... ကျွန်မဟာ အင်္ဂလိပ်တွေရဲ့ မိတ်ဆွေပါ။ ကျွန်မဆီကို သူလာနေတဲ့အခါတွေမှာ သူ့အလုပ်အကိုင် အကြောင်းကို တစ်ခွန်းစနှစ်ခွန်းစ ပြောလေ့ရှိပါတယ်။ အဲဒီ စကားတွေကို ပေါင်းစပ်ပြီးကြည့်တဲ့အခါ သူဟာ ပြင်သစ်တွေနဲ့ လျှို့ဝှက်ဆက်သွယ်နေတယ်ဆိုတာကို သိရပါတယ်။ ပြီးတော့ သူ့စကားအရ ဘင်္ဂလားဘုရင်ဟာ ပြင်သစ်တွေနဲ့ပေါင်းပြီး ကာလကတ္တားကို တိုက်မယ်လို့ သိရပါတယ်။ ပြီးတော့ ဘာတွေဖြစ်မယ်ဆိုတာတော့ ဘယ်သူ သိနိုင်ပါ့မလဲ" ဟု ပြောကြားသည်။

ကပ္ပတိန်ပရစ်ချက်လည်း ကြားရသော သတင်းစကားကို စိတ်ဝင်စားလာသောကြောင့် ....

"ရှုမနီ၊ မင်းသိမျှ သတင်းစကားတွေကို ကျေနပ်လောက်တဲ့ ငွေကြေးကို ကျုပ် ပေးပါ့မယ်" ဟုပြောရင်း ရှုမနီ၏လက်တွင်းသို့ ငွေဒင်္ဂါးနှစ်ပြားထပ်ပြီး ထည့်ပေးလိုက်သည်။

ထိုအခါ ရှုမနီက သက်ပြင်းကို ဖြည်းဖြည်းချရင်း ....

"ဒီလို သတင်းစကားကြားဖို့က သိပ်မလွယ်ပါဘူးရှင်။ ဒါပေမဲ့ ကျွန်မ ကြိုးစားပါ့မယ်" ဟု ဖြေသည်။

ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်က ....

"ရှုမနီ၊ မင်းကြားရတဲ့ သတင်းစကားကို အခြား အင်္ဂလိပ်စစ်ဗိုလ်တွေကို မပြောဘဲ ကျုပ်ကိုမှ ဘာကြောင့် ရွေးပြီး ပြောရတာလဲကွယ်" ဟု ရုတ်တရက် မေးလိုက်ရာ ရှုမနီက အသာပြုံးလိုက်ရင်း ....

"ဘာကြောင့်လဲဆိုတော့ ကပ္ပတိန်ပရစ်ချတ်က အခြားစစ်ဗိုလ်တွေထက် ပိုပြီး ကျော်စောထင်ရှားလို့ပေါ့။ ကပ္ပတိန်ပရစ်ချတ် အပေးအကမ်း ရက်ရောကြောင်းကို သူတောင်းစားတွေတောင် သိကြပါတယ်။ ပြီးတော့ ကျွန်မမှာ ကလည်း ကျွန်မအကြောင်းနဲ့ ကျွန်မ ငွေလိုနေပါတယ်ရှင်" ဟု ပြောကြားလိုက်သည်။

ဤကား မိန်းမလှလေး ရှုမနီနှင့် ကပ္ပတိန်ပရစ်ချတ်တို့ ပထမဆုံး အကြိမ် တွေ့ကြုံခဲ့ရပုံပင် ဖြစ်သည်။ ထို့နောက်တွင်မူ ရှုမနီသည် သတင်းစကား ထူးကြားရတိုင်း ကပ္ပတိန်ပရစ်ချတ်ထံ လျှို့ဝှက်လာပြီးပြောကြားလေသည်။ ဤသို့သော ဘေးရန်အန္တရာယ်မကင်းသည့်အမှုကို ရှုမနီပြုဆောင်နေရခြင်း အကြောင်းမှာ မိမိဝမ်း၌ သန္ဓေတည်နေသော ကလေးငယ်အတွက် ငွေကြေးလို အပ်သောကြောင့် ဖြစ်သည်ဟု ဆိုသည်။

ယနေ့ညတွင်လည်း ရှုမနီသည် ကပ္ပတိန်ပရစ်ချတ်ထံသို့ လာရောက်တွေ့ဆုံခဲ့သည်။ ထိုအချိန်၌ ကပ္ပတိန်ပရစ်ချတ်သည် လက်ဖတင်ကာ

http://www.cherrythitsar.org



နယ်အဖြစ် ရာထူးတိုးမြှင့် ခန့်ထားခြင်းခံရသော ရောဘတ်ကလစ်၏ ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်နေချိန် ဖြစ်သည်။ ထိုညစာစားပွဲသို့ ကပ္ပတိန် ပရစ်ချတ်သာမက စစ်ဖက်အရာရှိအားလုံး တက်ရောက်ခဲ့ကြသည်။

အထက်လူကြီးများနှင့်အတူ ညစာစားသောက်နေခိုက်တွင် ကပ္ပတိန် ပရစ်ချတ်သည် စားဖိုဆောင်အနီး မှောင်ရိပ်ကိုခိုနေသော ရူမနီကို သတိပြုမိသည်။ စိတ်အားထက်သန်သော အမူရာဖြင့် ကပ္ပတိန် ပရစ်ချတ်ကို လက်ယပ်ခေါ်နေရာ ကပ္ပတိန် ပရစ်ချတ်သည် ညစာစားပွဲမှ အသာထပြီး ရူမနီထံသို့ လျှောက်သွားသည်။

ရူမနီ၏အပါးသို့ ရောက်သောအခါ ရူမနီသည် ရှိုက်ကြီးတငင်ငို ကြွေးထားဟန်ဖြင့် မျက်လွှာများ မို့ယမ်းနေသည်ကို တွေ့ရသည်။ ရူမနီက ကပ္ပတိန် ပရစ်ချတ်ကို ကြည့်ရင်းလေသံဖြင့် –

"သခင် ... သခင် သိချင်နေတဲ့ သတင်းစကားကို ကျွန်မ သိရပါပြီ။ ပြင်သစ်တွေကို လျှို့ဝှက်သတင်းပို့နေတဲ့ သူ့ကို ကျွန်မ သိရပါပြီ" ဟု ပြောကြားသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်က စိတ်အားထက်သန်စွာဖြင့် –

"ရူမနီ၊ အဲ့ဒီလူက ဘယ်သူလဲ။ သူ့နာမည်ကို ပြောစမ်းပါကွယ်" ဟု မေးလိုက်ရာ ရူမနီလည်း စိုးရိမ်မကင်းသည့် အမူအရာဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေသည်။ ထို့နောက် ညစာစားပွဲသို့ တက်ရောက်နေကြသော ခြေလျင်တပ်ရင်း ၁၄ မှ စစ်ဗိုလ်များနှင့် မဒရပ် မြင်းလျင်တပ်မှ စစ်ဗိုလ်များဖက်သို့ ငေးမောကြည့်ရှုနေသည်။ ထို့နောက် တုန်လှုပ်ချောက်ချားသော အမူအရာဖြင့် ....

"သခင် ... ဒီအကြောင်းကို ဒီမှာပြောလို့ မတော်ပါဘူး။ ဒီတော့ ကျွန်မရဲ့တဲဆီကိုသာ တစ်နာရီအတွင်း ရောက်အောင်လာခဲ့ပါ။ အဲဒီအခါကျမှ သခင် သိချင်တဲ့အကြောင်းကို ပြောပါရစေတော့" ဟု ပြောကြားရင်း ချာခနဲ လှည့်ထွက်သွားသည်။

ကပ္ပတိန်ပရစ်ချတ်လည်း မှောင်ရိပ်တွင်း၌ ပျောက်ကွယ်သွားသော ရူမနီ၏နောက်ကျောကို အတန်ကြာအောင် ငေးမောကြည့်ရှုပြီးနောက် မိမိစားပွဲသို့ ပြန်လာခဲ့သည်။ ထိုအခိုက်တွင် မိမိ၏ အထက်လူကြီးဖြစ်သော ကာနယ် စပင်ဂါလော့ရင့် သည် မိမိအား စူးစူးဝါးဝါး စိုက်ကြည့်နေသည့်အဖြစ်ကို အမှတ်ထင်ထင် သတိပြုမိသည်။

ကပ္ပတိန် ပရစ်ချတ်လည်း မိမိနှင့် ရူမနီတို့ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အကြောင်းချင်းရာတို့ကို ပြန်ပြောင်းတွေးတောနေရာမှ ရူမနီကို ငေးကြည့်နေမိသည်။ ထိုအခါ ပါးလွှာလှသော ဆာရီဝတ်ရုံအောက်တွင် စေ့စေ့

http://www.cherrythitsar.org



ကြည့်ပါက သိသာနိုင်ပြီဖြစ်သော ရှမနီ၏ကိုယ်ဝန်ကို သတိပြုမိသည်။ ဤတွင် ကပ္ပတိန် ပရစ်ချတ်လည်း ရှမနီ အသတ်ခံရခြင်းမှာ ဤကိုယ်ဝန်ကြောင့်ပေလောဟု တွေးတောမိရှာသည်။ ဤကိုယ်ဝန်ကြောင့်သာ ဖြစ်ပါက ရှမနီကိုသတ်သူမှာ ရှမနီ၏ တိတ်တိတ်ပုန်းချစ်သူ ဖြစ်နိုင်ကြောင်း စဉ်းစားမိသည်။ ဤသို့ဆိုပါက ရှမနီ၏တိတ်တိတ်ပုန်းချစ်သူ လူသတ်သမားသည် မည်သူပါနည်း။

ထိုသို့တွေးတောရာမှ ကပ္ပတိန် ပရစ်ချတ်လည်း ရှမနီ၏နံကြားတွင် စိုက်နေသော မိမိ၏ဓားမြှောင်ကို ငေးကြည့်နေမိပြန်သည်။ ဤဓားမြှောင်ကို မိမိပျောက်သွားသည်မှာ ရက်သတ္တနှစ်ပတ်မျှ ရှိခဲ့ပေ။ ဤဓားမြှောင်ကို မိမိထံမှ မည်သူခိုးယူသွားသနည်း။ မိမိလက်အောက်ရှိ ငယ်သားများ ခိုးသွားခြင်းလော။ သို့တည်းမဟုတ်၊ မိမိတို့အရာရှိများ လက်တိုလက်တောင်း ခိုင်းထားသော အိန္ဒိယတိုင်းရင်းသား ကလေးသူငယ်များ ခိုးသွားခြင်းလော။ မိမိမသိနိုင်ပြီ။

သို့သော် မိမိ၏ဓားမြှောင်ကိုပင် လူသတ်သမားသည် အသုံးပြုခဲ့ပေပြီ။ မိမိအပေါ်၌ အမှုပတ်အောင် အကောက်ဉာဏ်ဖြင့် ဆောင်ရွက်ခဲ့ပေပြီ။ ဤအခန်းတွင်း၌ သဲလွန်စဟူ၍ ဤဓားမြှောင်သာ အထင်အရှား ရှိနေလေသည်။ အခြားသဲလွန်စဟူ၍ ဘာမှ မယ်မယ်ရရမရှိ။ အခန်းတွင်းရှိ မြေကြီးပေါ်၌မူ ကလေးငယ်တစ်ဦးက ဓားမြှောင်ဖြင့် လိုက်ခြစ်ထားသကဲ့သို့သော အစင်းအကြောင်းများကို တွေ့ရသည်။ သို့သော် အရေးကြီးသော သဲလွန်စဟူ၍ မဆိုနိုင်ပြီ။ အရေးကြီးသော ထင်ရှားလှသည့် သဲလွန်စကား မိမိ၏ဓားမြှောင်သာ ဖြစ်ပေတော့သည်တကား။

ကပ္ပတိန် တမ်မှ ပရစ်ချတ်လည်း ထိုသို့တွေးတောရာမှ မိမိအပေါ်၌ အမှုမပတ်ရလေအောင် ရှမနီ၏နံကြားတွင် စိုက်နေသော မိမိ၏ဓားမြှောင်ကို နှုတ်ယူပြီး ဖျောက်ဖျက်ပစ်ရန် ဆုံးဖြတ်လိုက်မိသည်။ ထို့နောက် ဓားမြှောင်ရိုးကို ဆုတ်ကိုင်ကာ ဆွဲနှုတ်ရင်း ဟန်ပြင်လိုက်သည်။

ထိုအခိုက်တွင် တဲတံခါးဝမှနေ၍ ညင်သာသော အသံထွက်ပေါ်လာသည်။

"တမ်၊ ဓားမြှောင်ကို နှုတ်မနေပါနဲ့။ လက်ရာခြေရာ မပျက် ဒီအတိုင်းပဲ ထားပါ"

ထိုအသံကြောင့် ကပ္ပတိန် ပရစ်ချတ်လည်း ချာခနဲ လှည့်ကြည့်လိုက်ရာ တဲတွင်းသို့ လှမ်းဝင်လာကြသော ကာနယ်လောရင့်နှင့်အတူ ကပ္ပတိန်လူစီယမ်ဘီထရမ်နှင့် အိန္ဒိယစစ်သားတစ်စုကို တွေ့မြင်လိုက်ရသည်။ ထိုအခါ

http://www.cherrythitsar.org



ကပ္ပတိန်ပရစ်ချတ်လည်း ညစာစားပွဲ၌ ကာနယ်လောရင့်က မိမိကို စူးစူးဝါးဝါး စိုက်ကြည့်နေသည့်အဖြစ်ကို ဖျတ်ခနဲ ပြန်ပြောင်းတွေးတောမိသည်။ ကာနယ်လောရင့်သည် မိမိကို မသင်္ကာသောကြောင့် နောက်ယောင်ခံပြီး လိုက်လာခဲ့ယောင်တကား။

ထိုအခိုက်တွင် ကာနယ်လောရင့်သည် ရှမနီ၏အလောင်းကို စေ့စေ့စပ်စပ်ကြည့်ရာ၊ နံဘေးတွင် စိုက်နေသော ဓားမြှောင်ကို ငေးကြည့်သည်။ ထို့နောက် ....

"ကပ္ပတိန်၊ ဒီမိန်းကလေးကို မောင်မင်းသတ်တာ မဟုတ်ပါဘူးလို့ ငြင်းချင်သလား" ဟု မေးလိုက်ရာ စိတ်နှလုံးလေးလံနေသော ကပ္ပတိန် ပရစ်ချတ်က ....

"မှန်ပါတယ် ကာနယ်၊ ဒီမိန်းကလေးကို ကျွန်တော် မသတ်ပါဘူး။ ဒီမိန်းကလေးက ကျွန်တော်တို့ကို သစ္စာဖောက်ပြီး ပြင်သစ်တွေကို လျှို့ဝှက်သတင်းတွေပို့နေတဲ့ သူလျှိုတစ်ယောက်နဲ့ ပတ်သက်တဲ့ သတင်းထူးကို ပြောချင်ပါတယ်။ သူ့တဲကို လာခဲ့ပါလို့ မှာခဲ့ပါတယ်။ ဒါကြောင့် ဒီနေရာကို ကျွန်တော်ရောက်နေရခြင်း ဖြစ်ပါတယ်" ဟု ပြောလိုက်သည်။

ထိုအခါ ကာနယ်လောရင့်က ခေတ္တမျှ တွေးတောပြီး ....

"ဒီမိန်းကလေးဟာ ဒီနေ့ညမှာ ကျုပ်တို့တပ်ကို ရောက်လာခဲ့ပါတယ်။ ကျုပ်တို့ ညစာစားနေကြတုန်းက အနီးအနားမှာ ယောင်လည်လည်လုပ်နေခဲ့ပါတယ်။ ပြီးတော့ မောင်မင်းနဲ့လည်း နှစ်ကိုယ်ချင်း တွေ့သွားသေးတယ် မဟုတ်လား။ အဲဒီလိုတွေ့တုန်းမှာ သူလျှိုအကြောင်းကို ပြောသွားနိုင်သားပဲ။ ဘာကြောင့် ဒီလိုတကူးတကန့် ချိန်းရတာလဲ" ဟု မေးမြန်းလိုက်ရာ၊ ကပ္ပတိန်ပရစ်ချတ်က "သူဒီလိုဖွင့်ပြောလိုက်တာကို တစ်ဦးတစ်ယောက် တွေ့မြင်သွားပြီး သူ့ရဲ့အသက်ကို ရန်ရှာမှာ စိုးတဲ့အတွက် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း သူ့တဲကိုလာဖို့ ချိန်းတာပါ။ သူချိန်းတဲ့အတိုင်း ကျွန်တော်လာတဲ့အခါမှာတော့ လူသတ်သမား လက်ချက်ကြောင့် အသက်ပျောက်နေတာကို တွေ့ရပါ တယ်" ဟု ဖြေကြားလိုက်သည်။

ထိုသို့ ဖြေကြားခိုက်ပင် ကပ္ပတိန် ပရစ်ချတ်သည် ရှမနီ၏အလောင်းကို စေ့စေ့စပ်စပ် ကြည့်ရှု စစ်ဆေးနေသည်။ ထို့နောက် ကာနယ်လောရင့်၏ နားနားသို့ ကပ်ကာ တိုးတိုးတိုးတိုး ပြောကြားသည်။ ဤတွင် ကာနယ်လောရင့်လည်း ရှမနီ၏အလောင်းအနီးသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားပြီးလျှင် အလောင်းကို စေ့စေ့စပ်စပ် ငုံ့ကြည့်သည်။ ထို့နောက် ကပ္ပတိန် ပရစ်ချတ်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ....

http://www.cherrythitsar.org



"ဒီမိန်းကလေးက ကိုယ်ဝန်နဲ့ပါကလား" ဟု ပြောကြားလိုက်ရာ၊ ကပ္ပတိန် ပရစ်ချတ်၏ မျက်နှာသည် ရဲခနဲ နီသွားသည်။ ထို့နောက် ခံပြင်းသည့် လေသံဖြင့် ....

ဒီလို ကိုယ်ဝန်ရှိနေတဲ့အတွက် ဒီမိန်းကလေးကို ကျွန်တော် သတ်လိုက်တယ်လို့ ကာနယ်ယူဆပါသလား" ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

ထိုအခါ ကာနယ်လောရင့်က ....

"ဒီအတိုင်း ထင်စရာဖြစ်နေတယ် ကပ္ပတိန်။ ဒီမိန်းကလေးဟာ မောင်မင်းကြောင့် ကိုယ်ဝန်ရှိနေတဲ့အကြောင်း၊ သူ့ အရှက်ကို ကာကွယ်တဲ့အနေနဲ့ သူ့ကို လက်ထပ်ယူဖို့အကြောင်းကို ဒီနေ့ညမှာ မောင်မင်းထံလာပြီး ပြောတာဖြစ်နိုင်တယ်။ မောင်မင်းအနေနဲ့ ဒီမိန်းကလေးကိုလည်း မယူချင်ဘူး။ ဒီလို မယူပြန်ရင်လည်း အရှက်တကွဲ အကျိုးနည်းစရာ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ဒီမိန်းကလေးကို မောင်မင်းသတ်ပစ်လိုက်တာ ဖြစ်နိုင်တယ်" ဟု ပြောကြားပြီးမှ

"ဒီမှာ တမ်၊ မောင်မင်းကိုသာ ကျုပ်တို့ လက်ပူးလက်ကြပ် မမိဘူးဆိုရင် မောင်မင်းဟာ ဒီအမှုက လုံးဝလွတ်သွားမှာပါ။ မောင်မင်းနဲ့ ဒီမိန်းကလေး ပတ်သက်နေတယ်ဆိုတာကို ဘယ်သူမှ သိမထားလေတော့ မောင်မင်းကို ဘယ်သူမှ သံသယဖြစ်ကြမှာ မဟုတ်ဘူး" ဟု ပြောကြားသည်။

ထို့နောက် ကာနယ်လောရင့်က အချက်ပြလိုက်ရာ အိန္ဒိယစစ်သားကြီးနှစ်ဦးသည် ကပ္ပတိန် ပရစ်ချတ်၏ ဘေးတစ်ဖက်တစ်ချက်၌ လာရပ်လိုက်ကြသည်။ ထိုအခိုက်တွင် ကာနယ်လောရင့်က ....

"ကပ္ပတိန် ပရစ်ချတ်၊ မောင်မင်းကို ကျုပ် ဖမ်းချုပ်လိုက်ပြီ။ မောင်မင်းကို စစ်ခုံရုံးတင်ပြီး စစ်ဆေးရလိမ့်မယ်။ စစ်ခုံရုံးကျတော့မှပဲ မောင်မင်းမှာ အပြစ်မရှိကြောင်း လျှောက်လဲပေတော့" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဒီမှာ ကာနယ်။ ကာနယ် ဘာတွေလုပ်နေတာလဲ။ ကာနယ်လုပ်တာဟာ လုံးဝအဓိပ္ပါယ် မရှိပါဘူး။ ဒီမိန်းကလေးကို ကျွန်တော် လုံးဝမသတ်ပါဘူး။ ဒီမိန်းကလေးကို ကျွန်တော် လုံးဝမသတ်ပါဘူး။ ဒါဟာ အမှန်တရားပါ။ ကာနယ်ယုံပါ" ဟု ပြောကြားရာ၊ ကာနယ်လောရင့်က ပခုံးကို အသာတွန့်လိုက်ရင်း ....

"စစ်ခုံရုံးကျတော့မှ မောင်မင်းလျှောက်ထားပေတော့ကွယ်။ ကျုပ်တာဝန်ကတော့ မောင်မင်းကို ဖမ်းချုပ်ရလိမ့်မယ်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်လည်း လက်ရှိအခြေအနေ အရပ်ရပ်အရ ရှုမနီကို သတ်သူမှာ မိမိမဟုတ်ပါကြောင်း အကျောက်အကန် ငြင်းဆန်နေ၍

http://www.cherrythitsar.org



အကျိုးမထူး အရာမထင်တော့ကြောင်း တွေးတောသွားပြီး မည်သို့မျှ ဆက်မပြောတော့ဘဲ အသာနှုတ်ဆိတ်လိုက်သည်။

ထိုအခိုက်တွင် ကပ္ပတိန်ဘီထရမ်က ကာနယ်လော့ရင့်ကို အရိုအသေ ပြုပြီးနောက် ကပ္ပတိန် ပရစ်ချတ်ဖက်သို့ ဆတ်ခနဲ လှည့်ကာ ....

"ကိုင်း ... ကပ္ပတိန် ကျွန်တော်တို့ တပ်ကို သွားကြရအောင်" ဟု ပြောကြားလိုက်သည်။

ထို့နောက် ကာနယ်လောရင့်နှင့် ကပ္ပတိန် ဘီထရမ်တို့လည်း တဲအတွင်းမှ ထွက်ခွာသွားရာ ကပ္ပတိန် ပရစ်ချတ်လည်း အိန္ဒိယစစ်သားများနှင့် အတူ နောက်မှ လိုက်ပါလာခဲ့သည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် စစ်သင်တန်းမှ မိမိ ဆင်းလာခဲ့ပြီးနောက် မဒရပ်မြို့ရှိ မြင်းလျင်တပ်၌ အမှုထမ်းရန် ရောက်ရှိလာခဲ့ပုံ၊ မဒရပ်မြို့သို့ ရောက်ပြီး သုံးပတ်အတွင်း၌ပင် ရောဘတ်ကလစ်၏လက်အောက်၌ အမှုထမ်းရင်း မင်းသားကြီး ချန္ဒရာဆာဒဟစ်နှင့် ဖြစ်ပွားသော စစ်ပွဲများကို ထူးချွန်ပြောင်မြောက်စွာ အမှုထမ်းခဲ့ပုံ၊ အာကော့မြို့ကို သိမ်းပိုက်ပြီးနောက် အာရီမြို့နှင့် တရီချင်နိုပိုလီမြို့ကြီးကို သိမ်းရာ၌ ရွတ်ရွတ်ချွံချွံ တိုက်ခိုက်ခဲ့ရပုံတို့ကို ပြန်ပြောင်းတွေးတောလာမိသည်။

ထို့နောက် ရူမနီထံမှ သစ္စာဖောက် သူလျှိုအကြောင်းကို သိလိုဇောဖြင့် ရူမနီထံသို့ မိမိသွားခဲ့မိသည့်အတွက် လူသတ်သမားအဖြစ် ကျရောက်ရသည့် မိမိ၏အဖြစ်ဆိုးကို တွေးတော သက်ပြင်းအခါခါ ချနေမိတော့သည်။

[၂]

# ထံကြမ္မာအလှည့်လေး

ကပ္ပတိန် ပရစ်ချတ်လည်း ကာနယ်လောရင့်တို့ လူစုနောက်မှ စိတ်လေးလေးနှင့် လိုက်လာပြီး မြောက်ဖက်ဂိတ်မှ ဝင်လာခဲ့ရာ မကြာမီ နာမည်ကျော် စိန်ဂျော့ခံတပ်ကြီးအတွင်းသို့ ဝင်လာခဲ့ကြသည်။

ရွှန်းမြသော လရောင်အောက်တွင် စိန်ဂျော့ခံတပ်ကြီးအတွင်းရှိ ဘုရင်ခံ ရောဘတ်ကလစ်၏ စံအိမ်တော်ကြီးသည် ဖြူဖွေးခန့်ထည်နေပေသည်။ မြင်းဇောင်းအတွင်း၌လည်း မြင်းအမြောက်အမြား ရောက်ရှိနေသည်။ ထိုမြင်းများ၏ ကကြိုးတန်ဆာတို့ကို ထောက်ဆပါက ဘုရင်ခံ ရောဘတ်ကလစ်ထံသို့ ဟိုက်ဒရာဘတ် ပြည်နယ်မှ သံတမန်ကြီးတစ်ဦးဦးသော်လည်းကောင်း၊ တောင်တန်းဒေသ သံတမန်ကြီး တစ်ဦးဦးသော်လည်းကောင်း ရောက်ရှိနေကြောင်း ထင်ရှားပေသည်။

စိန့်ဂျော့ခံတပ်ကြီးအတွင်းရှိ စစ်တန်းလျားများ အပါးသို့ ရောက်သောအခါ ကာနယ်လောရင့်က ကပ္ပတိန်ဘီထရမ်ဖက်သို့ ဆတ်ခနဲ လှည့်ကာ

"ဒီမှာ ကပ္ပတိန်၊ ကပ္ပတိန် ပရစ်ချတ်ကို မောင်ကြည့်ထားလိုက်ပါ၊ မကြာခင် ကပ္ပတိန် ပရစ်ချတ်ကို ကာနယ်ကလစ်ရှေ့မှောက်ကို ကျုပ်ခေါ်သွားပါ့မယ်" ဟု ပြောကြားလိုက်သည်။

ထို့နောက် ကပ္ပတိန် ဘီထရမ်လည်း ကပ္ပတိန် ပရစ်ချတ်ကို စစ်တန်းလျားအတွင်းသို့ ခေါ်လာခဲ့သည်။ မိမိ၏ကြိုးခုတင်လေးအပါးသို့ ရောက်လာသောအခါ ကပ္ပတိန် ပရစ်ချတ်လည်း စိတ်ပျက်နွမ်းနယ်သော အမူအရာဖြင့် အသာထိုင်ချလိုက်ရင်း ကပ္ပတိန် ဘီထရမ်အား ....

http://www.cherrythitsar.org



"သူငယ်ချင်းရယ်၊ ကျုပ်အတွက် မင်းဘာမှ မစိုးရိမ်မကြောင့်ကျပါနဲ့ ကွာ၊ ကျုပ် မထွက်ပြေးပါဘူး၊ စိတ်ချသာနေပါ။ ဒီတိုင်း ဒီဒေသမှာ ကျုပ် ဘယ်လိုမှ ထွက်မပြေးတတ်ပါဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကပ္ပတိန် ဘီထရမ်လည်း အိန္ဒိယစစ်သားများကို တံခါးဝတွင် အစောင့်တာဝန်ချပေးနေသည်။ ထို့နောက် ကပ္ပတိန် ပရစ်ချတ် အပါးသို့ လျှောက်လာပြီးလျှင် ....

"သူငယ်ချင်းရယ်၊ မင်းအတွက် စိတ်မကောင်းပါဘူးကွာ" ဟု ပြော ကြားလိုက်သည်။

ကပ္ပတိန်လူစီယပ်ဘီထရမ်ကား ရုပ်အဆင်းချောမောပြေပြစ်သူ တစ် ဦး ဖြစ်သည်။ ကိုယ်ခန္ဓာအားဖြင့် ခပ်ဖိုင့်ဖိုင့်ဖြစ်နေသော်လည်း ခွန်အားဗလ ကောင်းလှသည်။ အာကော့မြို့တိုက်ပွဲတွင် ကပ္ပတိန် ဘီထရမ်က တိုင်းရင်း သား စစ်သားနှစ်ဦးကို အသာလေးမပြီး ကိုင်ပေါက်ခဲ့သည်ကို ကပ္ပတိန် ပရစ် ချတ်သည် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ဖူးသည်။

ကပ္ပတိန် ဘီထရမ်က မိမိ၏ဖိနပ်၌ ကပ်နေသော ဖုန်များကို လက် ဖြင့် ခါချရင်း ....

"သူငယ်ချင်းရယ် ဘာကြောင့်များ ဒီမိန်းကလေးနဲ့ သွားရောက် ပတ်သတ်ရတာလဲကွာ၊ မင်းမနေနိုင်ရင် အာသာဖြေစရာ မိန်းမတွေအများကြီး ရှိသားနဲ့ကွာ" ဟု ဆက်ပြောရာ ကပ္ပတိန် ပရစ်ချတ်လည်း ဒေါသအမျက် ပြင်းစွာထွက်ဟန်ဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ....

"ဒီမှာ လု၊ ဒီမိန်းကလေးကို ငါလုံးဝ မသတ်ပါဘူးကွာ၊ ဒါကို မင်းယုံစမ်းပါ၊ ပြီးတော့ မိန်းကလေးရဲ့ ကိုယ်ဝန်ဟာလည်း ငါနဲ့လုံးဝ မပတ် သက်ပါဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန် ဘီထရမ်က အသာပြုံးရင်း ....

"အေးလေ ... မင်းကတော့ မင်းမဟုတ်ပါဘူးလို့ ငြင်းတော့မှာပေါ့၊ ဒါပေမဲ့ မင်းမဟုတ်တဲ့အကြောင်းကို မင်းသက်သေပြနိုင်ရဲ့လား၊ ဒီမိန်းကလေးရဲ့ တဲတွင်းကို မင်းအရင်ဝင်သွားဖူးတဲ့လူရှိကြောင်း မင်းသက်သေပြနိုင်ရဲ့လား၊ ဒီလိုမှ မပြနိုင်ရင်တော့ မင်းအတွက် ဒုက္ခပဲမောင်၊ အရှက်တကွဲ အကျိုးနည်းရုံ မကဘူး အသက်ဘေးပါ စိုးရိမ်ရတယ်" ဟု ပြောကြားသည်။ ထို့နောက်မှ–

"ဒါပေမဲ့ သူငယ်ချင်းရယ်၊ မင်းအမှုပေါ့အောင်လို့ ငါအစွမ်းကုန် ကြိုးစားဆောင်ရွက်ပါ့မယ်" ဟု ပြောကြားရာ ကပ္ပတိန် ပရစ်ချတ်က ....

"ဒီလို ပြောဖော်ရတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်ကွာ၊ အခုဖြစ်ပျက် ကြုံတွေ့ရတာကတော့ ငါအဖို့ အိပ်မက်ဆိုးကြီး မက်ရသလိုပါပဲ၊

http://www.cherrythitsar.org



ဒီပြဿနာအရှုပ်အထွေးကို ဘယ်လိုရှင်းရမယ် ဆိုတာတောင် မတွေးတတ်တော့ပါဘူး" ဟု ပြောကြားလိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်လည်း ကြိုးကုတင်ပေါ်မှ အသာထကာ စစ်တန်းလျားအတွင်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။

ကပ္ပတိန် တမ်ပု ပရစ်ချတ်ကား ကိုယ်ခန္ဓာ တုတ်ခိုင်ထွားကျိုင်းလှသော လူထွားကြီးတစ်ဦး ဖြစ်သည်။ ရင်အုပ်ထွားထွား၊ ပခုံးကျယ်ကျယ်၊ ခါးသေးသေးနှင့် အားမာန်အပြည့်ဆောင်နေသည်။ ဆံပင်မှာ ရွှေရောင်တောက်နေပြီး မျက်ဝန်းမှာ ပြာလဲ့နေသည်။ လှုပ်ရှားသွားလာပုံမှာ လျင်မြန်သွက်လက်ရုံမက ခုံညားတင့်တယ်လှရကား "ဘင်္ဂလားကျားကြီးတစ်ကောင်နှင့် တူပါပေသည်" ဟုပင် ချီးကျူးကြရသည်။

ကပ္ပတိန် ပရစ်ချတ်လည်း ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေရာမှ  ပြတင်းပေါက်အနီးသို့ သွားကာ ပြတင်းပေါက်ဘောင်ပေါ်တွင် လက်ထောက်ရင်း အပြင်ဖက်သို့ ငေးကြည့်နေရှာသည်။

ထိုအခိုက်တွင် မဒရပ်ပြည်နယ် ပွန်ဒီချာရီမြို့ကြီးနှင့် ဘင်္ဂလားပြည်နယ် ချန္ဒရာနာဂေါ မြို့ကြီးတို့တွင် ရှိနေသော ပြင်သစ်တို့က မိမိတို့ အင်္ဂလိပ်တို့အား အကောက်ကြံနေသည့် အဖြစ်ကို တွေးတောနေမိသည်။ ထို့ပြင် အိန္ဒိယတစ်ပြည်လုံးကို လက်ဝါးကြီးအုပ် နယ်ချဲ့ကြသော ပြင်သစ်တို့နှင့် မိမိတို့မကြာမီ စစ်မက်ဖြစ်ပွားတော့မည့်အရေးကိုလည်း တွေးတောနေမိသည်။

ထိုသို့ တွေးတောနေရာမှ ကပ္ပတိန် ပရစ်ချတ်လည်း ကပ္ပတိန်ဘီထရမ်ဖက်သို့ ချာခနဲ လှည့်ကာ ....

"ဒီမှာ သူငယ်ချင်း၊ ငါတို့ရဲ့ လှုပ်ရှားမှု သတင်းအားလုံးကို သူလျှိုတစ်ယောက်က ပွန်ဒီချာရီက ပြင်သစ်တွေဆီကို လျှို့ဝှက်ပြီး သတင်းပို့နေတယ်။ အဲဒီသူလျှိုဟာ ဘယ်သူလဲဆိုတာ သိဖို့ အလွန့်အလွန့် အရေးကြီးတယ်။ အဲဒီသူလျှိုဟာ ဘယ်သူလဲဆိုတာ အသတ်ခံသွားရရှာတဲ့ မိန်းကလေးသိတယ်။ ဒါကြောင့်လည်း သူ့ဆီကို ငါသွားခဲ့တာပါ" ဟု ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန် ဘီထရမ်က ပခုံးကို အသာတွန့်ရင်း ....

"မင်းပြောတာကို ငါယုံပါတယ်ကွာ။ ဒါပေမဲ့ မင်းစကားကို အများလက်ခံယုံကြည်လာဖို့ အတွက်တော့ ခိုင်လုံတဲ့ သက်သေအထောက်အထားလိုပါတယ်။ ပြီးတော့ မိန်းကလေးကို မင်းမသတ်ပါဘူးဆိုတာ ထင်ရှားစေမယ့်သက်သေ အထောက်အထားလည်း လိုပါတယ်။ အဲဒီအချက်တွေကိုသာ စဉ်းစားထားပါ သူငယ်ချင်းရယ်" ဟု ပြောရာ ကပ္ပတိန် ပရစ်ချတ်က နဖူးကိုလက်ဖြင့် ကိုင်ရင်း အတန်ကြာစဉ်းစားပြီးနောက် ....

http://www.cherrythitsar.org



"ငါစဉ်းစားပါတယ် သူငယ်ချင်း။ ဒါပေမဲ့ အားကိုးအားထားပြုရတဲ့ အချက်အလက်ဆိုလို့ တစ်ချက်တလေတောင် မတွေးမိဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန် ဘီထရမ်က ထိုင်ရာမှ ထရင်း ....

"အေးကွာ။ ထပ်ပြီး စဉ်းစားပါဦး။ ငါ့အနေနဲ့ကတော့ မင်းကို အတတ်နိုင်ဆုံး ကူညီပါ့မယ်။ စိတ်ချပါ" ဟု ပြောကြားလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က "ကျေးဇူးတင်ပါတယ်ကွာ" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင်ပင် စစ်တန်းလျားရှိရာသို့ ကာနယ်လော့ရင့် ခပ်သွက်သွက် ရောက်လာရာ၊ အစောင့်အိန္ဒိယစစ်သားများက ပြိုင်တူအလေးပြုလိုက်သည်။ ကပ္ပတိန် ဘီထရမ်နှင့် ကပ္ပတိန်ပရစ်ချက်တို့လည်း ကာနယ် လော့ရင့်ကို အလေးပြုလိုက်ကြသည်။

ကာနယ်လောရင့်လည်း ကပ္ပတိန်ပရစ်ချတ်ကို ခြေဆုံးခေါင်းဖျား စိုက်ကြည့်ပြီးနောက် –

"ကပ္ပတိန် ပရစ်ချတ်၊ အဝတ်အစား ကောင်းကောင်းကို အမြန်ဆုံး ဝတ်ပါ။ ချန္ဒရာပူရီဘုရင်က မောင်မင်းကို ခေါ်မ သူရဲကောင်းကြီး အာချီးလီးလို မှတ်ထင်ယူဆနေတယ်။ မောင်မင်းကိုလည်း အလိုတော် ရှိနေတယ်" ဟု ပြောကြားလိုက်သည်။

ထိုစကားကိုကြားလျှင် အင်္ဂလိပ်ပရစ်ချတ်လည်း မတုန်လှုပ်သော အမူအရာဖြင့် ပခုံးတစ်ချက် တွန့်ပြလိုက်သည်။ သို့သော် ကပ္ပတိန် ဘီထရမ်မှာမူ အလွန်အမင်း အံ့ဩတုန်လှုပ် သွားရှာသည်။

ကပ္ပတိန်ပရစ်ချတ်လည်း အေးဆေးတည်ငြိမ်သော အမူအရာဖြင့် အဝတ်အစားများကို ရွေးချယ်ဝတ်နေရာမှ 'ဘုရင်ခံ ရောဘတ်ကလစ်ထံသို့ ရောက်နေသော သံတမန်ကြီးကား ချန္ဒရာပူရီ ဘုရင်၏ သံတမန်ကြီးပါကလား' ဟု တွေးတောနေမိသည်။ ထို့ပြင် ချန္ဒရာပူရီဘုရင်မှာ ရှီရင်ဂါ–လား ဖြစ်ပြီး၊ ချန္ဒရပူရီပြည်နယ်မှာ မဒရပ်ပြည်နယ်၏ အနောက်မြောက်ဘက်၌ တည်ရှိသော တောင်ကုန်းဒေသပြည်နယ် တစ်နယ်ဖြစ်၍ တိုက်ဒရောဘတ်နယ်နှင့် ဂန်တာနယ်တို့အကြားတွင် တည်ရှိသည့်အဖြစ်ကိုလည်း တွေးတောမိသည်။ ထို့ပြင် ချန္ဒရပူရီဘုရင် ရှီရင်ဂါ–လားမှာ ပြင်သစ်နှင့်လည်းကောင်း၊ အင်္ဂလိပ်နှင့်လည်းကောင်း စစ်မက်မဖြစ်ပွားဘဲ အေးအေးချမ်းချမ်းနေသူ ဖြစ်သော်လည်း၊ အင်္ဂလိပ်တို့ကို မုန်းတီးပါသည်ဟု အတိအလင်း မိန့်ကြားထားသော အင်္ဂလားဘုရင်သစ် ဆာရတ်အဒူလာနှင့် အလွန်ရင်းနှီးသည့် အဖြစ်ကိုလည်း တွေးတောမိသည်။

http://www.cherrythitsar.org



ထိုသို့ တွေးတောရင်း ကပ္ပတိန် ပရစ်ချတ်လည်း အဝတ်အစားများကို အေးဆေးတည်ငြိမ်သော အမူအရာဖြင့် ဝတ်နေရာ၊ ကာနယ်လောရင့်လည်း အနားမှနေ၍ စိတ်မရှည်သည့်အသွင်ဖြင့် စောင့်ကြည့်နေသည်။ ကပ္ပတိန်ပရစ်ချတ် ဝတ်ဆင်ပြီးသော အခါတွင်မူ –

"ကိုင်း ... မောင်မင်းကြီးသား။ ကျုပ် နောက်ကို လိုက်ခဲ့ပေတော့" ဟု ပြောပြီးနောက်၊ ကပ္ပတိန် ဘီထရမ်အား –

ကပ္ပတိန်၊ အကျဉ်းသား နောက်က လိုက်ခဲ့ပါ။ ကျုပ်တို့မှာ ဟောဒီ အကျဉ်းသား ဘေးမသီ ရန်မခအောင် စောင့်ရှောက်ဖို့ တာဝန်ရှိနေတယ်" ဟု ပြောကြားလိုက်သည်။

ထို့နောက် စစ်တန်းလျားမှနေ၍ ဘုရင်ခံရောဘတ်ကလစ်၏ စံအိမ်တော်သို့ ခပ်သွက်သွက် လျှောက်လာခဲ့ကြသည်။

ဘုရင်ခံစံအိမ်တော်ရှိ ခန်းမဆောင်ကြီးကား ခံ့ညားထည်ဝါလှပေသည်။ ခန်းမဆောင်တစ်ခုလုံးကို ပါရှားကော်စောကြီးများ အပြည့်ခင်းထားသည်။ ခန်းမဆောင်၏ အနောက်ဘက်နံရံအနီးရှိ ဆိုဖာကြီးများပေါ်တွင်မူ ဘုရင်ခံရောဘတ်ကလစ်သည် ဧည့်သည်သုံးဦးနှင့်အတူ စိတ်အေးလက်အေး အမူအရာဖြင့် အေးအေးလူလူ ထိုင်ပြီး စကားစမြည်ပြောနေသည်။

ရောဘတ်ကလစ်မှာ ယခုအခါ၌ အရှေ့အိန္ဒိယ ကုမ္ပဏီပိုင် အင်္ဂလိပ် စစ်တပ်ကြီးတွင် လက်ဖတင်နင် ကာနယ်ဖြစ်ရုံမက၊ မဒရပ်ပြည်နယ်၏ ဘုရင်ခံလည်း ဖြစ်နေပေသည်။ ရောဘတ်ကလစ်မှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသူဖြစ်ရုံမက၊ အာကော့တိုက်ပွဲ၌ ပြင်သစ်တို့ကို နိုင်အောင် ဦးဆောင်တိုက်ခိုက်ခဲ့သည်။ ထို့ပြင် ကာဗာလီမြို့နှင့် အာနီမြို့တို့၌ အခြေစိုက်ထားသော ပြင်သစ်စစ်တပ်တို့ကိုလည်း အကြွင်းမဲ့ ချေမှုန်းနိုင်ခဲ့သည်။ ထို့ကြောင့် ဤမျှကြီးမားရာထူးဂုဏ်ထူးနှင့် တာဝန်ဝတ္တရားများကို ရရှိထမ်းဆောင်နေရခြင်း ဖြစ်သည်။

ဘုရင်ခံ ရောဘတ်ကလစ်မှာ ကိုယ်ခန္ဓာတုတ်ခိုင်ထွားကျိုင်းသူ တစ်ဦး ဖြစ်ပြီး အရပ်ခြောက်ပေတိတိရှိသည်။ ထက်မြက်စူးရှသော မျက်လုံးအစုံရှိရုံမက၊ ခိုင်ကြံ့သော မေးရိုးကားကြီးလည်း ရှိသည်။

ဘုရင်ခံ ရောဘတ်ကလစ်လည်း မိမိအပါးသို့ ကပ္ပတိန် တမ်မှ ပရစ်ချတ် ရောက်ရှိလာသောအခါ တည်ငြိမ်အေးဆေးသော အမူအရာဖြင့် ....

"ဒီမှာ တမ်။ ဒီညမှာ အိန္ဒိယ အမျိုးသမီးတစ်ဦးကို မောင် သတ်ပစ်တယ်လို့ ကာနယ်လောရင့်က တိုင်တယ်။ အဲဒါ ဟုတ်ပါသလား" ဟု မေးလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ ကပ္ပတိန် ပရစ်ချတ်လည်း ကိုယ်ကို တည့်တည့် မတ်လိုက်ရင်း ....

"ဒီလို ကာနယ်၊ တိုင်တာဟာ မှားပြီး တိုင်တာပါခင်ဗျာ။ အဲဒီ အမျိုးသမီးရဲ့ နံကြားမှာ ထိုးစိုက်နေတဲ့ ဓားကတော့ ကျွန်တော့် ဓားဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအမျိုးသမီး သေဆုံးတာကတော့ ကျွန်တော့် လက်ချက် မဟုတ်ပါဘူး။ ကျွန်တော် ပယောဂလည်း လုံးဝကင်းပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ဆိုဖာကြီးများပေါ်၌ မိန့်မိန့်ကြီးထိုင်နေကြသော ချန္ဒရာပူရီ ဘုရင်၏ သံတမန်ကြီး သုံးဦးသည် ကပ္ပတိန် ပရစ်ချတ်အား စိတ်ဝင်စားသည့် အမူအရာဖြင့် ငေးကြည့်နေကြသည်။ အထူးသဖြင့် ကြက်ဥနီးပါး ခန့်ရှိသော ပတ္တမြားဆွဲကြိုးကြီးကို လည်ပင်း၌ ဆွဲထားသည့် သံတမန်ကြီးသည် ကပ္ပတိန်ပရစ်ချတ်အား ပြုံးပြုံးကြီး ငေးကြည့်နေသည်။

ထိုအခိုက်တွင် ဘုရင်ခံ ရောဘတ်ကလစ်သည် ထိုင်ရာမှထကာ ခန်းမဆောင်ကြီးအတွင်း၌ ခေါက်တုန့်ခေါက်ပြန် လှမ်းလျှောက်ကာ စဉ်းစားနေသည်။ ကပ္ပတိန် ပရစ်ချတ်၏ရှေ့တူရူသို့ လာရပ်ရင်း ....

"ရှေ့နောက် ဉာဏ်ယှဉ်ပြီး မဆင်ခြင်တဲ့ အရာရှိတွေကြောင့် ကျုပ်ဦး နှောက်ခြောက်ရတယ်ကွယ်။ ဘုံဘေမြို့မှာလည်း အရာရှိတစ်ယောက်ကို စစ်ခုံရုံးတင်စစ်ဆေးပြီး သေဒဏ် အမိန့်ပေးခဲ့ရတယ်။ ဟော အခုလည်း တစ်မှုပေါ်လာပြန် ပြီ" ဟု ပြောကြားပြီးနောက် ...

"ဒီမှာ တမ်။ အဲဒီ အမျိုးသမီးကို မောင်သတ်တာ မဟုတ်ဘူးလား" ဟု မေးလိုက်ရာ ကပ္ပတိန် ပရစ်ချတ်က ....

"မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်သတ်တာ လုံးဝမဟုတ်ပါဘူး" ဟု ပြောလိုက်သည်။

ထိုအခါ ဘုရင်ခံ ရောဘတ်ကလစ်လည်း ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ....

"မောင်က မသတ်ဘူးလို့ ငြင်းနေပေမဲ့ မောင်မသတ်ကြောင်းကို ခိုင်လုံတဲ့ သက်သေအထောက်အထား မပြနိုင်ဘူး မဟုတ်လား။ ဒီကို ခိုင်လုံတဲ့ သက်သေအထောက်အထား မပြနိုင်တာ မောင့်အတွက် မကောင်းဘူးကွယ်" ဟု ပြောကြားပြီးနောက် –

"ဒီလို အချိန်မျိုးမှာ မောင့်အမှု ဖြစ်တာဟာ ကျုပ်တို့အဖို့ တစ်အားလျော့တယ်ကွယ်။ ဘင်္ဂလားနယ်မှာ ပြင်သစ်တွေကလည်း လက်နက်တပြင်ပြင် ရန်တစောင်စောင်လုပ်နေတယ်။ ဘင်္ဂလားဘုရင်သစ် ဆာရတ် –အဒူလာ

ကလည်း ပြင်သစ်တွေ စကားကို နားယောင်ပြီး ကျုပ်တို့ကို ရန်စောင်ချင်နေတယ်။ ပြင်သစ်တွေ စကားအောင်ပြီး၊ ဘင်္ဂလားဘုရင်သစ် ဆာရတ်–အဒူလာနဲ့ ပြင်သစ်တွေပေါင်းမိသွားရင်တော့ ကျုပ်တို့ဟာ ကလကတ္တားနယ်ကို လုံး၀လက်လွှတ်ရလိမ့်မယ်။ ဒီလိုအချိန်မျိုးမှာ ကျုပ်ဟာ မောင့်လို တိုက်ရည်ခိုက်ရည်နဲ့ ပြည့်စုံတဲ့ စစ်သားကောင်းတစ်ယောက်ကို မဆုံးရှုံးချင်ဘူးကွယ်” ဟု ပြောကြား သည်။

ထိုအခါ ကပ္ပတိန် ပရစ်ချက်က .... “ဟုတ်ကဲ့ပါ ခင်ဗျား” ဟု ပြောလိုက်ရာ၊ ဘုရင်ခံ ရောဘတ်ကလစ်က ကပ္ပတိန် ပရစ်ချတ်ကို စေ့စေ့ကြည့်ရင်း ... “မောင့်အမှုကို စစ်ခုံရုံးတင်ပြီး စစ်ဆေးရတော့မယ်။ အပြစ်ထင်ရှားတယ်ဆိုရင် မောင့်ကို သေနတ်နဲ့ အသေပစ်သတ် ခိုင်းရတော့မယ်။ ဒီမှာ ... တမ်။ မောင့်ကို ကျုပ် ခင်ပါတယ်။ ချစ်လည်း ချစ်ပါတယ်။ ဒါပေမဲ့ စစ်စည်းကမ်းဥပဒေကိုတော့ ကျုပ် မချိုးဖောက်နိုင်ဘူး။ တသွေမတိမ်း ဆောင်ရွက်ရလိမ့်မယ်” ဟု ပြောကြားသည်။

ထိုအခိုက်တွင် လည်ပင်း၌ ပတ္တမြား ဆွဲကြိုးကြီးကို ဆွဲထားသော သံတမန်ကြီးသည် ထိုင်ရာမှ ညင်ညင်သာသာ ထလိုက်သည်။ ထို့နောက် သာယာညင်းပျောင်းသော အသံဖြင့် ....

“အရှင်၊ ကျွန်တော်မျိုး ကြားဝင်ပြီး ပန်ကြားပါရစေ။ ကပ္ပတိန် ပရစ်ချတ်ကို သေဒဏ်မပေးပါနဲ့။ ကပ္ပတိန် ပရစ်ချတ်ကို သေဒဏ်ပေးလိုက်ရင် ကျွန်တော်မျိုးတို့ရဲ့ အရှင်၊ ချန္ဒရပူရီ ဘုရင်မင်းမြတ်ဟာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ သူ့ကို စော်ကားတယ်လို့လည်း မှတ်ထင်သွားပါလိမ့်မယ်။ ဒါကြောင့် ကပ္ပတိန် ပရစ်ချတ်ကို အပြစ်ဒဏ်က ချမ်းသာပေးဖို့ ကျွန်တော်မျိုး တောင်းပန်ပါတယ်” ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် ခန်းမဆောင်ကြီးတစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်ငြိမ်သက် သွားတော့သည်။ ကပ္ပတိန် ပရစ်ချတ်လည်း မိမိကြားရသော စကားကို မယုံနိုင်သည့် အမူအရာဖြင့် ငေးမောအံ့သြလျက်ရှိသည်။ ထိုအခိုက်တွင် ဘုရင်ခံ ရောဘတ်ကလစ်လည်း ကပ္ပတိန် ပရစ်ချတ်ကို စိန်းစိန်းကြည့်ရင်း ....

“ကြားရဲ့လား တမ်။ သူတို့တစ်တွေက မောင့်ကို အပြစ်ဒဏ် မပေးစေချင်ကြဖူး။ ဘာကြောင့်လဲ ဆိုတာကော မောင်သိရဲ့လား” ဟု မေးလိုက်သည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်က ....

http://www.cherrythitsar.org



"မသိပါဘူး အရှင်" ခပ်ရိုးရိုးပင် ပြောလိုက်ရာ ဘုရင်ခံ ရောဘတ် ကလစ်က ....

"ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးပေါ့ကွယ်။ အခုအချိန်အခါမှာဆိုရင် ပြင်သစ်တွေဟာ ကျုပ်တို့ အင်္ဂလိပ်တွေကို တိုက်ခိုက်ရန်ပြုဖို့အတွက် အချိန်အခါကောင်းကို စောင့်နေကြတယ်။ ဟောဒီ အိန္ဒိယပြည်မှာရော၊ အမေရိကန် ကိုလိုနီပြည်နယ်တွေမှာ ရောပေါ့ကွယ်။ အမေရိကန် ကိုလိုနီ ပြည်နယ်တွေမှာဆိုရင်တော့ ပြင်သစ်တွေနဲ့ ကျုပ်တို့ အင်္ဂလိပ်တွေ စစ်ဖြစ်နေကြပြီ။ မေဂျာဂျင်နရယ် ဘရက်ဒေါ့ဆိုရင် အမေရိကန်ကို စစ်ချီသွားတာတောင် အတော်ကြာနေပြီ။ ဒီလို အခြေအနေဆိုးမှာ ကျုပ်တို့ဟာ ယုံကြည်စိတ်ချရမယ့် မဟာမိတ်တွေလိုနေတယ်။ ပြင်သစ်တွေနဲ့ ကျုပ်တို့စစ်ဖြစ်တဲ့အခါမှာ ကျုပ်တို့ဖက်က မပါတောင် ကျုပ်တို့ကို ရန်မပြုမယ့်၊ နောက်ကျောက ဓားနဲ့မထိုးမယ့် လူတွေလိုအပ်နေတယ်။ ဒါကြောင့် ကျုပ်တို့ဟာ ချန္ဒရာပူရီဘုရင် စိတ်ကွက်တာကို မခံနိုင်ဘူး။ ချန္ဒရာပူရီဘုရင်နဲ့ ခိုင်မြဲတဲ့ မဟာမိတ်ပြုကြရမယ်" ဟု ပြောကြားပြီးလျှင်၊ စားပွဲပေါ်ရှိ ငွေကြုတ်လေးကို အသာကောက်ယူလိုက်သည်။ ထို့နောက် ....

"အံဖုံးကို ဖွင့်ကြည့်လိုက်စမ်း တမ်" ဟု ပြောကြားရာ၊ ကပ္ပတိန် ပရစ်ချတ်လည်း အဖုံးကို အသာဖွင့်လိုက်သည်။

ထိုအခါ ငွေကြုတ်လေးအတွင်း၌ အရည်အသွေးကောင်းလှသော ပတ္တမြားလုံးကြီးများ၊ မြလုံးကြီးများ၊ စိန်လုံးကြီးများ အပြည့်ရှိနေသည်ကို တအံ့တသြ တွေ့မြင်ရသည်။ ငွေကြုတ်လေးအတွင်းရှိ ကျောက်မျက်ရတနာတို့ကား နိုင်ငံတစ်နိုင်ငံကို ဝယ်ယူနိုင်လောက်အောင် အဖိုးထိုက်တန်လှပေစွတကား။

ငွေကြုတ်လေးအတွင်းရှိ ကျောက်မျက်ရတနာတို့ကို ကပ္ပတိန် ပရစ်ချတ် တအံ့တသြ ငေးကြည့်နေခိုက်တွင် ဘုရင်ခံ ရောဘတ်ကလစ်က ....

"ဟောဒီ ကျောက်မျက်ရတနာတွေဟာ ချန္ဒရာပူရီဘုရင်က ကျုပ်တို့အရှေ့ အိန္ဒိယကုမ္ပဏီကို မဟာမိတ်အဖြစ် လက်ဆောင်ပေးလိုက်တာပဲကွယ့်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်လည်း အတန်ကြာအောင် စဉ်းစားတွေဝေနေပြီးမှ ....

"ဒီလို အဖိုးတန်တဲ့ ကျောက်မျက်ရတနာတွေကို လက်ဆောင်ပေးတဲ့အတွက် ချန္ဒရာပူရီဘုရင်ကို ကျွန်တော်တို့ ဘာများလက်ဆောင်အတုန့် ပြန်ပေးရမလဲ" ဟု မေးလိုက်ရာ ဘုရင်ခံရောဘတ်ကလစ်က ....

"ကျုပ်တို့ ပြန်ပေးရမှာပဲ။ မောင့်ကိုပါပဲကွယ်။ ချန္ဒရာပူရီဘုရင်ရဲ့ ဝန်ကြီးချုပ်ဖြစ်တဲ့ ရာမ်ကုမာရီကလည်း သူတို့နဲ့ တစ်ပါတည်း မောင့်ကို ထည့် လိုက်ဖို့ တောင်းဆိုထားပါတယ်" ဟု ဖြေလိုက်သည်။

ထိုစကားကိုကြားလျှင် ကပ္ပတိန်ပရစ်ချတ်လည်း အားတင်းကာ ပြုံး ရယ်လိုက်ပြီးနောက် ....

"ဒီလိုဆိုရင် မှားယွင်းမှုတစ်ခုခုတော့ ဖြစ်နေပြီထင်ပါတယ်။ ကျွန် တော်ဟာ လူချမ်းသာတစ်ဦး မဟုတ်ပါဘူး။ ဒီလောက် အဖိုးတန်တဲ့ ကျောက် မျက်ရတနာတွေနဲ့ လဲလှယ်ထိုက်အောင် အဖိုးတန်တဲ့လူ မဟုတ်ပါဘူး" ဟု ပြောကြားသည်။ ထို့နောက် သက်ပြင်းချကာ ....

"အင်း ... ချန္ဒရာပူရီဘုရင်က ကျွန်တော်မျိုးကို ရန်ငြိုးတစ်စုံတရာ ထားပြီး လက်စားချေချင်လို့များလား မသိဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ချန္ဒရာပူရီဘုရင်၏ ဝန်ကြီးချုပ် ရာမ်ကုမာရီသည် ပြုံးချို သော မျက်နှာထားဖြင့် ကပ္ပတိန် ပရစ်ချတ်ကို ကြည့်ရင်း အသာဦးညွှတ် လိုက်သည်။ ထို့နောက်မှ ....

"ကပ္ပတိန် ပရစ်ချတ်ကလည်း ကိုယ့်ကိုယ်ကို အလွန်နှိမ့်ချတာကိုး၊ ကပ္ပတိန် ပရစ်ချတ်ဟာ အတုမဲ့တဲ့ မြင်းစီးသူရဲအကျော် ဖြစ်တယ်ဆိုတာ အိန္ဒိယ တစ်ဝှမ်းလုံး ကျော်စောထင်ရှားပြီးသားပါ" ဟုပြောကြားလိုက်သည်။ ဘုရင်ခံ ရောဘတ်ကလစ်ကလည်း ....

"ဒီမှာ ... တမ်၊ အာနီမြို့တိုက်ပွဲမှာ ရာဇာဆာဟီဘတ်ကို မောင် ချေမှုန်းလိုက်တဲ့ သတင်းစကားရော၊ ကို့ကောင်းမြို့တိုက်ပွဲနဲ့ ချင်လီပွတ်မြို့ တိုက်ပွဲတွေမှာ မောင် ရှုပ်ရှုပ်ချွံချွံတိုက်ခဲ့တဲ့ သတင်းစကားတွေကိုပါ သူတို့ကြား ထား သိထားကြတယ်။ ပြီးတော့ ကာဗာလီမြို့တိုက်ပွဲမှာ မောင်ဟာ မြင်းလျှင် တပ်ကို ဦးစီးပြီး ပြင်သစ်အမြောက်တပ်ကို ချေမှုန်းခဲ့တဲ့အကြောင်းကိုလည်း သူတို့ ကြားထားသိထားကြတယ်"

ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"အို ... ဒါဟာ ပြောပလောက်တဲ့ စွမ်းဆောင်ချက် မဟုတ်ပါဘူး' ဟု ရေရွတ်လိုက်ရာ ... ဝန်ကြီးချုပ် ရာမ်ကုမာရီက အသာရယ်မောရင်း ....

"ကပ္ပတိန်က ကိုယ့်ကိုယ်ကို သိပ်နှိမ့်ချတာကိုး။ ဒီလိုနိဝါတ တရား နဲ့ ပြည့်စုံတာ ကောင်းပါတယ်။ ကောင်းပါတယ်" ဟု ပြောကြားသည်။ ထို့ နောက် ...

http://www.cherrythitsar.org


"ဒီမှာ ကပ္ပတိန်။ ဦးတို့ရဲ့အရှင် ချန္ဒရာပူရီဘုရင်က မောင့်ကို ဧည့်သည်တော်အဖြစ် လာရောက်နေထိုင်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ မောင်ဟာ သူ့အပါးမှာရှိရင် အစစအရာရာ လုံခြုံစိတ်ချရလိမ့်မယ်လို့လည်း မှတ်ထင်နေပါတယ်။ ပြီးတော့ ဒီလိုဆောင်ရွက်ခြင်းဟာ အင်္ဂလိပ်တွေနဲ့ မဟာမိတ်အဖြစ် ရင်းနှီးချစ်ကြည်ကြောင်းကို ပြသရာ ရောက်တယ်လို့ မှတ်ယူနေပါတယ်" ဟု ပြောကြားသည်။ ဘုရင်ခံ ရောဘတ်ကလစ်ကလည်း ....

"သူတို့က မောင်ဟာ ကျုပ်ရဲ့လက်ရုံးတစ်ဆူဖြစ်တယ်လို့ မှတ်ယူနေတယ်။ ပြီးတော့ မောင်ဟာ နတ်ဘုရားများ စောင်မတာကို ခံရတဲ့သူဖြစ်တယ်။ ဘယ်တော့မှ တိုက်ပွဲမှာ မရှုံးနိမ့်နိုင်ဖူးလို့လည်း ယူဆနေတယ်" ဟု ကြားဝင်ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"အဓိပ္ပာယ်မရှိတဲ့ တောက်တီးတောက်တဲ့ စကားတွေပါ"

ဟု ပြောလိုက်ရာ ဘုရင်ခံရောဘတ်ကလစ်က ....

"အဓိပ္ပာယ်မရှိဘူးလို့ ဆိုနိုင်ပေမဲ့ ဒါကတော့ တကယ့်လက်ရှိ အဖြစ်မှန်၊ အခြေအနေမှန်ပဲ မောင်"

ဟု ပြောကြားလိုက်သည်။ ထို့နောက် ...

"ဒီမှာ ... တမ်။ အခုလောလောဆယ် အခြေအနေအရတော့ မောင်ဟာ လူသတ်မှုနဲ့ စစ်ခုံရုံးမှာတင်ပြီး အစစ်အဆေးခံရတော့မယ်၊ လူသတ်မှုကို မောင် မကျူးလွန်ကြောင်းခိုင်လုံတဲ့ သက်သေအထောက်အထား မပြနိုင်တဲ့အတွက်လည်း သေနတ်နဲ့ ပစ်သတ်တာကို ခံရတော့မယ်။ ဒီအခြေအနေ အကျဉ်းအကြပ်ကနေပြီး လွတ်မြောက်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ ချန္ဒရာပူရီဘုရင်နဲ့ ဧည့်သည်တော်အဖြစ် သွားရောက်ဖို့ပဲ ရှိတော့တယ်။ ချန္ဒရာပူရီဘုရင်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ကျောက်မျက်ရတနာတွေ မျက်နှာကို ထောက်ထားပြီးတော့ မောင်ရဲ့အမှုကို လောလောဆယ် မစစ်ဆေးဘဲ ဆိုင်းငံ့ထားပါမယ်။ ဒီလို ဆိုင်းငံ့ထားတုန်းမှာပဲ လူသတ်မှုကို တကယ်ကျူးလွန်တဲ့ တရားခံ အစစ်အမှန်ကို တွေ့နိုင်ကောင်း တွေ့နိုင်ပါလိမ့်မယ်ဟု" ပြောကြားသည်။ ထို့ နောက် ....

"ဒီမှာ ... တမ် ... မောင်ဟာ နိုင်ငံရေးအနေနှင့် အရေးပါအရာရောက်တဲ့ လူတစ်ယောက်ဖြစ်နေတယ်။ ချန္ဒရာပူရီဘုရင်ရဲ့ ဧည့်သည်တော်အဖြစ် မောင် သွားရပေမဲ့ မောင်ရဲ့ဘဝ နောင်ရေးဟာ စိတ်အေးစရာတော့ မရှိလှဘူး။ ချန္ဒရာပူရီဘုရင်ကို ကျုပ်တို့က အကြောင်းတစ်ကြောင်းကြောင့် စစ်မက်ပြုတာနဲ့

http://www.cherrythitsar.org



တစ်ပြိုင်နက် သူတို့လက်တွင်းကို ရောက်နေတဲ့ မောင့်ကို ချန္ဒရာပူရီဘုရင်က နည်းအမျိုးမျိုးနဲ့ ညှဉ်းပန်းသတ်ဖြတ်မှာ သေချာတယ်”ဟု ပြောကြားသည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း ပခုံးကို အသာတွန့်ကာ ....

“အခြေအနေကတော့ ကျွန်တော့်အတွက် ဘာမျှထူးမလာပါဘူး၊ ဒီမှာနေရင်လည်း စစ်ခုံရုံးတင်စစ်ဆေးနေပြီးတော့ သေနတ်နဲ့ ပစ်သတ်တာကို ခံရမှာပါပဲ။ ချန္ဒရာပူရီရဲ့ ဧည့်သည်တော်အဖြစ် လိုက်သွားရင်လည်း မကြာခင် နည်းအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက်တာကို ခံရမှာပါပဲ”ဟု ပြောကြားလိုက်သည်။

ထိုအခါ ချန္ဒရာပူရီဘုရင်၏ ဝန်ကြီးချုပ်လည်း အသာပြုံးရယ်လိုက်ပြီးနောက် ....

“ကျွန်တော့်ကို စကားပြောခွင့်ပြုကြပါ။ ကျွန်တော်တို့ အရှင် ချန္ဒရာပူရီဘုရင်ဟာ ကပ္ပတိန်ပရစ်ချတ်ကို အစိုးရဧည့်သည်တော်အဖြစ် ထားမှာပါ။ စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေးအားလုံးကို အစစအရာရာ တာဝန်ယူမှာပါ”ဟု ပြောကြားသည်။ ထို့နောက် ဘုရင်ခံရောဘတ်ကလစ်နှင့် ကပ္ပတိန်ပရစ်ချတ်တို့၏မျက်နှာကို စေ့စေ့ကြည့်ကာ ....

“ကျွန်တော်တို့အရှင် ချန္ဒရာပူရီဘုရင်က ကပ္ပတိန်ပရစ်ချတ်ကို ဧည့်သည်တော်အဖြစ် စေတနာရိုးနဲ့ ဖိတ်ခေါ်တာပါ။ စစ်သုံ့ပန်းသဘောနဲ့ ခေါ်တာမဟုတ်ပါဘူး။ အတိုင်းမသိ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတွေကို လက်ဆောင်ပေးတာကလည်း အကြာအရှည် မဟာမိတ်ပြုချင်တဲ့သဘောပါ။ မကြာခင် စစ်ခုံရုံးတင်ပြီး အသတ်ခံရမယ့် ကပ္ပတိန်တစ်ယောက်ကို ရယူချင်တဲ့ သဘောမဟုတ်ပါဘူး” ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘုရင်ခံ ရောဘတ်ကလစ်လည်း အတန်ကြာအောင် တွေဝေစဉ်းစားနေသည်။ ထို့နောက် ....

“ကောင်းပြီလေ။ မိတ်ဆွေ မျှိုတို့ ဘုရင်မင်းမြတ် အလိုတော်ရှိနေတဲ့ ကပ္ပတိန်ပရစ်ချတ်ကို မိတ်ဆွေတို့နဲ့အတူ ထည့်ပေးလိုက်ပါမယ်။ ဒါပေမဲ့ ကျုပ်တို့ဆီကို ကပ္ပတိန်ပရစ်ချတ် ပြန်ရောက်လာတဲ့အခါမှာတော့ သူကျူးလွန်ထားတဲ့ လူသတ်မှုအတွက် စစ်ခုံရုံးတင်ပြီး စစ်ဆေးရလိမ့်မယ်” ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org

[၃]

# တောဂုန်းစေးပြဲများ

မဒရပ်ပြည်နယ်၏ အနောက်မြောက်ဒေသကား တောင်ကုန်းတောင်တန်းများ ထူပြောလှသော ဒေသဖြစ်ပေသည်။ မဒရပ်မြို့ကို လွန်သည်နှင့်တစ်ပြိုင်နက် တောင်တန်း တောင်ကုန်းများကို တွေ့ရတော့သည်။ လျှိုမြောင်ချိုင့်ဝှမ်းများ၊ တောင်ကြားများကို တွေ့ရတော့သည်။

ကပ္ပတိန် ပရစ်ချတ်သည် ချန္ဒရာပူရီ ဘုရင်၏ ဝန်ကြီးချုပ် ရာမ်ကုမာရီ ပါဝင်သော အစောင့်စစ်သည်တစ်စုနှင့်အတူ ပင်နာတောင်ကြားကို ဖြတ်ကာ ခရီးဆက်လာခဲ့သည်။ နေမှာ ကျဲကျဲတောက်အောင် ပူပြင်းလှပြီး၊ လေပူများလည်း တဝူးဝူး တိုက်နေပေသည်။

ကပ္ပတိန် ပရစ်ချတ်သည် ချန္ဒရာပူရီဘုရင် လက်ဆောင်ပေးသနားလိုက်သော မြင်းညိုကြီးကို အကြော့သား စီးလာခဲ့သည်။ ထိုသို့ စီးလာခိုက်တွင် မိမိ၏ဘဝကံကြမ္မာကို တွေးကာ စိတ်နှလုံးလေးလံလျက် ရှိတော့သည်။ ကပ္ပတိန် ပရစ်ချတ်သည် မဒရပ် မြင်းလျှင်တပ်မှ ကပ္ပတိန် ဘဝကို ခံမင်တပ်မက်သည်။ မိမိ၏ တိုက်ရည်ခိုက်ရည်ကြောင့်လည်း မကြာမီ ရာထူးတိုးမြှင့်လိမ့်မည်ဟု မှတ်ထင်ခဲ့သည်။ သို့သော် မမျှော်လင့်၊ မမှတ်ထင်ထားသော ဖြစ်ရပ်တို့ ဖြစ်ပွားလာခဲ့သည်။ လူသတ်မှုကို မကျူးလွန်ရဘဲ လူသတ်မှု တရားခံအဖြစ် မှတ်ထင်ယူဆခြင်းကို ခံရသည်။ ထို့နောက် ချန္ဒရာပူရီဘုရင်၏ ဧည့်သည်တော်အဖြစ် ဆက်နေရသည်။ ချန္ဒရာပူရီဘုရင်၏ ဧည့်သည်တော်ဟု စကားလှလှ သုံးထားသော်လည်း အမှန်တကယ်အားဖြင့် ချန္ဒရာပူရီဘုရင်၏ စစ်သုံ့ပန်းသာ ဖြစ်တော့သည်။ မိမိ၏ဘဝကား သူတစ်ပါး၏ အကျဉ်းသား ဘဝပါတကား။

http://www.cherrythitsar.org



ကပ္ပတိန် ပရစ်ချတ်လည်း ထိုသို့ တွေးတောရင်း ခရီးဆက်လာရာ၊ နေမွန်းတည့်ချိန်တွင် စိမ်းမြသော တောအုပ်လေးအပါးသို့ ရောက်လာခဲ့သည်။ ထိုတောအုပ်လေး၌ ငှက်ပျောပင်ရွက်ဖားကြီးတို့ စိမ်းစိမ်းစိုစို ရှိနေကြသည်။ သရက်ပင်ကြီးများ စိမ်းစိမ်းညို့ညို့ ရှိနေကြသည်။ ထိုတောအုပ်လေးတွင်ပင် ကပ္ပတိန် ပရစ်ချတ်တို့လူစု ခေတ္တနားနေ အပန်းဖြေကြသည်။ အစားအစာများ စားသောက်သုံးဆောင်ကြသည်။ ကပ္ပတိန် ပရစ်ချတ်လည်း ဆစ်လူမျိုး လူထွားကြီး အင်္ဂါဆင်း လာရောက်ပေးသော အစားအစာများနှင့် မှည့်ဝင်းနေသော သရက်သီးမှည့်၊ ငှက်ပျောသီး မှည့်တို့ကို အားပါးရစားသောက်ခဲ့သည်။

ထို့နောက် ဆက်လက် ခရီးဆက်လာခဲ့ကြသည်။ ထိုသို့ ခရီးဆက်လာခိုက်တွက် ဝန်ကြီးချုပ် ရာမ်ကုမာရီသည် ကပ္ပတိန် ပရစ်ချတ်နှင့် ဘေးချင်းယှဉ်ကာ မြင်းစီးလာသည်။ ထို့နောက် ကပ္ပတိန် ပရစ်ချတ်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ....

"မောင်ရယ်၊ သိပ်လည်း စိတ်ပျက်လက်ပျက် ဖြစ်မနေပါနဲ့။ မောင်ဟာ ဦးတို့ဘုရင်ရဲ့ အထူးဧည့်သည်တော်အဖြစ် နေထိုင်ရမှာပါကွယ်" ဟု ပြောကြားရာ ကပ္ပတိန် ပရစ်ချတ်က အားယူပြုံးရင်း ....

"ကျွန်တော်က စစ်မြေပြင်မှာ မွေးရှင်ချင်တဲ့ လူစားပါဦးရယ်။ အေးအေးလူလူနဲ့ မပူပင် မကြောင့်ကြရတဲ့ ဘဝမျိုးကို မမွေ့လျော် မပျော်ပိုက်တတ်ပါဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဝန်ကြီးချုပ် ရာမ်ကုမာရီလည်း မည်သို့မှ မပြောတော့ဘဲ ပခုံးကို အသာတွန့်လိုက်သည်။

ထို့နောက် ကပ္ပတိန် ပရစ်ချတ်တို့ လူစုသည် တောင်ကုန်း တောင်တန်း ထူထပ်သော ခရီးလမ်းကို ဆက်လာခဲ့ကြသည်။ မဒရပ်မြို့မှ ထွက်ခွာပြီး တတိယနေ့ နံနက်ခင်းသို့ ရောက်သောအခါ၊ ကွေ့ဝိုက်သော တောင်ကြောလမ်းကို စတင် တက်ကြရသည်။ ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်တို့ လူစုသည် တောင်ကြောပေါ်မှ မြင်းများကို ကဆုန်စိုင်းစီးလာကြသော မဟာရတ္တ တောပုန်းဓားပြတို့ကို ရုတ်တရက် တွေ့မြင်ရတော့သည်။

မဟာရတ္တတောပုန်းဓားပြတို့ကား ဒီကန် တောကြောတစ်ဝိုက်နှင့် လွင်ပြင်ဒေသ၌ လုယက်တိုက်ခိုက်နေကြသူများ ဖြစ်ပြီး ဆိုးသွမ်းရက်စက်လှသည်။ တောပုန်းဓားပြများ အားလုံးပင် အညိုရောင်ဝတ်စုံများ ဝတ်ဆင်ထားကြပြီး ဓားကောက်များ၊ ဓားရှည်များကို ခါးတွင် ချိတ်ဆွဲထားကြသည်။ အချို့က လက်တွင် လေးမြားကို ကိုင်ထားကြပြီး တချို့က စက်မောင်းသေနတ်ကို ကိုင်ထားကြသည်။

http://www.cherrythitsar.org



ထိုမဟာရတ္တာ တောပုန်းဓားပြတို့ကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် ဝန်ကြီးချုပ် ရာမ်ကုမာရီနှင့်တကွ ပါလာကြသော အစောင့်စစ်သားများ၊ ကျေးကျွန်များ အားလုံးပင် မျက်စိမျက်နှာ ပျက်သွားကြသည်။ သို့သော် ကပ္ပတိန် ပရစ်ချတ်ကမူ စိုးမရွံ့ ထီမထင်သော အသွင်ဖြင့် ခါးတွင် ချိတ်ထားသော ဓားရှည်ကြီးလက်ကိုင်ရိုးကို လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

ကပ္ပတိန် ပရစ်ချတ်ကား စစ်ပွဲ၌ မွေ့လျော်လိုသော သူတစ်ဦးဖြစ်လေရာ၊ ဤကဲ့သို့ လေးသံ၊ မြားသံ၊ စစ်တေးသံတို့ကို ကြားလိုက်ရသည်တစ်ပြိုင်နက် သွေးတို့ တပွက်ပွက် ဆူပွက်လာခဲ့ပေပြီ။ လာမည့်ဘေးကို ပြေးတွေ့ချင်နေပေပြီ။ ရန်သူကို ရင်ဆိုင်တွေ့လိုလှပေပြီ။

ဝန်ကြီးချုပ် ရာမ်ကုမာရီသည် ကပ္ပတိန်ပရစ်ချတ်ကို တစေ့တစောင်း အကဲခတ်နေရာမှ ....

"မောင်ရယ်။ မောင့်မှာ ဘေးဥပါဒ် တစ်စုံတစ်ရာ တွေ့တာနဲ့ တစ်ပြိုင်နက် ဦးတို့ရဲ့အရှင် ချန္ဒရာပူရီ ဘုရင်က ဦးကို အပြစ်ဒဏ်ပေးပါလိမ့်မယ်ကွယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်က စိတ်မရှည်သည့် အမူအရာဖြင့် ....

"ဒီမှာ ဦး၊ ကျွန်တော်ဟာ ဦးရဲ့ လက်တွင်းက အကျဉ်းသားတစ်ယောက်လား။ ဒါမှမဟုတ် ဦးတို့ရဲ့ အထူးဧည့်သည်တော် တစ်ယောက်လား။ ကျွန်တော်ဟာ ဦးတို့ရဲ့ အကျဉ်းသားဆိုရင်တော့ ဦးရဲ့ဆန္ဒကို နာခံပါမယ်။ ဒါမှမဟုတ် ကျွန်တော်ဟာ ဦးတို့ရဲ့အထူးဧည့်သည်တော်ဆိုရင်တော့ ကျွန်တော်ရဲ့ဆန္ဒကို နာခံပါ" ဟု ပြောကြားလိုက်၏။ ဝန်ကြီးချုပ် ရာမ်ကုမာရီက

"မောင်ရယ်၊ မောင်ဟာ ဦးတို့ရဲ့ အထူးဧည့်သည်တော်ပါ" ဟု ပြောကြားလိုက်ရသည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်လည်း ခါးတွင် ချိတ်ထားသော ဓားရှည်ကြီးကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ရာ၊ ဝင်းပသော နေရောင်တွင် လက်ခနဲ အရောင်တောက်သွားသည်။ ထို့နောက် ကပ္ပတိန် ပရစ်ချတ်က ....

"ဒါဖြင့်ရင် ကျွန်တော်တို့နဲ့ ပါလာကြတဲ့ စစ်သည်တွေ အားလုံးကို ကျွန်တော့် နောက်ကိုလိုက်ခဲ့ဖို့ ပြောလိုက်ပါ။ တောပုန်းဓားပြတွေကို ကျွန်တော်တို့ ရဲရဲရင့်ရင့် တိုက်ခိုက်တွန်းလှန်ကြမယ်" ဟု ပြောကြားရင်း မြင်းညိုကြီးကို ဖနောင့်သံဘီးဖြင့် တို့လိုက်သည်။

ထိုအခိုက်တွင် မဟာရတ္တာတောပုန်းဓားပြတို့သည် ဝန်ကြီးချုပ် ရာမ်ကုမာရီတို့ လူသိုက်ရှိရာသို့ ကဆုန်စိုင်းလာနေကြသည်။ တောပုန်းဓားပြတို့၏

http://www.cherrythitsar.org


ကြွေးကြော်သံကြောင့် ဝန်ကြီးချုပ် ရာမ်ကုမာရီတို့ လူသိုက်နှင့်ပါလာသော ရွှေကကြိုးတန်ဆာများ ဆင်ထားသည့် ဆင်ကြီးများသည် နှာမောင်းကြီး တယမ်းယမ်းနှင့် လှုပ်ရှားနေပေသည်။ ထို့ကြောင့် ဆင်ပေါင်းကများလည်း လှုပ်ရှားယိမ်းထိုးနေသည်။ ထို့ကြောင့် ဆင်ပေါင်းကထက်ရှိ မိန်းမပျိုတို့၏ ကြောက်လန့်တကြား အော်ဟစ်သံသည် ဆူညံလျက်ရှိတော့သည်။ မိန်းမပျို တစ်ယောက်သည် ဆင်ပေါင်းက ထက်မှနေ၍ အပြင်သို့ ခေါင်းပြူကြည့်လိုက်သည်။ ထိုအခိုက်တွင် တောပုန်းဓားပြတို့ ပစ်လိုက်သော မြားသည် ထိုမိန်းမပျိုကို လာမှန်ရာ မိန်းမပျိုလည်း ဆင်ပေါင်းကထက်မှ အောက်သို့ ထိုးကျသွားတော့သည်။

ထိုအခိုက်တွင် ဝန်ကြီးချုပ် ရာမ်ကုမာရီနှင့် ပါလာသော အစောင့်စစ်သည်တို့သည် တောပုန်းဓားပြတို့ကို ခုခံတွန်းလှန်ရန် ရှေ့သို့ အပြေးတက်သွားကြသည်။

မဟာရတ္တတောပုန်းဓားပြတို့လည်း အသံသေးအသံကြောင်တို့ဖြင့် အသံကုန်အော်ဟစ်ရင်း မြင်းကို ကဆုန်စိုင်းလာရာမှ မြားတို့ကို တစ်စင်းပြီး တစ်စင်း ပစ်နေကြသည်။ စက်မောင်းသေနတ်တို့ကို တဒိုင်းဒိုင်းပစ်နေကြသည်။

ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်သည် တောပုန်းဓားပြများရှိရာသို့ မြင်းညိုကြီးကို တည့်တည့်ကြီး စီးနင်းသွားပြီး အံ့အားသင့်နေကြသော တောပုန်းဓားပြတို့ကို ရဲရဲရင့်ရင့် တိုက်ခိုက်နေသည်။ ကပ္ပတိန် ပရစ်ချတ်၏ ဓားကြီး တစ်ချက်ဝင့်လိုက်တိုင်း ဝင့်လိုက်တိုင်း တောပုန်းဓားပြတစ်ယောက်ပြီး တစ်ယောက် မြင်းပေါ်မှ ထိုးကျသွားသည်။ ထို့ကြောင့် တောပုန်းဓားပြများသည် အံ့အားသင့်ရုံမက တုန်လှုပ်ချောက်ချားလာပြီး ဘေးသို့ရှဲပေးကြတော့သည်။

ထိုအဖြစ်ကို အစောင့်စစ်သည်တို့ မြင်ကြရသောအခါ အားတက်သွားကြပြီး တောပုန်းဓားပြတို့ကို ရှေ့ကထက်တိုးပြီး အားကြိုးမာန်တက် တိုက်ခိုက်ကြသည်။ ပါလာသော စက်မောင်းသေနတ်တို့ဖြင့် ပြန်လှန်ပစ်ခတ်ကြသည်။ လေးများဖြင့် ပြန်လှန်ပစ်ကြသည်။ ဓားများဖြင့် ပြန်လှန်ခုတ်ကြသည်။ ထို့ကြောင့် တောပုန်းဓားပြတို့မှာ အခြေသာနေရာမှ အခြေယိုင်လာတော့သည်။

နောက်ဆုံး၌ မဟာရတ္တ တောပုန်းဓားပြတို့သည် မိမိတို့ကို ခုခံတွန်းလှန်ခြင်းမပြုဘဲ မိမိတို့ လုယက်တိုက်ခိုက်မှုကို အသာတကြည်ခံကြလိမ့်မည်ဟု မှတ်ထင်ထားသော လူစု၏ ရဲရဲရင့်ရင့် ခုခံတွန်းလှန်မှုဒဏ်ကို မခံနိုင်တော့သည့်အတွက် တဖြည်းဖြည်း ဆုတ်ခွာသွားကြရတော့သည်။

http://www.cherrythitsar.org



ကပ္ပတိန် ပရစ်ချတ်လည်း အားရပါးရပြုံးကာ ဓားတွင် စွန်းနေသော သွေးတို့ကို သုတ်ပြီး ဓားအိမ်တွင်းသို့ ဓားကို သွင်းရန် ဟန်ပြင်လိုက်၏။ ထိုအခိုက်တွင် မိန်းမတစ်ဦး၏ စူးစူးဝါးဝါး အော်လိုက်သံကို ကြားရတော့သည်။ ထို့ကြောင့် ဆတ်ခနဲ လှမ်းကြည့်လိုက်ရာ၊ တောပုန်းဓားပြနှစ်ဦးက ဆင်ပေါင်းကထက်မှ မိန်းမလှလေးတစ်ဦးကို အတင်းဆွဲထုတ်နေသည်ကို တွေ့ရသည်။

မိန်းမလှလေးသည် ကြောက်လန့်တကြား အော်ဟစ်ရာမှ ဆင်ပေါင်း ကရှိ ပိုးတင်းတိမ်ကို လက်ဖြင့် ဆွဲဆုတ်ထားသည်။ သို့သော် တောပုန်းဓားပြ တို့က အတင်းဆောင့်ဆွဲလိုက်ရာ ပိုးတင်းတိမ်ကို ကိုင်ထားသော မိန်းမလှလေး ၏လက်မှာ ပြုတ်ထွက်သွားတော့သည်။ ထိုအခါ မိန်းမလှလေးလည်း ဆတ် ခနဲ ကိုယ်ကိုလှည့်လိုက်ပြီးလျှင် အနီးရှိ တောပုန်းဓားပြ၏မျက်နှာကို လက် သည်းဖြင့် အတင်းကုပ်ဖွဲ့တော့သည်။ ဤတွင် တောပုန်းဓားပြလည်း ထောင်း ခနဲ အမျက်ထွက်သွားဟန်ဖြင့် မိန်းမလှလေး၏ မေးရိုးကို လက်သီးဖြင့် တစ် ချက်ပင့်ထိုးလိုက်ရာ၊ မိန်းမလှလေးလည်း ချက်ချင်းပျော့ခွေကျသွားတော့ သည်။

ထိုအခါ ဆင်ပေါင်းကအနီးတွင် အသင့်ရှိနေသော မြင်းစီးတောပုန်း ဓားပြလည်း သတိမေ့နေသော မိန်းမလှလေးကို ဆတ်ခနဲ ဆွဲပွေ့ကာ မြင်းပေါ် သို့ ပစ်တင်လိုက်သည်။ ထို့နောက် ....

"ငါတို့အတွက် အကျိုးမယုတ်တော့ဘူးဟေ့။ ဟောဒီ မိန်းမလှလေး ကို ရလိုက်တာဟာ ငါတို့အတွက် သိပ်ကံကောင်းတာပဲ။ ဒီမိန်းမလှလေးကို အကြောင်းပြုပြီး ဘာရီမဟာလီ မဟာရာဇာဆီက ငါတို့ရွှေဒင်္ဂါး အမြောက် အမြားတော့ ရမယ်ကွယ့်"

ဟု အပါးရှိ တောပုန်းဓားပြအား လှမ်းပြောကာ မြင်းကို ဖနောင့်ဆူး ဘီးဖြင့် တို့လိုက်သည်။

ထို့နောက် တောပုန်းဓားပြနှစ်ဦးသည် ညာဖက်၌ရှိသော တောတန်း ဆီသို့ မြင်းကို ကဆုန်စိုင်းပြီး ဆုတ်ခွာထွက်ပြေးသွားကြသည်။ ထိုအခါ ဝန် ကြီးချုပ် ရာမ်ကုမာရီ၏ အစောင့်စစ်သည်တို့နှင့် တိုက်ခိုက်နေသော တောပုန်း ဓားပြအချို့လည်း ထိုတောပုန်းဓားပြနှစ်ဦး ဆုတ်ခွာထွက်ပြေးရာနောက်သို့ လိုက်လာခဲ့ကြသည်။ ထို့ကြောင့် သတိမေ့မျောနေသော မိန်းမပျိုလေးကို တင် ဆောင်ထွက်ပြေးသွားသော တောပုန်းဓားပြလူသိုက်မှာ လူခုနစ်ယောက် ရှိသွား တော့သည်။

http://www.cherrythitsar.org



ဤသို့ သတိမေ့မျောနေသော မိန်းမပျိုလေးကို တင်ဆောင်ကာ ဆုတ်ခွာထွက်ပြေးသွားသည်ကို ကပ္ပတိန် ပရစ်ချတ် တွေ့မြင် သတိပြုမိချိန်တွင် အစောင့်စစ်သားတို့မှာ ကျန်ရှိနေသေးသော တောပုန်းဓားပြတို့နှင့် ဟိုတစ်စု သည်တစ်စု တိုက်ခိုက်နေကြဆဲဖြစ်၏။ ထို့ကြောင့် ကပ္ပတိန် ပရစ်ချတ်သည် အစောင့်စစ်သည်တို့ကို စုရုံးခေါ်ဆိုခြင်း မပြုနိုင်တော့ပေ။ မိမိနောက်သို့ လိုက်ခဲ့ကြရန်သာ အသံကုန်ဟစ်အော်ပြောကြားရင်း ဆုတ်ခွာ ထွက်ပြေးသွားသော တောပုန်းလူဆိုးများ နောက်သို့ တစ်ယောက်တည်း အပြင်းလိုက်သွားတော့သည်။

ရှေ့မှ ဆုတ်ခွာထွက်ပြေး သွားကြသော တောပုန်းဓားပြ လူသိုက်ကား ညာဖက်ရှိ တောတန်းများအနီးသို့ ရောက်ရှိနေပေပြီ။ ထိုတောပုန်းဓားပြလူသိုက်သာ ညာဖက်ရှိတောတန်းများဆီသို့ ရောက်ရှိသွားပါက ကျောက်စွန်းကျောက်ငူကြီးများ၊ မတ်စောက်သော ဆင်ခြေလျှောများ၊ အကွေ့အကောက်များတို့ကြောင့် မျက်ခြည်ပြတ်သွားနိုင်ပေသည်။ ထို့ကြောင့် ကပ္ပတိန် ပရစ်ချတ်သည် ကိုယ်ကိုရှေ့သို့ကိုင်းကာ ခြေနင်းကို ခြေဖြင့် စုန်ကန်ပြီးလျှင် မြင်းကို အပြင်းစီးနှင်လာခဲ့သည်။ ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်၏မျက်နှာသည် သက်စွန့်ဆံဖျား တိုက်ခိုက်ရသော တိုက်ပွဲတိုင်း၌ တွေ့မြင်မြဲဖြစ်သော စိုးမရွံ့ ထီမထင်သောအသွင်ကို ဆောင်နေရုံမက မထီတရီပြုံးလျက် ရှိနေပေသည်။

ဤသို့ဖြင့် တောပုန်းဓားပြ လူသိုက်နောက်သို့ အပြင်းလိုက်လာရာ တောပုန်းဓားပြလူသိုက်နှင့် တဖြည်းဖြည်း နီးလာခဲ့သည်။ ထိုအခါ ကပ္ပတိန် ပရစ်ချတ်သည် အသင့်မောင်းတင်ထားသော ပစ္စတိုဖြင့် လှမ်းပစ်လိုက်ရာ တောပုန်းဓားပြလူသိုက်တွင် နောက်ဆုံး၌ ရောက်နေသော သူသည် မြင်းပေါ်မှ တစ်ပတ်လည်ပြီး အောက်သို့ထိုးကျသွားတော့သည်။

ဤတွင် တောပုန်းဓားပြလူသိုက်မှ တောပုန်းဓားပြနှစ်ဦးသည် မြင်းကို ဆတ်ခနဲ ပြန်တုန့်ပြီးလျှင် ကပ္ပတိန် ပရစ်ချတ်ရှိရာသို့ ဓားကောက်ကြီးများကိုဝင့်ကာ ပြန်လှည့်လာတော့သည်။ ထိုအခါ ကပ္ပတိန် ပရစ်ချတ်သည် မြင်းညိုကြီးကို အသာတုန့်ပြီး ဘေးသို့ မသိမသာ ရှောင်ပေးလိုက်ရာ တောပုန်းဓားပြနှစ်ဦးလည်း မြင်းညိုကြီး၏ညာဖက်သို့ တိုးဝင်လာတော့သည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်သည် အသင့်ကိုင်ထားသော ဓားရှည်ကြီးဖြင့် ရှေ့ဆောင်ဝင်လာသော တောပုန်းဓားပြကို လွှဲခုတ်လိုက်ရာ တောပုန်းဓားပြလည်း အသံနက်ကြီးဖြင့် ကြောက်လန့်တကြား အော်ဟစ်ပြီး မြင်းပေါ်မှ ထိုးကျသွားတော့သည်။ ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်သည် ဒုတိယ တောပုန်းဓားပြ၏မျက်နှာကို ဓားချက်နှစ်ချက် ခပ်သွက်သွက် သွင်းလိုက်ရာ

http://www.cherrythitsar.org



တောပုန်းဓားပြမှာ မျက်နှာတစ်ခြမ်း ဟက်တက်ပြဲသွားတော့သည်။ ထိုတော ပုန်းဓားပြလည်း အသံကုန်အော်ရင်း မြင်းပေါ်မှ ထိုးကျသွားတော့သည်။

ထိုအခိုက်တွင်သတိမေ့မျောနေသော မိန်းမပျိုလေးကို တင်ဆောင် ထွက်ပြေးသွားသော တောပုန်းဓားပြလေးယောက်သာ ကျန်ရှိတော့သည့် လူ သိုက်သည် တောတန်းအနီးသို့ ရောက်သွားပေပြီ။ မကြာခင် မြင်းကွင်းမှ ပျောက်ကွယ်သွားပေတော့မည်။ ထို့ကြောင့် ကပ္ပတိန် ပရစ်ချတ်လည်း မြင်းညို ကြီး၏ နားနားကို ကပ်ကာလေသံဖြင့် "ဖေသားကြီးရေ၊ ကြိုးစားလိုက်စမ်း" ဟု တိုးတိုးပြောလိုက်ရာ မြင်းညိုကြီးသည် ရှေ့ကထက် နှစ်ဆတိုးပြီး တရိပ်ရိပ် ပြေးသွားတော့သည်။ ကပ္ပတိန် ပရစ်ချတ်လည်း မိမိမှတ်ထင်ထားသည်ထက် ပို၍ပြေးနိုင်သော မြင်းညိုကြီး၏အစွမ်းကို ရုတ်တရက် အံ့ဩသွားမိရာမှ ကျေ ကျေနပ်နပ် ပြုံးလိုက်မိသည်။

မြင်းညိုကြီးကား တရိပ်ရိပ်ပြေးလျက်ရှိရာ မြင်းခွာသံတို့ တဖြောင်း ဖြောင်း မြည်လျက်ရှိသည်။ ဝင်းပသော မွန်းတည့်နေရောင်ခြည်တွင် ဖုန်မှုန့် တထောင်းထောင်း ထကျန်ရစ်ခဲ့သည်။ အတန်ကြာသောအခါ ကပ္ပတိန် ပရစ် ချတ်သည် ရှေ့မှ တောပုန်းဓားပြတို့လူသိုက်ကို လှမ်းမြင်ရသည့်အခြေသို့ပင် ရောက်လာခဲ့သည်။

တောပုန်းဓားပြတို့သည် တောင်ခြေရင်းသို့ ရောက်နေပြီး မြင့်မား မတ်စောက်လှသော ကမ်းပါးစောက်အနီးရှိ မြေကွက်လပ်တွင် ရပ်တန့်စောင့် ဆိုင်းနေကြသည်။ တောပုန်းဓားပြလေးယောက်စလုံးပင် ဓားလွတ်ကိုယ်စီ ကိုင်ထားကြပြီး အသင့်အနေအထားဖြင့် မြင်းပေါ်တွင် အခန့်သားထိုင်နေကြ သည်။ တောပုန်းဓားပြတို့နောက်ဖက် ပေနှစ်ဆယ်ခန့် မြေပြင်ထက်အကွာတွင်မူ တောပုန်းဓားပြတို့ ဖမ်းဆီးခေါ်ဆောင်သွားသော မိန်းမလှလေးသည် ခွေခွေ လေး လဲကျနေသည်။

ကပ္ပတိန် ပရစ်ချတ်သည် ထိုတောပုန်းဓားပြတို့ကို လှမ်းမြင်လိုက်ရ သည်နှင့် တစ်ပြိုင်နက် တအားတက်လာပြီးလျှင် မြင်းညိုကြီး၏နံဘေးကို ဒူးဖြင့် ဆတ်ခနဲထိပြီး အချက်ပေးလိုက်မိသည်။ ထိုအခါ မြင်းညိုကြီးသည် ရှေးကထက် တိုးပြီး ကဆုန်စိုင်းသွားတော့သည်။

တောပုန်းဓားပြတို့ အပါးသို့ ရောက်သောအခါ ကပ္ပတိန် ပရစ်ချတ် လည်း လက်ကွင်းရှိဓားကို ပင့်မြှောက်ကာ ခုတ်ပိုင်းမည့်ဟန်ဆောင်လိုက်သည်။ ထိုအခါ အနီးရှိတောပုန်းဓားပြလည်း ဓားချက်ကို ကာသောအားဖြင့် ဓားကို အပေါ်သို့ ပင့်မြှောက်လိုက်၏။ ထိုအခိုက်တွင် အကာအကွယ် ကင်းသွားသော တောပုန်းဓားပြ၏ နံဘေးသို့ ကပ္ပတိန် ပရစ်ချတ်သည် ဓားချက်တစ်ချက်

http://www.cherrythitsar.org



သွင်းလိုက်ရာ တောပုန်းဓားပြလည်း အားခနဲတစ်ချက်အော်ပြီး မြေပေါ်သို့ ဝုန်းခနဲ ထိုးကျသွားတော့သည်။

ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်သည် မြင်းညိုကြီး၏ ဇက်ကို တုန့်လိုက်ပြီးလျှင် အံ့သြတွေဝေနေကြသော တောပုန်းဓားပြသုံးဦးရှိရာသို့ စီးနင်းဝင်ရင်း လျှပ်ပြက်သကဲ့သို့ ဓားချက်များ တစ်ချက်ပြီးတစ်ချက် သွင်းလိုက်သည်။ တောပုန်းဓားပြတစ်ဦးကို ဦးတည်တိုက်ရန် ပရိယာယ်ဆင်ပြီးမှ ဘေးကြောင်နေသော အခြားတောပုန်းဓားပြတို့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။ ကပ္ပတိန် ပရစ်ချတ်မှာ စစ်ပညာသင်ကျောင်းတွင် ဓားရေးကို စနစ်ကျကျ ထူးထူးချွန်ချွန် သင်ကြားတတ်မြောက်ခဲ့ရုံမက၊ ပင်ကိုယ်ပါရမီဓာတ်လည်းကောင်း၊ တိုက်ပွဲအတွေ့အကြုံလည်း ရင့်နေသော သူတစ်ဦးဖြစ်လေရကား၊ ကပ္ပတိန် ပရစ်ချတ်၏ ဓားချက်တို့ကို တောပုန်းဓားပြတို့သည် ထိထိ ရောက်ရောက် မခုခံနိုင်ကြတော့ဘဲ အလူးအလိမ့် လိုမ့်ခံနေကြရတော့သည်။

ဤသို့ တိုက်ခိုက်နေရာမှ ကပ္ပတိန် ပရစ်ချတ်သည် မြင်းညိုကြီးနှင့် မသိမသာ တရွေ့ရွေ့ ရွှေ့ပေးခဲ့သည်။ နောက်ဆုံး၌ ကပ္ပတိန် ပရစ်ချတ်သည် နေရိပ်ကျသော တောင်စောင်းအကွယ်သို့ ရောက်သွားပြီး တောပုန်းဓားပြတို့မှာ ညနေခင်း နေရောင်ခြည်နှင့် မျက်နှာချင်းတည့်တည့် ရင်ဆိုင်ရသော နေရာသို့ ရောက်သွားသည်။ ထိုအခါ တောပုန်းဓားပြတို့မှာ စူးရှသော နေရောင်ကြောင့် ခေတ္တမျှ မျက်စိပြာဝေသွားတော့သည်။ ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်သည် ဓားချက်တို့ကို တစ်ချက်ပြီးတစ်ချက် သွင်းပြီး တရကြမ်း တိုက်ခိုက်ရာ၊ ကျန်ရှိနေသော တောပုန်းဓားပြသုံးဦးမှာ မြင်းပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ထိုးကျသွားတော့သည်။

ထိုအခါမှ ကပ္ပတိန် ပရစ်ချတ်လည်း မြင်းညိုကြီးပေါ်မှ လွှားခနဲ ခုန်ဆင်းပြီးလျှင် ဓားရှည်ကြီးပေါ်မှ သွေးစတို့ကို အဝတ်စဖြင့် ကျကျနန သုတ်လိုက်သည်။ ထို့နောက် ဓားအိမ်အတွင်းသို့ ဓားရှည်ကြီးကို ပြန်သွင်းရင်း တောပုန်းဓားပြတို့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရရှာသော မိန်းမလှလေး ရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

[၄]

# မိန်းမလှလေး၏ မာယာ

ထိုအခါ မိန်းမလှလေးသည် မခို့တရို့ အမူအရာဖြင့် ခပ်နွဲ့နွဲ့လေး ရပ်နေရာမှ ကပ္ပတိန်ပရစ်ချတ်အား ညိုမှောင်သော မျက်လုံးအစုံဖြင့် ရွှန်းရွှန်းစားစား စိုက်ကြည့်နေသည်ကို တွေ့မြင်သတိပြုမိသည်။

မိန်းမလှလေးမှာ ဝတ်ရုံဖြူလေးကို ဆင်မြန်းထားသည်။ ခါးတွင် ပုလဲခါးပတ်ကို ပတ်ထားသည်။ နားတွင် ရွှေနားဆွဲကို ဆင်မြန်းထားသည်။ နက်မှောင်ရွှန်းလဲ့သော ဆံကေသာကိုလည်း အလယ်တည့်တည့်မှ ခွဲကာဖြီးထားသည်။ မိန်းမလှလေး၏ အသားအရေမှာ ညိုစိမ့်စိမ့်ဖြစ်သော်လည်း ချောမွတ်ပြည့်တင်းကာ ဆွဲဆောင်မှုအပြည့်ရှိပေသည်။

မိန်းမလှလေးလည်း ကပ္ပတိန်ပရစ်ချတ်ကို ရွှန်းရွှန်းစားစား ငေးကြည့်နေရာမှ နီရဲပြည့်တင်းသော နှုတ်ခမ်းအစုံကို မပွင့်တပွင့် ဟကာ ....

"ကျေးဇူးတင်ပါတယ် ရှင်ရယ်" ဟု ခပ်တိုးတိုးလေး ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မည်သို့မျှ တုန့်ပြန်မပြောကြားနိုင်ရှာဘဲ မိန်းမလှလေးကိုသာ တရှိုက်မက်မက်ငေးကြည့်နေမိသည်။ ထိုအခိုက်တွင် အလင်းရောင် တဖြည်းဖြည်း အားနည်းဖျော့တော့လာသည်ကို သတိပြုမိသည်။ ထို့အတူ ကျောက်တုံးကျောက်ဆိုင်များကြားမှ ဖြတ်သန်းလာသော လေတွင်လည်း အအေးဓာတ်တို့ ထွေးပတ်ကာ အေးစိမ့်စ ပြုလာသည်ကိုလည်း ခံစားလာမိသည်။ ထို့ပြင် မိန်းမလှလေး ဝတ်ထားသော ဝတ်ရုံဖြူလှလှလေးမှာ ပါးပါးလှပ်လှပ်ဖြစ်၍ အအေးဒဏ်ကို အကြာအရှည်ခံနိုင်မည်

http://www.cherrythitsar.org



မဟုတ်ဟုလည်း စဉ်းစားလာမိသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမလှလေးကို အတန်ကြာအောင် တရှိုက်မက်မက် ငေးကြည့်နေရာမှ ....

"ညီမရယ်၊ အစ်ကိုတို့ ပြန်ကြပါစို့။ မင်းရဲ့သခင်က သိပ်စိတ်ပူပြီး လိုက်ရှာနေလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ကပ္ပတိန်ပရစ်ချတ်၏ စကားကို ကြားရသောအခါ မိန်းမလှလေး၏ မျက်နှာသည် ပြုံးမယောင်ယောင် ဖြစ်သွားရုံမက မျက်လုံးအစုံသည်လည်း တောက်ပရွှန်းလက်သွားသည်။ ထို့နောက် မိန်းမလှလေးသည် အသာလေး တွေနေပြီးမှ သဲမြေပြင်ကို ခြေမလေးဖြင့် ကုတ်ခြစ်နေရှာသည်။

ကပ္ပတိန်ပရစ်ချတ်က 'ကျွန်မလေး' ဟု မှတ်ထင်မိရှာသော မိန်းမလှလေးမှာ အမှန်တကယ်အားဖြင့် ကျွန်မလေး မဟုတ်ပါပေ။ ဘာရီမဟာလီနယ်ကို အုပ်စိုးသော မဟာရာဇာဒြုပဒ၏ သမီးတော် မင်းသမီးလေး မူဟာရီ ဖြစ်ပေသည်။ မင်းသမီးလေးသည် မိမိကို ကပ္ပတိန်ပရစ်ချတ်က ကျွန်မလေး အဖြစ် မှတ်ထင်နေသည်ကို ပြန်လှန်ရှင်းပြခြင်း မပြုတော့ဘဲ ကျွန်မလေးအဖြစ်သာ ဆက်လက်ဟန်ဆောင်နေခြင်းဖြင့် ကပ္ပတိန်ပရစ်ချတ်ကို ကျီစယ်ရန် ရုတ်တရက် အကြံရသွားသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်အား ပြုံးစေ့စေ့ အမူအရာဖြင့် မခို့တရို့ကြည့်ရင်း ....

"ညီမရဲ့ သခင်က ညီမကို သိပ်ချစ်ပါတယ်။ တန်ဖိုးလည်း ထားပါတယ်။ ဒီတော့ ညီမကို ကယ်တင်တဲ့အတွက် အစ်ကို့ကို သိပ်ကို ကျေးဇူးတင်ပြီး ကျေးဇူးဆပ်ပါလိမ့်မယ်။ အစ်ကို ဘာဆုများ လိုချင်ပါသလဲ" ဟု မေးလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဘာဆုမှ မလိုချင်ဘူး" ဟု ခပ်ဆတ်ဆတ် ပြောလိုက်ပြီးလျှင် တောပုန်းဓားပြတစ်ဦးစီးလာသော မြင်းလေးတစ်ကောင်ကို သွားဆွဲကာ မင်းသမီးလေးအပါးသို့ လျှောက်လာသည်။

ထိုအခိုက် မင်းသမီးလည်း အလွန်အမင်း အံ့သြသွားသည့်အသွင်ဖြင့် ကပ္ပတိန်ပရစ်ချတ်ကို မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေရှာသည်။ ထို့နောက်မှ ....

"အစ်ကိုက လူချမ်းသာတစ်ယောက် မဟုတ်ပါဘူးကွယ်။ ဗြိတိသျှစစ်တပ်က ကပ္ပတိန် တစ်ယောက်ပါ။ ပစ္စည်းဥစ္စာနေ မကြွယ်ဝပါဘူး" ဟု ပြောရင်း "ညီမရေ ... မင်း မြင်းစီးတတ်တယ် မဟုတ်လား" ဟု မေးလိုက်သည်။

ထိုအခါ မင်းသမီးလေးသည် သဲမြေပြင်ကို ခြေမဖြင့် ကုတ်ခြစ်နေရာမှ

http://www.cherrythitsar.org



"အစ်ကိုရယ် ... ညီမကို ကယ်တဲ့အတွက် ကျေးဇူးဆပ်တာကိုတော့ လက်ခံလိုက်ပါနော်။ ညီမကို ကယ်တဲ့အတွက် ညီမရဲ့သခင်က အစ်ကို့ကို ရွှေဒင်္ဂါးပြားတစ်ထောင် ပေးပါလိမ့်မယ်။ ဒီလိုဆိုရင် အစ်ကို လူချမ်းသာ တစ်ယောက် ဖြစ်လာမှာပေါ့" ဟု ပြောလိုက်ရာ၊ ကပ္ပတိန်ပရစ်ချတ်က အသာရယ်မောရင်း ....

"အစ်ကို လူချမ်းသာ တစ်ယောက်ဖြစ်ရင် အစ်ကိုရှိသမျှ ပစ္စည်းဥစ္စာ အားလုံးကို စုပုံပြီး ညီမလေးကို ကျွန်အဖြစ်က ဝယ်ယူလိုက်မှာပေါ့ကွယ်" ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေးသည် ကပ္ပတိန်ပရစ်ချတ်၏ အပါးသို့ ကန့်ကလျ လျှောက်လာပြီး မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း ....

"အစ်ကိုက ညီမကို တကယ်ပဲ ပိုင်ဆိုင်ချင်လို့လားကွယ်" ခပ်ညုညု မေးလိုက်သည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း ယောကျ်ားတိုင်း စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်သော လှပကြော့ရှင်းလှသည့် မိန်းမချောလေးကို ပြုံးကြည့်ရင်း

"ညီမရယ်။ မင်းကို အစ်ကို တကယ်ပဲ ပိုင်ဆိုင်ချင်ပါတယ်ကွယ်" ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ ထို့နောက်မှ ....

"ညီမရယ် ... ညီမရဲ့နာမည်လေးက ဘယ်လို ခေါ်ပါသလဲကွယ်။ ညီမရဲ့သခင်ဆီမှာ ဘယ်နာမည်ကိုပြောပြီး ညီမကို အစ်ကို ဝယ်ရမလဲကွယ်" ဟု စိတ်အားထက်သန်စွာ မေးလိုက်သည်။

ထိုအခါ မင်းသမီးလေးက မပွင့်တပွင့် ရယ်မောရင်း ....

"ညီမရဲ့ နာမည်က မူဟာရီလို့ ခေါ်ပါတယ်။ မူဟာရီလို့ဆိုရင် ညီမရဲ့ သခင် ဘာရီမဟာလီ မဟာရာဇာက သိပါတယ် ရှင်ရယ်" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် နေမင်းသည် တောင်စွယ်သို့ကွယ်စပြုလာပြီ ဖြစ်ရာ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် တဖြည်းဖြည်း ဖျော့တော့မှုန်ရီလာတော့သည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်က မြင်းလေးကို မင်းသမီးလေးရှေ့သို့ ဆွဲပို့ရင်း

"ကိုင်း ... ညီမရေ။ မြင်းပေါ်ကို တက်ပေတော့။ အစ်ကိုတို့ ခရီးဆက်ကြရအောင်" ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေးသည် မြင်းလေးကို အသာမော့ကြည့်ပြီး ပခုံးလေးကို အသာတွန့်ရင်း ....

"အစ်ကိုရယ်။ ညီမ မြင်းမစီးတတ်ပါဘူးရှင်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ကိုင်း ... ဒါဖြင့်ရင် အစ်ကိုနဲ့ပဲ ညီမအတူတူ စီးပေတော့" ဟု ပြောလိုက်ရာ မင်းသမီးလေးက ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်သည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း မြင်းညိုကြီးပေါ်သို့ လွှားခနဲ ခုန်တက်ပြီးလျှင် မင်းသမီးလေး၏ လက်ကောက်ဝတ်ကို လက်တစ်ဖက်ဖြင့် ဆွဲပြီး၊ အခြားလက်တစ်ဖက်ဖြင့် မင်းသမီးလေး၏ ခါးကျဉ်းကျဉ်းလေးကို ပွေ့ကာ ဆတ်ခနဲ ဆွဲတင်လိုက်သည်။ ထို့နောက် ဈွေ့ခနဲ မြောက်ပါလာသော မင်းသမီးလေးကို အသာထိန်းပြီး ရှေ့တွင်ထိုင်စေသည်။ ထိုအခါ မင်းသမီးလေး၏ကိုယ်လုံးကျစ်ကျစ်လေးသည် ကပ္ပတိန်ပရစ်ချတ်၏ ရင်ခွင်ကျယ်ကြီးထဲသို့ အလိုလိုရောက်သွားတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေးက လေသံဖြင့် ....

"အစ်ကိုက သိပ်ကို အားကောင်းတာပဲနော်" ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ကပ္ပတိန်ပရစ်ချတ်လည်း မင်းသမီးလေး၏ မွေးပျံ့သော ကိုယ်နံ့နှင့် နွေးထွေးနူးညံ့လှသော အတွေ့အထိကြောင့် စိတ်လှုပ်ရှားနေမိရာက ....

"ညီမက မြင်းမစီးတတ်ဘူးနော်။ ဒါဖြင့်ရင် ညီမက ဘာများကော တတ်ပါသလဲ" ဟု မေးမိမေးရာ မေးလိုက်သည်။

ထိုအခါ မင်းသမီးလေးသည် ကပ္ပတိန်ပရစ်ချတ် ဝတ်ထားသော အင်္ကျီမှ ကြယ်သီးများကို လက်ဖြင့် ကိုင်တွယ်ကစားနေရာမှ ....

"ညီမက အဆိုနဲ့အက တတ်ပါတယ်အစ်ကိုရယ်။ ပြီးတော့ သျှုတ္တရကျမ်းထဲမှာပါတဲ့ ၆၄ မျိုးသော ချစ်နည်းတွေကိုလည်း တတ်ပါသေးတယ်" ဟု ပြောကြားသည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်၏ပါးပြင်ကို လက်ဝါးနုနုလေးဖြင့် အသာပွတ်ရင်း ....

"ညီမဟာ အစ်ကိုရဲ့စိတ်နှလုံးကို ဖြေဖျော်နိုင်စွမ်း ရှိပါတယ် ရှင်။ ညီမကို အစ်ကိုပိုင်ဆိုင်တဲ့အခါမှာ အစ်ကိုတကယ် စိတ်ချမ်းသာမှာပါ" ဟု ပြောရင်း မပွင့်တပွင့် ရယ်မောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မိမိကို 'ကလူ၏သို့၊ မြူ၏သို့' ပြုနေသော မိန်းမလေး၏ ကိုယ်လုံးကျစ်ကျစ်လေးကို ဖုထစ်လုံးကြွသော လက်မောင်းကြီးဖြင့် တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်ပြီးလျှင် မျက်နှာလေးကို အလိုက်သင့် မော့ထားရှာသော မိန်းမလှလေး၏ ခပ်ဟဟပွင့်နေသည့် နှုတ်ခမ်းအစုံကို တမျှင်းမျှင်း စုတ်နမ်းလိုက်သည်။ ထိုအခါ မိန်းမလှလေးလည်း

http://www.cherrythitsar.org



ကပ္ပတိန်ပရစ်ချတ်၏ လည်တိုင်ကို လက်ဖြင့် ဖမ်းကိုင်ရင်း တုန့်ပြန်နမ်းလိုက်သည်။

အတန်ကြာသောအခါမှ ပူးနေသော လူချင်းကို မောဟိုက်ပန်းလျှစွာ ခွာလိုက်ကြသည်။ ထို့နောက် မင်းသမီးလေးသည် ကပ္ပတိန်ပရစ်ချတ်၏ ကိုယ်ကို ကန့်ကလျ ပြန်မှီရင်း ....

"အစ်ကိုရယ် ... အစ်ကို့ စိတ်ပျော်အောင် ညီမလုပ်နိုင်ပါတယ်နော်" ဟု ပြောလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က စိတ်လှုပ်ရှားသံကြီးဖြင့် ....

"ဟုတ်ပါတယ် ညီမရယ်။ ညီမကို အစ်ကို မခွဲနိုင်တော့ဘူး။ ညီမကို ပိုင်ဆိုင်ရလေအောင် ညီမရဲ့သခင်ဆီမှာ အစ်ကို မရအရ ဝယ်ယူတော့မယ်" ဟု ပြောကြားလိုက်သည်။

ကပ္ပတိန်ပရစ်ချတ်၏ အမူအရာ ဟန်ပန်ကြောင့် စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသော မင်းသမီးလေးမှာ စိုးရိမ်တုန်လှုပ်သွားတော့သည်။ 'အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်တော့မှာပါကလား' ဟု ပူပင်ကြောက်ရွံ့လာတော့သည်။ ထို့ကြောင့် လှရုံလေး မဲ့လိုက်ရင်း ....

"ဒီမှာ အစ်ကို။ ညီမမှာ ဘေးဒုက္ခ အန္တရာယ်ဖြစ်မယ့် ကိစ္စဆိုရင် အစ်ကို မလုပ်ပါဘူးနော်" ဟု ပြောကြားလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က မင်းသမီးလေးကို ငေးစိုက်ကြည့်ရင်း ....

"ညီမရယ် ... အစ်ကို့ကို ကျီစယ်နေတာလား။ ညီမဟာ တကယ်ကော ကျွန်မလေးမှ ဟုတ်ရဲ့လား" ဟု မေးလိုက်သည်။

ထိုအခါ မင်းသမီးလေးက ပခုံးကို အသာတွန့်ရင်း ....

"အို ... အစ်ကိုကလည်း ... ညီမဟာ ကျွန်မလေးတစ်ယောက်ပါ။ ညီမကို ဘာရီမဟာလီနယ်က မဟာရာဇာပိုင်ဆိုင်ပါတယ်။ ဒါပေမဲ့ ညီမရဲ့သခင် မဟာရာဇာက ညီမကို သိပ်ချစ်ပါတယ်။ သံယောဇဉ်လည်း တွယ်နေပါတယ်။ ဒါကြောင့် ညီမကို ဘယ်နည်းနဲ့မှ ရောင်းမှာ မဟုတ်ပါဘူးရှင်" ဟု ပြောကြားလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"ဘာပြုလို့ ညီမကို မရောင်းဘူး နေရမှာလဲ။ မောင်းမ မိသံ့ ခြွေရံ သင်းပင်းတွေ အမြောက်အမြားရှိတဲ့ မဟာရာဇာတစ်ယောက်အဖို့ ကျွန်မလေး တစ်ယောက်ကို ရောင်းလိုက်ရတဲ့အတွက် ဘာမှအကြောင်းထူး အရာထင်မှာ မဟုတ်ပါဘူး။ ပြီးတော့ ညီမကို မဟာရာဇာပိုင်ဆိုင်ထားတာလည်း အတော်ကြာနေပြီပဲ၊ အခုလောက်ဆိုရင် ငြီးငွေ့သွားရောပေါ့" ဟု ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် မင်းသမီးလေးသည် ထောင်းခနဲ ဒေါသအမျက်ထွက်သွားဟန်ဖြင့် ....

http://www.cherrythitsar.org



"ဘာပြောတယ်။ ညီမကို ငြီးငွေ့သွားမယ် ဟုတ်စ" ဟု ခပ်ဆတ်ဆတ်ပြောရင်း မိမိကို ပွေ့ထားသော ကပ္ပတိန်ပရစ်ချတ်၏ လက်မောင်းကို ပုတ်ချလိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်၏ ပါးပြင်ကို ဆတ်ခနဲ လှမ်းရိုက်လိုက်သည်။ သို့သော် မျက်စိလျင်လှသော ကပ္ပတိန်ပရစ်ချတ်က လက်ကို အချိန်မီ ဖမ်းဆွဲလိုက်သောကြောင့် ပါးပြင်ကို မရိုက်မိခဲ့ပေ။

ကပ္ပတိန်ပရစ်ချတ်မှာလည်း မိန်းမလှလေး၏ အပြုအမူကြောင့် ထောင်းခနဲ ဒေါသအမျက် ထွက်သွားပြီးလျှင် မိန်းမလှလေးကို ခပ်ကြမ်းကြမ်း ပွေ့ဖက်လိုက်သည်။ ထို့နောက် မိန်းမလှလေး၏ ထွားမွတ်ပြည့်တင်းသော နှုတ်ခမ်းအစုံကို စိတ်ရှိလက်ရှိ စုတ်နမ်းလိုက်ပြန်သည်။ ကပ္ပတိန်ပရစ်ချတ်က မိန်းမလှလေးကို လွှတ်ပေးလိုက်သောအခါ၌ မိန်းမလှလေးမှာ မောဟိုက်ပန်းလျ နေရှာတော့သည်။

မိန်းမလှလေးလည်း အရောင်တလက်လက် ထွက်နေသော မျက်လုံးအစုံဖြင့် ကပ္ပတိန်ပရစ်ချတ်ကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ....

"ဟောဒီ အစ်ကိုဟာ ဆာလောင်မွတ်သိပ်နေတဲ့ ကျားကြီးတစ်ကောင်နဲ့ သိပ်တူတာပဲ" ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က .... "ဒီမှာ ညီမ။ ညီမရဲ့သခင် မဟာရာဇာဆီကို အစ်ကိုတို့သွားကြမယ်။ ပြီးတော့ မဟာရာဇာဆီကလည်း ညီမကို မရရအောင် အစ်ကိုဝယ်မယ်" ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် မင်းသမီးလေး အသာသက်ပြင်းချလိုက်ရှာသည်။ 'မိမိကို စွဲစွဲလမ်းလမ်း တပ်တပ်မက်မက် ဖြစ်သွားရှာသော ဤအားကောင်း မောင်းသန်ယောကျ်ားကြီးအား မိမိဒေါသအမျက်ထွက်၍ အကြောင်းထူးအံ့မထင်။ 'အကြမ်းမှုကို အနုဖြင့်သာ အောင်စေရာ၏' ဟူသော စကားအတိုင်း အနုနည်းဖြင့်သာ ဖျောင်းဖျပြောဆိုတော့အံ့' ဟု တွေးတော စဉ်းစားမိသည်။ ထို့ကြောင့် မင်းသမီးလေးသည် ကပ္ပတိန်ပရစ်ချတ်၏ ရင်အုပ်ကျယ်ကြီးကို ခေါင်းဖြင့် ကန္တ့ကလျ မှီလိုက်ရင်း ....

"အစ်ကိုရယ် ... အစ်ကိုက ဒီလောက် စိတ်ထက်သန် ပြင်းပြနေရင်လည်း ညီမရဲ့သခင် မဟာရာဇာဆီမှာ မရရအောင် ဝယ်ပေတော့။ မဟာရာဇာက သဘောတူတယ်ဆိုရင် ညီမအနေနဲ့ဘာမှ ငြင်းနေစရာ မလိုပါဘူး။ ဝမ်းတောင် သာပါသေးတယ်" ဟု ပြောပြီးမှ ....

"ကိုင်း ... အစ်ကိုရေ၊ မဟာရာဇာဆီ ရောက်အောင် ခရီးဆက်ကြပါစို့" ဟု ပြောလိုက်သည်။

http://www.cherrythitsar.org



ဤတွင် ကပ္ပတိန်ပရစ်ချတ်သည် လူသားနှစ်ဦးကို သယ်ပိုးထမ်းဆောင်လာရသော မြင်းညိုကြီးကို အချက်ပေးလိုက်ရာ မြင်းညိုကြီးလည်း ခပ်ဖြည်းဖြည်း ပြေးနေရာမှ တရိပ်ရိပ်ပြေးတော့သည်။

ယခုအခါ၌ အလင်းရောင်ဖျော့မှိန် အားနည်းနေရုံမက အမှောင်ထုပင် တစ်စတစ်စ ကြီးစိုးလွှမ်းမိုးလာခဲ့ပေပြီ။ တောင်ကြောကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးသည်လည်း အအေးဓာတ်ကို အပြည့်ဆောင်လာခဲ့ပေပြီ။ ထို့ပြင် မတ်စောက်သော တောတန်းကို အားယူကျော်ဖြတ်လာသော ဆန်းစ သော်တာလေးသည် ပြာမှောင်သော ကောင်းကင်ပြင်ထက်၌ မှုန်ဝါးဝါးထွက် ပြူထွန်းလင်းစ ပြုနေပေပြီ။

ကပ္ပတိန်ပရစ်ချတ်လည်း မြင်းညိုကြီးကို ခပ်ကြမ်းကြမ်း စီးနင်းလာရာမှ ....

"ညီမရေ ... ပတ်ဝန်းကျင်တစ်ခွင်လုံး မကြာခင် မှောင်မည်းသွားတော့မယ်။ အစ်ကိုက ဒီဒေသကို မကျွမ်းလေတော့ လမ်းမှားသွားမှာတောင် စိုးမိတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေးလည်း မည်သို့မှ ပြန်မပြောတော့ဘဲ အိပ်ချင်မူးတူးအမူအရာဖြင့် ဝါးခနဲသမ်းရင်း၊ ကပ္ပတိန်ပရစ်ချတ်၏ ရင်ခွင်ကျယ်ကြီးတွင် နွဲ့နွဲ့လေး ခေါင်းမှီနေလိုက်သည်။

ကပ္ပတိန်ပရစ်ချတ်လည်း စကားဆက်မပြောတော့ဘဲ မြင်းညိုကြီးကိုသာ ဂရုစိုက် စိုင်းနှင်လာရာ အတန်ကြာသောအခါ မြေပြန့်ကွင်းပြင်ကြီးသို့ ရောက်လာသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း 'ဤနေရာ မိမိတို့လူသိုက်ကို တောပုန်းဓားပြများ လာရောက်တိုက်သော နေရာပါတကား' ဟု အမှတ်ရကာ အားတက်လာသည်။

ထို့နောက် မြင်းညိုကြီးကို တောက်ဖက်စူးစူးသို့ ဦးတည်ပြီး ဆက်လက် စိုင်းနှင်လာရာ၊ အတန်ကြာသောအခါ မီးရောင်လက်လက်ကို လှမ်းမြင်ရသည်။ ထို့နောက် ဆင်ခလောက်သံများကို ကြားရသည်။ ထို့နောက် စခန်းချနေသော လူသိုက်မှ စကားပြောသံများ၊ မိန်းမများ၏ ညိုးညိုးညံညံ ရယ်မောသံများကို ကြားရသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ဝန်ကြီးချုပ် ရာမ်ကုမာရီတို့ လူသိုက် စခန်းချရာသို့ မြင်းညိုကြီးကို ဦးတည်ပြီး စိုင်းနှင်သွားတော့သည်။ ထိုအခိုက်တွင် မင်းသမီးလေးက အိပ်ချင်မူးတူးအသံဖြင့် ....

"အစ်ကို၊ ညီမကို အစ်ကို ချစ်ပါတယ်နော်၊ ညီမကို အစ်ကို ချစ်ရင် ညီမပြောတဲ့စကားကို နားထောင်ပါလားကွယ်" ဟု ပြောလိုက်သည်။

http://www.cherrythitsar.org


ထိုအခါ ကပ္ပတိန်ပရစ်ချတ်က အံ့ဩတွေဝေသွားရာမှ ....

"ညီမကို အစ်ကိုချစ်ပါတယ်ကွယ်။ ညီမ ဘာများ ပြောချင်လို့တုံး" ဟု မေးလိုက်ရာ မင်းသမီးလေးက ....

"ညီမရဲ့သခင် မဟာရာဇာဆီကို အစ်ကို ချက်ချင်းသွားတွေ့ပြီး ညီမကို မဝယ်လိုက်ပါနဲ့ဦးနော်၊ ညီမအရင် ဝင်တွေ့ပါရစေလားကွယ်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမဝင်တွေ့တဲ့အခါမှာ အစ်ကိုက ညီမကို ဝယ်ချင်နေတယ်ဆိုတဲ့အကြောင်းကို ညီမကြုံပြီး ပြောခဲ့ပေးမလား" ဟု မေးလိုက်ရာ မင်းသမီးလေးက

"ပြောခဲ့မှာပေါ့ အစ်ကိုရယ် ပြောခဲ့မှာပေါ့" ဟု ပြောကြားရင်း ကပ္ပတိန်ပရစ်ချတ် မမြင်အောင် ပြုံးလိုက်ရှာသည်။

[၅]

# ဈေးရူးအတုနှံ့

ဝန်ကြီးချုပ် ရာမ်ကုမာရီသည် မိမိတို့စခန်းရှိရာသို့ မြင်းညိုကြီးစီးကာ ဝင်ရောက်လာသော ကပ္ပတိန်ပရစ်ချတ်ကို လှမ်းမြင်လျှင်မြင်ခြင်း အလွန်အမင်း အံ့အားသင့် ဝမ်းမြောက်သွားသည့် အမူအရာဖြင့် အူယားဖားယားပြေးလာသည်။ ထို့နောက် ....

"ကပ္ပတိန်ပရစ်ချတ်ရယ်၊ မောင့်ကို ဦးကသေများသွားပလားလို့ စိုးရိမ်နေမိတယ်။ ပြီးတော့ ...." ပြောကြားလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က စကားမဆုံးမီ ....

"ပြီးတော့ ချန္ဒရာပူရီနဲ့ မဒရပ်မြို့ကြီးတွေနဲ့ ဝေးတဲ့တစ်နေရာရာကို ထွက်ပြေးသွားပလားလို့ စိုးရိမ်နေတယ် မဟုတ်လား" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဝန်ကြီးချုပ် ရာမ်ကုမာရီက အသာဦးညွှတ်လိုက်ရင်း ....

"ဒီလို သိမ်ဖျင်းတဲ့အတွေးမျိုး တွေးမိတဲ့အတွက် ဦးကိုခွင့်လွှတ်ပါကွယ်။ မောင်ဟာ သစ္စာကတိတည်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာကို ဦးမေ့သွားမိပါတယ်" ဟု ပြောကြားပြီးနောက် မြင်းညိုကြီးထက်မှ မိမိကို ပြုံးပြုံးလေး ကြည့်နေသော မိန်းမလှလေးကို တအံ့တသြ စိုက်ကြည့်နေရာသည်။ ထို့နောက် ရှေ့သို့ ဝမ်းသာအားရတိုးသွားရင်း ....

"ဘုရားရေ၊ ကျုပ် မျက်စိပဲ အမြင်မှားရှေ့သလားကွယ်" ဟု ရေရွတ်လိုက်သည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် မင်းသမီးလေး၏ လက်ညှိုးသည် ပါးစပ်ပေါ်သို့ မသိမသာ တင်လိုက်ရင်း တိတ်တိတ်နေရန် အချက်ပေးလိုက်သည်ကို တွေ့မြင်လိုက်ရသည်။ ထို့ပြင် မင်းသမီးလေးက အေးချိုသော အသံဖြင့် ....

"ရာမ်ကုမာရီရယ် ဦးအမြင် မမှားပါဘူး။ ဦးရဲ့ မျက်စိဟာ ဟိမဝန္တာတောတန်းက လင်းယုန်ငှက်ကြီးတွေလိုပဲ အမြင်စူးရှပါတယ်။ ဒါပေမဲ့ ကျွန်မကို တောပုန်းလူဆိုးတွေက အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်သွားတဲ့အခါမှာတော့ ဦးလည်း မမြင်လိုက်ဘူး၊ အခြားလူတွေလည်း မမြင်လိုက်ဘူး။ ဟောဒီအစ်ကို တစ်ယောက်ပဲ မြင်လိုက်တယ်။ မြင်ရုံတင်မကဘူး တောပုန်း ဓားပြတွေ လက်ထဲက ကျွန်မကို အသက်စွန့်ပြီး ကယ်တင်ခဲ့ပါတယ်။ ဟောဒီ အစ်ကိုဟာ တောပုန်းဓားပြခုနစ်ယောက်ကို တစ်ယောက်တည်းနဲ့နိုင်အောင် တိုက်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ဝန်ကြီးချုပ်ရာမ်ကုမာရီက ....

"အင်း ... ဒါဖြင့်ရင် ကပ္ပတိန်ပရစ်ချတ်ကို ဦးတို့အရှင် ချန္ဒရပူရီဘုရင်က ရွေးချယ်တာဟာ သိပ်မှန်သွားတာပေါ့ကွယ်။ ကပ္ပတိန်ပရစ်ချတ်ဟာ တကယ်ထူးချွန်တဲ့ သူရဲကောင်းတစ်ယောက်ပါလားကွယ်" ဟု ပြောကြားချီးကျူးသည်။

ထိုအခိုက်တွင် မင်းသမီးလေးက .... "မဟာရာဇာကော အခုဘယ်မှာလဲ" ဟု မေးလိုက်ရာ ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

"အို ... လောကတန်ဆောင် ဒီကို မဟာရာဇာ မကြာခင် လာပါလိမ့်မယ်။ ဦးလူလွှတ်ပြီး ခေါ်ထားပါတယ်" ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေးသည် မြင်းညိုကြီးပေါ်မှ မိမိကို အောက်သို့ ချပေးရန် ကပ္ပတိန်ပရစ်ချတ်တို့ ပြောကြားသည်။ အောက်သို့ ရောက်သော အခါ မင်းသမီးလေးက ....

"နေပါစေဦးရယ်၊ မဟာရာဇာကို ကျွန်မပဲ သွားတွေ့လိုက်ပါမယ်" ဟု ပြောကြားလိုက်ရာ ဝန်ကြီးချုပ် ရာမ်ကုမာရီသည် လက်ခုပ်တစ်ချက် တီးလိုက်သည်။ ချက်ချင်းပင် အစောင့်စစ်သည် နှစ်ဦးရောက်လာရာ ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

"သူ့ကို မဟာရာဇာရဲ့ ယာယီတဲနန်းတော်ကို ခေါ်သွားကွယ်။ ဘေးမသိရန်မခအောင်လည်း အထူးဂရုစိုက်လိုက်ကြ" ဟု ပြောကြားလိုက်သည်။

ထို့နောက် မင်းသမီးလေးလည်း အစောင့်စစ်သည်နှစ်ဦးနှင့်အတူ ထွက်ခွာသွားရာ ကပ္ပတိန်ပရစ်ချတ်လည်း ကျွန်မတစ်ယောက်ဟု မိမိမှတ်ထင်

http://www.cherrythitsar.org



ထားသော မိန်းမလှလေး၏ ခန့်ထည်လှသော အမူအရာနှင့် ဟန်ပန်သွင်ပြင်တို့ ကို အံ့သြတွေဝေပြီး ကြည့်နေရာမှ အသာသက်ပြင်းချလိုက်မိသည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်လည်း ဝန်ကြီးချုပ် ရာမ်ကုမာရီကို လှမ်းကြည့်လိုက်သောအခါ ဝန်ကြီးချုပ်ရာမ်ကုမာရီက ....

"ကပ္ပတိန်ပရစ်ချတ်ရယ်၊ မင်းကို ဦးတို့ရဲ့သခင် ချန္ဒရာပူရီ ဘုရင်က အတိုင်းမသိ ကျေးဇူးတင်ရှာပါလိမ့်မယ်" ဟု ပြောကြားသည်။

ထိုစကားကို ကြားရသောအခါ ကပ္ပတိန်ပရစ်ချတ်လည်း အလွန် အမင်း အံ့အားသင့်သွားပြီး "ချန္ဒရာပူရီဘုရင်က အတိုင်းမသိ ကျေးဇူးတင်မယ် ဟုတ်စ၊ သာမန် ကျွန်မလေးတစ်ယောက်ကို ကယ်တင်ခဲ့တဲ့အတွက်လား ဦး ရယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဝန်ကြီးချုပ်ရာမ်ကုမာရီလည်း ကပ္ပတိန်ပရစ်ချတ်ကို စိတ်မှန့် ပါလေစဟူသော သဘောဖြင့် တွေပြီး ငေးကြည့်နေသည်။ ထိုအခိုက်တွင်ပင် မင်းသမီးလေးမူဟာရီက မိမိပါးစပ်ပေါ်သို့ လက်ညှိုးဖြင့် မသိမသာတင်ရင်း တိတ်တိတ်နေရန် အချက်ပေးဖူးသည်ကို ဖျတ်ခနဲ အမှတ်ရလာပြီး ပြုံးမယောင် ယောင် ဖြစ်သွားသည်။ ထို့နောက် ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

"ဒီလိုပါ မောင်ရယ်။ ဘာရီမဟာလီနယ်က မဟာရာဇာဟာ ဦးတို့ သခင် ချန္ဒရာပူရီဘုရင်ရဲ့ အထူးဧည့်သည်တော်တွေပါ။ ဦးတို့တိုင်းပြည်မှာ ဆိုရင် ဧည့်သည်ကို အိမ်သည်ထက် ပိုပြီး အရေးပေးလေ့ရှိပါတယ်။ မိန်းမ လှလေး မူဟာရီဟာလည်း ဧည့်သည်တစ်ယောက် မဟုတ်လား။ ဒီတော့ အထူးအခွင့်အရေးပေးတာကို ခံစားထိုက်တာပေါ့" ဟု ပြောကြားရာ ကပ္ပတိန် ပရစ်ချတ်က အသာပြုံးလိုက်ရင်း ....

"ဦးရယ် ... တကယ်ပြောတာလားဗျာ။ အမှန်တရား တစ်ရပ်ရပ်ကို ဖုံးကွယ်ချင်လို့ ပြောလိုက်တာလား" ဟု ပြောကြားကာ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ထို့နောက် ဝန်ကြီးချုပ် ရာမ်ကုမာရီ၏နောက်မှ အသာလိုက်သွား သည်။ ထိုသို့ ဖြတ်သွားခိုက်တွင် အစောင့်စစ်သည်တော် အပေါင်းတို့သည် ကပ္ပတိန်ပရစ်ချတ်အား ချီးကျူးလေးစားသော အသွင်ဖြင့် ငေးကြည့်နေသည်။ ဤသူကြောင့် မိမိတို့လူစုသည် တောပုန်းဓားပြတို့ရန်ကို တွန်းလှန်ဖယ်ရှားနိုင် ခဲ့သည်။ ထို့ပြင် ဤသူသည် မိမိတို့သခင် ချန္ဒရာပူရီဘုရင်နှင့် စုလျားရစ်ပတ် လက်ထက်ရန် ကြောင်းလမ်းထားသော မင်းသမီးလေးမူဟာရီကိုလည်း တော ပုန်းဓားပြတို့ လက်တွင်းမှ ကယ်တင်ခဲ့ပေသည်။ ဤသူကြောင့် မိမိတို့သည် ချန္ဒရာပူရီဘုရင်ထံမှလည်းကောင်း၊ ဘာရီမဟာလီ မဟာရာဇာထံမှလည်း

ကောင်း ဆုတော်လာဘ်တော်များ အမြောက်အမြား ရရှိပေလိမ့်မည်။ ဤသို့လျှင် အစောင့်စစ်သည်များသည် အချင်းချင်း တီးတိုးတီးတိုး ပြောကြားကာ ကပ္ပတိန်ပရစ်ချတ်၏ ဂုဏ်ကို ချီးကျူးနေကြသည်။

တစ်နေ့ကုန် စိတ်ရောလူပါ ပင်ပန်းနွမ်းနယ်နေသော ကပ္ပတိန် ပရစ်ချတ်သည် အူတကြွတ်ကြွတ်နေအောင် ဆာလောင်လျက်ရှိ၏။ ထို့ကြောင့် ဝန်ကြီးချုပ်ရာမ်ကုမာရီ တည်ခင်းကျွေးမွေးသော ညစာကို မြိန်ရေယှက်ရေ သုံးဆောင်နေသည်။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်အပါးသို့ ဆစ်လူမျိုး လူထွားကြီး အဂ္ဂါဆင်းဝင်ရောက်လာသည်။ ထို့နောက် မိမိခါးတွင် ချိတ်ထားသော ဓားမြှောင်ရှည်တစ်လက်ကို ဖျတ်ခနဲ ဆွဲထုတ်ကာ ကပ္ပတိန်ပရစ်ချတ်ကို ကမ်းပေးရင်း ....

"ပရစ်ချတ်သခင်။ ဟောဒီ လက်ဆောင်ကောင်းကို လက်ခံတော်မူပါ။ ဒီလက်ဆောင်ကောင်းဟာ ချန္ဒရာပူရီဘုရင်ရဲ့ ဖခမည်းတော်ထံက ကျွန်ရဲ ဆုအဖြစ် လက်ခံရရှိထားခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကပ္ပတိန်ပရစ်ချတ်လည်း ကမ်းပေးသော ဓားမြှောင်ရှည်ကြီးကို လှမ်းယူပြီးနောက် စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည်။ ဓားမြှောင်ရှည်ကြီးမှာ သံအကောင်းစားဖြင့် ပြုထားဟန်ဖြင့် ပြာလဲ့နေရုံမက၊ ဓားသွားတွင် ပါရှားအက္ခရာများ ရေးထိုးထားသည်ကို တွေ့ရသည်။ ထို့ပြင် ဓားမြှောင်ရိုးမှာ ငွေသားပကတိဖြစ်ရုံမက၊ ပတ္တမြားလေးသုံးလုံးတပ်ထားသည်ကို တွေ့ရသည်။

ကပ္ပတိန်ပရစ်ချတ်လည်း အဂ္ဂါဆင်း၏ လက်ဆောင်ကို အလွန်အမင်း နှစ်ခြိုက်သွားကာ အဂ္ဂါဆင်းကိုလည်း ကျေးဇူးအထူးတင်မိတော့သည်။ ထို့ကြောင့် မိမိခါးတွင် ချိတ်ထားသော ပစ္စတိုသေနတ်ကို ဖြုတ်ကာ၊ အဂ္ဂါဆင်းအား လက်ဆောင်အတုန့်ဖြင့် ပေးလိုက်သည်။ သို့သော် လူထွားကြီး အဂ္ဂါဆင်းက ပစ္စတိုသေနတ်ကို လက်မခံဘဲ အတင်းငြင်းဆန်သည်။

ထို့နောက် အဂ္ဂါဆင်းက မိမိ၏လက်ဆောင်ကောင်းကို ကပ္ပတိန်ပရစ်ချတ်အား ပေးရခြင်းမှာ ကပ္ပတိန်ပရစ်ချတ်၏ ရဲစွမ်းသတ္တိနှင့် တိုက်ရည်ခိုက်ရည်ကို အလွန်အမင်း သဘောကျသောကြောင့် ဖြစ်ကြောင်း၊ မိမိအရှင်သခင်၏ အထူးချေ့သည်တော်ထံမှ မည်သည့်လက်ဆောင်ပစ္စည်းကိုမှ မိမိမယူနိုင်ပါကြောင်းပြောကြားသည်။

ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း မိမိ၏ပစ္စတိုသေနတ်ကို ခါးတွင် ပြန်ချိတ်ထားရတော့သည်။ ထို့နောက် အဂ္ဂါဆင်း ပေးသော ဓားမြှောင်ရှည်ကြီးကို ခါးတွင်ပင် ချိတ်ထားလိုက်သည်။ ထို့နောက် ညစာကို ဆက်ပြီး စားသောက်နေမိသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် အစောင့်စစ်သည်များသည် အချင်းချင်း တိုးတိုး တိုးတိုး စကားပြောနေကြသည်။ ထိုစစ်သည်များ၏ စကားအရ မိမိတို့နှင့် အတူ လိုက်ပါလာသော ဘာရီမဟာလီ မဟာရာဇာဒြုပဒသည် ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားထံသို့ အကြည်တော်မဟာမိတ်အဖြစ် ကြွမြန်းလာခဲ့ခြင်းဖြစ် ကြောင်း ဘာရီမဟာလီမဟာရာဇာနှင့် ချန္ဒရာပူရီဘုရင်တို့သည် နှစ်ပြည်နယ် ကုန်သွယ်ကူးသန်းရေးနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြမည် ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယပြည်မြောက်ပိုင်းကို မက်ဆီဒွန်ဘုရင် မဟာအလက်ဇန္ဒာ ဧကရာဇ်(ဘီစီ ၃၅၆ – ၃၂၃) ဝင်ရောက်တိုက်ခိုက် သိမ်းယူပြီးသည့် အချိန်မှ စ၍ အိန္ဒိယပြည်မကြီးတွင် ပြည်နယ်အသီးသီးဖြစ်လာခဲ့သည်။ ထိုပြည်နယ် အသီးသီးတွင်လည်း ထီးဆောင်းမင်း မဟာရာဇာများ အသီးသီးရှိလာခဲ့ သည်။ ထိုမဟာရာဇာများသည် မိမိတို့ ဘုန်းတန်ခိုးအာဏာကို အလွန်အမင်း အထင်ကြီးကြပြီး သူတလူ ငါတမင်း အပြိုင်အဆိုင် အုပ်စိုးနေခဲ့ကြသည်။ အိန္ဒိယပြည်ကြီးသို့ ပြင်သစ်နှင့် အင်္ဂလိပ်တို့ ဝင်ရောက်အခြေချပြီး တဖြည်းဖြည်း တစ်စတစ်စ နယ်ချဲ့နေချိန်သည့်တိုင်အောင် ထိုမဟာရာဇာများသည် အချင်း ချင်း စည်းလုံးမှု မရှိကြပေ။ မိမိဘုန်းတန်ခိုးအာဏာကို အထင်ကြီးမြဲကြီးနေ ကြသည်။ ထို့ပြင် ထိုမဟာရာဇာလက်အောက်၌လည်း ရွာစား၊ မြို့စားတို့ အမြောက်အမြားရှိနေပြန်သည်။ မဒရပ်နယ်တစ်နယ်တည်း၌ပင် ရွာစား၊ မြို့စား ပေါင်း ရာကျော် ရှိနေပေသေးသည်။

ချန္ဒရာပူရီနယ်ကား အရှေ့ဂိတ်တောင်တန်းကြီးနှင့် ဟိုက်ဒရာဘတ်န တို့အကြားတွင် တည်ရှိသော လွတ်လပ်သည့်နယ်တစ်နယ်ဖြစ်သည်။ ထို့အတူ ဘာရီမဟာလီနယ်မှာလည်း လွတ်လပ်သော နယ်တစ်နယ်ဖြစ်သည်။ နှစ်ပေါင်း များစွာ စစ်မက်ကင်း၍ ငြိမ်းချမ်းသာယာဝပြောသော နယ်တစ်နယ်ဖြစ်သည်။ ထို့ပြင် ဘာရီမဟာလီနယ်မှာ ရွှေတွင်းများ အမြောက်အမြားရှိပြီး မိုက်စိုနယ် အရှေ့ပိုင်း၊ ကိုလာမြို့တော်ရှိ ရွှေတွင်းများ နည်းတူကမ္ဘာတစ်ဝှမ်း ထင်ရှားကျော် စောခဲ့ပေသည်။

ချန္ဒရာပူရီနှင့် ဘာရီမဟာလီနယ်နှစ်နယ်တို့ ကုန်စည်ရောင်းဝယ်ရေး စာချုပ် ချုပ်ဆိုကြမည့် သတင်းမှာ သတင်းထူးဖြစ်သည်။ ဤသတင်းထူးကို ဘုရင်ခံချုပ် ရောဘတ်ကလစ်သည် အလွန်အမင်း စိတ်ဝင်စားပေလိမ့်မည်ဟု ကပ္ပတိန်ပရစ်ချတ် တွေးတောမိသည်။ ရောဘတ်ကလစ်ထံသို့ ရောက်အောင် မည်ကဲ့သို့ ပေးပို့အကြောင်းရမည်ကိုလည်း စဉ်းစားနေမိသည်။

ထိုအခိုက်တွင် ‘မိမိသည် မိမိတို့လူမျိုးက တစ်နယ်တစ်ကျေးသို့ နယ်နှင်လိုက်ခြင်းကို ခံရသူပါတကား။ မိမိမှာ ကိုယ်ကိုယ်ကိုမှတစ်ပါး အားထားရာမရှိသော အထီးကျန်ပါတကား’ ဟု ဖျတ်ခနဲ တွေးတောစဉ်းစားကာ ကပ္ပတိန်ပရစ်ချတ်သည် တွေဝေငေးငိုင်နေမိရှာသည်။

ထိုအခိုက်တွင် လူထွားကြီး အင်္ဂါဆင်းက ထမင်းစားပြီးသော ကပ္ပတိန်ပရစ်ချတ်ကို ဦးဆောင်ကာ အခန်းတစ်ခုသို့ ခေါ်သွားသည်။ ထိုအခန်းတွင်း၌ အသင့်ပြင်ထားသော ခုတင်တစ်လုံးရှိရာ ကပ္ပတိန်ပရစ်ချတ်လည်း ထိုခုတင်ပေါ်သို့ စိတ်မောမောနှင့် လှဲချလိုက်တော့သည်။

ဘာရီမဟာလီ မဟာရာဇာ၏ ယာယီတဲနန်းတော်အနီးရှိ မင်းသမီးလေးမူဟာရီ၏ တဲနန်းတော်တွင်း၌ ကြေးမီးအိမ်၏ အလင်းရောင်သည် ယုက်ဖြာကျဆင်းနေသည်။ တဲနန်းတော်တွင်းရှိ သလွန်ညောင်စောင်းထက်၌ မင်းသမီးလေး မူဟာရီထိုင်နေပြီး ရံရွေတော်တစ်ဦးကိုင်ပြထားသော မိမိရှေ့တူရူရှိ ကြေးမုံပြင်တွင်း၌ ထင်နေသော လှပကြော့ရှင်းသည့် မိမိ၏ရုပ်ဆင်းသွင်ပြင်ကို ခေါင်းကလေး ငဲ့ကာစောင်းကာဖြင့် ကြည့်ရှုနေသည်။

မင်းသမီးလေး မူဟာရီ၏ မလှမ်းမကမ်းတွင်မူ ခမည်းတော် ဘာရီ မဟာလီမဟာရာဇာသည် မားမားမတ်မတ်ရပ်ရင်း သမီးတော်လေးကို စူးစူးဝါး ဝါး စိုက်ကြည့်နေရာမှ ....

“မူဟာရီဘာဟီရာမ။ ဖခမည်းတော် မိန့်ကြားတာတွေ အားလုံးကို ကြားရဲ့လား” ဟု ခပ်ထန်ထန် မေးလိုက်သည်။

ထိုအခါ မင်းသမီးလေးက ဖခမည်းတော်ကို အသာမော့ကြည့်ရင်း

“ကြားပါတယ် ဖခမည်းတော်” ဟု လျှောက်တင်လိုက်ရာ ဘာရီ မဟာလီမဟာရာဇာက ....

“ကိုင်း ... ဒီလိုကြားရိုးမှန်ရင် ဖခမည်းတော် မေးတာကို ဖြေစမ်းပါ။ သမီးတော်ဟာ ဘာကြောင့် ဒီအင်္ဂလိပ်ကပ္ပတိန်နဲ့အတူ မြင်းတစ်စီးတည်း အတူစီးလာခဲ့သလဲ။ သမီးတော်ဟာ ချန္ဒရာပူရီဘုရင်နဲ့ စုလျားရစ်ပတ်လက်ထပ်ရမယ့်သူဖြစ်တယ် မဟုတ်လား။ ဒီအကြောင်းကိုကော အင်္ဂလိပ်ကပ္ပတိန်ကို ဖွင့်ပြောခဲ့တယ် မဟုတ်လား” ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေးက ....

“ဒီအကြောင်းကို လုံးဝဖွင့်မပြောခဲ့ပါဘူး။ သမီးတော်ဟာ မင်းသမီးတစ်ပါး ဖြစ်ကြောင်းကိုတောင် အင်္ဂလိပ် ကပ္ပတိန် သိမသွားပါဘူး။ သမီးတော်က ကိုယ့်ကိုယ်ကို ကျွန်မလေးတစ်ယောက်ဖြစ်ပါတယ်လို့သာ ပြောခဲ့ပါတယ်” ဟု ပြောကြားပြီးမှ ....

http://www.cherrythitsar.org


"အို ... ဖခမည်းတော်။ အင်္ဂလိပ်ကပ္ပတိန်ကြောင့် သမီးတော်ဟာ တောပုန်းဓားပြတွေရဲ့ လက်ထဲက လွတ်မြောက်ခဲ့တာပါ။ အင်္ဂလိပ် ကပ္ပတိန်ရဲ့ ကျေးဇူးဟာ အလွန်ပဲ ကြီးမားပါတယ်။ ဒါကြောင့် အင်္ဂလိပ်ကပ္ပတိန်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆုတော်များပေးသနားဖို့ သမီးတော်ပန်ကြားပါတယ်" ဟု ပြောကြားသည်။

ထိုအခါ မဟာရာဇာသည် အတန်ကြာတွေဝေ စဉ်းစားနေပြီးနောက် သမီးတော်လေးကို ငေးကြည့်ကာ ....

"သမီးတော်ပြောတာ မှန်ပေတယ်။ ဖခမည်းတော်တို့ဟာ သူ့ကျေးဇူးကို ထိမ်ချန်မထားသင့်ဘူး။ ဒီတော့ ဒီအင်္ဂလိပ်ကို သမီးတော်ဆုတော်ငွေ ဘယ်လောက်များ ပေးစေချင်သလဲ" ဟု မေးလိုက်ရာ မင်းသမီးလေးက ....

"ရွှေဒင်္ဂါးတစ်ထောင် ပေးသင့်ပါတယ် ဖခမည်းတော်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မဟာရာဇာလည်း အလွန်အမင်း အံ့အားသင့်သွားသော အမူအရာဖြင့် ...

"မများလွန်းဘူးလား သမီးတော်။ သမီးတော်က ကိုယ့်ကိုယ်ကို ကျွန်မလေးတစ်ယောက်လို့ ပြောခဲ့တယ် မဟုတ်လား။ ကျွန်မတစ်ယောက်ကို ကယ်တဲ့အတွက် ရွှေဒင်္ဂါးတစ်ထောင် ဆုတော်ငွေ ပေးသနားတယ်ဆိုတာဟာ မလွန်လွန်းဖူးလား" ဟု မိန့်ကြားရာ မင်းသမီးလေးက ....

"အို ... ဖခမည်းတော်ရယ်၊ သမီးတော်လေးဟာ ရွှေဒင်္ဂါးတစ်ထောင်တောင် အဖိုးမထိုက်တန်ဘူးလို့များ ဖခမည်းတော်က မှတ်ယူနေပါသလား" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဘာရီမဟာလီမဟာရာဇာလည်း သမီးတော်လေးကို ထပ်မံ၍ ငေးကြည့်နေမိသည်။ ဤသမီးတော်လေးကား မိမိ အလွန်တရာ မြတ်နိုးစုံမက်တော်မူသော မိဖုရားကြီး ဝိဇယလက်ချမီးမှ ဖွားမြင်သော တစ်ဦးတည်းသော သမီးတော်လေးဖြစ်သည်။ ဤသမီးတော်လေးကို ဖွားမြင်ပြီးနောက် မိမိမြတ်နိုးစုံမက်တော်မူသော မိဖုရားကြီးမှာ ရုတ်တရက် ကွယ်လွန်သွားခဲ့ပေရာ၊ ဤသမီးတော်လေးမှာ မိမိလက်ပေါ်တွင်ပင် ကြီးပြင်းလာခဲ့ပေသည်။ ထို့ကြောင့် သမီးတော်လေးမှာ မိမိမျက်စိမျက်ဆံပမာ ချစ်ခင်မြတ်နိုးခဲ့သည်၊ မိမိ၏ ဘဝ၊ မိမိ၏ အသက်ကဲ့သို့ သဘောထားခဲ့သည်။ ဤသမီးတော်ကား မိမိအဖို့ အဖိုးမဖြတ်နိုင်ရင်သော ရင်နှစ်သည်းချာ ရတနာပါတကား။

ဘာရီမဟာလီမဟာရာဇာလည်း ထိုသို့တွေးတောပြီးမှ သမီးတော်လေးကို မြတ်နိုးချစ်ကြင်သော အမူအရာဖြင့် ....

http://www.cherrythitsar.org


"သမီးလေးရယ်၊ ဖခမည်းတော်ကို စိတ်မဆိုးပါနဲ့ကွယ်။ သမီးတော် အလိုဆန္ဒအတိုင်း အင်္ဂလိပ်ကပ္ပတိန်ကို ရွှေဒင်္ဂါးတစ်ထောင် ဆုတော်ငွေ ပေးသနားပါမယ်" ဟု မိန့်ကြားလိုက်ရာ –

မင်းသမီးလေးလည်း ပြုံးကြည်သော မျက်နှာထားဖြင့် ....

"ကျေးဇူးတင်ပါတယ် ခမည်းတော်ဘုရား" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မဟာရာဇာလည်း သမီးတော်လေးကို နှုတ်ဆက်ကာ တဲနန်းတော်အတွင်းမှ ပြန်လည် ထွက်ခွာသွားတော့သည်။ ဖခမည်းထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ပင်ပန်းနွမ်းနယ်နေရှာသော မင်းသမီးလေးလည်း သလွန်တော်ထက်၌ အသာလဲလျောင်းလိုက်ရှာသည်။

ထိုအခိုက်တွင် မင်းသမီးလေးသည် မိမိနှင့် မကြာမီ စုလျားရစ်ပတ်လက်ထပ်ရတော့မည့် ချန္ဒရီပူရီဘုရင်အကြောင်းကို လုံးဝအမှတ်မရရှာပေ။ တောပုန်းဓားပြတို့လက်တွင်းမှ မိမိကို စွန့်စွန့်စားစား ကယ်တင်လာသော ကပ္ပတိန်မရစ်ချတ်အကြောင်းသာ တတွေးတောတောနှင့် တွေးတောစိတ်မောနေရှာသည်။

http://www.cherrythitsar.org

[၆]

# နန်းထိုက်တဲ့ ဝန်းမထိုင်ရ

ဝန်ကြီးချုပ် ရာမ်ကုမာရီ ဦးဆောင်သောအဖွဲ့သည် တောင်တန်း တောင်ကုန်း များကို ဖြတ်ကာ တရွေ့ရွေ့ ခရီးဆက်လာခဲ့ကြရာ ပင်နာတောင်ကြားကို ဖြတ် ကျော်မိရုံမက ကရ်သျှနချိုင့်ဝှမ်းဒေသကိုပင် ရောက်လာခဲ့ကြသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် မြင်းညိုကြီးကို စီးကာ ခရီး နှင်လာရင်း မိမိ၏ဘဝကံကြမ္မာကို တွေးနေမိသည်။ ယခုအခါ၌ မိမိသည် မိမိ၏ တိုင်းပြည်အတွင် အမှုထမ်းနေရသူ တစ်ယောက်မဟုတ်တော့ပေ။ ကိုယ့် အားကိုယ်ကိုးကာ ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်ရပ်ရသော ခြေသလုံး အိမ် တိုင်သမားတစ်ယောက်ဖြစ်နေလေပြီတကား။

ထိုသို့ တွေးတောနေရာမှ ကပ္ပတိန်ပရစ်ချတ်သည် မိန်းမလှလေး မူပာရီကို ဖျတ်ခနဲ အမှတ်ရလာသည်။ မိမိကို ကျွန်မလေးတစ်ယောက်ပါဟု ပြောကြားသွားသော မိန်းမလှလေး မူပာရီကို မိမိ မတွေ့မမြင်ရသည်မှာ ကြာ ညောင်းမြင့်ရှည်ခဲ့ပေပြီ။ မိန်းမလှလေး မူပာရီသည် မိမိ၏စိတ်နှလုံးကို ယူ ကျုံးညှို့ငင်သွားပြီဖြစ်ရာ မိမိသည် မိန်းမလှလေးမူပာရီကို တစ်မိနစ် တစ်ဗီဇနာ မလပ် အမြဲမပြတ် သတိရအောက်မေ့လျက်ရှိ၏။ စွဲလမ်းတပ်မက်လျက်ရှိ၏။ ထို့ကြောင့် စခန်းချရပ်နားတိုင်း မိန်းမလှလေး မူပာရီကို အထူးသတိထားကာ လိုက်လံကြည့်ရှုခဲ့၏။ သို့သော် မိန်းလှလေး မူပာရီ၏ အရိပ်အယောင်ကိုပင် မတွေ့မမြင်ရပါတကား။

http://www.cherrythitsar.org



ကပ္ပတိန်ပရစ်ချတ်လည်း အသာသက်ပြင်းချတာ ရှေ့တူရူရှိ ဝင်လုဆဲနေမင်းကို ငေးကြည့်နေမိရှာသည်။ ထိုအခိုက်တွင်ပင် ထိုနေရာ၌ ဝန်ကြီးချုပ်ရာမ်ကုမာရီတို့အဖွဲ့သည် တစ်ညတာစခန်းချရန် ပြင်ဆင်နေကြသည်။

ညစခန်းမှ ဖို့ထားသော မီးရောင်တို့သည် အမှောင်ထုတွင်း၌ တလက်လက်တောက်ပနေသည်။ ကပ္ပတိန်ပရစ်ချတ်လည်း မိမိအတွက် ပြင်ဆင်ပေးသော ညစာကို ကမန်းကတန်း စားကာစခန်းတွင်သို့ လှည့်ပတ်ပြီး မိန်းမလှလေးမူဟာရီကို လိုက်လံရှာဖွေနေမိသည်။ ထိုအခိုက်တွင် မိန်းမလှလေး မူဟာရီကို ယနေ့ညဉ္ဌ ရှာဖွေ၍မတွေ့ပါက ဘာရီမဟာလီမဟာရာဇာထံသို့ သွားရောက်၍ မိန်းမလှလေးမူဟာရီကို ဝယ်ယူတော့အံ့ဟုလည်း စိတ်နှလုံးပိုင်းဖြတ်ထားခဲ့သည်။

ကပ္ပတိန်ပရစ်ချတ်သည် စခန်းတွင်းရှိ မိန်းမပျိုလေးများကို လိုက်လံပြီး စေ့စေ့စပ်စပ်ကြည့်ရှုရင်း မိန်းမပျိုလေးများကြားတွင် မိန်းမလှလေး မူဟာရီရှိလိုရှိငြား လိုက်လံရှာဖွေခဲ့သည်။ နောက်ဆုံး၌ ကပ္ပတိန်ပရစ်ချတ်လည်း စခန်းနှင့် မလှမ်းမကမ်းရှိ ညောင်ညိုပင်ကြီးရှိရာသို့ လေးကန်သော ခြေလှမ်းဖြင့် ထွက်လာခဲ့ပြီးလျှင် ညောင်ညိုပင်ကြီးကိုမှီရင်း တဲစခန်းရှိရာဖက်သို့ စိတ်ပျက်လက်ပျက် လှမ်းကြည့်နေမိသည်။

ထိုအခိုက်တွင် တဲစခန်းအတွင်းရှိ ယာယီတဲနန်းတော်တစ်ခု၌ စံမြန်းနေသော မင်းသမီးလေး မူဟာရီလည်း ရံရွေတော်များအလစ်တွင် ယာယီတဲနန်းတော်တွင်းမှ လှစ်ခနဲ ထွက်ခွာလာခဲ့သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်ထွက်ခွာသွားရာ ညောင်ပင်ကြီးဆီသို့ တိတ်တဆိတ် လှမ်းလာခဲ့သည်။ ကပ္ပတိန်ပရစ်ချတ်မှာ အတွေးရေယာဉ်ကြော၌ နစ်မျောနေရကား မိမိနောက်ဖက်သို့ ခြေသံမကြားအောင် ဖွဖွလေး လှမ်းလာသော မင်းသမီး မူဟာရီကို လုံးဝသတိမပြုမိပေ။ မင်းသမီးလေးမူဟာရီက နားနားကိုကပ်ပြီး လေသံသဲ့သဲ့ဖြင့် ....

"မျှော်ရတာကြာလို့ စိတ်များဆိုးနေသလား အစ်ကိုရယ်" ဟု ပြောကြားလိုက်သောအခါ ဆတ်ခနဲလန့်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ မိမိအား ပြုံးကြည့်သော မျက်နှာဖြင့် စိုက်ကြည့်နေရှာသော မိန်းမလှလေးမူဟာရီကို တအံ့တဩတွေ့မြင်လိုက်ရသည်။ မိန်းမလှလေး မူဟာရီသည် ကိုယ်နှင့်ကပ်နေအောင် ချပ်ယပ်သေသပ်လှသော ဝတ်ရုံအနက်ကို ဆင်မြန်းထားရာ မိန်းမလှလေးမူဟာရီ၏ ကြော့ရှင်းပြေပြစ် ဖုထစ်လုံးကြွသော ကိုယ်ယာယအလှသည် အထင်ရှားပေါ်နေပေတော့သည်။

http://www.cherrythitsar.org



ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမလှလေး မူဟာရီကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ ....

"စိတ်ဆိုးတာပေါ့ ညီမရယ်၊ ညီမရဲ့ သခင် မဟာရာဇာထံက ညီမကို အစ်ကိုမရရအောင် ဝယ်ချင်နေတယ်ဆိုတာကို ညီမ သိပါတယ်။ ဒီလိုသိပါရက်သားနဲ့ ညီမဟာ ညီမရဲ့ သခင် မဟာရာဇာကို မပြောဘဲနေခဲ့တယ်။ ပြီးတော့ အစ်ကို့ကို အတွေ့မခံဘဲ ရှောင်ပုန်းနေခဲ့တယ် မဟုတ်လား" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမလှလေး မူဟာရီကလေသံဖြင့် ....

"ညီမ ပြောပါတယ် အစ်ကို၊ ညီမကို အစ်ကိုဝယ်လိုတဲ့အကြောင်းကို ညီမရဲ့ သခင် မဟာရာဇာကို ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ ညီမရဲ့သခင် မဟာရာဇာက ညီမကို ဘယ်လိုနည်းနဲ့မှ မရောင်းနိုင်ဘူးတဲ့ အစ်ကို၊ မရောင်းနိုင်ဘူးတဲ့" ဟု တိုးတိုးလေး ဖြေကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ကျိတ်မနိုင် ခဲမရသော အသွင်ဖြင့် မိန်းမလှလေးမူဟာရီ၏ ကိုယ်လုံးကျစ်ကျစ်လေးကို ဆတ်ခနဲ ပွေ့ကာ ရင်ခွင်တွင်း၌ သွင်းထားရင်း ....

"ညီမရယ်၊ ညီမကို အစ်ကိုခွဲမနေနိုင်ဘူးကွယ်။ ညီမကို မရောင်းနိုင်ဘူးဆိုရင် အတင်းအဓမ္မပဲ ခိုးပြေးသွားတော့မယ်" ဟု အံကြိတ်ပြီး ပြောကြားလိုက်ရာ မိန်းမလှလေး မူဟာရီက .... "မတော်ပါဘူး အစ်ကိုရယ်၊ ဖြစ်လည်းမဖြစ်နိုင်ပါဘူး" ဟု ပြောကြား တောင်းပန်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဖြစ်နိုင်ပါတယ်ကွယ်၊ ညီမနဲ့အစ်ကိုတို့အတူ ထွက်ပြေးသွားကြရအောင်၊ အစ်ကို့မှာလည်း ရွှေဒင်္ဂါး အနည်းအပါး ရှိပါသေးတယ်။ ဒီရွှေတွေကို ခရီးစရိတ်ပြုပြီး အစ်ကိုတို့ ထွက်ပြေးသွားကြတာပေါ့။ ပြီးတော့ အစ်ကိုက ဒတ်ချ်လူမျိုးတွေထံမှာပဲ ဖြစ်ဖြစ်၊ ပေါ်တူဂီတွေထံမှာပဲဖြစ်ဖြစ် ဝင်ရောက်အမှုထမ်းလိုက်မယ်။ ဒီလိုဆိုရင် ညီမနဲ့အစ်ကိုတို့ စားဝတ်နေရေးဟာ အလိုလိုပြေလည်သွားနိုင်ပါတယ်" ဟု စိတ်အားထက်သန်စွာ ထပ်မံပြောကြားသည်။

ထို့နောက် မိန်းမလှလေးမူဟာရီ၏ ပြည့်တင်းဖွံ့ထွားသော နှုတ်ခမ်းနီနီလေးကို အငမ်းမရ စုတ်နမ်းလိုက်သည်။ မိန်းမလှလေး မူဟာရီက အတင်းရုန်းကန်သော်လည်း လွှတ်မပေးချေ။ ကပ္ပတိန်ပရစ်ချတ် လွှတ်ပေးသောအခါ၌မူ မိန်းမလှလေး မူဟာရီသည် မောဟိုက်နွမ်းလျနေတော့သည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမလှလေးကို မြတ်နိုးချစ်ကြင်သော အမူအရာဖြင့် စိုက်ကြည့်ရင်း ....

"ညီမရယ်၊ ညီမနဲ့အစ်ကို ခွဲမနေနိုင်ဘူးကွယ်၊ ခွဲမနေနိုင်တော့ဘူး" ဟု ပြောကြားလိုက်ရာ မိန်းမလှလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်၏ပါး ပြင်ကို လက်ဝါးနုနုလေးဖြင့် တယုတယ ပွတ်ရင်းလေသံဖြင့် ....

"အစ်ကိုရယ်၊ အစ်ကိုရယ်" ဟု တိုးတိုးပြောရင်း ကပ္ပတိန်ပရစ်ချတ် ကို မြတ်မြတ်နိုးနိုးနမ်းလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရယ် ... ဝန်ကြီးချုပ် ရာမ်ကုမာရီက အစ်ကို့ကို ပြောဖူးပါ တယ်။ ညီမတို့ တိုင်းပြည်မှာ ဧည့်သည်ကို အိမ်သည်က အထူးအခွင့်အရေးပေး တယ်တဲ့။ ဒီတော့ ညီမကို ညီမရဲ့သခင် မဟာရာဇာက အစ်ကို့ကို မရောင်းရင် တောင်၊ ချန္ဒရာပူရီဘုရင်ကိုတော့ ညီမကို လက်ဆောင်တော်အဖြစ် ပေးအပ်လိမ့် မယ် ထင်တယ်။ အဲဒီလိုပေးဆက်ပြီးတဲ့အခါကျရင် ချန္ဒရာပူရီဘုရင်ထံက ညီမ ကို အစ်ကို တောင်းယူပါမယ်ကွယ်။ ဒီတော့ ညီမနဲ့အစ်ကိုတို့ ရှေ့ရေးအတွက် အစ်ကို သိပ်စိတ်မပူမိဘူးကွယ်။ ဒါကြောင့်မို့ ညီမကို ဒီနေ့ညမှာ အစ်ကို ခိုး ယူမပြေးဘဲ ဆိုင်းငံ့နေမိခြင်း ဖြစ်ပါတယ်ကွယ်"

ဟုပြောကြားရင်း မိန်းမလှလေး မူဟာရီကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ရင်း တရှိုက်မက်မက် နမ်းလိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမလှလေး မူဟာရီကို နှုတ် ဆက်ကာ မိမိတဲစခန်းရှိရာဖက်သို့ ထွက်ခွာသွားသည်။

ထိုအခိုက်တွင် မိန်းမလှလေး မူဟာရီသည် ညောင်ပင်ကြီးကို နွမ်း နွမ်းလျလျမှီရင်း ကပ္ပတိန်ပရစ်ချတ် ထွက်ခွာသွားရာဖက်ကို လှမ်းမျှော်ကြည့် ရင်း မိမိတို့၏ ဘဝရှေ့ရေးကို တွေးတောတွက်ဆနေမိသည်။

မိမိမှာ ချန္ဒရာပူရီဘုရင်နှင့် စုလျားရစ်ပတ် လက်ထပ်ရန် စေ့စပ် ကြောင်းလှမ်းထားသူသာ ဖြစ်သည်။ ထိုသို့ မိဖုရားအဖြစ် လျာထားသောသူ ကို သွားရောက်၍ တောင်းယူပါက ချန္ဒရာပူရီဘုရင်သည် အပြင်းအထန်ဒေါသ အမျက်ထွက်လိမ့်မည်။ မိမိကို တမင်သက်သက် စော်ကားခြင်းဖြစ်သည်ဟု မှတ်ယူပြီး ကပ္ပတိန်ပရစ်ချတ်ကိုလည်း နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်လိမ့် မည်။ ထိုသို့သော အဖြစ်ဆိုးမှ တားဆီးရန် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိပေသည်။ ထိုနည်းကား အခြားမဟုတ်။ မိမိမှာ ကပ္ပတိန်ပရစ်ချတ် မှတ်ထင် နေသကဲ့သို့ ကျွန်မလေးတစ်ယောက်မဟုတ်ဘဲ၊ ဘာရီမဟာလီမဟာရာဇာ၏ တစ်ဦးတည်းသော သမီးတော်လေးသာ ဖြစ်ကြောင်း ကပ္ပတိန်ပရစ်ချတ် သိရှိ သွားရန် အချိန်မီထုတ်ဖော်အသိပေးခြင်း ဖြစ်ပေသည်။

http://www.cherrythitsar.org



မိမိမှာ ကပ္ပတိန်ပရစ်ချတ် မှတ်ထင်နေသကဲ့သို့ ကျွန်မလေးတစ်ယောက် မဟုတ်ဘဲ၊ ချန္ဒရာပူရီဘုရင်နှင့် စုလျားရစ်ပတ် လက်ထပ်တော့မည့် မိဖုရားလောင်းသာဖြစ်ကြောင်း အချိန်မီ သိရှိသွားပါက ကပ္ပတိန်ပရစ်ချတ်သည် မိမိကို ပိုင်ဆိုင်လိုသော စိတ်ဆန္ဒကို တစ်နည်းနည်းဖြင့် ချိုးနှိမ်ပစ်ပေလိမ့်မည်။ မိမိကိုလည်း တဖြည်းဖြည်း မေ့ပျောက်သွားပေလိမ့်မည်။ မိမိတို့ လူစုမှာ ချန္ဒရာပူရီမြို့တော်သို့ မနက်ဖြန် နံနက်တွင် ရောက်ရှိသွားပေတော့မည်။ ထို့ကြောင့် မိမိ၏ဘဝအခြေအနေကို ကပ္ပတိန်ပရစ်ချတ် သိရှိနားလည်သွားအောင် အမြန်ဆုံးဆောင်ရွက်ရပေတော့မည်။

ဤသို့လျှင် မင်းသမီးလေး မူဟာရီသည် မိမိတို့၏ ဘဝရှေ့ရေးကို တွေးတောတွက်ဆနေရာမှ မျက်ရည်တတွေတွေ ကျနေရှာသည်။ ထို့နောက် အတန်ကြာသောအခါမှ မိမိ၏ယာယီတဲနန်းတော်ရှိရာသို့ စိတ်နှလုံးညှိုးချုံးနွမ်းလျစွာဖြင့် ပြန်လျှောက်လာခဲ့သည်။

မနက်အရုဏ်ကျင်း၍ အလင်းရောင်ပေါ်လာခဲ့ပေပြီ။ ကပ္ပတိန်ပရစ်ချတ်လည်း ဘာရီမဟာလီမဟာရာဇာ၏ ဖိတ်ကြားချက်အရ ယာယီတဲနန်းတော်သို့ လာရောက်ခဲ့ရသည်။

မဟာရာဇာ၏ ရှေ့တော်မှောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မဟာရာဇာက ခန့်တည်သော အမူအရာဖြင့် စိန်းစိန်းကြည့်ရင်း ....

"ကပ္ပတိန်ပရစ်ချတ်၊ တောပုန်းဓားပြတွေ လက်ထဲက မောင်မင်းကယ်တင်ခဲ့တဲ့ မူဟာရီဟာ မောင်မင်း မှတ်ထင်ထားသလို ကျွန်မလေးတစ်ယောက် မဟုတ်ပါဘူးကွယ်။ မင်းမျိုးမင်းနွယ်က ဆင်းသက်ပေါက်ဖွားလာတဲ့ မင်းသမီးလေးတစ်ပါးပါ။ တိတိကျကျပြောရရင် ကျုပ်ရဲ့ချစ်မငြီးတဲ့ သမီးတော်လေးပါ။ မောင့်ကို ကျွန်မလေးတစ်ဦးပါလို့ ပြောခဲ့တာကတော့ ကျီစယ်လိုတဲ့အတွက် ဖြစ်ပါတယ်" ဟု မိန့်ကြားသည်။

ထိုစကားကို ကြားလျှင် ကပ္ပတိန်ပရစ်ချတ်လည်း မယုံကြည်နိုင်အောင် အံ့သြသွားရာမှ "ကျီစယ်လိုတဲ့အတွက် ဖြစ်တယ်၊ ဟုတ်လား" ဟု ရေရွတ်လိုက်၏။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်၏ စိတ်နှလုံးသည် လေးလံနောက်ကျိသွား သည်။ ထိုအခိုက်တွင်ပင် မဟာရာဇာက ....

"ဟုတ်ပါတယ် မောင်။ ကျုပ်တို့ မဟာမျိုးမဟာနွယ် မင်းညီမင်းသားများက တစ်ခါတစ်ရံမှာ ဒီလိုပဲ ကျီစယ်လေ့ရှိကြပါတယ်။ သမိုင်းရာဇဝင်မှာ ထင်ရှားတဲ့ ဂျာဟင်ဂါဘုရင်မင်းမြတ်ရဲ့ မိဖုရားကြီး နာဂျာဟန်ဟာ ဒီနည်းအတိုင်းပဲ မောင်တော် ဘုရင်မင်းမြတ်ကို ကျီစယ်ဖူးပါတယ်" ဟု ဆက်လက်မိန့်ကြားသည်။

http://www.cherrythitsar.org



ထိုအခါ မိန်းမလှလေး မူဟာရီ၏ အတွေ့အထိ၊ အလှအပတို့၌ ယစ်မူးသာယာကာ အလွန်အမင်း စွဲလမ်းစုံမက်နေသော ကပ္ပတိန်ပရစ်ချတ် လည်း စိတ်နှလုံးညိုးချုံး အားငယ်စွာဖြင့် ခပ်တိုးတိုး ညည်းတွားလိုက်မိရှာ သည်။

ဘာရီမဟာလီမဟာရာဇာလည်း ကပ္ပတိန်ပရစ်ချတ်၏ ခပ်တိုးတိုး ညည်းတွားလိုက်သံကို သတိပြုမိသွားပြီး ဆတ်ခနဲ ဖြစ်သွားသည်။ ထို့နောက် လက်ခုပ်တစ်ချက်တီးလိုက်ရာ အာဖဂန် လူထွားကြီးနှစ်ယောက်သည် ပိုးကန့် လန့်ကာ နောက်ဖက်မှ ကြေးသေတ္တာနှစ်လုံးကို သယ်မလာကြသည်။

မဟာရာဇာလည်း ကြေးသေတ္တာနှစ်လုံးကို လက်ညှိုးညွှန်ပြရင်း ....

"ကပ္ပတိန်ပရစ်ချတ်၊ မောင်ဟာ သမီးတော်လေးရဲ့ အသက်ကို စွန့် စွန့်စားစား ကယ်တင်ခဲ့ပါတယ်။ ဒါကြောင့် မောင့်ကို ဒီလက်ဆောင်ပဏ္ဏာများ ကို ပေးပါရစေ" ဟု ဆိုကာ၊ ကြေးသေတ္တာတစ်လုံးကို ဦးစွာဖွင့်ပြစေ၏။ ထို ကြေးသေတ္တာအတွင်း၌ ရွှေဒင်္ဂါးများ အပြည့်ရှိနေသည်ကို တွေ့မြင်ရ၏။ ထို့ နောက် အခြားကြေးသေတ္တာကို ဖွင့်စေပြန်၏။ ထိုကြေးသေတ္တာအတွင်း၌ အရွယ်အစားအမျိုးမျိုးသော ပတ္တမြားများ၊ စိန်များနှင့် ပြည့်နေပြီး ပတ္တမြား ရောင်၊ စိန်ရောင်တို့ဖြင့် တောက်ပပြိုးပြက်နေသည်ကို တွေ့မြင်ရ၏။

ထိုအခိုက်တွင် မဟာရာဇာက ကပ္ပတိန်ပရစ်ချတ်၏မျက်နှာကို စေ့ စေ့ကြည့်ရင်း ....

"ကပ္ပတိန်ပရစ်ချတ်၊ ကျုပ်ရဲ့ သမီးတော်လေးကို မောင် ... စုံမက်နေ တယ်ဆိုတာ ကျုပ် ကောင်းကောင်းကြီး သိပါတယ်။ ဒါပေမဲ့ ဒီဘဝမှာတော့ မောင်နဲ့သမီးတော်လေးတို့ ဘဝချင်းပေါင်းဆုံဖို့ အခွင့်မသာတော့ပါဘူး။ သမီး တော်လေးဟာ မောင်လှမ်းမမီတဲ့ အခြေအနေကို ရောက်နေပါပြီ။ တကယ်တော့ မောင်တို့ကျုပ်တို့ဟာ ကံကြမ္မာရဲ့သားကောင်တွေပါ။ ဒီတော့ မောင်ရယ်၊ တရားနဲ့သာ စိတ်ကိုဖြေပါတော့" ဟု မိန့်ကြားသည်။ ထို့နောက် နာကျည်း ကြေကွဲနေရာမှ အားတင်းထားရသော ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာထားကို ကရုဏာသက်စွာ ကြည့်ရင်း ....

"မောင်ရယ် ... ကျုပ်ပေးတဲ့ လက်ဆောင်ပဏ္ဏာများကို လက်ခံပါ ကွယ်။ ဒီလက်ဆောင်ပဏ္ဏာတွေကို မငြင်းပါနဲ့ကွယ်။ ဒီလက်ဆောင်ပဏ္ဏာတွေ ကို ပေးပြီး မောင့်ကို ဖျောင်းဖျလွှတ်လိုက်တယ်။ ချွေးသိပ်လွှတ်လိုက်တယ်လို့ မအောက်မေ့ပါနဲ့ကွယ်" ဟု မိန့်ကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

http://www.cherrythitsar.org



"အရှင်မင်းကြီး၊ ကျွန်တော်ဟာ ဥစ္စာဓနေ ချမ်းသာကြွယ်ဝတာကို လိုလားတပ်မက်တဲ့ လောဘသား မဟုတ်ပါဘူး။ ဒီတော့ အရှင်ပေးသနားတဲ့ လက်ဆောင်ပဏ္ဏာတွေကို လက်မခံပါရစေနဲ့" ဟု ပြောကြားရာ ဘာရီမဟာလီ မဟာရာဇာက ....

"မောင်ရယ် ... ဒီလက်ဆောင်ပဏ္ဏာတွေကို လက်မခံဘဲ ငြင်းပယ်ပေမယ့်လည်း သမီးတော်လေးနဲ့ နီးစပ်ဖို့ အကြောင်းလုံးဝမရှိတော့ပါဘူးကွယ်။ ဦးအနေနဲ့ကတော့ ဒီလက်ဆောင်ပဏ္ဏာတွေကို မောင့်ကို အတင်းအကြပ်ပေးရပါလိမ့်မယ်။ မောင့်လက်ထဲရောက်တဲ့အခါကျတော့မှ မောင် ကြိုက်သလို အသုံးပြုပါတော့ကွယ်" ဟု မိန့်ကြားလိုက်သည်။

ဤသို့အားဖြင့် ကပ္ပတိန်ပရစ်ချတ်သည် ဘာရီမဟာလီမဟာရာဇာ ပေးသနားသော လက်ဆောင်ပဏ္ဏာများကို လက်ခံခဲ့ရသည်။ ဤလက်ဆောင်ပဏ္ဏာများကား အိပ်မက်တွင်မှ မမြင်မက်ဖူးလောက်အောင် အတိုင်းမသိ အဖိုးထိုက်တန်လှပါပေ၏။ သန်းကြွယ်သူဌေးကြီးတစ်ဦးကဲ့သို့ ချမ်းချမ်းသာသာ နေနိုင်သည့် အခြေအနေသို့ တမုဟုတ်ချင်း ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

သို့သော် ကပ္ပတိန်ပရစ်ချတ်ကားထိုသို့သော လက်ဆောင်ပဏ္ဏာများ လက်ခံရရှိသည့်အတွက် ဝမ်းမသာနိုင်ရှာပေ။ ကြည်နူးမဆုံး တပြုံးပြုံးနှင့် ပြုံးမနေနိုင်ရှာပါပေ။ မိမိအတိုင်းမသိ စွဲလမ်းစုံမက်နေသော မင်းသမီးလေး မူဟာရီ၏ မျက်နှာ ရွှေလဝင်းပပလေးကိုသာ မြင်ယောင်နေရှာသည်။ မင်းသမီးလေး မူဟာရီ၏ ဆွတ်ပျံ့မိန့်မူးဖွယ်သော အတွေ့အထိတို့ကိုသာ တမ်းတနေရှာသည်။ 'ထက်စွန်းဘုံပျံ၊ ယုန်ဗိမာန်ကို၊ လက်တံ့လှမ်းချီ၊ ဖမ်းမမီသို့' သော မိမိ၏အဖြစ်ကိုတွေးကာ ကြေကွဲဝမ်းနည်းမဆုံး ဖြစ်နေရှာသည်။

ဘာရီမဟာလီ မဟာရာဇာနှင့် ကပ္ပတိန်ပရစ်ချတ်တို့ တွေ့ဆုံပြီးနောက် မကြာမီပင် ခရီးဆက်လက် ထွက်ခွာလာခဲ့ကြသည်။ ဝန်ကြီးချုပ် ရာမ်ကုမာရီ ဦးဆောင်လာသော လူသိုက်သည် တရွေ့ရွေ့ခရီးဆက်လာခဲ့ကြရာ၊ နေ့မွန်းတိမ်းအချိန်တွင် ချန္ဒရာပူရီမြို့တော်အနီးရှိ ကာနူး တောင်တန်းကြီးအပါးသို့ ရောက်လာခဲ့သည်။

ထိုအခိုက်တွင် ဝန်ကြီးချုပ်ရာမ်ကုမာရီသည် ကပ္ပတိန်ပရစ်ချတ်တစ်ပါးသို့ မြင်းကို စီးနှင်လာပြီး ကာနူးတောင်တန်းတစ်နေရာရှိ ဟိန္ဒူဘုရားရှိခိုးကျောင်းကြီးကို လက်ညှိုးညွှန်ပြသည်။

ကပ္ပတိန်ပရစ်ချတ်လည်း စေ့စေ့စပ်စပ် လှမ်းကြည့်လိုက်ရာ ဟိန္ဒူဘုရားရှိခိုးကျောင်းကြီးမှာ အီဂျစ်ပြည်ရှိ ပိရမစ်ကြီးတစ်ခုပမာ ထုထည်ကြီးမားပြီး ခန့်ထည်လှသည်ကို တွေ့မြင်သည်။ ထို့ပြင် ဘုရားရှိခိုးကျောင်းကြီးတစ်ခု

လုံးကို ရုပ်ကြွရုပ်လုံးများ၊ ပန်းအပြောက်အမွမ်းများဖြင့် တန်ဆာဆင်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ထိုအခိုက်တွင် ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

"ဒီဘုရားရှိခိုးကျောင်းကြီးက ကာလီမယ်တော်ရဲ့ ကျောင်းတော်ကြီးပါပဲ။ ကာလီမယ်တော်ဟာ ရှီဗာ(သိဝ) နတ်ဘုရားကြီးရဲ့ကြင်ယာတော်ပေါ့။ ကာလီမယ်တော်ကြီးဟာ ဒူရဂါနတ်ဘုရားမလည်း ဖြစ်တယ်။ ပရဗာတီ နတ်ဘုရားမလည်း ဖြစ်တယ်။ ကာလီမယ်တော်ကြီးကို ကိုးကွယ်တဲ့သူအချို့ဟာ လူ့ချို့ဂုက်တဲ့ ဂိုဏ်းတစ်ဂိုဏ်း ဖွဲ့ထားကြတယ်။ အဲဒီဂိုဏ်းအမည်ကတော့ သာဂ်လို့ ခေါ်ပါတယ်" ဟု ပြောကြားသည်။

မဒရပ်မြို့တော်သို့ ကပ္ပတိန်ပရစ်ချတ် ရောက်ကတည်းက ဤလူ့ချို့ဂုက်သော ဂိုဏ်းအကြောင်းကို ကြားဖူးထားသည်။ ထိုလူ့ချို့ဂုက်သော ဂိုဏ်း၏ ဆိုးဝါးရက်စက်လှသော ဓလေ့ထုံးစံနှင့် ဆောင်ရွက်ချက်တို့ကို ကြားဖူးထားသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်က ....

"ဒီဂိုဏ်းအကြောင်းကို ကျွန်တော် ကြားဖူးပါတယ် ဦးရယ်" ဟု ပြောလိုက်ရာ၊ ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

"ဒီဂိုဏ်းသားတွေဟာ လက်မရွံ့လူသတ်သမားတွေပါပဲ၊ ကာလီမယ်တော်ကြီး အလိုတော်ရှိတဲ့သူတွေကို သတ်ပေးခြင်းဖြင့် အဲဒီလက်မရွံ့ လူသတ်သမားတွေက ကာလီမယ်တော်ကြီးကို ပူဇော်လေ့ရှိကြပါတယ်။ ဒီတော့ ကာလီမယ်တော်ကြီးနဲ့ အဲဒီဂိုဏ်းသားတွေကို မောင် သတိထားပြီး ဆက်ဆံပါနော်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ဝန်ကြီးချုပ် ရာမ်ကုမာရီကို တအံ့တသြ လှမ်းကြည့်ရင်း ....

"ဦးရယ် ... ကျွန်တော်ဟာ ချန္ဒရာပူရီ မြို့တော်ကိုတောင် ခြေမချရသေးပါဘူး။ ဘာကြောင့် ကာလီမယ်တော်ကြီးက ကျွန်တော့်ကို အလိုတော်ရှိမှာလဲ၊ ပြီးတော့ ကာလီမယ်တော်ကြီးနဲ့ ပတ်သက်စရာအကြောင်းလည်း ကျွန်တော့်မှာ မရှိပါဘူး ဦးရယ်" ဟု ပြောကြားလိုက်ရာ၊ ဝန်ကြီးချုပ်ရာမ်ကုမာရီက–

"ဒီလိုပါ မောင်၊ ချန္ဒရာပူရီနန်းတော်ကို မောင် ရောက်တဲ့အခါမှာ ကာလီမယ်တော်ကြီးနဲ့ ပတ်သက်စရာ အကြောင်းတွေ ရှိကောင်းရှိလာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ချန္ဒရာပူရီနန်းတော်ကို ကာလီမယ်တော်ကြီးရဲ့ သမီးတော်လို့ဆိုနိုင်တဲ့ ကာလီဒေဝီဟာ မကြာမကြာ လာရောက်လေ့ရှိပါတယ်။ ကာလီဒေဝီဆိုတာက အခု မောင်မြင်နေရတဲ့ ဘုရားရှိခိုးကျောင်းဆောင်ကြီးက ဂိုဏ်းချုပ်သခင်မ ဖြစ်ပါတယ်။ အမည်ရင်းကတော့ စရိတတဲ့ ... မောင်။ အဲဒီ

http://www.cherrythitsar.org


ကာလီဒေဝီနဲ့ တွေ့တဲ့အခါမှာ ကာလီဒေဝီက မောင့်အပေါ် အမျက်ဒေါသထွက် မသွားအောင် သတိထားပါ။ ကာလီဒေဝီ အမျက်ဒေါသထွက်စေမယ့် အပြု အမူမျိုးကို မပြုပါနဲ့။ မောင့်ကို ဦးကြိုတင်ပြီး သတိပေးထားပါရစေ" ဟု ပြော ကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ရာမ်ကုမာရီသည် ကပ္ပတိန်ပရစ်ချတ်ကို နှုတ် ဆက်ကာ မိမိတို့ လူသိုက်ရောက်ရှိတော့မည့်အကြောင်းကို ချန္ဒရာပူရီဘုရင်ထံ ကြိုတင်အကြောင်းကြားရန်အတွက် ချန္ဒရာပူရီမြို့တော်သို့ မြင်းကိုကဆုန်စိုင်း သွားသည်။

ကပ္ပတိန်ပရစ်ချတ်လည်း အခြားလူများနှင့်အတူ ခရီးဆက်လာခဲ့ရာ၊ မကြာမီ ချန္ဒရာပူရီမြို့တော်တွင်းသို့ ရောက်ရှိလာခဲ့သည်။

ချန္ဒရာပူရီမြို့တော်ကား ကာနူးတောင်တန်းကြီး၏ တောင်စွယ် တောင်စွန်း၌ တည်ထားအပ်သော မြို့တော်ကြီးဖြစ်သည်။ လူနေအိမ်ခြေထူထပ် ပြီး အိမ်ကြီးအိမ်ကောင်းများ များပြားသည်။ လမ်းများမှာ ကျဉ်းမြောင်းပြီး လူသွားလူလာတို့ဖြင့် အသက်ဝင်နေသည်။

ကပ္ပတိန်ပရစ်ချတ်တို့ လူသိုက်လည်း ကျဉ်းမြောင်းသော လမ်းများ ကို ဖြတ်ကာ ချန္ဒရာပူရီ၏ ရွှေနန်းတော်သို့ ဦးတည်လာခဲ့ကြသည်။ ထိုအခိုက် တွင် လမ်းသွားလမ်းလာတို့သည် ကပ္ပတိန်ပရစ်ချတ်လူစုအား ရပ်တံ့ပြီး တအံ့ တသြ ငေးမောကြည့်နေကြသည်။

ကပ္ပတိန်ပရစ်ချတ်တို့ လူသိုက်လည်း ဆက်လက်လာခဲ့ရာ မကြာမီ ဆိုက်ပရပ်ပင် စီတန်းစိုက်ထားသော လမ်းကြားလေးသို့ ရောက်လာသည်။ ထိုလမ်းကြားလေးကို ဖြတ်ကျော်လာခဲ့သောအခါ ပန်းမျိုးစုံ ဖူးပွင့်နေသော လှပတင့်တယ်လှသည့် ပန်းဥယျာဉ်သို့ ရောက်လာခဲ့သည်။ ထိုပန်းဥယျာဉ် ကြီးအတွင်း၌ ရေတာဖွားဖွားကျနေသော ရေပန်းများကို တွေ့ရသည်။ ထိုပန်း ဥယျာဉ်ကြီးကို ဖြတ်ကျော်လိုက်သောအခါ ကျယ်ပြန့်လှသော မြေကွက်လပ် ကြီးသို့ ရောက်သွားသည်။

ထိုမြေကွက်လပ်ကြီးတွင် ဓားတပ်ဖွဲ့တစ်ဖွဲ့ အသင့်စောင့်နေကြပြီး ဘာရီမဟာလီ မဟာရာဇာတို့လူစုအား ရွှေနန်းတော်သို့ ခေါ်ဆောင်သွားသည်။ ထိုအခိုက်တွင် ကိုယ်ရံတော်စစ်သားတစ်ဦးက ကပ္ပတိန်ပရစ်ချတ်အား နွေရာသီ နန်းတော်သို့ခေါ်ဆောင်သွားသည်။

နွေရာသီ စံနန်းတော်သို့ ရောက်သောအခါ ချန္ဒရာပူရီဘုရင်ရှီရင်ဂါ –လားနှင့် ဘာရီမဟာလီမဟာရာဇာဒြုပဒတို့ကို အတူတကွ ထိုင်ရင်း စကား စမြည် ပြောနေကြသည်ကို တွေ့မြင်ရသည်။

http://www.cherrythitsar.org



ချန္ဒရာပူရီဘုရင်သည် ပုလဲများ စီခြယ်ထားသော ရွှေဝတ်ရုံကြီးကို ဆင်မြန်းထားပြီး ခါးတွင် ရွှေခါးပတ်ကို ပတ်ထားသည်။ ထိုရွှေခါးပတ်တွင်လည်း ဓားမြှောင်တစ်လက် ချိတ်ထားပြီး ဓားမြှောင်ရိုး၌ ကြီးမားလှသော စိန်ကြီးများ စီခြယ်ထားသည်ကို တွေ့ရသည်။ ချန္ဒရာပူရီဘုရင်မှာ အရပ်အမောင်း မြင့်မားသေးသွယ်ပြီး၊ ကျစ်လစ်ကြံ့ခိုင်သော ကိုယ်လုံးပေါက်ရှိပေသည်။ အသားအရေမှာ ညိုစိမ့်စိမ့်ဖြစ်ပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတို့ကို ပြောင်စင်နေအောင် ရိတ်ထားသည်။ နှုတ်ခမ်းမှာ အစဉ်အမြဲ ပြုံးယောင်ယောင်ဖြစ်နေပြီး စိတ်သဘောထား ကောင်းမွန်သည့် အသွင်ကို ဆောင်နေသည်။ သို့သော် မည်းနက်လှသော မျက်လုံးအစုံမှာ အရောင် တလက်လက်တောက်နေပြီး မာန်မာနအပြည့်ရှိသည့်အသွင်ကို ဆောင်နေသည်။

ကပ္ပတိန်ပရစ်ချတ်ကို တွေ့မြင်သည်နှင့် တစ်ပြိုင်နက် ချန္ဒရာပူရီဘုရင်သည် ထိုင်ရာမှ ချက်ချင်းထလိုက်ပြီးလျှင် လက်နှစ်ဖက်ကို ဆန့်တန်းကာ ရင်းရင်းနှီးနှီး ကြိုဆိုလိုက်သည်။ ထို့နောက် ပြုံးရွှင်သော မျက်နှာဖြင့် ....

"ကပ္ပတိန်ပရစ်ချတ်၊ ခင်ဗျားကို တွေ့ရမြင်ရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိပါတယ်။ အခုတင်မှာပဲ အကြည်တော်ဒြုပဒက သမီးတော်မူဟာရီရဲ့ အသက်ကို ခင်ဗျားသက်စွန့်ကြိုးပမ်းကယ်တင်ခဲ့တဲ့ အကြောင်းကို မိန့်ကြားပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ကျုပ်အနေနဲ့လည်း ခင်ဗျားကို အတိုင်းမသိ ကျေးဇူးတင်ပါတယ်" ဟု မိန့်ကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"အရှင်မင်းကြီး၊ ကျွန်တော်ရဲ့ ဆောင်ရွက်ချက်ဟာ မပြောပလောက်ပါဘူး။ တောပုန်းလူဆိုးတွေက မင်းသမီးလေးကို အတင်းအဓမ္မ ဖမ်းဆီးခေါ်သွားတာကို မြင်တဲ့သူတိုင်းဟာ ကျွန်တော့်လိုပဲ စွန့်စားပြီး မင်းသမီးကို ကယ်တင်မှာပါပဲ" ဟု လျှောက်တင်လိုက်ရာ၊ ချန္ဒရာပူရီဘုရင်လည်း ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ် ကြည့်နေသည်။ ထို့နောက် ဘာရီမဟာလီမဟာရာဇာဖက်သို့ လှည့်ကာ ....

"အကြည်တော်၊ ကပ္ပတိန်ပရစ်ချတ်ဟာ ကျုပ်ရဲ့ ဧည့်သည်တော်ဖြစ်တယ်။ ဒီတော့ ကပ္ပတိန်ပရစ်ချတ်ရဲ့ စွမ်းဆောင်ချက်အတွက်ဆုတော်လာဘ်တော်ပေးသင့်တယ်။ ဘယ်လို ဆုလာဘ်တော်များ ပေးသင့်ပါသလဲ" ဟု မေးလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"အရှင်မင်းကြီး၊ ဘာရီမဟာရာဇာက ကျွန်တော်ကို ဆုတော်လာဘ်တော်များ ပေးသနားပေးပါပြီ။ ဆုတော်လာဘ်တော်တွေကလည်း အတိုင်းမသိ

http://www.cherrythitsar.org


များပြားပါတယ်။ ဒီဆုတော်လာဘ်တော်တွေကြောင့် ကျွန်တော်ဟာ အင်္ဂလန်မှာ အချမ်းသာဆုံး လူတစ်ယောက်ဖြစ်သွားပါပြီ။ ဒါကြောင့် အရှင်မင်းကြီး အနေနဲ့ ဆုတော်လာဘ်တော်များ ထပ်မံပေးတော်မပါနဲ့" ဟု လျှောက်တင်လိုက်ရာ၊ ချန္ဒရာပူရီက အသာပြုံးရင်း ....

"ခင်ဗျားကို ဆုတော်လာဘ်တော် မပေးဘဲထားရင် ကျုပ်အနေနဲ့ ကျေးဇူးတရား မသိတတ်ရာ ရောက်ပါတယ်။ ဒီတော့ ထိုက်တန်တဲ့ ဆုတော်လာဘ်တော်ကို ပေးရပါလိမ့်မယ်။ ဘယ်လိုဆုလာဘ်တော်မျိုး ပေးသင့်တယ်ဆိုတာတော့ စဉ်းစားရဦးမယ်" ဟု မိန့်ကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း အသာဦးညွတ်၍ အရိုအသေပြုလိုက်သည်။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း မိမိကား ပစ္စည်းဥစ္စာခြေအားဖြင့် အလွန်အမင်း ကြွယ်ဝချမ်းသာသော လူတစ်ယောက် အဖြစ်သို့ ရောက်ရှိလာခဲ့ပေပြီ။ ထိုသို့ လူချမ်းသာအဖြစ်သို့ ရောက်သည်နှင့်အမျှ မိမိအသက်တမျှ မြတ်နိုးစုံမက်နေမိသော မင်းသမီးလေး မူဟာရီနှင့် တဖြည်းဖြည်း ဝေးကွာနေသောအဖြစ်သို့ ရောက်ရလေပြီတကားဟု တွေးတောကာ စိတ်နှလုံးလေးလံနောက်ကျိနေမိသည်။

ထိုအခိုက်တွင် ချန္ဒရာပူရီဘုရင်လည်း ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို စိန်းစိန်းကြည့်နေရာမှ ....

"ကပ္ပတိန်ပရစ်ချတ်၊ ဒီနေ့ညမှာ ကပွဲသဘင်ရှိတယ်။ ဒီကပွဲသဘင်မှာ ရုပ်ဆင်းချောမောပြေပြစ်လှတဲ့ ကချေသည်မလေးတွေ ကပြအသုံးတော်ခံလိမ့်မယ်။ ဒီကချေသည်မလေးတွေဟာ ကာမသျှတ္တရကိုလည်း လေ့လာကျွမ်းကျင်တဲ့သူတွေ ဖြစ်တယ်။ အဲဒီကချေသည်များအနက်က ခင်ဗျား အကြိုက်ဆုံးတစ်ယောက်ကို ရွေးပြီးယူပါ။ ဒီလိုဆုမျိုးကို ကျုပ်ပေးခဲပါတယ်။ ညီရင်းအစ်ကိုတမျှ ကျုပ် ခင်မင်ယုံကြည်တဲ့လူကိုမှ ဒီလိုဆုမျိုးကို ပေးပါတယ်" ဟု မိန့်ကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က အသာပြုံးကာ ကျေးဇူးတင်ပါကြောင်း ပြောကြားရင်း ဦးညွတ်အရိုအသေ ပြုလိုက်သည်။ ထို့နောက် ချန္ဒရာပူရီဘုရင်၏ ခွင့်ပြုချက်အရ ရှေ့တော်မှောက်မှ ထွက်ခွာလာခဲ့သည်။

နွေရာသီ စံနန်းတော်မှ အထွက်၊ ကြာပန်းတို့ ဖွေးဖွေးလှုပ်အောင်ပွင့်နေသော ရေကန်အနီးသို့ အရောက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း ပြင်သစ်တစ်ယောက်ကို အမှတ်ထင်ထင် သတိပြုမိသည်။ ထိုသူသည် နွေရာသီ စံနန်းတော်အနီးတွင် ရပ်နေပြီး ကပ္ပတိန်ပရစ်ချတ်ကို စိုက်ကြည့်နေပေသည်။ ထိုသူ

http://www.cherrythitsar.org



ဝတ်ဆင်ထားသော အဝတ်အစားများကို ထောက်ဆပါက ကာနယ်တစ်ဦးဖြစ်ကြောင်း ထင်ရှားနေပေသည်။

ထိုပြင်သစ် ကာနယ်ကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကပ္ပတိန်ပရစ်ချက်လည်း အလွန်အမင်း အံ့အားသင့်သွားမိတယ်။ ထို့နောက် ချန္ဒရာပူရီဘုရင်က အင်္ဂလိပ်တို့နှင့် မဟာမိတ်ပြုလိုပါသည်ဟု ဆိုကာ မိမိအား အထူးဧည့်သည်တော်အဖြစ် ရွှေနန်းတော်သို့ ဖိတ်ခေါ်ထားချိန်တွင် ရွှေနန်းတော်တွင်း၌ ပြင်သစ်ကာနယ်ကို တွေ့မြင်လိုက်ရပေသည်။ 'မည်သည့်အကြောင်းကြောင့် ရွှေနန်းတော်အတွင်းသို့ ပြင်သစ်ကာနယ် ရောက်ရှိနေရပါသနည်း' ဟု တွေးတောကာ စိတ်စနောင့်စနင်း ဖြစ်လာမိသည်။

ထိုအချိန်တွင် ကပ္ပတိန်ပရစ်ချက်လည်း မိမိတို့လူမျိုးက မိမိကို လူသတ်သမားတစ်ဦးဟု မြင်ကာသူတစ်ပါးလက်သို့ ဝကွက်အပ်လိုက်သည့် အဖြစ်ကို တွေးမိကာ ရင်ထဲ၌ ကျင်ခနဲ နာသွားသည်။ ထို့အတူ 'ရွှေနန်းတော်အတွင်းသို့ ပြင်သစ်ကာနယ် ရောက်ရှိနေခြင်း အရေးကိစ္စမှာ မိမိအရေးတယူ ဂရုပြုရမည့်အရာ မဟုတ်တော့ပါတကား' ဟုလည်း ပစ်ပစ်ခါခါ တွေးလိုက်မိသည်။

ထို့နောက် မိမိကို အသင့်စောင့်နေသော မင်းလုလင်တစ်ဦးနောက်မှ လိုက်ကာ မိမိအတွက် သီးသန့်ပြင်ဆင်ထားသော အိမ်လေးရှိရာသို့ ထွက်ခွာလာခဲ့တော့သည်။

http://www.cherrythitsar.org

[၇]

# ကာလီဒေဝီ၏ဒေါသ

လရောင်ရွှန်းမြသော ညအခါသို့ ရောက်လာခဲ့ပြီ။ ချန္ဒရာပူရီဘုရင်၏ ရွှေနန်းတော်ကြီး၌ ကပွဲသဘင်လည်း စတင်ခဲ့ပေပြီ။ ရုပ်အဆင်းချောမောပြေပြစ်လှ သော ကချေသည် မိန်းမလှလေးသည် ကကြိုးအမျိုးမျိုးကို ညက်ညောလှပစွာ ကပြအသုံးခံလျက် ရှိရာ မင်းပွဲသဘင်ရှိ လူအားလုံးတို့လည်း ကချေသည်လေး ၏ အကတွင်ညို့သက်မိနေသကဲ့သို့ တအံ့တသြငေးမော ကြည့်ရှုနေကြသည်။

ကပ္ပတိန်ပရစ်ချက်လည်း ကချေသည်မလေး၏ အကကို တအံ့တသြငေးမောကြည့်ရှုနေရာမှ မိမိနှင့် မလှမ်းမကမ်းတစ်နေရာ၌ ဝန်ကြီးချုပ်ရာမ်ကုမာရီနှင့်အတူ ကပွဲသဘင်ကို စိတ်ပါဝင်စားစွာ ငေးမောကြည့်ရှုနေသော ပြင်သစ်ကာနယ်ကို ဖျတ်ခနဲ တစေ့တစောင်းကြည့်လိုက်သည်။

ပြင်သစ်ကာနယ်ကား အဝတ်အစားကို ခံ့ညားသေသပ်စွာ ဝတ်ဆင်ထားပြီး မျက်နှာထား တည်ငြိမ်အေးဆေးလှပေသည်။ မိမိကို အလုပ်ကျွေးပြုစုရန် တာဝန်ပေးထားခြင်းခံရသော မင်းလုလင်လေးထံမှ မေးမြန်းချက်အရ ဤပြင်သစ်ကာနယ်မှာ အင်္ဂလိပ်ပြည် ဘင်္ဂလားကမ်းမြောင်ဒေသ၌ ပြင်သစ်ပိုင် ပွန်ဒါချာရီမြို့တော်ကဖြစ်ပြီး အမည်မှာ ဒါကုတ်ဟုခေါ်ကြောင်း သိရှိထားရပေသည်။

ကပ္ပတိန်ပရစ်ချက်လည်း ချန္ဒရာပူရီမြို့တော်သို့ မည်သည့်အကြောင်းကြောင့် ကာနယ်ဒါကုတ် ရောက်ရှိနေရပါသနည်း ဟူသော အတွေးကို ထပ်တွေးရင်း ရင်ထဲ၌ မတင်မကျဖြစ်နေမိသည်။ထိုသို့ဖြစ်နေရာမှ ကပ္ပတိန်ပရစ်ချတ်လည်း ကာနယ်ဒါကုတ်အနီးရှိနေရာသို့ ပြောင်းရွှေ့ထိုင်ရင်း ကာနယ်

http://www.cherrythitsar.org



ဒါကုတ်ကို မသိမသာ အကဲခတ်နေမိသည်။ ထို့နောက်ကပွဲသဘင်၏ ရှေ့တူရူရှိ ကျောက်ဖြူအမိုးအောက်သို့ အမှတ်မထင် လှမ်းကြည့်မိလိုက်၏။ ထိုအခါ ကျောက်ဖြူအမိုးအောက်မှနေ၍ မိန်းမလှတစ်ဦးကနွဲ့ကလျရပ်နေပြီး မိမိအား စိန်းစိန်းကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းမလှကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကပ္ပတိန်ပရစ်ချတ်၏ တစ်ကိုယ်လုံး စိမ့်ကျင်သွားကာ ကြက်သီးမွေးညှင်းများ တဖျင်းဖျင်း ထလာမိသည်။

ကပ္ပတိန်ပရစ်ချတ် တွေ့မြင်ရသော မိန်းမကား ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်သော အလှဓာတ်တို့ တဖျတ်ဖျတ် ကွန့်မြူးတောက်ပနေသူဖြစ်သည်။ နှုတ်ခမ်းအစုံမှာ ပြည့်ဖြိုးတင်းမောက်ကာ နီထွေးနေသည်။ မျက်လုံးအစုံမှာ မဟူရာသွေးတောက်ကာ အရည်ရွှန်းလဲ့နေသည်။ လက်မောင်းအစုံမှာ သွယ်ပျောင်းညှံ့အိနေသည်။ နားနှစ်ဖက်၌ ရွှေနားဆွဲများ ဆင်မြန်းထားပြီး နှာခေါင်း၌လည်း ပတ္တမြားပွင့်များ ဆင်မြန်းထားသည်။ ထို့ပြင် မိန်းမလှသည် တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်အထိ ပုလဲများကို ညှတ်နေအောင် ဆင်မြန်းထားသည်။ အဝတ်အစားကိုကား လုံးဝမဝတ်ပေ။ ထို့ကြောင့် မိန်းမလှအသက်ရှုတိုင်း၊ လှုပ်ရှားတိုင်း ပုလဲကုံးတို့ လှုပ်ခတ်နေရာ မြင်သူတိုင်း အသက်ရှုမှားမှားသွားစေပါတော့သည်။

ကပ္ပတိန်ပရစ်ချတ် ငေးကြည့်နေဆဲတွင် ထိုမိန်းမလှသည် ကျောက်ဖြူအမိုးအောက်မှနေ၍ ကပွဲသဘင်ရှိရာသို့ နွဲ့နွဲ့လေးလျှောက်လာသည်။ ထိုအခိုက်တွင် မိန်းမလှသည် ယောကျ်ားအားလုံးကို အန်တုဖိတ်ခေါ်သည့် အကြည့်ဖြင့် မျက်လုံးကိုမှေးစင်းကာ ခပ်ညှညှကြည့်လာသည်။ သို့သော် ထိုမိန်းမလှကို တွေ့မြင်ကြရသည်နှင့်တစ်ပြိုင်နက် ကပွဲသဘင်ရှိလူအားလုံးသည် ကပ္ပတိန်ပရစ်ချတ်နည်းတူ တစ်ကိုယ်လုံး စိမ့်ကျင်ကာ ကြက်သည်းမွေးညှင်း တဖျင်းဖျင်းထလာဟန်ဖြင့် မျက်နှာသေသွားကြသည်။ ချန္ဒရာပူရီဘုရင်ကိုယ်တော်တိုင်ပင် ကပွဲသဘင်ရှုကြည့်ရင်း စားနေသော အချိုပွဲကို ဆက်မစားနိုင်ဘဲ ငေးကြောင်သွားသည်။

ထိုအခိုက်တွင် မိန်းမလှကိုတွေ့မြင်သတိပြုမိပြီးဖြစ်သော ကချေသည်မလေးသည် ကနေရာမှ ကိုယ်ကို တဖြည်းဖြည်း ညွှတ်ကိုင်းကာ မိန်းမလှလေး၏ခြေထောက်နားတွင် ဝပ်စင်းရင်း ကန်တော့လိုက်သည်။ သို့သော် မိန်းမလှသည် ကချေသည်မလေးကို လုံးဝ အမှုမထားဟန်ဖြင့် ကချေသည်မလေးကို ဖြတ်ကျော်ပြီး ချန္ဒရာပူရီဘုရင်ရှိရာသို့ ခံ့ထည်သော အမူအရာဖြင့် နွဲ့လေးလေးလျှောက်မြဲလျှောက်လာသည်။ ထိုအခါ ချန္ဒရာပူရီ ဘုရင်က ....

http://www.cherrythitsar.org



"လာပါစရိတ၊ ဒီနေ့ညမှာ လာတာနောက်ကျတယ်နော်" ဟု မိန့်ကြားလိုက်သည်။

သို့သော် မိန်းမလှစရိတက မည်သို့မှပြန်မပြောဘဲ ချန္ဒရာပူရီဘုရင်၏ ဝဲဖက်ရှိလူစုသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထိုလူစုတွင် ကာနယ်ဒါကုတ်ရှိနေရာ ကာနယ်ဒါကုတ်ကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် မိန်းမလှ၏မျက်လုံးအရောင်သည် ဖျတ်ခနဲပြောင်းသွားသည်။ ထို့နောက် မိန်းမလှသည် မိမိကို စိုက်ကြည့်နေကြသော ကာနယ်ဒါကုတ်အနီးရှိ လူအားလုံး၏မျက်နှာကို တစ်ယောက်ချင်း စေ့စေ့ကြည့်နေသည်။

ကပ္ပတိန်ပရစ်ချတ်၏မျက်နှာပေါ်သို့ မိန်းမလှ၏အကြည့်ကျရောက်လာသောအခါ ကပ္ပတိန်ပရစ်ချတ်၏ ရင်တွင်းရှိ မကောင်းမှု ဒုစရိုက်တရားတို့ လူးလွန့်နိုးကြား လာဘိသကဲ့သို့ ခံစားရမိသည်။ ထို့အတူ သာယာကြည်နူး မိန်းမူးတွေဝေသော ခံစားချက်လည်း ဖြစ်ပေါ်လာသည်။ ထိုသို့ခံစားနေရာမှ ကပ္ပတိန်ပရစ်ချတ်လည်း အသာသက်ပြင်းချလိုက်ပြီးလျှင် အမှတ်မထင် အလိုအလျောက် မတ်တပ်ရပ်လိုက်မိသည်။ ထို့နောက် မိန်းမလှကို စူးစူးဝါးဝါး ကြည့်နေမိသည်။

မိန်းမလှစရိတကို အကြောက်ကြီး ကြောက်နေကြကုန်သော လူအပေါင်းတို့လည်း ကပ္ပတိန်ပရစ်ချတ် ရုတ်တရက် မတ်တတ်ရပ်ကာ မိန်းမလှကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်ကို တွေ့ရသောအခါ အလွန်အမင်းအံ့သြတုန်လှုပ်သွားရာမှ ငေးကြောင်ကြည့်နေကြသည်။

မိန်းမလှစရိတလည်း ကပ္ပတိန်ပရစ်ချတ်ကို စေ့စေ့စပ်စပ် ပြန်ကြည့်ရင်း ကပ္ပတိန်ပရစ်ချတ်အပါးသို့ နွဲ့နွဲ့လေး လျှောက်လာသည်။ ထို့နောက် ချိုအေးကြည်လွင်သော အသံဖြင့် ....

"ကျွန်မဘဝတစ်သက်တာမှာ ဟောဒီလို ရွှေရောင်အဆင်း ဝင်းနေတဲ့ လူမျိုးကို မတွေ့သေးဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ စိုးထိတ်နေကြသော လူအပေါင်းတို့လည်း စိတ်နှလုံးသက်သာရာရသွားဟန်ဖြင့် ပြိုင်တူသက်ပြင်းချလိုက်သည်။ ထိုအခိုက်တွင်ပင် ဗုံသံဆိုင်းသံတို့ ငြိမ့်ငြိမ့်ညောင်းညောင်းပေါ်ထွက်လာသည်။ ကချေသည်မလေးလည်း ဝပ်စင်းနေရာမှ အသာထကာ အကကို ဆက်ကသည်။ ဤတွင် ဗုံသံဆိုင်းသံတို့လည်း ရုတ်ခြည်းကြမ်းတမ်းဆူညံလာပြီး ကချေသည်မလေး ငြိမ့်ငြိမ့်ညောင်းညောင်း ကနေရာမှ ကြမ်းကြမ်းရမ်းရမ်း ကလာသည်။ ထို့ကြောင့် ကပွဲသဘင်ရှိ လူအားလုံးတို့၏မျက်လုံးသည် ကချေသည်မလေးပေါ်သို့သာ စူးစိုက်ကျရောက်နေသည်။

သို့သော် ကပ္ပတိန်ပရစ်ချတ်ကား ကချေသည်မလေးကို လုံး၀ မကြည့်ဘဲ မိမိအပါးရှိ တစ်ကိုယ်လုံးကို ပုလဲကုံးများသာညွတ်နေအောင် ဆင်မြန်းထားသော မိန်းမလှ စရိတကိုသာ ငေးစိုက်ကြည့်နေမိသည်။ မိန်းမလှ စရိတကလည်း ညှို့မြူသော အကြည့်ဖြင့် မခို့တရို့ ပြန်ကြည့်နေရာ၊ ကပ္ပတိန် ပရစ်ချတ်၏ နှလုံးသားသည် တဒိတ်ဒိတ်ခုန်လာတော့သည်။

ထိုအခိုက်တွင် မိန်းမလှက ပြုံးရင်း ....

"စရိတကို မကြောက်ဘူးလား ရွှေဆံပင်နဲ့ ကိုလူထွားကြီးရယ်" ဟု ခပ်ညုညု မေးလိုက်ရာ၊ ကပ္ပတိန်ပရစ်ချတ်က ....

"ဘာအကြောင်းကြောင့် ကြောက်ရမှာလဲဗျာ" ဟု ဖြေလိုက်သည်။ ဤတွင် မိန်းမလှက ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ ကာလီဒေဝီ ဖြစ်လို့ပါ ပဲ။ ကျွန်မဟာ ကာနူး တောင်တန်းက ကာလီမယ်တော်ဘုရားကျောင်းကြီးမှာ စံမြန်းနေပါတယ်" ဟု တည်ငြိမ်စွာ ပြောကြားလိုကသ်ည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ဝန်ကြီးချုပ် ရာမ်ကုမာရီက ကာလီဒေဝီ အမျက်ဒေါသ မထွက်အောင် သတိထားဆက်ဆံရန် သတိပေး စကားပြောကြားဖူးသည်ကို ပြန်ပြောင်းအမှတ်ရလာမိသည်။ ထို့အတူ မိမိမြတ်နိုးချစ်ကြင်နာသော မင်းသမီးလေး မူဟာရီမှာ ချန္ဒရာပူရီဘုရင် ရှီရင်ဂါ– လားနှင့် မကြာမီစုလျားရစ်ပတ် လက်ထပ်တော့မည့်အဖြစ်ကိုလည်း အမှတ်ရလာ သည်။ ထို့ပြင် မင်းသမီးလေး မူဟာရီကို လက်လွတ်ဆုံးရှုံးရသည့်အတွက် ကြေကွဲတမ်းတ အောက်မေ့သတိရနေသော စိတ်ကို ဖြေသိမ့်သောအားဖြင့် ကာလီဒေဝီနှင့် အစားထိုးဖြေသိမ့်ပါက ကောင်းလေစွဟူသော အောက်မေ့လာ မိသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း ကာလီဒေဝီကို အသာဦးညွှတ် လိုက်ရင်း ....

"ကျွန်တော့်နာမည်က တမ်မုပရစ်ချတ်ပါ။ အရင်ကတော့ မဒရပ် မြင်းလျင်တပ်က ကပ္ပတိန်တစ်ယောက်ပါပဲ" ဟုပြောကြားလိုက်သည်။

ထိုအခါ မိန်းမလှစရိတက မျက်ခုံးကို ဟန်ပါပါ ပင့်လိုက်ရင်း ....

"အရင်က ကပ္ပတိန်ဆိုတော့ အခုတော့ ကပ္ပတိန်မဟုတ်တော့ဘူး လား" ဟု မေးလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"မဒရပ်မြို့မှာ မိန်းမပျိုတစ်ယောက် အသတ်ခံရတယ်။ အဲဒီမိန်းမပျို ကို သတ်တဲ့တရားခံအဖြစ် ကျွန်တော့်ကို စွပ်စွဲနေကြတယ်။ အဲဒီအမှုက မပြီး ပြတ်သေးဘူးလေ။ ဒီတော့ ကျွန်တော်ဟာ အခုလောလောဆယ်မှာတော့ ကပ္ပတိန်တစ်ယောက် မဟုတ်ဘူးလို့ ဆိုချင်ဆိုနိုင်တယ်ပေါ့ဗျာ" ဟုပြောလိုက် သည်။

http://www.cherrythitsar.org



ထိုအခါ မိန်းမလှ စရိတက အသာရယ်မောရင်း ....

"ရှင့်အနေနဲ့က အဲဒီမိန်းမပျိုကို မသတ်ပါဘူးလို့ ငြင်းမှာပေါ့ နော်။ တကယ်တော့ ကျွန်မတို့လောကမှာတော့ ဒီလိုလူသတ်တာဟာ မဆန်းပါဘူး။ လူသတ်တဲ့အတွက် နာမည်တောင် ပိုကြီးလာနိုင်သေးတယ်။ ရှင်လည်း ကြား ဖူးမှာတော့ သာဂ်ဂိုဏ်းအကြောင်းကို" ဟုပြောကြားသည်။ ထို့နောက် ကပ္ပတိန် ပရစ်ချတ် အပါးရှိ စားပွဲပေါ်မှ ကိတ်မုန့်ကို လှမ်းယူကာ တစ်ကိုက်ကိုက်စား ရင်း .... "ကာလီမယ်တော်က သေခြင်းကို အစိုးရတဲ့ မရဏဒေဝီ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကပ္ပတိန်ပရစ်ချတ်သည် ကာလီမယ်တော်ကြီးအကြောင်းနှင့် နှလုံး သွေးပျက်လောက်သည့် သာဂ်ဂိုဏ်းအကြောင်းကို ကြားသိထားဖူးရကား၊ မိမိရှေ့မှောက်ရှိ မိန်းမလှလေးကို စိတ်ဝင်စားစွာ တရှိုက်မက်မက် ငေးကြည့်နေ မိသည်။ ထို့နောက် ....

"ဟောဒီ ခန်းမဆောင်ကြီးထဲကို ခင်ဗျားဝင်လာတုန်းက ဒီမှာရှိရှိသမျှ လူတွေရဲ့ အပြုအမူတွေကို ကျွန်တော်အသေးစိတ် တွေ့ရမြင်ရပါတယ်။ ဒါ ကြောင့် ခင်ဗျားဟာ ကာလီဒေဝီ ဖြစ်တယ်ဆိုတာကို ကျွန်တော်သိလိုက်ရ တယ်။ ခင်ဗျားက ကာလီဒေဝီဆိုတော့ လူတစ်ယောက်အသက် လက်ညှိုးထိုး လိုက်ရုံနဲ့ သေစေနိုင်တဲ့ အစွမ်းရှိမှာပေါ့လေ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမလှ စရိတက ကပ္ပတိန်ပရစ်ချတ်ကို စိန်းစိန်းကြီး ပြန် ကြည့်ရင်း ....

"ဟုတ်ပါတယ် ကိုလူဖြူရယ် ... ကျွန်မဟာ ကာလီဒေဝီပါပဲ။ ချန္ဒရာ ပူရီမှာရှိတဲ့ လူတွေအားလုံးရဲ့ သေခြင်း ရှင်ခြင်းကို ကျွန်မ စိုးမိုးပါတယ်" ဟု ပြောကြားရာမှ ခပ်ယဲ့ယဲ့ ပြုံးကာ ....

"ဒီမှာ ကိုလူဖြူ၊ ကျွန်မပြောတဲ့ စကားမှန်ကန်ကြောင်းကို လက်တွေ့ အထင်အရှား ပြသရမလား" ဟု ပြောကြားသည်။ ထို့နောက် ကပ္ပတိန် ပရစ် ချတ်၏ မျက်နှာကို အကဲခတ်သကဲ့သို့ စိုက်ပြီးကြည့်လိုက်ရာ၊ ကပ္ပတိန် ပရစ် ချတ်၏ ကြောက်ရွံ့ခြင်းကင်းသော စိုးမရိမ်ထိမထင်သော မထီတရီ မျက်နှာထား ကို တွေ့မြင်သွားတော့သည်။ ထိုအခါ မိန်းမလှ စရိတ၏ မျက်လုံးအစုံသည် တဖျတ်ဖျတ် အရောင်တောက်လာပြီး ....

"အင်းလေ ... ရှင်ကတော့ ကိုယ်တွေ့ ဒိဋ္ဌကြုံမှ ယုံမယ့်လူစားမျိုးပဲ" ဟု ပြောကြားလိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်၏ မျက်လုံးအစုံကို အတန်ကြာအောင် စိုက်ကြည့်ပြီးမှ ပြုံးယောင်ယောင် မျက်နှာထားဖြင့် ....

http://www.cherrythitsar.org



"ဒီမှာ ကိုလူဖြူ။ ကာလီဒေဝီလည်း ရှင်ထင်နေသလို မရဏသေမင်းရဲ့ အရှင်သခင်မသာ မဟုတ်ပါဘူး။ ချစ်ခြင်းမေတ္တာရဲ့ အရှင်သခင်မလည်း ဖြစ်ပါသေးတယ်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က မိန်းမလှစရိတာ၏ စွဲလန်းစုံမက်ဖွယ် မျက်နှာလှလှလေးကို ပြုံးစေ့စေ့ အမူအရာဖြင့် ပြန်ကြည့်ရင်း ....

"လှသူလေးပါး ထူထပ်များပြားတဲ့ ဟောဒီ နေရာမျိုးမှာ မဟုတ်ဘဲ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းသာ ရှိနေတဲ့အခါမျိုးမှာသာဆိုရင်တော့ ကာလီဒေဝီဟာ ချစ်ခြင်းမေတ္တာရဲ့ အရှင်သခင်မ ဟုတ်မဟုတ်ကို ကျွန်တော်ကိုယ်တိုင် စမ်းသပ်ကြည့်လိုက်ချင်ပါရဲ့" ဟု ခပ်ထေ့ထေ့ ပြောလိုက်ရာ မိန်းမလှ စရိတာလည်း ခံပြင်းသည့်အမူအရာဖြင့် သက်ပြင်းရှူလိုက်ရင်း ....

"ဒီမှာ ကိုလူဖြူ၊ ကျွန်မဟာ လူသားတွေရဲ့ ရာဂအကြောင်းကို လေ့ကျင့်သင်ကြားထားတဲ့သူဖြစ်ပါတယ်။ ကျွန်မသာ အလိုရှိရင် ရှင်ဟာ ကာမရူး ရာဂရူးရူးသွားတဲ့ သူရူးတစ်ယောက်ဖြစ်သွားနိုင်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ယုံကြည်ခြင်းကင်းသည့် အမူအရာဖြင့် လှောင်ရယ်ရယ်လိုက်သည်။ ဤတွင် မိန်းမလှ စရိတာ၏ မျက်လုံးအစုံသည် ပို၍ အရောင်တဖျတ်ဖျတ် တောက်သွားသည်။ ထိုမျက်လုံးအစုံတွင်လည်း မာနအရိပ်အယောင်တို့ ထင်ရှားပေါ်လွင်နေသည်။ မိန်းမလှစရိတာသည် ကပ္ပတိန်ပရစ်ချတ်ကို မာနမျက်လုံးဖြင့် အတန်ကြာအောင် စိုက်ကြည့်ပြီးနောက်၊ ကပ္ပတိန်ပရစ်ချတ် နားမလည်သော ဘာသာစကားဖြင့် စကားတစ်ခွန်းနှစ်ခွန်းလောက် ဒေါသတကြီး ရေရွတ်ပြောကြားလိုက်သည်။ ထို့နောက် ချာခနဲ လှည့်ကာ ခန်းမဆောင်ကြီးကို ဖြတ်ပြီး အပြင်ဖက်သို့ ခပ်ကြော့ကြော့ ထွက်သွားသည်။

ခန်းမဆောင်အတွင်းရှိ လူအပေါင်းတို့သည် စိုးရွံ့ထိတ်လန့်သော အသွင်ဖြင့် မိန်းမလှစရိကကို ငေးကြည့်နေရာမှ အတန်ကြာအောင် အချင်းချင်း စကားမပြောနိုင်ကြဘဲ နှုတ်ဆိတ်ငြိမ်သက်ကြသည်။

အတန်ကြာသောအခါ ဝန်ကြီးချုပ် ရာမ်ကုမာရီလည်း စိုးရိမ်မကင်းသော အမူအရာဖြင့် ကပ္ပတိန်ပရစ်ချတ်အပါးသို့ လျှောက်လာပြီး ....

"ကပ္ပတိန်ပရစ်ချတ်ရယ် ... မောင့်ကို ဦးအတန်တန် သတိပေးထားတဲ့ကြားကတောင် ကာလီဒေဝီကို ဒေါသအမျက် ထွက်အောင် မောင်ပြုံးလိုက်သေးတယ်"

ဟု ပြောကြားရာ ကပ္ပတိန်ပရစ်ချတ်က အသာရယ်မောရင်း ....

http://www.cherrythitsar.org



"ကာလီဒေဝီက သူအလိုရှိရင် ကျွန်တော့်ကို ကာမရူး ရာဂရူး ရူးတဲ့ သူရူးတစ်ယောက်ဖြစ်အောင် ပြုစွမ်းနိုင်တယ်လို့ ကြွားသွားတာကိုး ဦးရဲ့။ ဒီတော့ ကျွန်တော်လည်း ရယ်မိတာပေါ့" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

"မောင်ရယ်။ ကာလီဒေဝီရဲ့ စကားကို ယုံမှားသံသယလုံးဝ မဖြစ်ပါနဲ့ကွယ်။ ကာလီဒေဝီပြောတဲ့အတိုင်း အစွမ်းသတ္တိရှိနိုင်ပါတယ်။ ဒီတော့ မောင်ရယ်။ 'အသက် ဥဏ်စောင့်' ဆိုသလို အမြဲပဲ သတိဝီရိယထားပြီးနေပါတော့" ဟု ပြောကြားသတိပေးရာ ကပ္ပတိန်ပရစ်ချတ်က အသာပြုံးရင်း ....

"ဟုတ်ကဲ့ ဦးပြောတဲ့အတိုင်း သတိဝီရိယနဲ့ နေပါ့မယ်" ဟု ပြောကြားလိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်သည် နန်းတွင်း ကချေသည်မလေးများ၏ ရင်သပ်ရှုမော အံ့သြလောက်သည့် အကအမျိုးမျိုးကို ငေးမောရှုကြည့်နေရှာသည်။ ထိုသို့ အတန်ကြာအောင် ရှုကြည့်နေခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း ခရီးပန်းလာသည့်ဒဏ်ကြောင့် အိပ်စက်နားနေလိုစိတ်တို့ ဖြစ်လာတော့သည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း ချန္ဒရာပူရီဘုရင် ရှီရှင်ဂါ–လားနှင့် ဘာရီမဟာလီ မဟာရာဇာတို့ထံ ခွင့်ပန်ကာ ကပွဲသဘင်ခန်းမမှ ထွက်ခွာလာခဲ့သည်။

ထို့နောက် မင်းလုလင်တစ်ဦးနှင့်အတူ မိမိအတွက် သီးသန့်ပေးထားသော အိမ်လေးရှိရာသို့ စိတ်အေးလက်အေး လျှောက်လာခဲ့ကြသည်။

ထိုသို့ လျှောက်လာရင်း ဥယျာဉ်တော်တွင်းရှိ ရေပန်းတစ်ခု အပါးမှ အဖြတ်တွင် မှောင်ရိပ်တွင်းမှ နေ၍ မိမိကို လှမ်းကြည့်နေသော လူနှစ်ယောက်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

တစ်ဦးကား မိန်းမလှလေး ကာလီဒေဝီဖြစ် ပြီး၊ တစ်ဦးကား ပြင်သစ်အရာရှိ ကာနယ်ဒါကုတ်ဖြစ်ပေသည်။ ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း 'မည်သည့်အကြောင်းကြောင့် ကာလီဒေဝီနှင့် ကာနယ်ဒါကုတ်တို့ အမှောင်ရိပ်တွင်း၌ နှစ်ဦးသားတွေ့ဆုံနေကြပါသနည်း' ဟု တွေးတောကာ အံ့သြသွားမိရှာသည်။

မိမိအတွက် သီးသန့်ပေးထားသော အိမ်လေးသို့ ရောက်သောအခါ ပင်ပန်းနွမ်းနယ်ကာ အိပ်ချင်မူးတူးဖြစ်နေသော ကပ္ပတိန်ပရစ်ချတ်လည်း အသင့်ရှိသော ခုတင်ပေါ်သို့ ကိုယ်ကိုပစ်လှဲချလိုက်သည်။ ထိုအခါ မိမိစွဲလန်းစုံမက်နေသော မင်းသမီးလေး မူဟာရီ၏ တပ်မက်တသဖွယ် နွေးထွေးသော

အတွေ့နှင့် မြတ်နိုးချစ်ကြင်ဖွယ် ရုပ်အဆင်းသည် ကပ္ပတိန်ပရစ်ချတ်၏ စိတ်အာရုံ၌ တစ်ရစ်ဝဲဝဲပေါ်လာတော့သည်။ ထိုအခိုက်တွင် ချန္ဒရာပူရီ နန်းတော်တွင်းသို့ ရောက်ရှိနေသော ပြင်သစ်အရာရှိ ကာနယ်ဒါကုတ်၏ မသင်္ကာဖွယ် အပြုအမူနှင့် လှုပ်ရှားမှုတို့သည်လည်း ကပ္ပတိန်ပရစ်ချတ်၏ စိတ်အာရုံ၌ တစ်ရစ်ဝဲဝဲ ပေါ်လာပြန်သည်။

ဤသို့ဖြင့် အတန်ကြာအောင် အတွေးအာရုံတို့ ရစ်ပတ်လိမ်ယှက် ရောထွေးနေခိုက်တွင် နန်းဉယျာဉ်တော်တွင်းမှ ပန်းရနံ့တို့ကို သယ်ဆောင်လာသော ညလေပြည်အေးသည် တသွင်သွင်တိုက်ခတ်လျက်ရှိ၏။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း တဖြည်းဖြည်း မျက်တောင်စင်းကာ အိပ်ပျော်သွားတော့သည်။

ထိုသို့ အိပ်ပျော်ဆဲခဏ၌ပင် အိမ်တံခါးမကြီးသည် တဖြည်းဖြည်း ပွင့်သွားသည်။ ထို့နောက် အိပ်ခန်းတံခါးဝရှိ ခရမ်းရောင်ခန်းဆီးသည် လှုပ်ရှားပြီး အိပ်ခန်းတွင်းသို့ လူတစ်ယောက် ခပ်ဖြည်းဖြည်း ဝင်လာသည်။ ထိုလူ၏ လက်တွင်း၌လည်း သာဂီဂိုဏ်းသားတို့ လူသတ်ရာ၌ အသုံးပြုလေ့ရှိသော ကြိုးတစ်ချောင်းကို ကိုင်ထားသည်။

ထိုလူသတ်သမားသည် ကပ္ပတိန်ပရစ်ချတ်အပေါ်တွင် ခေတ္တမျှ တွေရပ်နေပြီးနောက်၊ ကပ္ပတိန်ပရစ်ချတ်၏ လည်ပင်းကို လူသတ်ကြိုးဖြင့် ဖျတ်ခနဲ ရစ်ပတ်လိုက်တော့သည်။

http://www.cherrythitsar.org

[၈]

# သာဂါလူသတ်ဂိုဏ်း၏ အကြံ

နန်းဉယျာဉ်တော်အတွင်းရှိ အမှောင်ရိပ်တစ်နေရာ၌ ကာနယ်ဒါကုတ်နှင့် မိန်းမလှစရိတတို့သည် အတူတကွ ရပ်တံ့နေကြရာမှ ကပ္ပတိန်ပရစ်ချတ်၏ အိမ်လေးရှိရာသို့ စိတ်အားထက်သန်သော အမူအရာဖြင့် လှမ်းကြည့်နေကြသည်။ ထိုသို့ကြည့်နေရာမှ ကာနယ်ဒါကုတ်က လေသံသဲ့သဲ့ဖြင့် ....

"ကာလီဒေဝီ၊ ခင်ဗျားဆီက ကျွန်တော် အကြံဉာဏ်ကောင်း တောင်းရုံတောင်းခဲ့တာပါ။ ဒီလို ခြေလွန် လက်လွန်တဲ့အထိ လုပ်ဖို့ကို ကျွန်တော် မလိုလားပါဘူး" ဟု ပြောလိုက်ရာ မိန်းမလှစရိတက တည်ငြိမ်သော အမူအရာဖြင့် ....

"ဒါတွေ ပြောမနေပါနဲ့ရှင်။ အခုအချိန်မှာ ဂျေဒါဟာ သူ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နေပါပြီ။ ကပ္ပတိန်ပရစ်ချတ်ကို အဆုံးစီရင်ပြီးတာနဲ့ တစ်ပြိုင်နက် ပြတင်းပေါက်ဝကနေပြီး မီးအိမ်နဲ့ အချက်ပြပါလိမ့်မယ်။ စောင့်ကြည့်နေပါ" ဟု ပြောကြားလိုက်သည်။

ဤတွင် ကာနယ်ဒါကုတ်လည်း မည်သို့မှ ပြန်မပြောတော့ဘဲ အသာငြိမ်နေလိုက်သည်။ ကာနယ်ဒါကုတ်ကား စစ်ပွဲပေါင်းများစွာကို နွှဲပျော်ခဲ့ဖူးသူဖြစ်၍ ရန်သူနှင့်မျက်နှာချင်းဆိုင် ယှဉ်ပြိုင်တိုက်ခိုက်ရသော တိုက်ပွဲပေါင်းများစွာကို ကြုံတွေ့ခဲ့ဖူးပေသည်။ ထို့ကြောင့် ရန်သူနှင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်တိုက်ခိုက်ရသော အမှုကိုသာ လိုလားနှစ်သက်၍ ရန်သူအား သွေးအေးအေးဖြင့် ချောင်းမြောင်းလုပ်ကြံရသောအမှုကို လုံးဝ မလိုလား မနှစ်သက်ရုံမက သူရဲဘောကြောင်သည်ဟုပင် မှတ်ထင်ယူဆထားပေသည်။ ထို့ကြောင့်လည်း

http://www.cherrythitsar.org



ကာနယ်ဒါကုတ်သည် မိမိ ပယောဂကြောင့် မိမိ၏ ရန်သူဖြစ်သော ကပ္ပတိန် ပရစ်ချတ် လုပ်ကြံသတ်ဖြတ်ခြင်း ခံရတော့မည့်အရေးကို တွေးတောကာ အသာသက်ပြင်းချလိုက်မိသည်။ ထို့နောက် ....

"ဒီမှာ ကာလီဒေဝီ၊ ကပ္ပတိန်ပရစ်ချတ်ကို ခြေလွန်လက်လွန် မလုပ်ဘဲ နေလို့မရဘူးလားဗျာ" ဟု ပြောလိုက်ရာ မိန်းမလှ စရိတက ကာနယ်ဒါကုတ်၏ မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်ရင်း ....

"ကာနယ်ဒါကုတ်၊ ရှင်ဟာ သိပ်ကိုသူရဲဘောနည်းတဲ့လူပဲ။ ရှင့်နေရာမှာသာ ကပ္ပတိန်ပရစ်ချတ်ရှိနေရင် ရှင့်လို ချီတုံချတုံ လုပ်နေမှာ မဟုတ်ဘူး။ သူကိုယ်တိုင် လူသတ်ကြိုးကိုင်ပြီး ရှင့်ကို ကိုယ်တိုင်ကိုယ်ကျ လာသတ်မှာ။ အင်းလေ ... ကပ္ပတိန်ပရစ်ချတ်ကတော့ ရှင်နဲ့မှ မတူတာ၊ သူက တကယ့်သတ္တိကောင်းတဲ့ လူတစ်ယောက်ကိုး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်က အသာပြုံးရင်း ....

"ကာလီဒေဝီရယ်၊ ကပ္ပတိန်ပရစ်ချတ်ကို ခင်ဗျား တဒင်္ဂလေး တွေ့မြင်ရသေးတာပါ။ ဒါပေမဲ့ ခင်ဗျား ပြောပေါက်ဆိုပေါက်ကတော့ သူ့အကြောင်းကို ရင်းရင်းနှီးနှီး သိထားသလိုပဲ" ဟု ပြောလိုက်ရာ၊ မိန်းမလှ စရိတက ....

"ကျွန်မက ကာလီဒေဝီပဲ။ ဒီတော့ လူတွေရဲ့ စိတ်နေသဘောထားကို မြင်ရုံနဲ့ သိနိုင်တာပေါ့" ဟု ပြောကြားလိုက်ပြီးမှ စိတ်အားထက်သန်သော အမူအရာဖြင့် ....

"ဒီမှာ ကာနယ်၊ ရှင်က ချန္ဒရာပူရီနဲ့ အင်္ဂလိပ်တွေ စစ်မက်ဖြစ်ပွားတာကို လိုလားတယ် မဟုတ်လား။ ဒါကြောင့် အင်္ဂလိပ် စစ်ဗိုလ်ဖြစ်တဲ့ ကပ္ပတိန်ပရစ်ချတ်ရဲ့ အသက်ကိုလုပ်ကြံဖို့ ကျွန်မစေခိုင်းတာပဲ။ ဒီလို ချန္ဒရာပူရီနဲ့ အင်္ဂလိပ်တို့ စစ်မက်ဖြစ်ပွားတဲ့အခါမှာ ရှင်တို့ ပြင်သစ်တွေကလည်း ဝိုင်းပြီး အင်္ဂလိပ်တွေကို ချန္ဒရာပူရီက တိုက်ထုတ်ပေးမယ်။ချန္ဒရာပူရီ လွတ်လပ်သွားတဲ့ အခါမှာတော့ ချန္ဒရာပူရီကို အုပ်စိုးဖို့ ရှင် အခွင့်ပေးမယ်လို့ ကတိပေးခဲ့တယ် မဟုတ်လား။ အင်း ... တကယ်တော့ ချန္ဒရာပူရီဟာ ကာလီမယ်တော်ကြီးရဲ့ လက်နက်နိုင်ငံတော် ဖြစ်ရမယ်။ ကာလီမယ်တော်ကြီးကို ကိုးကွယ်တဲ့လူတိုင်းရဲ့ ခိုလှုံရာဒေသဖြစ်ရမယ်။ ပြီးတော့ ချန္ဒရာပူရီရဲ့ဧကရီသခင်မအဖြစ် ကျွန်မ အုပ်စိုးရမယ်" ဟု ပြောကြားသည်။

ထိုသို့ပြောကြားနေခိုက်တွင် မိန်းမလှစရိတ၏ မျက်လုံးအစုံသည် အရောင်တဖျတ်ဖျတ် တောက်နေသည်။ မျက်နှာထားလည်း တင်းမာနေသည်။ လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ထို့နောက် လေးနက်တည်ငြိမ်သော အသံဖြင့် ...

http://www.cherrythitsar.org



"ချန္ဒရာပူရီမှာ ဘယ်ဘုရင်မှ မရှိရဘူး။ ကျွန်မလေးစားရိုသေပြီး အမိန့်နာခံရမယ့် သူဆိုလို့ တစ်ယောက်မှ မရှိစေရဘူး။ ချန္ဒရာပူရီမှာ ကျွန်မဟာ ဧကရီသခင်မဖြစ်ရမယ်။ ကျွန်မရဲ့စကားကို လူတိုင်းနားထောင်ရမယ်။ ကျွန်မကို ကာလီမယ်တော်ကြီးလို လူတိုင်းဦးညွှတ်ကန်တော့ရမယ်" ဟုပြောကြားသည်။

ဤသို့ ပြောကြားနေခိုက်တွင် ကာနယ်ဒါကုတ်လည်း မိန်းမလှ စရိတာကို 'စိတ်မှန့်ပါလေစ' ဟူသော အမူအရာဖြင့် စိုက်ကြည့်နေရှာသည်။ ကာနယ်ဒါကုတ်သည် တန်ခိုးအာဏာကို ငမ်းငမ်းတက် တပ်မက်သော သူ ပေါင်းများစွာကို တွေ့ခဲ့ဖူးပါ၏။ သို့သော် ဤမိန်းမကဲ့သို့ တန်ခိုးအာဏာကို ငမ်းငမ်းတက် တပ်မက်သော သူမျိုးကိုကား တစ်ရံတစ်ဆစ်မှ မတွေ့ဖူးပေ။ ဤမိန်းမသည် ချန္ဒရာပူရီတွင် ဘုရင်ရှိရင်ဂါ–လားကဲ့သို့ တန်ခိုးအာဏာနှင့် ပြည့်စုံသူဖြစ်၏။ သို့သော် ဤမိန်းမကား ထိုမျှနှင့် မတင်းတိမ်၊ မရောင့်ရဲနိုင်ပါ တကား။

ကာနယ်ဒါကုတ်လည်း ဤသို့တွေးတောကာ အသာသက်ပြင်းချ လိုက်၏။ ထိုအခိုက်တွင် မိန်းမလှစရိတာက ....

"ဒီမှာ ကာနယ်ဒါကုတ်၊ ရှင်ပေးထားတဲ့ ကတိအတိုင်း တည်ပါစေ နော်၊ ကတိမတည်ဘဲ ကတိပျက်တာနဲ့တစ်ပြိုင်နက် ရှင် အသေဆိုးနဲ့ သေရပြီ သာ မှတ်ပေတော့။ ရှင် ... ဘယ်နေရာကိုပဲ ရှောင်ပြေးရှောင်ပြေး ကာလီ မယ်တော်ကြီးရဲ့ သေခြင်းတရားနဲ့ မလွတ်ဘူးဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားပါ" ဟု ကြိမ်းဝါးပြောဆိုသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ကျုပ် ပေးထားတဲ့ ကတိဘယ်တော့မှ မဖျက်ပါဘူး။ မဒရပ်က အင်္ဂလိပ်တပ်မှာရှိနေတဲ့ ကျုပ်တို့ဘက်တော်သား အင်္ဂလိပ် သူလျှိုနဲ့တောင် ခင်ဗျားကို တွေ့ပေးခဲ့တယ် မဟုတ်လား။ အဲဒီအင်္ဂလိပ်သူလျှိုကလည်း ကျုပ် ပေးတဲ့ ကတိစကားကိုပဲ ခင်ဗျားကို ပေးခဲ့တယ် မဟုတ်လား။ ဘာကြောင့်များ ခင်ဗျားက ယုံမှား သင်္ကာမကင်းဖြစ်နေရတာလဲ" ဟု ပြောကြားလိုက်ရာ မိန်းမ လှစရိတာက ....

"အင်းလေ ... ရှင်ဟာ ကတိတည်တဲ့လူတစ်ယောက် ဖြစ်မယ်လို့ တော့ မျှော်လင့်ရတာပဲ။ တကယ်လို့ ရှင်ကတိမတည်ဘဲ ကတိပျက်ရင် ရှင်ရော၊ ရှင်တို့ တိုင်းပြည်ပါ ဘေးဒုက္ခရောက်အောင် စွမ်းနိုင်တဲ့ အစွမ်းသတ္တိမျိုး ကျွန်မ မှာ ရှိပါတယ်။ ဒီအချက်ကိုတော့ ရှင် ဘယ်တော့မှ မမေ့ပါနဲ့" ဟု ပြောကြား သည်။

http://www.cherrythitsar.org



ထိုသို့ပြောကြားရာမှ ဖျတ်ခနဲ သတိရဟန်ဖြင့် ကပ္ပတိန်ပရစ်ချတ်၏ အိမ်ဘေးရှိရာသို့ စိုးရိမ်မကင်းသည့် အမူအရာဖြင့် လှမ်းကြည့်ရင်း ....

"ဘုရားရေ၊ ကပ္ပတိန်ပရစ်ချတ်ကို လုပ်ကြံဖို့သွားတဲ့ ဂျေဒါတစ်ယောက်လည်း ဘာများဖြစ်နေပါလိမ့်။ အခုထက်ထိ အချက်ပြမီး မပြသေးပါလား" ဟု ရေရွတ်လိုက်သည်။

ကပ္ပတိန်ပရစ်ချတ်လည်း မိမိ၏လည်ပင်းကို လူသတ်သမားက ကြိုးဖြင့် ဖျတ်ခနဲ ရစ်ပတ်လိုက်ချိန်တွင် ဆတ်ခနဲ လန့်နိုးလာသည်။ ထိုသို့ လန့်နိုးသည်နှင့်တစ်ပြိုင်နက် လေ့ကျင့်ထားသော စစ်သားကောင်းပီပီ မိမိလည်ပင်းတွင် ရစ်ပတ်နေသော ကြိုးစကို ကိုင်ထားသည့် လူသတ်သမားရှိရာသို့ ကိုယ်ကိုလှိမ့်ဝင်လိုက်သည်။ ထိုအခါ လည်ပင်း၌ ရစ်ပတ်နေသော ကြိုးစသည် အတန်ငယ် လျော့သွားသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် လူသတ်သမားရှိရာသို့ လွှားခနဲ ခုန်ဝင်လိုက်ပြီးလျှင် လူသတ်သမား၏ လည်တိုင်ကို သန်စွမ်းကြံ့ခိုင်လှသော လက်နှစ်ဖက်ဖြင့် တအားကုန် ဖျစ်ညှစ်လိုက်တော့သည်။ ထိုအခါ ပိန်ပိန်ပါးပါး လူသတ်သမားလည်း ကော်ဇောအခင်းပေါ်သို့ ဝုန်းခနဲ ထိုးကျသွားသည်။ ဤတွင် လူသတ်သမားလည်း ဒေါသတကြီးဖြင့် တအားဆောင့်ရုန်းကာ အပြင်ဖက်သို့ တအားကုန် ပြေးသွားတော့သည်။ ကပ္ပတိန်ပရစ်ချတ် လည်း လူသတ်သမားနောက်သို့ တဟုန်ထိုးပြေးလိုက်ရာ အိပ်ခန်းတံခါးဝအနီး တွင် လူသတ်သမားနှင့် ကပ္ပတိန်ပရစ်ချတ်တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ပြင်းပြင်းထန်ထန် လုံးထွေးသတ်ပုတ်ကြတော့သည်။

ကပ္ပတိန်ပရစ်ချတ်မှာ လူသတ်သမားနှင့် နှိုင်းယှဉ်ပါက မယှဉ်သာအောင် ခွန်အားဗလကြီးမားလှရကား လူသတ်သမားမှာ မကြာမီ ကပ္ပတိန်ပရစ်ချတ်၏အောက်၌ ပြားပြားဝပ်သွားတော့သည်။ ကပ္ပတိန်ပရစ်ချတ်လည်း လူသတ်သမား၏ခါးကို လက်မောင်းအိုးကြီးဖြင့် ဒေါသတကြီး ရစ်ပတ်ပြီး တအားကုန် ဖျစ်ညှစ်လိုက်ရာ ဂွတ်ခနဲ မြည်သံကြီး ထွက်ပေါ်လာပြီးနောက်၊ လူသတ်သမားလည်း မလှုပ်ရှားနိုင်တော့ဘဲ ပျော့ခွေကျသွားတော့သည်။ လူသတ်သမားကား ခါးရိုးကျိုးကာ အသက်ပျောက်သွားရှာပေပြီတကား။

ကပ္ပတိန်ပရစ်ချတ်လည်း မိမိလက်ချက်ဖြင့် အသက်ပျောက်သွားသော လူသတ်သမားကို တွေတွေကြီး စိုက်ကြည့်နေမိသည်။ ထိုအခိုက်တွင် မိမိရှိရာသို့ အော်ဟစ်ပြီး ပြေးလွှားလာကြသော အစောင့်စစ်သည်တို့၏ ခြေသံများကို ကြားရသည်။ မကြာမီ နန်းတွင်းကိုယ်ရံတော်တပ်မှူးနှင့် စစ်သည်များ ရောက်လာပြီး၊ ကော်ဇောအခင်းထက်၌ အသက်ပျောက်နေသော လူတစ်

http://www.cherrythitsar.org



ယောက်နှင့် ထိုသူအပါး၌ မားမားမတ်မတ် ရပ်နေသော ကပ္ပတိန်ပရစ်ချတ်တို့ကို တအံ့တဩ ငေးမောကြည့်နေကြသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဟောဒီလူကို သေစေချင်တဲ့ ဆန္ဒနဲ့ သတ်တာ မဟုတ်ပါဘူးဗျာ။ ကိုယ့်အသက်ကို ကာကွယ်ရင်းနဲ့ လက်လွန်သွားတာပါ" ဟု ပြောလိုက်သည်။

ထိုအခိုက်တွင်ပင် အခြားစစ်သည်များ ရောက်ရှိလာကြရာ မကြာမီ အိမ်တစ်အိမ်လုံး လူများ ပြည့်သွားတော့သည်။ ထိုလူများလည်း အံ့သြကြောက်ရွံ့သည် အမူအရာဖြင့် အချင်းချင်း တိုးတိုးတိုးတိုး စကားပြောနေကြသည်။ ထိုအခိုက်တွင်ပင် ဝန်ကြီးချုပ် ရာမ်ကုမာရီလည်း ဒရောသောပါး အပြေးအလွှား ရောက်လာရာ ကပ္ပတိန်ပရစ်ချတ်က ....

"ရာမ်ကုမာရီ" ဟု ဝမ်းသာအားရ အော်ခေါ်လိုက်သည်။ ထို့နောက် ဝန်ကြီးချုပ် ရာမ်ကုမာရီအား အကျိုးအကြောင်းရှင်းပြရာ ဝန်ကြီးချုပ် ရာမ်ကုမာရီလည်း ကပ္ပတိန်ပရစ်ချတ်ကို စိန်းစိန်းကြည့်ရင်း ....

"မောင် ဒီလိုခွန်အားဗလကောင်းတာဟာ သီဝနတ်ဘုရားက ဆုမွန်ကောင်း ပေးသနားတော်မူတဲ့အတွက် ဖြစ်တယ်။ ဦးတို့အရှင်ဘုရင်ရှီရင်ဂါ–လားသာ မောင်သေကံမရောက် သက်မပျောက်တဲ့ အကြောင်းကိုသိရင် သိပ်ဝမ်းသာမှာပဲ" ဟုပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဦးရယ် ... ဘုရင်ရှီရင်ဂါ–လားကို အခု အဖြစ်အပျက်ကို သွားရောက်သံတော်ဦးတင်ရမလား" ဟု မေးလိုက်ရာ ဝန်ကြီးချုပ် ရာမ်ကုမာရီက

"တင်သင့်တာပေါ့ မောင်ရယ်။ မောင်ကိုယ်တိုင်ပဲ ကိုယ်တိုင်ကိုယ်ကျ သံတော်ဦးတင်သင့်တာပေါ့" ဟု ပြောကြားလိုက်သည်။

ထို့နောက် ဝန်ကြီးချုပ် ရာမ်ကုမာရီသည် ကပ္ပတိန်ပရစ်ချတ်ကို ခေါ်ကာ နန်းဥယျာဉ်တော်တွင်းကို ဖြတ်ပြီး ဘုရင်ရှီရင်ဂါ–လား၏ အဆောင်တော်သို့ ထွက်ခွာလာခဲ့သည်။ ထိုအချိန်၌ အရှေ့ဖက် မိုးကောင်းကင်သည် ရောင်ခြည်ပျို့လျက်နေပေပြီ။ အရုဏ်ကျင်း၍ အလင်းရောင်တောင် လာနေပါပကော။

ချန္ဒရာပူရီဘုရင်ရှီရင်ဂါ–လားသည် ရွှေသလွန်ထက်၌ စံပယ်နေရာမှ ဝန်ကြီးချုပ် ရာမ်ကုမာရီနှင့် ကပ္ပတိန်ပရစ်ချတ်တို့ လျှောက်တင်သမျှကို စိတ်အားထက်သန်စွာ နားထောင်နေသည်။ ဝန်ကြီးချုပ် ရာမ်ကုမာရီက ....

http://www.cherrythitsar.org



“ကပ္ပတိန်ပရစ်ချတ်ကို လုပ်ကြံတဲ့သူဟာ သာင်ဂိုဏ်းသားတစ်ယောက်ပါပဲ။ ဒါပေမဲ့ ကပ္ပတိန်ပရစ်ချတ်က သတိဝီရိယရှိရုံမကဘူး၊ အသတ်အပုတ်လည်း ကျွမ်းကျင်တဲ့အတွက် ရည်ရွယ်ချက်မအောင်မြင်ဘဲ အသက်ဆုံးရှုံးသွားရှာပါတယ်” ဟု ပြောကြားရာ ချန္ဒရာပူရီဘုရင်က ....

“အင်း ... ဒီကိစ္စမှာတော့ စရိတ အတော်လွန်တယ်” ဟု မှတ်ချက်ချလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း အလွန်အမင်း စိတ်ဝင်စားသွားပြီး

“စရိတ ဆိုတာ ကာလီဒေဝီဆိုတဲ့ မိန်းမလှလေး မဟုတ်လား။ ဘာဖြစ်လို့ ကာလီဒေဝီက ကျွန်တော်မျိုးရဲ့ အသက်ကို လုပ်ကြံရတာလဲ။ ကာလီဒေဝီ အကျိုးမဲ့ရာ အကျိုးမဲ့ကြောင်းလည်း ကျွန်တော်မျိုး ဘာတစ်ခုမှ မလုပ်ခဲ့ရပါကလား။ မနေ့ညကတော့ ကာလီဒေဝီကို အပြောကြီးတဲ့အတွက် လှောင်ရယ်ရယ်ခဲ့မိပါတယ်။ ဒီလိုရယ်မိတဲ့အတွက်တော့ အသက်ကိုလုပ်ကြံတာ မဟုတ်နိုင်ပါဘူး” ဟု ပြောလိုက်ရာ ချန္ဒရာပူရီဘုရင်က ....

“မောင်မင်းရဲ့ အသက်ကို လုပ်ကြံတာဟာ အကြောင်းရှိတယ်ကွယ့်။ မောင်မင်းဟာ ကျုပ်ရဲ့ ဧည့်သည်တော်တစ်ဦး မဟုတ်လား။ ဒီတော့ မောင်မင်းလုပ်ကြံခံရတာနဲ့ တစ်ပြိုင်နက်၊ မဒရပ်ဘုရင်ခံ ရောဘတ်ကလစ်က ကျုပ်အပေါ်ဘယ်လိုသဘောထားမလဲ။ အင်္ဂလိပ်အစိုးရက ကျုပ်အပေါ်ကို ဘယ်လိုသဘောထားမလဲ။ စေ့စေ့တွေးရင် ရေးရေးပေါ်ပါတယ်ကွယ်။ မောင်မင်းလုပ်ကြံခံရတာနဲ့ တစ်ပြိုင်နက် မဒရပ်နဲ့ ချန္ဒရာပူရီတို့ဟာ မဟာမိတ်အဖြစ်က ရန်သူအဖြစ် ပြောင်းသွားပါလိမ့်မယ်။ ပြီးတော့ ကိုယ့်ဧည့်သည်ရဲ့ အသက်ကို မကာကွယ်နိုင်တဲ့ အပြစ်ကြောင့် ဟိုက်ဒရာဗတ်နဲ့ မိုက်ဆိုနယ်က မဟာရာဇာတွေကလည်း ကျုပ်ကို အကူအညီပေးကြမှာ မဟုတ်ဘူး။ ဒီတော့ ကျုပ်ဟာ စစ်ပွဲမှာ မရှုမလှ ရှုံးပြီး ထီးနန်းစွန့်ရလိမ့်မယ်ကွယ်” ဟု မိန့်ကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း အတန်ကြာအောင် တွေဝေစဉ်းစားနေရာ ယမန်နေ့ညက နန်းဥယျာဉ်တော်တွင်းရှိ မှောင်ရိပ်တစ်နေရာ၌ ကာလီဒေဝီနှင့် ပြင်သစ်အရာရှိ ကာနယ်ဒါကုတ်တို့အတူတကွ တပူးတွဲတွဲ ရှိနေသည့်အဖြစ်ကို ဖျတ်ခနဲ အမှတ်ရလာသည်။ ဤတွင် မိမိအသက်ကို လုပ်ကြံဖို့စေခိုင်းလှုံ့ဆော်သူမှာ ပြင်သစ်အရာရှိ ကာနယ်ဒါကုတ်သာ ဖြစ်ရမယ်ဟု တွေးတောက ချန္ဒရာပူရီဘုရင်ကို အသာဦးညွတ်ရင်း ....

“အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့အသက်ကို လုပ်ကြံတဲ့အမှုမှာ အရှင့်ရဲ့ ပယောဂမပါဘူးဆိုတာ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ဒီအတွက်လည်း

http://www.cherrythitsar.org



အရှင့်ကို အတိုင်းမသိကျေးဇူးတင်ပါတယ်။ ဒီနေ့ကစပြီး ကျွန်တော်မျိုး အထူး သတိဝီရိယ ထားပြီးနေပါ့မယ်” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ချန္ဒရာပူရီဘုရင်က အသာပြုံးရင်း ....

“မှန်ပေတယ် မောင်မင်း၊ မောင်မင်းသေးမသီ ရန်မခဖို့ဟာ မောင်မင်း အတွက် အရေးကြီးသလို ကျုပ်အတွက်လည်း အထူးအရေးကြီးပေတယ်။ ကျုပ်ရဲ့ ထီးနန်းစည်းစိမ်အတွက်ရော ကျုပ်ရဲ့ ဂုဏ်သိက္ခာအတွက်ရော အရေး ကြီးပေတယ်။ ဒီတော့ မောင်မင်း သေးမသီရန်မခရလေအောင် မောင်မင်း သွား လေရာမှာ စောင့်ရှောက်ဖို့အတွက် လက်နက်ကိုင်ကိုယ်ရံတော် တစ်ယောက်ကို ထားပေးရလိမ့်မယ်” ဟု မိန့်ကြားလိုက်သည်။

ဤတွက် ကပ္ပတိန်ပရစ်ချတ်လည်း မိမိနောက်သို့ အရိပ်ပမာ တကောက်ကောက်လိုက်နေသူ တစ်ဦးရှိနေပါက အသွားအလာ အနေအထိုင် မလွတ်လပ်မည့်အဖြစ်ကို တွေးတောမိကာ ငြင်းပယ်ရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်တွင် ချန္ဒရာပူရီဘုရင်က ....

“မငြင်းပါနဲ့ကွယ်။ ကျုပ်အပေါ်မှာ မောင်မင်းရဲ့ ကျေးဇူးကရှိနေတော့ မောင်မင်း ကတိမ်းကပါးဖြစ်သွားမှာကို လုံးဝမလိုလားပါဘူး” ဟု ပြောကြား ရာ ကပ္ပတိန်ပရစ်ချတ်က ....

“ဒီလိုဆိုရင် ကျွန်တော်မျိုးရဲ့ ကိုယ်ရံတော်အဖြစ် အဂ္ဂါဆင်းကို ခန့် အပ်တော်မူပါ” ဟု လျှောက်တင်လိုက်၏။

ထိုအခါ ချန္ဒရာပူရီဘုရင်က ဝန်ကြီးချုပ် ရာမ်ကုမာရီကို လှမ်းကြည့် လိုက်ရာ ဝန်ကြီးချုပ် ရာမ်ကုမာရီက .... “အဂ္ဂါဆင်းဆိုတာ ဆစ်လူမျိုး စစ် သည်တော် တစ်ဦးပါ။ တိုက်ရည် ခိုက်ရည်နဲ့ ပြည့်စုံပြီး ကပ္ပတိန်ပရစ်ချတ်နဲ့ လည်း အကျွမ်းဝင်တဲ့သူ ဖြစ်ပါတယ်” ဟု လျှောက်တင်လိုက်၏။

ထိုအခါ ချန္ဒရာပူရီဘုရင်က ....

“ကိုင်း ... ဒီလိုဆိုရင် အဂ္ဂါဆင်းကိုပဲ ကိုယ်ရံတော်အဖြစ် ခန့်လိုက် ပါမယ်” ဟု မိန့်ကြားပြီးမှ အပါးရှိ ကြေးသေတ္တာရှည်ကို လှမ်းယူလိုက်သည်။ ထို့နောက် ....

“ကပ္ပတိန်ပရစ်ချတ်၊ မောင်မင်းဟာ ကျုပ်နဲ့ စုလျားရစ်ပတ်လက်ထပ် မယ့် ဘာလီမဟာရာဇာရဲ့ သမီးတော်လေးကို မောင်မင်းကယ်တင်ခဲ့တဲ့အတွက် ဘာရီမဟာလီ မဟာရာဇာက ကျောက်မျက်ရတနာတွေကို ဆုတော်ချခဲ့တယ်။ ဒါကြောင့် ရဲဆုအဖြစ် ကျောက်မျက်ရတနာတွေကို ကျုပ်အနေနဲ့ထပ်မံပြီး ဆုချ ဖို့ မလိုတော့ဘူးထင်တယ်။ ဒါကြောင့် ဟောဒီ ရတနာရွှေဓားကိုပဲ ရဲဆုအဖြစ် ဆုချပါရစေ” ဟုပြောကာ ကြေးသေတ္တာကို ဖွင့်ကာ ဓားကိုဆွဲယူလိုက်သည်။

http://www.cherrythitsar.org



ချန္ဒရာပူရီဘုရင်ထုတ်ယူလိုက်သော ဓားကြီးမှာ ဓားရိုးနှင့် ဓားအိမ်၌ စိန်အပြည့် စီထားရကား စိန်ရောင်တို့ တဖျတ်ဖျတ် တောက်နေလေသည်။ ထိုဓားကြီးကို ဓားအိမ်မှ ဆွဲထုတ်လိုက်ရာ ဓားသွားမှာ ပြာလဲ့လဲ့ အရောင် တောက်နေပြီး ဓားသွားပေါ်၌ အာရေဗျ အက္ခရာစာတန်းတစ်ခု ရေးထိုးထား သည်ကို မြင်ရသည်။ ဤဓားကြီးကာ ကမ္ဘာပေါ်တွင် အကောင်းဆုံးဓားကြီး တစ်လက်ဖြစ်ပြီး ဓားရိုးနှင့် ဓားအိမ်၌ စီထားသောစိန်တို့၏ တန်ဖိုးမပါဘဲ တွက်သည့်တိုင်အောင် အဖိုးတစ်သိန်းကျော်ထိုက်တန်မည်ဖြစ်ကြောင်း ကပ္ပတိန်ပရစ်ချတ် မှန်းဆတွေးတောကာ ရင်ခုန်နေမိသည်။

ထိုအခိုက်တွင် ချန္ဒရာပူရီဘုရင်က ....

"ဟောဒီဓားကြီးဟာ ချန္ဒရာပူရီမှာရှိတဲ့ ဓားတွေအနက် အကောင်း ဆုံး ဓားကြီးပါ။ ပါရှားလို 'ယာ–အီ–ဝါဖာဒါ' လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်က တော့ ကလျာဏမိတ္တပါတဲ့၊ မောင်မင်းနဲ့ ကျုပ်တို့ရဲ့ ရာသက်ပန်မိတ်ဆွေအဖြစ် ကို ရည်မှန်းပြီး ကလျာဏမိတ္တဓားကြီးကို မောင်မင်းကို ပေးသနားပါတယ်" ဟု မိန့်ကြားရင်း ဓားကြီးကို ကမ်းပေးသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ကလျာဏမိတ္တကို စိတ်အားထက် သန်စွာ ကမ်းယူရပြီး .... "ကျွန်တော်မျိုးဟာ အရှင်မင်းကြီးရဲ့ ရာသက်ပန် မိတ်ဆွေကောင်း ဖြစ်ရပါစေ့မယ်" ဟု ပြောကြားလျှောက်တင်လိုက်သည်။

ချန္ဒရာပူရီဘုရင်လည်း ကပ္ပတိန်ပရစ်ချတ်၏ ဝမ်းသာရွှင်လန်းနေ သော အမူအရာကို ပြုံးပြုံးကြီး ကြည့်နေရာမှ ဝန်ကြီးချုပ် ရာမ်ကုမာရီဖက်သို့ ဆတ်ခနဲ လှည့်ကာ ....

"ဒါထက် ရာမ်ကုမာရီ။ မင်းသမီးလေး မူဟာရီက လက်ဆောင် တော်အဖြစ် ကျုပ်ပေးသနားလိုက်တဲ့ ရတနာ လက်ဝတ်တော်များကို နှစ်ခြိုက် တော်မူရဲ့လား" ဟု မေးလိုက်သည်။

မင်းသမီးလေး မူဟာရီ၏ အမည်နာမကို ကြားရသည့်ခဏ၌ ကပ္ပတိန် ပရစ်ချတ်၏ ပြုံးရွှင်နေသော မျက်နှာသည် ရုတ်ချည်းညှိုးကျသွား သည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေပြန်ဆည်လိုက်ပြီးလျှင် ချန္ဒရာပူရီဘုရင်ကို ဦးညွှတ်ကာ ရှေ့တော်မှောက်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။

မွန်းလွဲနေရောင်ခြည်အောက်တွင် ဓားသမား နှစ်ဦးတို့သည် အသွား တုံးသော ဓားကောက်ကြီးများနှင့် တစ်ဦးကိုတစ်ဦး ထိုးလိုက်ခုတ်လိုက် ရှောင် လိုက်တိမ်းလိုက်ဖြင့် သဲသဲမဲမဲ ဓားရေးလေ့ကျင့်နေကြသည်။ ဓားသမားတစ်ဦး ကား ကပ္ပတိန်ပရစ်ချတ်ဖြစ်၍ ကျန်တစ်ဦးမှာ ကိုယ်ရံတော်တပ်ဖွဲ့မှ ဓားသိုင်း ဆရာကြီး ဖြစ်သည်။

http://www.cherrythitsar.org



ကပ္ပတိန်ပရစ်ချတ်နှင့် ဓားသိုင်းဆရာကြီးတို့သည် ရွှေနန်းတော်တွင်းရှိ မြက်ခင်းပြင်ထက်၌ နေ့စဉ်ပင် ဓားရေးကို ပြင်းပြင်းထန်ထန် လေ့ကျင့်နေခဲ့ကြသည်။ ယနေ့တွင်ပင် ဓားရေးကို ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြရာ နှစ်ဦးစလုံးပင် ပင်ပန်းမောဟိုက်နေကြသည်။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်၏ အဟုန်ပြင်းစွာ ထိုးခုတ်လိုက်သော ဓားချက်ကြောင့် ဓားသိုင်းဆရာကြီး၏ ဓားသည် လက်မှလွတ်ထွက်သွားပြီး မလှမ်းမကမ်းရှိ မြေပြင်ထက်ရှိ သွားစိုက်နေသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်၏ သီးသန့်ကိုယ်ရံတော် ဖြစ်နေသော ဆစ်လူမျိုးအင်္ဂါဆင်းလည်း ဝမ်းသာအားရ ပြုံးလိုက်ပြီးလျှင် ဓားကို သွားကောက်ပြီး ဓားသိုင်းဆရာကြီးကို သွားပေးရာ ဓားသိုင်းဆရာကြီးက အသာခေါင်းကို ယမ်းရင်း ....

"ဒီနေ့အဖို့တော့ ဓားရေးကျင့်တာ တော်လောက်ပါပြီကွယ်၊ ငါ့ရဲ့လက်တွေတောင် အံသေနေပါပြီ" ဟု ပြောကြားလိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်အား အံ့ဩချီးကျူးသော အမူအရာဖြင့် လှမ်းကြည့်ရင်း....

"မောင်ကတော့ ကျုပ်လို မဟုတ်ဘူး။ တယ်လည်း အမောအပန်းခံနိုင်တာပဲ၊ ပြီးတော့ ဓားရေးလည်း ကျုပ်ထက်သာပါပေတယ်။ တကယ့်ဓားကောင်းနဲ့သာဆိုရင် ကျုပ်ဖြင့် ဆယ်ခါပြန်တောင်သေနေပြီဟု ချီးကျူးစကားပြောကြားသည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်ကို နှုတ်ဆက်ပြီး လက်နက်တိုက်ရှိရာဖက်သို့ လျှောက်သွားသည်။

ထိုအခိုက်တွင် စကြံကုန်းအောက်ဖက်မှနေ၍ ကပ္ပတိန်ပရစ်ချတ်တို့ရှိရာသို့ကာလီဒေဝီ မိန်းမလှ စရိတသည် ခပ်နွဲ့နွဲ့လေး လျှောက်လာသည်။

မိန်းမလှ စရိတကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အင်္ဂါဆင်းလည်း ခါးတွင် ချိတ်ထားသော ဓားမြှောင်ရိုးပေါ်သို့ လက်ကို အသာတင်လိုက်သည်။ မိန်းမလှစရိတလည်း အင်္ဂါဆင်းကို စိန်းစိန်းကြည့်ရင်း ....

"ဆစ် ရှင်ဟာ သိပ်သတ္တိကောင်းတဲ့ လူတစ်ယောက်ပါလား။ ချန္ဒရာပူရီမှာ ရှိတဲ့ လူတွေဟာ ကျွန်မဒေါသအမျက် ထွက်စေမယ့် အမူမျိုးကို ရှင့်လိုမလုပ်ဝံ့ကြပါဘူး" ဟု ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က အသာရယ်မောရင်း ....

"ခင်ဗျား အမျက်မထွက်အောင် နေလို့ကော ဘာများ အကြောင်းထူးပါမလဲ။ ခင်ဗျား စိတ်အခန့်မသင့်တဲ့ လူတိုင်းကို လုပ်ကြံသတ်ဖြတ်ဖို့ ခင်ဗျားစေခိုင်းနေကျ မဟုတ်လား။ ပြီးတော့ အင်္ဂါဆင်းမှာ ကျုပ်ရဲ့ အသက်ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိနေတယ်လေ" ဟု ပြောကြားရာ မိန်းမလှ စရိတ

က "အဂ္ဂါဆင်းအကြောင်းကို ကျွန်မ သိပြီးသားပါ။ အဂ္ဂါဆင်းအကြောင်းသာ မဟုတ်ပါဘူး ချန္ဒရာပူရီမှာ ဖြစ်ပျက်သမျှ အကြောင်းအရာတွေကို ကျွန်မ အားလုံး သိပါတယ်။ အခု ရှင့်ဆီကို ကျွန်မလာတာက ရှင်နဲ့ နှစ်ကိုယ်ချင်း စကားပြောချင်လို့ပါ" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း အဂ္ဂါဆင်းဖက်သို့ လှည့်ကာ...

"အဂ္ဂါဆင်းရေ၊ ကျွန်တော့် အခန်းကို ခင်ဗျား ပြန်နှင့်ပေတော့၊ ကျွန်တော်နဲ့ ဟောဒီမိန်းမလှလေးတို့ နှစ်ကိုယ်ချင်း စကားပြောစရာရှိနေတယ်" ဟု ပြောကြားလိုက်သည်။

ဤတွင် အဂ္ဂါဆင်းလည်း ကပ္ပတိန်ပရစ်ချတ်ကို စိတ်မချသည့် အမူအရာဖြင့် စောင်းငန်းစောင်းငန်း ကြည့်ပြီးနောက် ထွက်ခွာသွားတော့သည်။

အဂ္ဂါဆင်း ထွက်သွားသည်နှင့် တစ်ပြိုင်နက် မိန်းမလှလေး စရိတာက ကပ္ပတိန်ပရစ်ချတ်ကို ညို့မျက်လုံးကြီးဖြင့် စိုက်ကြည့်ရင်း ....

"ကျွန်မတို့ ဥယျာဉ်တော်ဖက်ကို လမ်းလျှောက်သွားကြရအောင် အဲဒီမှာ အေးအေးလူလူ စကားစမြည် ပြောကြတာပေါ့" ဟု ပြောကြားကာ ကပ္ပတိန်ပရစ်ချတ်၏ လက်မောင်းကို ကန့်ကလျ လှမ်းကိုင်လိုက်သည်။

ထို့နောက် ဥယျာဉ်တော်ဖက်သို့ အတူလျှောက်လာကြပြီးနောက် လူသူကင်းရှင်းသော စပယ်ခြုံတန်းအနီးတွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။ ထိုသို့ ထိုင်ပြီးသောအခါ မိန်းမလှစရိတာက ....

"ဟောဒီ ဥယျာဉ်ကြီးဟာ သိပ်ကို သာယာတာပဲနော်" ဟု ပြောလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"ကျွန်တော့်ကို ခင်ဗျားခေါ်လာတာဟာ ဥယျာဉ်တော်အကြောင်းကို ချီးမွမ်းခန်းဖွင့်ဖို့တော့ မဟုတ်ပါဘူးနော်" ဟု ပြောလိုက်သည်။

ထိုအခါ မိန်းမလှစရိတလည်း ကပ္ပတိန်ပရစ်ချတ်၏ ဖုထစ်လုံးကြွသော လက်မောင်းအိုးကြီးကို လက်ဖြင့် ပွတ်သပ်ဆုပ်နယ်ရင်း ....

"ကပ္ပတိန်ပရစ်ချတ်ရယ် ရှင်ဟာ သိပ်ကို အားသန်တာပဲနော်၊ သာဂ်ဂိုဏ်းသားတစ်ယောက်ကို ခါးကျိုးသေအောင် လက်ချည်းသက်သက်ဖြင့် ရှင်မို့လို့ သတ်ပုတ်နိုင်တာ" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က အသာပြုံးကာ ....

"လူသန်ကြီးဆမ်ဆန်ကိုလည်း မိန်းမလှလေး ဒလိုင်လာက ဒီလို စကားမျိုး ပြောခဲ့တာပါပဲ၊ နောက်ဆုံးမှာတော့ လူသန်ကြီး ဆမ်ဆန်ဟာ မိန်းမလှလေး ဒလိုင်လာကြောင့် ဘေးဒုက္ခရောက်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်

http://www.cherrythitsar.org



လည်း ချီးကျူးလောက်တဲ့ လူသန်ကြီးတစ်ယောက် မဟုတ်ပါဘူး" ဟု ပြော ကြားလိုက်ရာ မိန်းမလှလေး စရိတာက မျက်စောင်းဆတ်ခနဲ ထိုးလိုက်ရင်း....

"ကျွန်မက မိန်းမလှလေးဒလိုင်လာလို ရှင့်ကို ဒုက္ခမပေးပါဘူး ရှင်" ဟု ပြောကြားပြီးမှ ....

"ဒါထက် ရှင်စွဲလမ်းစုံမက်နေတဲ့ မင်းသမီး မူဟာရီကို ရှင် အမှတ်ရ နေတုန်းပဲလား" ဟု မေးလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က အံ့အားသင့်သည့် အမူအရာဖြင့် မိန်းမ လှ စရိတာကို ငေးကြည့်ရင်း ....

"သတိရတာပေါ့ဗျာ၊ ဘယ်မေ့နိုင်ပါ့မလဲ၊ ဒါပေမဲ့ မင်းသမီး မူဟာရီ က ချန္ဒရာပူရီဘုရင်နဲ့ မကြာခင် စုလျားရစ်ပတ် လက်ထပ်ရတော့မှာပါ။ ဒီတော့ မင်းသမီးလေး မူဟာရီကို ကျွန်တော် မေ့နိုင်အောင် အတင်းကြိုးစားနေရတာ ပေါ့" ဟု ပြောကြားလိုက်သည်။

ဤတွင် မိန်းမလှ စရိတာလည်း ကပ္ပတိန်ပရစ်ချတ်၏မျက်နှာကို ညို့မျက်လုံးအစုံဖြင့် ရွှန်းရွှန်းစားစား စိုက်ကြည့်ရာမှ လေသံလေးဖြင့် ....

"ကပ္ပတိန်ပရစ်ချတ်ရယ် ရှင်သဘောတူမယ်ဆိုရင်တော့ မင်းသမီး လေး မူဟာရီကို ရှင်မေ့သွားနိုင်အောင် ကျွန်မ ကူညီပါရစေလား" ဟု ခပ်တိုး တိုးလေး ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း အသာရယ်မောလိုက်ပြီးလျှင် မိမိ အပါး၌ ကပ်ပြီးညို့မြူနေသော မိန်းမလှစရိတာ၏ ကိုယ်လုံးကျစ်ကျစ်လေးကို တင်းတင်းကြပ်ကြပ် ဖက်လိုက်သည်။ ထို့နောက် ပြည့်ဖြိုးမို့တင်းနေသော နှုတ်ခမ်းနီထွေးထွေးကို အတန်ကြာအောင် အငမ်းမရနမ်းစုတ်နေလိုက်သည်။ ထို့နောက် ကာလီဒေဝီ၏ ကိုယ်လုံးလေးကို အသာလျော့ဖြေပေးရင်း ....

"မင်းသမီးမူဟာရီကို မေ့သွားအောင် ခင်ဗျား မစွမ်းဆောင်နိုင်ပါဘူး" ဟု ပြောလိုက်ရာ မိန်းမလှစရိတာက မခံချင်သည့် အမူအရာဖြင့် ....

"ကျွန်မ စွမ်းဆောင်နိုင်ပါတယ် ရှင်၊ စောင့်သာ ကြည့်ပါတော့"

ထို့နောက် မိန်းမလှစရိတာလည်း ကပ္ပတိန်ပရစ်ချတ်အပါးမှ ဆတ်ခနဲ ထရပ်လိုက်ပြီးလျှင် ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို တွေတွေကြီး စိုက်ကြည့် နေသည်။ ထို့နောက် အပါးမှ ချာခနဲ လှည့်ထွက်သွားရာ ကပ္ပတိန်ပရစ်ချတ် လည်း မိန်းမလှစရိတာ၏ နောက်ကျောကို ငေးကြည့်ရင်း စိတ်လှုပ်ရှား ဆူပွက် ကျန်နေခဲ့ရှာသည်။

http://www.cherrythitsar.org

[၉]

# အတွင်းကျောင်းတော်၏ လျှို့ဝှက်ချက်

မှောင်ရည်သန်းနေသော တစ်ညနေတွင် မိန်းမပျိုလေးတစ်ယောက်သည် ညစာ သုံးဆောင်နေသော ကပ္ပတိန်ပရစ်ချတ်အပါးသို့ ချဉ်းကပ်လာပြီးလျှင် "ကာလီ မယ်တော် ဘုရားရှိခိုးကျောင်းကြီး၌ အကဖြင့် ပူဇော်ပွဲရှိကြောင်း ထိုကပွဲကို ကြည့်လိုပါက မိမိနှင့်အတူ တစ်ပါတည်းလိုက်ခဲ့ပါရန် ကာလီဒေဝီက မှာကြား လိုက်ကြောင်း" ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ဆိုင်းငံ့ဖင့်နွဲမနေတော့ဘဲ ဆတ်ခနဲ ထကာ မိန်းမပျိုလေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့တော့သည်။

မိန်းမပျိုလေးသည် ကပ္ပတိန်ပရစ်ချတ်ကို ဦးဆောင်ကာ ဥယျာဉ် တော်အရှေ့ဖက်တံခါးမှ ထွက်ပြီးလျှင် ကာနူးတောင်တန်းကြီး၌ရှိသော ကာလီ မယ်တော်ကြီး ဘုရားကျောင်းကြီးရှိရာသို့ ခပ်သွက်သွက် လျှောက်လာရာ လထွက်ပြုစအချိန်တွင် ဘုရားရှိခိုးကျောင်းတော်ကြီးအပါးသို့ ရောက်သွား တော့သည်။

ဘုရားရှိခိုးကျောင်းကြီးကား တောင်စောင်းကို ထွင်းကာ တည်ထား ပြီး ကြီးမားခန့်ထည်လှပေသည်။ ဘုရားရှိခိုးကျောင်းကြီးရှေ့ မျက်နှာစာရှိ ကြီးမားလှသော ကျောက်တိုင်ကြီးများအကြားရှိ အမှောင်ရိပ်၌ မိန်းမလှစရိတ သည် ကပ္ပတိန်ပရစ်ချတ်တို့လူစုကို အသင့်စောင့်နေပြီး မိမိအပါးသို့ ရောက် သည်နှင့် တစ်ပြိုင်နက် လမ်းပြမိန်းမပျိုလေးကို လက်ပြ အချက်ပေးလိုက်သည်။ ထိုအခါ လမ်းပြမိန်းမပျိုလေးလည်း ကိုယ်ကို အသာယို့လိုက်ပြီးလျှင် နောက်သို့ အသာလေး ဆုတ်ခွာသွားသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် မိန်းမလှစရိတာကို စေ့စေ့စပ်စပ် စိုက်ကြည့်လိုက်ရာ မိန်းမလှစရိတာ၏ တစ်ကိုယ်လုံးကို ဆေးပြာခြယ်ထားပြီး လည်ပင်း၌ ဆင်စွယ်ဖြင့်ထုထားသည့် လူခေါင်းခွံလေးများကို သီထားသော ဆွဲကြိုးကို ဆွဲထားသည်ကို တွေ့မြင် သတိပြုမိသည်။ ထိုအခိုက်တွင်ပင် မိန်းမလှစရိတာသည် ကပ္ပတိန်ပရစ်ချတ်၏လက်ကို ဆုတ်ကိုင်ပြီး ဘုရားကျောင်းတော်တွင်းသို့ ဆွဲခေါ်သွားတော့သည်။

အတန်ကြာအောင် လျှောက်မိသောအခါ အခန်းကျယ်ကြီး တစ်ခန်းသို့ ရောက်သွားသည်။ ထိုအခန်းတွင်း၌ ဆီမီးခွက်ကြီးများ ထွန်းထားရာ ဆီမီးရောင်တို့ဖြင့် နံရံ၌ ရေးဆွဲထားသော ပန်းချီကားတို့ကို ထင်ထင်ရှားရှား တွေ့မြင်ရသည်။ ရေဆွဲထားသော ပန်းချီကားတို့ကား ဟိန္ဒူနတ်ဘုရားများတို့၏ ပုံတော်များပင်ဖြစ်ပေသည်။ ထိုအခန်းကျယ်ကြီးကိုဖြတ်ကျော်ပြီး ဆက်လျှောက်သွားရာ အတန်ကြာသောအခါ အကခန်းဆောင်သို့ ရောက်သွား သည်။ အကခန်းဆောင်တွင်း၌ သေလာသတောင်တွင် စံမြန်းနေကြသော သိဝနတ်ဘုရားကြီးနှင့် ကြင်ယာတော် ပရာဗာတီနတ်ဒေဝီတို့၏ ရုပ်တုကြီးများ ထုထားပေသည်။ ထိုကြေးရုပ်တုကြီးများ၏ နောက်ဖက်၌ ဂူပေါက်တစ်ပေါက်ရှိပေသည်။

ထိုဂူပေါက်အနီးသို့ ရောက်သောအခါ မိန်းမလှ စရိတာက ကပ္ပတိန်ပရစ်ချတ်၏လက်ကို တင်းတင်းကြပ်ကြပ် ဆုတ်ရင်း ....

"ဟောဒီ ဂူပေါက်ထဲကို ကျွန်မတို့ ဝင်ကြရမယ်။ ဂူထဲမှာတော့ အပြင်လို မအေးဘူး၊ နွေးနေတယ်။ အဲဒီဂူကတော့ ကာလီမယ်တော်ကြီးရဲ့ အတွင်းကျောင်းတော်ပါပဲ" ဟု ပြောကြားပြီးမှ ....

"ကိုင်း ... ဂူထဲဝင်ကြစို့"

ဟု ပြောလိုက်သည်။

ထို့နောက် မိန်းမလှစရိတာနှင့် ကပ္ပတိန်ပရစ်ချတ်တို့လည်း ဂူအတွင်းသို့ နှစ်ယောက်သား ဝင်သွားကြသည်။ ဂူတွင်း၌ကား အလင်းရောင်သည် မှုန်ဝါးဝါး လင်းနေသည်။ ဂူတွင်းသို့ရောက်သောအခါ မိန်းမလှစရိတာက ကပ္ပတိန်ပရစ်ချတ်ကို ခပ်ထေ့ထေ့ကြည့်ရင်း ....

"ဟောဒီအတွင်း ကျောင်းတော်မှာ အကနဲ့ပူဇော်ပွဲလုပ်ပါလိမ့်မယ်၊ ရှင်က ကျွန်မအပါးမှာ ထိုင်ပြီးကြည့်နေပါ။ အခုကမယ့် အကတွေဟာ ယောကျ်ားတွေရဲ့စိတ်နှလုံးကို ယူကျုံးဆွဲငင်ပြီး တုန်လှုပ်ဖောက်ပြားစေနိုင်ပါတယ်။ ဒီတော့ ရှင်ဘယ်လောက် စိတ်ခိုင်ခိုင်ထားနိုင်သလဲ ဆိုတာကို ဒီပွဲမှာ အထင်အရှား တွေ့ရပါလိမ့်မယ်" ဟု ပြောကြားသည်။

http://www.cherrythitsar.org



အတွင်းကျောင်းတော်ကားပေတစ်ရာကျော် ရှည်လျားကျယ်ဝန်းသည်။ အမိုးများမှာ မြင့်မားပြီး ကျောက်တိုင်လုံးပတ်များမှာလည်း ထုထည်လုံးပတ်ကြီးမားလှပေသည်။အတွင်းကျောင်းတော်၏ တစ်ဖက်စွန်း၌ ကာလီမယ်တော်ကြီး၏ ရုပ်တုတော်ကြီးနှင့် အခြားနတ်ဘုရားတို့၏ ရုပ်တုတော်များ တည်ရှိနေပေသည်။

အတွင်းကျောင်းတော်ကြီး၏အလယ်ဗဟိုလောက်တွင် ထိုင်ခုံအုံးနှစ်လုံးချထားရာ မိန်းမလှစရိတာလည်း ထိုင်အုံးတစ်လုံးပေါ်သို့ အသာထိုင်လိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်အား ထိုင်အုံးတစ်လုံးပေါ်၌ ထိုင်စေသည်။ ထိုင်အုံးများအနီးတွင် ခုံလေးတစ်လုံးရှိပြီး ထိုခုံလေးပေါ်၌ ငွေကရားတစ်လုံးနှင့် ရွှေခွက်နှစ်လုံး တင်ထားသည်။

မိန်းမလှစရိတာလည်း ငွေကရားတွင်းမှ ဝိုင်အရက်တစ်မျိုးကို ရွှေခွက်နှစ်ခွက်အတွင်းသို့ လောင်းထည့်ပြီးနောက် ကပ္ပတိန်ပရစ်ချတ်အား ရွှေခွက်တစ်ခွက်ကို ကမ်းပေးရင်း....

"ဟောဒါဟာ ကာလီမယ်တော်ကြီးရဲ့ ဆေးရည်ပါပဲ။ ဒီဆေးရည်ကို သောက်လိုက်စမ်းပါ" ဟု ပြောကြားသည်။ ကိုယ်တိုင်လည်း ရွှေခွက်တစ်ခွက်ကို ယူကာ တစ်ငုံပြီးတစ်ငုံ အရသာခံ သောက်နေသည်။

ကပ္ပတိန်ပရစ်ချတ်လည်း ကမ်းပေးသော ရွှေခွက်ကို အသာလှမ်းယူပြီး မိန်းမလှစရိယနည်းတူ တစ်ငုံပြီးတစ်ငုံ အရသာခံ သောက်နေလိုက်သည်။ ထိုသို့ သောက်လိုက်သည်နှင့် တစ်ပြိုင်နက် ပူထူသွားကာ သွေးသားများ ဆူပွက်စပြုလာတော့သည်။

ထိုအခိုက် ဗုံသံသဲ့သဲ့ပေါ်ထွက်လာပြီး မကြာမီဗုံသံများမြည်ဟိန်းလာတော့သည်။ ထိုအတူ ကပ္ပတိန်ပရစ်ချတ်တို့ ရှိရာသို့ ကချေသည် မိန်းမလှလေးတစ်သိုက်သည် ညင်ညင်သာသာ ကပြီး ဝင်လာကြသည်။ ကချေသည်မလေးအားလုံးပင် ရွှေလက်ကောက်၊ ရွှေလက်ကြပ်၊ ရွှေခါးပတ်၊ ရွှေခြေကျင်းများ ဝတ်ဆင်ထားကြသည်။ ကချေသည်မလေးများ ညင်ညင်သာသာ ကနေခိုက်တွင် ဗုံသံကြမ်းလာရာ ကချေသည်မလေးများလည်း ဗုံသံနှင့်အတူ ခပ်ကြမ်းကြမ်း ကနေကြသည်။

ထိုအခိုက်တွင် မိန်းမလှစရိတက လေသံဖြင့် "သူတို့တစ်တွေဟာ သိဝနတ်ဘုရားကို စုံမက်တဲ့အတွက် ကိုယ်လင်သားတွေကို ပစ်ခွာပြီး ထွက်လာကြတဲ့ သူတွေပေါ့" ဟု တိုးတိုး ပြောကြားသည်။

ကချေသည်မလေးများလည်း ယောကျ်ားတို့၏ ယာဂစိတ်ကို နိုးထစေသည့် ကကွက်အမျိုးမျိုးကို အတန်ကြာအောင် ခပ်ကြမ်းကြမ်းဆက်ပြီး

http://www.cherrythitsar.org



ကနေကြသည်။ ထိုအခိုက်တွင် အလင်းရောင်တွင်းသို့ လုံချည်အဖြူကို ဝတ်ထားသော ကချေသည်ယောကျ်ားတစ်ယောက်သည် ရုတ်တရက် ပေါ်ထွက်လာသည်။ ထိုကချေသည် ယောကျ်ားသည် ကချေသည်မလေးများကို တစ်ယောက်ပြီးတစ်ယောက် ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်ပြီးနောက် ခပ်ကြမ်းကြမ်းကနေသော ကချေသည်မလေးများကို "ဘယ်ခြောက်ကာ ညာလှမ်းလို့ ဖမ်းတော့မည့်" ပုံသဏ္ဍာန်ဖြင့် ကချေသည်မလေးများကြားတွင် ရွေလျားမြူးကြွနေသည်။

ကပ္ပတိန်ပရစ်ချက်လည်း မိမိတစ်ခါမှ မတွေ့မမြင်ဖူးသော ကကြိုးကကွက်တို့ကို စိတ်လှုပ်စွာ ငေးကြည့်ရင်း ငွေကရားထဲက ဝိုင်အရက်တို့ကို ရွှေခွက်ထဲသို့ တစ်ခွက်ပြီးတစ်ခွက် ငှဲ့ထည့်ကာ တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။

ထိုအခိုက်တွင် အလင်းရောင်တွင်းသို့ မိန်းမလှတစ်ယောက် ရုတ်တရက်ပေါ်လာသည်။ ထိုမိန်းမလှမှာ တစ်ကိုယ်လုံးကို ဆေးအပြာများ ခြယ်ထားပြီး လည်ပင်း၌ ဆင်စွယ်ဖြင့် ထုထားသည့် လူခေါင်းခွံလေးများကို သီထားသော ဆွဲကြိုးကို ဆင်ထားသည်။ ဤတွင် ကပ္ပတိန်ပရစ်ချက်လည်း ယခုမိမိတွေ့ရသော မိန်းမလှကား မိမိအပါးမှ မကြာခင်က ထသွားသော မိန်းမလှ စရိတပင် ဖြစ်ကြောင်း သိရှိသွားတော့သည်။

မိန်းမလှစရိတသည် ခပ်ညက်ညက်လေးကရာမှ ခပ်ကြမ်းကြမ်းကလာသည်။ ထို့နောက် အပါး၌ကနေသော ကချေသည်တို့ကို မျက်စိအကြည့်ဖြင့် လည်းကောင်း၊ ကိုယ်လက်အမူအရာဖြင့် လည်းကောင်း အပါးမှ မောင်းထုတ်လိုက်သည်။ ဤတွင်ကချေသည်တို့လည်း ကြောက်ရွံ့တုန်လှုပ်သည့် အမူအရာဖြင့် အပါးမှ ဆုတ်ခွာသွားကြသည်။

ထိုအခါ သိဝနတ်ဘုရားကြီး၏ ကြင်ယာတော် ပရာဗာတီ အသွင်ဖြင့် ကနေသော မိန်းမလှစရိတသည် သိဝနတ် နတ်ဘုရားအသွင်ကနေသော ကချေသည်ယောကျ်ားကို ညို့မြူသော အကတို့ကို အနုပညာမြောက်စွာ ကပြနေသည်။ ထိုအခိုက်တွင် ဗုံသံတို့သည် ဆူညံသည်ထက် ဆူညံလာသည်။ ဂူတွင်း၌ အလင်းရောင်သည်လည်း ခရမ်းရောင်မှ အနီရောင်သို့ ကူးပြောင်းသွားတော့သည်။

ကာလီမယ်တော်ကြီး၏ ဆေးရည်ဟုဆိုအပ်သည် ဝိုင်အရက်တို့ကို တစ်ခွက်ပြီးတစ်ခွက် သောက်ထားသော ကပ္ပတိန်ပရစ်ချက်သည် ရာဂစိတ် ဆူပွက်လျှံဝေစေသည့် အကတို့ကို ကြည့်ရင်း စိတ်ထဲ၌ မရိုးမရွ ဖြစ်လာတော့

http://www.cherrythitsar.org



သည်။ ကချင်ခုန်ချင် လာတော့သည်။ ထို့ကြောင့် ထိုင်ရာမှထကာ သိဝနတ်မင်းအသွင် ကနေသော ကချေသည်ယောက်ျားနှင့် ရောပြီး ကနေမိတော့သည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် ကိုယ့်ကိုယ်ကို သိဝနတ်ဘုရားကြီးဟု မှတ်ထင်နေမိသည်။ မိမိအပါး၌ကနေသော မိန်းမလှလေးကို မိမိ၏ကြင်ရာတော် နတ်ဒေဝီဟု မှတ်ထင်နေမိသည်။ ထို့ကြောင့်လည်း ကပ္ပတိန်သည် ကခုန်နေရာမှ မိမိ၏ကြင်ရာတော်ကို ပွေ့ဖက်လိုက်မိသည်။

မနက်အရုဏ်ကျင်း၍ အလင်းရောင်ပျိုးချိန်တွင် မိန်းမလှစရိတာနှင့် ကပ္ပတိန်ပရစ်ချတ်တို့သည် ဘုရားကျောင်းတော်ရှေ့ရှိ မုခ်ပေါက်ဝတွင် အတူရပ်တံ့နေကြသည်။ မိန်းမလှစရိတာမှာ ဆာရီအပြာလေးကို ဝတ်ထားပြီး မျက်နှာကလေးမှာ ကြည်လင်ဝင်းပနေသည်။

မိန်းမလှစရိတာက ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို စိုက်ကြည့်လိုက်ရာ ကပ္ပတိန်ပရစ်ချတ်က .... "စရိတာရယ်" ဟု ခပ်တိုးတိုးလေး ခေါ်လိုက်သည်။ ထိုအခါ မိန်းမလှ စရိတာက ....

"ကပ္ပတိန်ပရစ်ချတ်၊ ညတုန်းက ရှင်မွေ့ပျော်ရတဲ့သူဟာ ကျွန်မမဟုတ်ဘူးနော်၊ ကျွန်မနဲ့တူတဲ့ ကချေသည်မတစ်ယောက်ပါ။ ဒါပေမဲ့ ကာလီမယ်တော်ကြီးကို ပူဇော်တဲ့ ဒီလိုပွဲမျိုးတွေ မကြာမကြာ ရှိပါတယ်။ ရှင်ကော လာချင်သေးသလား"

ဟု မေးလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"လာချင်တာပေါ့ဗျာ။ သိပ်လာချင်တာပေါ့" ဟု အားတက်သရော ပြောကြားလိုက်သည်။ ထို့နောက် မိန်းမလှစရိတာကို နှုတ်ဆက်ကာ ရွှေနန်းတော်ရှိရာသို့ ပြန်လာခဲ့သည်။

ထိုအခိုက်တွင် မိန်းမလှ စရိတာသည် ကပ္ပတိန်ပရစ်ချတ်၏ နောက်ကျောကို ငေးကြည့်နေရှာသည်။ ထို့သို့ ငေးကြည့်နေရာမှ 'ကပ္ပတိန်ပရစ်ချတ်ကို မိမိကြိုးဆွဲတိုင်း ကသော ရုပ်သေးရုပ်တစ်ရုပ်ဖြစ်သွားအောင် မိမိစေခိုင်းရာလိုက်နာဆောင်ရွက်ရသည့် ကျေးကျွန်တစ်ယောက် ဖြစ်သွားအောင် ပြုဆောင်ပြီးနောက်၊ ချန္ဒရာပူရီဘုရင်၏ အသက်ကို လုပ်ကြံခိုင်းရန်' တွေးတောဆုံးဖြတ်လိုက်သည်။

[၁၀]

# ရမ္မက်၏ ကျေးကျွန်

ထိုညထိုအခါမှစ၍ ကပ္ပတိန်ပရစ်ချတ်သည် ကာနူးတောင်တန်းကြီးရှိ ကာလီမယ်တော်ဘုရားကျောင်းတော်ကြီးသို့ ညစဉ်ညတိုင်းလိုလို သွားရောက်လေ့ရှိသည်။ အတွင်းကျောင်းတော်ကြီး၌ ပြုမြဲဖြစ်သော ကာလီမယ်တော်ကြီးကို ပူဇော်သည့် အကကို ရှုကြည့်လေ့ရှိသည်။ ရှုကြည့်ရုံမျှမက ကိုယ်တိုင်ပါဝင်ကာ ကခုန်ရင်း ကချေသည်မလေးများနှင့် မြူးတူးပျော်ပါးလေ့ရှိ သည်။ ဤသို့ဖြင့် ကပ္ပတိန်ပရစ်ချတ်သည် ကာလီဒေဝီ၏ မာယာကွန်ယက်တွင်းသို့ တဖြည်းဖြည်း သက်ဆင်းကျရောက်သွားသည်။ ရမ္မက်၏ ကျေးကျွန်အဖြစ်သို့ တဖြည်းဖြည်း သက်ဆင်းကျရောက်သွားတော့သည်။

ကပ္ပတိန်ပရစ်ချတ်သည် ကာလီမယ်တော်ဘုရားကျောင်းကြီး၌သာ ညတာများကို ကုန်ဆုံးစေပြီး မနက်မိုးသောက်အလင်းရောက်သောအခါမှ ရွှေ နန်းတော်သို့ ပြန်လာလေ့ရှိသည်။ ထို့နောက် မိမိအတွက် သီးသန့်ပေးထားသော အိမ်လေးက ကုတင်ထက်၌ ခြေပစ်လက်ပစ် အိပ်တတ်သည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်သည် ရှေးယခင်အခါများကဲ့သို့ နန်းတွင်းဓားဆရာကြီးနှင့် ဓားရေးကို မလေ့ကျင့်နိုင်တော့ပေ။ ထို့ပြင် ကာမဂုဏ်အာရုံ၌ မွေ့ထုံကာ အပျော်ကျူးဖန်များရုံမက၊ အအိပ်မမှန် အစားမမှန်မှုတို့ များလာသောကြောင့် တဖြည်းဖြည်း အားအင်ဖျော့တော့လာတော့သည်။

ကပ္ပတိန်ပရစ်ချတ်သည် မိမိပြုဆောင်နေသော အမှုကို မှားယွင်းနေပြီဖြစ်ကြောင်းကို တစ်ခါတရံ၌ ဖျတ်ခနဲ ဖျတ်ခနဲ ဆင်ခြင်မိ၏။ သို့သော် ကာမဂုဏ် အာရုံ၏ သွေးဆောင်မှုကိုကား မလွန်ဆန်နိုင်ရှာပေ။ ထို့ကြောင့်လည်း 'ကာလီဒေဝီခေါ် မိန်းမလှ စရိတာနှင့် ကချေသည်မလေးတို့သည်သာ မိမိ၏မိတ်

http://www.cherrythitsar.org



ဆွေကောင်းများဖြစ်သည်။ ထိုသူများမှလွဲ၍ သံယောဇဉ်တွယ်စရာဟူ၍ မိမိအဖို့ တစ်ဦးတစ်ယောက်မှပင် မရှိတော့ပြီ” ဟု တွေးတောနေတတ်သည်။

ကပ္ပတိန်ပရစ်ချတ်၏ ကိုယ်ရံတော်ဖြစ်နေသောဆစ်လူမျိုး အဂ္ဂါဆင်းလည်း မိမိလေးစားချစ်ခင် သံယောဇဉ်တွယ်နေသော ကပ္ပတိန်ပရစ်ချတ်သည် မကောင်းမှုနွံတွင်းသို့ သက်ဆင်းနေပြီဖြစ်၍ တစ်နေ့နေ့တွင် ဒုက္ခရောက်နိုင်ကြောင်းကို တွေးမိသည်။ ထို့ကြောင့်လည်း ကပ္ပတိန်ပရစ်ချတ်ကို အကျိုးသင့်အကြောင်းသင့်ပြောကာ ဖျောင်းဖျကြည့်ရှာသည်။ သို့သော် ပြော၍မရတော့ပြီ။ နားမဝင်တော့ပြီ။ ကပ္ပတိန်ပရစ်ချတ်ကား ရမ္မက်၏ ကျေးကျွန်ဖြစ်နေပေပြီ။ ကာလီဒေဝီ ကြိုးဆွဲရာကမည့် ရုပ်သေးရုပ်ဖြစ်နေပေပြီ။ ထို့ကြောင့် အဂ္ဂါဆင်းသည် စိတ်မကောင်းခြင်း ကြီးစွာဖြင့် သက်ပြင်းကိုသာ အခါခါ ချနေရတော့သည်။

ချန္ဒရာပူရီမြို့တော်သို့ ကပ္ပတိန်ပရစ်ချတ် ရောက်ရှိခဲ့သည်မှာ ရက်သတ္တ သုံးပတ်ရှိခဲ့ပေပြီ။ မုတ်သုန်ရာသီသို့ ရောက်ကာ မိုးတဖြိုင်ဖြိုင် ကျနေပေပြီ။

တစ်နေ့သော ညတွင် ကပ္ပတိန်ပရစ်ချတ်သည် ကာလီမယ်တော်ကြီး၏ ဘုရားကျောင်းတော်ကြီးသို့ ထုံးစံအတိုင်းသွားရောက်ပြီး၊ မိန်းမလှ စရိတတည်ခင်းသော ကာလီမယ်တော်ကြီး၏ ဆေးရည်တို့ကို တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း ကချေသည်မလေးတို့၏ ရမ္မက်သွေးကြွစေသည့် အကတို့ကို အရသာခံပြီးကြည့်နေသည်။

ထိုအခိုက်တွင် မိန်းမလှစရိတသည် ကပ္ပတိန်ပရစ်ချတ်ကို အနားကပ်ပြီး ပွတ်သီးပွတ်သပ် ချော့မြူကျီစယ်နေရာမှ ....

“ကပ္ပတိန်ပရစ်ချတ်၊ ကျွန်မခိုင်းတာကို ရှင်ဆောင်ရွက်ပါ့မလား” ဟု မေးလိုက်ရာ၊ ကပ္ပတိန်ပရစ်ချတ်က ....

“ဆောင်ရွက်ပါ့မယ်။ ခိုင်းချင်တာသာ ခိုင်းပါ” ဟု စိတ်အားထက်သန် ၏စွာ ဖြေလိုက်သည်။ ထိုအခါ မိန်းမလှ စရိတက ....

“ဒီလိုဆိုရင် ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားရဲ့ အသက်ကို ရှင်လုပ် ကြံပေးပါ” ဟု ပြောရာ ကပ္ပတိန်ပရစ်ချတ်က ....

“လုပ်ကြံပေးပါ့မယ်” ဟု မဆိုင်းမတွ ဖြေလိုက်သည်။

ထိုအခါ မိန်းမလှ စရိတသည် ကပ္ပတိန်ပရစ်ချတ်၏ ရင်ခွင်တွင်းသို့ ကနွဲ့ကလျ တိုးဝင်ရင်း ....

“ကပ္ပတိန်ပရစ်ချတ်၊ မဒရပ်မြို့ကို ရှင်ပြန်သွားရင် အင်္ဂလိပ်တွေက ရှင့်ကို လူသတ်မှုနဲ့ စစ်ခုံရုံးတင်ပြီး သတ်ပစ်ကြလိမ့်မယ်။ ဒီတော့ ရှင်ဟာ

တိုင်းရယ်ပြည်ရယ်လို့ ရှိတဲ့လူတစ်ယောက် မဟုတ်တော့ဘူး။ ပြီးတော့ ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လား ဆိုတာလည်း ရှင်နဲ့ ပတ်သက်လှတာ မဟုတ်လေတော့ သစ္စာစောင့်သိရိုသေနေဖို့ မလိုပါဘူး။ ဒီတော့ ရှီရင်ဂါ–လားရဲ့ အသက်ကို ရှင်လုပ်ကြံပေးပါ။ ရှီရင်ဂါ– လား နတ်ရွာစံတာနဲ့ တစ်ပြိုင်နက် ချန္ဒရာပူရီတစ်ပြည်လုံးကို ကျွန်မ အုပ်ချုပ်စိုးမိုးမယ်။ ရှင့်ကိုလည်း ချန္ဒရာပူရီ ဘုရင်အဖြစ် ခန့်အပ်ပါမယ်" ဟု ပြောကြားရာ ကပ္ပတိန်ပရစ်ချတ်က ....

"စရိတရယ် ... ရှီရင်ဂါ–လားရဲ့ အသက်ကို ကျုပ် လုပ်ကြံပေးပါ့မယ်။ ကျုပ်ကိုသာ လူသတ်ကြိုးပေးပါတော့။ ကျုပ်ကိုလည်း သာဂ်ဂိုဏ်းသားတစ်ယောက်လို သဘောထားပါတော့" ဟု ပြောကြား ကတိပေးလိုက်သည်။

ထိုသို့ပြောကြား ကတိပေးလိုက်သည့် ညက ကပ္ပတိန်ပရစ်ချတ်သည် အိပ်ရာထက်၌ အိပ်စက်မရနိုင်ဘဲ တလူးလူး တလွန့်လွန့် ဖြစ်နေသည်။ ထိုအခါ အဂ္ဂါဆင်းလည်း အပါးသို့ လျှောက်လာပြီး ကပ္ပတိန်ပရစ်ချတ်ကို ကရုဏာသက်သည့် အမူအရာဖြင့် ငေးကြည့်ရင်း ....

"ဩော် ... ပရစ်ချတ် သခင်လည်း ကာလီဒေဝီရဲ့ ကျေးကျွန်တစ်ယောက် ဖြစ်သွားပါပကော" ဟု တိုးတိုးပြောကြားလိုက်ရာ၊ ကပ္ပတိန်ပရစ်ချတ်က ဆတ်ခနဲ ခေါင်းလှည့်ကာ ....

"ဒါဟာ ငါ့ကိစ္စပါ။ မင်းဘာမှ ပူနေစရာ မလိုပါဘူး" ဟု ခပ်ဆတ်ဆတ် ငေါက်လိုက်သည်။

ထိုသို့ ခပ်ဆတ်ဆတ် ငေါက်လိုက်သော်လည်း ကပ္ပတိန်ပရစ်ချတ်သည် မိမိပြုဆောင်ရအံ့သော အမှုကိစ္စအတွက် တွေးပြီး ရင်လေးလျက်ရှိသည်။ သင့်မသင့်၊ ရာ– မရာကို ထပ်တလဲလဲ စဉ်းစားတွေးတောနေမိသည်။

ထိုအခါ 'ချန္ဒရာပူရီ ဘုရင် ရှီရင်ဂါ–လားကို မိမိလုပ်ကြံသတ်ဖြတ်လိုက်ကြောင်း သတင်းစကားသာ ပျံ့နှံ့သွားပါက အိန္ဒိယတစ်ပြည်လုံးရှိ ပြည်နယ်အသီးသီးသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး ဗြိတိသျှအစိုးရကို ထောင်ထားခြားနားတော့မည်။ တော်လှန်ပုန်ကန်တော့သည်။ မိမိတစ်ဦးတစ်ယောက်၏ မိုက်မဲမှုကြောင့် မိမိတိုင်းပြည် မိမိအစိုးရသည် မျက်နှာအပျက်ကြီး ပျက်တော့မည်။ ဒုက္ခအရောက်ကြီး ရောက်တော့မည်" ဟု တွေးတောဆင်ခြင်လာမိသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမလှ စရိတ စေခိုင်းသည့်အတိုင်း ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လား၏ အသက်ကို မိမိလုပ်ကြံသတ်ဖြတ်ခြင်းအမှု မပြုဘဲနေရန် စိတ်ဆုံးဖြတ်လိုက်မိပြန်သည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ကပ္ပတိန်ပရစ်ချတ်သည် နန်းဥယျာဉ်အတွင်း၌ လမ်းလျှောက်ရင်း ပန်းရနံ့တို့ ထုံသင်းမွှေးချိုနေသော လေနုအေးကို

http://www.cherrythitsar.org



အားရပါးရ ရှုနေရာမှ 'မိန်းမလှစရိတာ၏ ကြောက်စရာ အကြံအစည်ကို ချန္ဒရာပူရီဘုရင်ထံ ဖွင့်ဟသံတော်ဦး တင်ရကောင်းမည်လော' ဟု တွေးတောစဉ်းစားနေသည်။

ထိုသို့ တွေးတောစဉ်းစားနေရာမှ 'လက်ဆုပ်လက်ကိုင် သက်သေခံ အထောက်အထား မရှိသော မိမိ၏စကားကို ချန္ဒရာပူရီဘုရင်က လက်ခံယုံကြည်ပါမည်လော' ဟု ဆင်ခြင်မိပြန်သည်။

ဤသို့ဖြင့် အတန်ကြာအောင် ချီတုံချတုံဖြစ်နေရာမှ 'ချန္ဒရာပူရီဘုရင်ထံ ဝင်ရောက်တွေ့ဆုံပြီး အကျိုးအကြောင်း လျှောက်တင်အံ့' ဟု စဉ်းစားဆုံးဖြတ်ကာ ရွှေနန်းတော်တွင်းသို့ ဝင်ရောက်လာခဲ့၏။

ထိုအခါ ချန္ဒရာပူရီဘုရင်ကို မဖူးမြင်ရဘဲ ဝန်ကြီးချုပ်ရာမ်ကုမာရီနှင့်သာ တွေ့ဆုံရသည်။ ဝန်ကြီးချုပ် ရာမ်ကုမာရီက "မိမိအရှင် ချန္ဒရာပူရီဘုရင်သည် အရေးတကြီး ကိစ္စတစ်ရပ်ကြောင့် အပြင်ဖက်သို့ ကြွမြန်းသွားကြောင်း၊ ကာလီမယ်တော်ကြီး ဘုရားကျောင်းသို့ ကပ္ပတိန်ပရစ်ချတ် ညစဉ်ညတိုင်း လိုလို သွားရောက်သည့်အကြောင်း သတင်းစကားများကို ချန္ဒရာပူရီ တစ်မြို့လုံးအနှံ့ သတင်းပြန့်နေကြောင်း ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မည်သို့မှ စကားတုံ့ပြန်မပြောတော့ဘဲ ပခုံးကို တစ်ချက်တွန့်ပြီးလျှင်၊ ရွှေနန်းတော်တွင်းမှ ပြန်ထွက်လာခဲ့သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်လည်း မိုးလေစဲကာ စိတ်နှလုံး ချမ်းမြေ့ကြည်နူးစရာကောင်းသော ပတ်ဝန်းကျင် သဘာဝကြောင့် မြင်းစီးလိုစိတ်ပေါ်လာကာ မြင်းစောင်းသို့ လျှောက်လာခဲ့သည်။ ထို့ကြောင့် ချန္ဒရာပူရီဘုရင် လက်ဆောင်ပေးထားသော မြင်းညိုကြီးကို ထုတ်စီးကာ ချန္ဒရာပူရီဝန်းကျင်ရှိ တောင်တန်းများဖက်သို့ ထွက်လာခဲ့သည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် မိန်းမလှစရိတာ၏ စကားကို ပြန်လည်ကြားယောင်ကာ ချန္ဒရာပူရီဘုရင်၏ အသက်ကို လုပ်ကြံသင့်မသင့် အရေးကို ပြန်လည်တွေးတောရင်း မဝေခွဲမဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံ ဖြစ်နေမိပြန်သည်။

ဤသို့ဖြင့် တောတန်းများဖက်၌ မြင်းကို တစ်ဝကြီးစီးရင်း မိမိပြုဆောင်ရအံ့သော အမှုကို အဖက်ဖက်လှည့်ကာ တွေးတောနေပြီးမှ ရွှေနန်းတော်သို့ ပြန်လာခဲ့သည်။

မြင်းညိုကြီးကို မြင်းဇောင်းတွင်းသို့ ပြန်သွင်းပြီးနောက် ကပ္ပတိန်ပရစ်ချတ်သည် ဉယျာဉ်တော်ကိုဖြတ်ပြီး လျှောက်လာခိုက်တွင် ပန်းဉယျာဉ်တစ်

http://www.cherrythitsar.org


နေရာရှိ ကျောက်ခုံတန်းလျားတစ်ခုပေါ်၌ ပူးတွဲပြီးထိုင်နေကြသော လူနှစ်ယောက်ကို တွေ့မြင်သတိပြုမိသည်။ လူတစ်ယောက်မှာ ချန္ဒရာပူရီဘုရင်ဖြစ်ပြီး၊ အခြားတစ်ယောက်မှာ ပြင်သစ်အရာရှိ ကာနယ်ဒါကုတ် ဖြစ်နေသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း အလွန်အမင်း စိတ်ဝင်စားသွားပြီး ထိုလူနှစ် ဦးက မိမိကိုလည်း မမြင်နိုင်၍ ထိုလူနှစ်ဦးပြောသမျှ ဆိုသမျှစကားတို့ကိုလည်း မိမိကြားနိုင်သော နေရာကောင်းကို ရှာကာ ထိုနေရာမှ ပုန်းပြီးနားထောင်နေမိ သည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"အစစအရာရာ အသင့်ဖြစ်နေပါပြီ အရှင်။ ဘင်္ဂလားဘုရင်ဆရာတ် အဒူလာ ကိုယ်တိုင် စစ်တပ်ကြီးကိုဦးဆောင်ပြီး ချီတက်နေပါပြီ။ ကျွန်တော်မျိုးတို့ ပြင်သစ်တပ်ကလည်း တပေါင်းတည်း ပူးတွဲချီတက်နေပါတယ်" ဟုပြောလိုက်ရာ၊ ချန္ဒရာပူရီဘုရင်က ....

"အဲဒီတပ်တွေ အဆီးအတားမရှိ ဖြတ်သန်းချီတက်နိုင်ဖို့ အတွက် ကျုပ်ပိုင်နက်ဖြစ်တဲ့ ချန္ဒရာပူရီဒေသ တောင်ကြားလမ်းတွေကို ဖွင့်ခိုင်းပေးပါ့မယ်။ ဒီလိုကူညီတာဟာ မောင်မင်းရဲ့ တောင်းပန်ချက်ကြောင့်လည်း ဖြစ်တယ်။ အဆွေတော် ဘင်္ဂလားဘုရင်ရဲ့ မေတ္တာရပ်ခံချက်ကြောင့်လည်း ဖြစ်တယ်" ဟု မိန့်ကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ဘင်္ဂလားဘုရင် ဆာရတ်အဒူလာက အိန္ဒိယမြောက်ပိုင်းဒေသကို စိုးမိုးအုပ်ချုပ်ချင်တယ်။ အရှင်ကတော့ အိန္ဒိယတောင်ပိုင်းဒေသကို စိုးမိုးအုပ်ချုပ်ချင်တယ် မဟုတ်လား။ အရှင်ရဲ့ဆန္ဒဟာ မကြာခင် ပြည့်ဝတော့မှာပါ" ဟု ပြောကြားလိုက်သည်။

ထို့နောက် ကာနယ်ဒါကုတ်နှင့် ချန္ဒရာပူရီဘုရင်တို့လည်း အတန်ကြာအောင် စကားမပြောဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ ထို့နောက်မှ ချန္ဒရာပူရီဘုရင်လည်း သက်ပြင်းတစ်ချက်ရှိုက်ရင်း ....

"ဟိုက်ဒရာဘတ်မြို့တော်ကို ကျုပ်တို့ တိုက်ခိုက်သိမ်းပိုက်နိုင်ပါ့မလား" ဟု မေးလိုက်ရာ ....

ကာနယ်ဒါကုတ်က ....

"ဟိုက်ဒရာဘတ်မြို့တော်ဟာ ဘင်္ဂလားစစ်တပ်၊ ချန္ဒရာပူရီ စစ်တပ်၊ ပြင်သစ်စစ်တပ်၊ ဒီတပ်ကြီးသုံးတပ်ရဲ့အင်အားကို ခုခံတွန်းလှန်နိုင်လိမ့်မယ်လို့ အရှင်ထင်ပါသလား။ ကျွန်တော်မျိုးတို့ဟာ ဟိုက်ဒရာဘတ်မြို့တော်ကိုသာမက မိုက်စိုမြို့တော်၊ ထရာဗင်ကိုးမြို့တော်၊ မဒရပ်မြို့တော်တို့ကိုပါ ဒီနည်း

အတိုင်း တိုက်ခိုက်သိမ်းယူနိုင်ပါတယ်” ဟု ပြောကြားလျှောက်တင်လိုက်သည်။ ထို့နောက် ချန္ဒရာပူရီဘုရင်အပါးသို့ တိုးကပ်သွားရင်း ....

“လွန်ခဲ့တဲ့ ဇွန်လကုန်တုန်းက ကာလကတ္တားမြို့တော်မှာ ဖြစ်ပျက်သွားခဲ့တဲ့ အဖြစ်အရပ် အကြောင်းအရာ တစ်ရပ်ကိုကော အရှင်ကြားသိတော်မူရဲ့လား” ဟု အစချီကာ အဖြစ်အပျက်အကြောင်းအရာကို အသေးစိတ်ပြန်ပြောင်း ပြောကြားသည်။

အကြောင်းကား ... ဤသို့ပါတည်း။

လွန်ခဲ့သော ဇွန်လကုန်တွင် ဘင်္ဂလားဘုရင် ဆရာတ်အဒူလာသည် အင်္ဂလိပ်တို့က မိမိတို့ ထီးနန်းချပြီး အခြားတစ်ယောက်ယောက်ကို ထီးနန်းတင်လိမ့်မည် ဟူ၍ တွေးတောထင်မှတ်ကာ လူသူအင်အား ငါးသောင်းကျော်သော ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့ဖြင့် အင်္ဂလိပ်ပိုင်နက်ဖြစ်သော ကာလကတ္တားမြို့တော်ကို သွားရောက်ဝန်းရံတိုက်ခိုက်သည်။ ထိုအချိန်၌ ကာလကတ္တားမြို့တော်၌ အင်္ဂလိပ်စစ်တပ်မှာ လူသူအင်အားမှာ လက်တစ်ဆုပ်စာမျှသာ ရှိပေသည်။ သို့သော် ရှိသမျှသော အင်္ဂလိပ်စစ်သည်အပေါင်းတို့သည် ပြန်လှန်၍ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ကြပါ၏။ လူသူအင်အား မမျှသောကြောင့် တဖြည်းဖြည်း ဆုတ်ခွာပေးရသည်။ နောက်ဆုံး၌ ဝီလျံခံတပ်ကြီး အတွင်းသို့ ဝင်ပြီး ခုခံတိုက်ခိုက်ရတော့သည်။

သို့သော် ဇွန်လ ၂၀ ရက်နေ့တွင် ဘင်္ဂလားဘုရင် ဆရပ်အဒူလာသည် ဝီလျံခံတပ်တွင်းကို အတင်းဝင်ပြီး တိုက်ခိုက်သိမ်းပိုက်ရာ လူသူအင်အားနှစ်ရာပင် မရှိတော့သော အင်္ဂလိပ်စစ်တပ်ကို ဖမ်းဆီးရမိသွားတော့သည်။

ထိုအခါ ဘင်္ဂလားဘုရင် ဆရတ်အဒူလာသည် ဖမ်းဆီးရမိထားသော အင်္ဂလိပ်စစ်သား ၁၄၄ ယောက်နှင့် အမျိုးသမီးတစ်ယောက်ကို ဆယ့်ရှစ်ပေပတ်လည်ရှိ အခန်းတစ်ခန်းတွင်းသို့ စုပြုံသွင်းထားခဲ့သည်။ ထိုအခန်းမှာ ပြတင်းပေါက် တစ်ပေါက်သာရှိပြီး အခန်းတွင်းရှိ လူအားလုံးကို ရေပင်မတိုက်ဘဲ ထားခဲ့သည်။ ထိုအခါ အခန်းတွင်းပူအိုက်မွန်းကျပ်ပြီး ရေငတ်နေကြသော လူအပေါင်းတို့လည်း နားမခံသာအောင် ဟစ်အော်ညည်းတွားကြရသည်။ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်၌ ထိုအခန်းတွင်းရှိ လူများအနက် ယောက်ျား ၂၂ ယောက်နှင့် အမျိုးသမီးတစ်ယောက်သာ အသက်ရှင်ကျန်တော့သည်။ အခြားလူများအားလုံး မရှုမလှ သေဆုံးသွားပေပြီတကား။

ကပ္ပတိန်ပရစ်ချတ်လည်း ကာနယ်ဒါကုတ် ပြောကြားသော စကားတို့ကို နားထောင်နေရာမှ မိမိ လူမျိုးတို့ မရှုမလှ သေဆုံးရသည့်အဖြစ်ကို

http://www.cherrythitsar.org



တွေးပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ထိုအခိုက်တွင်ပင် ဓားဒဏ်ရာဖြင့် မိန်းမလှလေး ရူမနီ မသေဆုံးခင်က လေသံသဲ့သဲ့ဖြင့် ....

"ဒီမှာ သခင်။ ကတိထားတဲ့အတိုင်း ကျွန်မ သိထားတာကို ဖွင့်ပြောပါ့မယ်။ ကလကတ္တားမြို့မှာ ဟောဒီည" ဟု ပြောကြားသွားသည့်အဖြစ်ကို ပြန်ပြောင်း အမှတ်ရလာမိသည်။ ထိုအခါ မိန်းမလှလေး ရူမနီသည် ဘင်္ဂလား ဘုရင်ဆရတ်အဒူလာဝင် အကြံအစည်ကို ကြိုတင်ကြားသိထားပြီး မိမိကို အချိန်မီ ကြိုတင်အသိပေးရန် ကြိုးစားရင်း အသက်ပျောက်သွားခြင်း ဖြစ်ပေလိမ့်မည်" ဟု တွေးတောမိကာ ကံဆိုးရှာသော မိန်းမလှလေး ရူမနီအတွက် စိတ်မကောင်း ဖြစ်မိပြန်သည်။

ထိုအခိုက်တွင် ချန္ဒရာပူရီ ဘုရင်က ....

"ကြားရတဲ့ သတင်းကတော့ ရှေ့ရေးအတွက် အားရစရာပဲ" ဟု ပြုံးပြီး မိန့်ကြားလိုက်ရာ ကာနယ်ဒါကုတ်က ....

"ဘင်္ဂလားဘုရင် ဆရတ်အဒူလာဟာ သူ့ရဲ့ စစ်တပ်ကြီးနဲ့ ပြင်သစ်စစ်တပ်ကြီးကို ပေါင်းစည်းပြီး အရှင်ရဲ့ တောင်ကြားလမ်းတွေက ဖြတ်ပြီး မဒရပ်မြို့တော်ကို ချီတက်တိုက်ခိုက်ပါလိမ့်မယ်။ အဲဒီ အချိန်မှာပဲ ပွန်ဒီချာရီက ပြင်သစ်တပ်တွေကလည်း မဒရပ်မြို့တော်ကို အဖက်ဖက်က ဝိုင်းဝန်းတိုက်ခိုက်ရင် မဒရပ်မြို့တော်ဟာ အကြာအရှည် မခုခံနိုင်ဘဲ လက်နက်ချ အညံ့ခံရမှာ သေချာပါတယ်" ဟု ပြောကြားသည်။

ထိုစကားကို ကြားလျှင် ချန္ဒရာပူရီဘုရင်လည်း စိတ်လှုပ်ရှားသွားဟန်ဖြင့် ထိုင်ရာမှ ဆတ်ခနဲ ထကာ လမ်းလျှောက်ရင်း ....

"ဟုတ်တယ်။ အင်္ဂလိပ်တွေဟာ မဒရပ်မြို့တော်ကို လက်နက်ချ အညံ့ခံရမယ်။ ဒီလိုနည်းနဲ့ ကျုပ်တို့ တိုင်းပြည်ပေါ်မှာ ကျူးကျော်ဝင်ရောက်နေတဲ့ အင်္ဂလိပ်ကောင်တွေကို မောင်းထုတ်ပစ်ရမယ်" ဟု မိန့်ကြားသည်။ ထို့နောက် ဖျတ်ခနဲ တွေးတောဆင်ခြင်မိဟန်ဖြင့် ....

"ဒါထက် နေပါဦး။ ခင်ဗျားတို့ ပြင်သစ်တွေက ကျုပ်တို့ကို ဘာကြောင့် အကူအညီ ပေးရတာတုန်း။ ကျုပ်တို့ဆီက ဘယ်လို အကျိုးအမြတ်တွေများ မျှော်ကိုးနေသတုံး" ဟု မေးလိုက်ရာ၊ ကာနယ်ဒါကုတ်က ....

"အင်္ဂလိပ်တွေက ကိုလိုနီနယ်ပယ်သစ်တွေ ချဲ့ထွင်ချင်တဲ့ နယ်ချဲ့သမားတွေပါ။ အင်္ဂလိပ်တွေဟာ သူတို့ရောက်ရာဒေသကို သိမ်းပိုက်ပြီး အခြေစိုက်ချင်ကြတယ်။ အုပ်စိုးချင်ကြတယ်။ ကျွန်တော်မျိုးတို့ ပြင်သစ်တွေကတော့ အဲဒီ အင်္ဂလိပ်တွေလို မဟုတ်ပါဘူး။ ကျွန်တော်မျိုးတို့ ပြင်သစ်တွေက ကုန်သည်တွေပါ။ ဒီဒေသက ထုတ်ကုန်ဖြစ်တဲ့ ဂျုံစပါးတွေ၊ သီးနှံပစ္စည်းတွေကို

http://www.cherrythitsar.org


ဖောက်ထားရောင်းဝယ်ရရင် ကျေနပ်ပါတယ်။ ကျွန်တော်မျိုးတို့နဲ့ ဆက်သွယ်ပြီး ရောင်းဝယ်ဖောက်ထားတဲ့အတွက် ဘာမှ အကျိုးမဆုတ်ယုတ် မပျက်စီးပါဘူး။ အကျိုးမဆုတ်ယုတ် မပျက်စီးရုံမကဘူး၊ တိုင်းပြည်ဘဏ္ဍာတော်တောင်တိုးပြီး ချမ်းသာကြွယ်ဝနိုင်ပါသေးတယ်" ဟု လျှောက်တင်လိုက်သည်။

ကာနယ်ဒါကုတ် လျှောက်တင်စကားသည် အင်္ဂလိပ်နှင့် ပြင်သစ်တို့ လက်ရှိလုပ်ဆောင်ချက်များကို အထင်အရှား ဖော်ပြလိုက်သော စကားပင်ဖြစ်၏။ သို့သော် ထိုစကားကို နားထောင်နေရသော ကပ္ပတိန်ပရစ်ချတ်ကား 'ချန္ဒရာပူရီဘုရင်သည် ပြင်သစ်တို့နှင့် ပူးပေါင်းပြီး မိမိတို့ကို သစ္စာဖောက်ရန် ကြံရွယ်ရက်လေခြင်း' ဟု တွေးတောကာ စိတ်ထဲ၌ ကျိတ်မနိုင်ခဲမရ ဖြစ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်နေမိသည်။

ထို့နောက် ချန္ဒရာပူရီဘုရင်နှင့် ကာနယ်ဒါကုတ်တို့ ထွက်ခွာသွားသည်အထိ ပုန်းအောင်းနေပြီးမှ မိမိအိမ်ဖက်သို့ ထွက်ခွာလာခဲ့သည်။ ထိုအခိုက်တွင် 'မိမိတို့ကို သစ္စာဖောက်ရန် ကြံရွယ်နေသော ချန္ဒရာပူရီဘုရင်၏ အသက်ကို လုပ်ကြံဖို့အတွက် ချီတုံချတုံ စဉ်းစားတွေးတောနေစရာ မလိုတော့ပြီ။ ချန္ဒရာပူရီဘုရင်၏ အသက်ကို ယနေ့ညပင် လုပ်ကြံတော့အံ့' ဟု တွေးတောဆုံးဖြတ်လိုက်သည်။

ကပ္ပတိန်ပရစ်ချတ်သည် ကာလီမယ်တော်ကြီး၏ အတွင်းဘုရားဆောင်တွင်းရှိ ထိုင်ခုံထက်၌ ထိုင်ရင်း ကချေသည်တို့၏ အကကို ကြည့်ကာ ကာလီမယ်တော်ကြီး၏ ဆေးရည်တို့ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။ ထိုသို့ သောက်နေရာမှ ကာလီမယ်တော်ကြီးကို ပူဇော်ပသသည့်အနေဖြင့် လူ့အသက်ကို သွေးမြေမကျဘဲ လူသတ်ကြိုးဖြင့် လည်မျိုကို ရစ်ပတ်ပြီး သတ်ဖြတ်ပူဇော်ကြရသော သာဂ်ဂိုဏ်းသားများနည်းတူ မိမိဆောင်ရွက်ရတော့မည့် အဖြစ်ကို စိတ်နှလုံး တုန်လှုပ်ချောက်ခြားနေမိသည်။

ထိုအခိုက်တွင် ခရမ်းရောင် အလင်းဖြင့် ခပ်မှိန်မှိန် လင်းနေသော အတွင်းဆောင်တော်တွင်းသို့ မိန်းမလှ စရိတ ဝင်ရောက်လာသည်။ ထို့နောက် မိန်းမလှစရိတသည် ယောကျာ်းတို့၏ နှလုံးသွေးကို ဘောင်ဘင်ရိုက်ခတ်စေသည့် အကတို့ကို ခပ်ကြမ်းကြမ်း ကနေရာမှ လူသတ်ကြိုးတစ်ချောင်းနှင့် ပေါက်ချွန်းတစ်လက်ကို ကာလီမယ်တော်ကြီး ရုပ်တုအပါးမှ ဆတ်ခနဲ ထုတ်ယူလာလိုက်သည်။ ထို့နောက် လူသတ်ကြိုးနှင့် ပေါက်ချွန်းကို ကပ္ပတိန်ပရစ်ချတ်၏ လက်တွင်းသို့ ထည့်ပေးရင်း လေသံဖြင့် ....

"ကပ္ပတိန်ပရစ်ချတ်၊ သွားတော့၊ ရှီရင်ဂါ–လားကို ဒီကြိုးနဲ့ သတ်ပြီး ကာလီမယ်တော်ကြီးကို ပူဇော်ပသလော့" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ ကာလီမယ်တော်ကြီး၏ ဆေးရည်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ထားသော ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမလှစရိတာ၏ အမိန့်ကို နာခံသောအားဖြင့် လူသတ်ကြိုးကို ကိုင်ရင်း ထိုင်ရာမှထကာ ရွှေနန်းတော်ရှိရာဖက်သို့ တဖြည်းဖြည်း လျှောက်သွားတော့သည်။ ထိုအခါ လူသတ်ကြိုးကို ကိုင်ထားသော အခြားလူတစ်ယောက်လည်း ကပ္ပတိန်ပရစ်ချတ်ကို လိုအပ်ပါက အကူအညီပေးရန်အတွက် မလှမ်းမကမ်းမှ လိုက်ပါလာခဲ့တော့သည်။

ထိုအချိန်၌ လလည်း မသာ၊ ကြယ်လည်း မလင်းဘဲ ကောင်းကင်တစ်ခွင်လုံးသည် မိုးသားတိမ်လိပ်တို့ဖြင့် မည်းမှောင်နေသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကပ္ပတိန်ပရစ်ချတ်လည်း ရွှေနန်းတော်ရှိရာသို့ တစိုက်စိုက်လာခဲ့ရာ၊ ဥယျာဉ်တော်အနီးသို့ အရောက်တွင် မိုးစက်တစ်စက် နှစ်စက်ကျလာသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ရှေ့သို့ ဆက်မလျှောက်ဘဲ တွေဝေသွားရာ၊ အဖော်ဖြစ်သူက ....

"ပရစ်ချတ် သခင်၊ ဘာငိုင်နေတာလဲ။ ခုအချိန်မှာ ချန္ဒရာပူရီဘုရင် စက်တော်ခေါ်နေပါတယ်။ သခင် အမြန်ဆုံးသွားပြီး လုပ်ကြံသတ်ဖြတ်လိုက်ပါ။ ကျွန်တော်က အစောင့်စစ်သည်ကို ရှင်းလိုက်ပါ့မယ်" ဟု ပြောလိုက်ရာ၊ ကပ္ပတိန်ပရစ်ချတ်က ....

"အေး ... အေး" ဟု ပြောကြားလိုက်သည်။

ထို့နောက် နှစ်ယောက်သား ဆက်ပြီးလာခဲ့ရာ၊ ချန္ဒရာပူရီ၏ စက်ခန်းဆောင်အပါးသို့ ရောက်လာခဲ့သည်။ ထိုအခိုက်တွင် မုတ်သုန်မိုးသည် မိုးစက်တစ်စက်နှစ်စက်ကျရာမှ တဝေါဝေါ မြည်ဟီးသည့်အထိ မိုးရွာသွန်းတော့သည်။ ထို့အတူ လေသည်လည်း တရှိုးရှိုးမြည်ဟီးတိုက်ခတ်လာသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်၏ တစ်ကိုယ်လုံးသည် မိုးရေတို့ဖြင့် ရွဲရွဲစိုသွားတော့သည်။ တရှိုးရှိုးမြည်ဟီးတိုက်ခတ်နေသော လေဒဏ်ကြောင့်လည်း ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

ထိုအခါ ကာလီမယ်တော်ကြီး၏ ဆေးရည်ကို တစ်ခွက်ပြီး တစ်ခွက် ဆက်တိုက်သောက်ထားသည့်အတွက် ရီဝေထိုင်းမှိုင်းနေသော ကပ္ပတိန်ပရစ်ချတ်၏ ဦးနှောက်သည်လည်း တဖြည်းဖြည်း ကြည်လင်လာတော့သည်။ ထိုအခါ မိမိလက်တွင်း၌ လူသတ်ကြိုးကိုင်ထားသည့်အဖြစ်ကိုလည်းကောင်း၊ ထိုလူသတ်ကြိုးဖြင့် ချန္ဒရာပူရီဘုရင်၏အသက်ကို လုပ်ကြံရန် မိမိသွားနေသည့် အဖြစ်ကိုလည်းကောင်း အမှတ်ရလာသည်။ ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း သတိတရားရလာပြီး ....

http://www.cherrythitsar.org



"ငါဟာ အရူးတစ်ယောက်ပဲ၊ ရမ္မက်ရဲ့ ကျေးကျွန် တစ်ယောက်ပဲ။ ငါဟာ ယုတ်ညံ့သိမ်ဖျင်းတဲ့ အလုပ်ကို လုပ်တော့မှာပါကလား။ မလုပ်ဘူး၊ မလုပ်ဘူး။ ဒီလို ယုတ်ညံ့သိမ်ဖျင်းတဲ့ အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး" ဟု ရေရွတ်လိုက်ရာသည်။

သို့သော် လေတဝေါဝေါ တိုက်နေသောကြောင့် ကပ္ပတိန်ပရစ်ချတ်၏ စကားကို အဖော်ယောက်ျား မကြားရပေ။ ထို့ကြောင့် အဖော်ယောက်ျားလည်း ရှေ့သို့ဆက်မလျှောက်ဘဲ ရပ်တံ့တွေဝေနေသော ကပ္ပတိန်ပရစ်ချတ်ကို တအံ့တသြငေးကြည့်ရာမှ ကပ္ပတိန်ပရစ်ချတ်၏လက်ကို အသာလှမ်းကိုင်လိုက်သည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ထိုသူ၏လက်ကို ပုတ်ထုတ်ရင်း

"သွားစမ်း ... သွားစမ်း၊ ချန္ဒရာပူရီဘုရင်ရဲ့ အသက်ကို မင်းတစ်ယောက်တည်း လုပ်ကြံစမ်း။ ငါ့ကို မခေါ်နဲ့တော့၊ ဒီလိုယုတ်ညံ့သိမ်ဖျင်းတဲ့ အလုပ်ကို ငါဘယ်တော့မှ မလုပ်ဘူး" ဟု ဟစ်အော်ပြောကြားလိုက်သည်။

ထိုအချိန်၌ လေသည် တဝေါဝေါ တိုက်ခတ်နေရာ ကပ္ပတိန်ပရစ်ချတ်၏စကားကို အဖော်ယောက်ျားသည် လုံးဝကြားရဟန် မတူပေ။ သို့သော် ကပ္ပတိန်ပရစ်ချတ်၏ အမူအရာအရ စိတ်ပြောင်းသွားသည့်အဖြစ်ကို ရိပ်စားမိဟန်တူသည်။ ထိုသို့ ရိပ်စားမိသည်နှင့် တစ်ပြိုင်နက် အဖော်ယောက်ျားသည် ကပ္ပတိန်ပရစ်ချတ် လုံးဝမမှတ်ထင် မတွေးတောသောအမူကို ပြုတော့သည်။ ထိုအမူကား အခြားမဟုတ်။ သူ၏လက်တွင်းရှိ လူသတ်ကြိုးဖြင့် ကပ္ပတိန်ပရစ်ချတ်၏လည်မျိုကို ဖျတ်ခနဲ ရစ်ပတ်ပြီး သတ်ဖြတ်ရန် ကြိုးစားခြင်းပေတည်း။

ကပ္ပတိန်ပရစ်ချတ်လည်း မိမိ၏အဖော်၏အပြုအမူကို အလွန်အမင်း အံ့သြသွားရာမှ ဒေါသအမျက်ချောင်းချောင်း ထွက်လာပြီးလျှင် အဖော်ယောက်ျားကို တဟုန်ထိုး ပြေးဖက်လိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်နှင့် အဖော်ယောက်ျားလည်း မြေပြင်ထက်၌ လုံးထွေးသတ်ပုတ်နေကြတော့သည်။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း လည်ပင်း၌ပတ်နေသော လူသတ်ကြိုးကို အတင်းဖယ်ရှားရသည်။ ထို့နောက် အဖော်ယောက်ျား၏ လည်တိုင်ကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် တအားကုန် ဖျစ်ညှစ်တော့သည်။

ထိုအခိုက်တွင် ကိုယ်ရံတော် စစ်သည်တို့ အော်ဟစ်ပြေးလွှားလာသံကို ကြားရသည်။ထိုအခိုက်တွင်ပင် အဖော်ယောက်ျားသည် ကပ္ပတိန်ပရစ်ချတ်၏ လက်တွင်းမှ တအားရုန်းထွက်ရင်း ....

http://www.cherrythitsar.org



"ဟောဒီမှာ ချန္ဒရာပူရီဘုရင်ရဲ့ အသက်ကို လုပ်ကြံဖို့ အင်္ဂလိပ်သခင် လာနေပါတယ်။ အင်္ဂလိပ်သခင်ရဲ့ လက်ထဲမှာ လူသတ်ကြိုးပါလာပါတယ်။ ကြည့်ကြပါ" ဟု ဟစ်အော် ပြောကြားလိုက်သည်။

ထိုအခိုက်တွင်ပင် ကပ္ပတိန်ပရစ်ချတ်သည် အဖော်ယောက်ျား၏ လည်မျိုကို တအားကုန် ဖျစ်ညှစ်ရာမှ ခေါင်းကို ဆတ်ခနဲ မထူပြီး အနီးရှိ ကျောက်တုံးနှင့် ခွပ်ခနဲ နေအောင်တိုက်ချလိုက်သည်။ ထို့နောက် ပျော့ခွေနေသော အဖော်ယောက်ျားကို စက်ဆုတ်မုန်းတီးစွာ တစ်ချက်ကြည့်ရင်း လွှားခနဲ ခုန်ထလိုက်သည်။ ထို့နောက် ဘေးပတ်ပတ်လည်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ မိမိရှိရာသို့ ဓားလွတ်ကိုယ်စီကိုင်ရင်း ပြေးလာသော ကိုယ်ရံတော်စစ်သည်တို့ကို တွေ့လိုက်ရသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း 'ချန္ဒရာပူရီဘုရင်၏ အသက်ကို လုပ်ကြံရန် မိမိကြိုးပမ်းသည့်အမှုဖြင့် မိမိကို ဖမ်းဆီးပြီး အဆုံးစီရင်ကြလိမ့်မည်" ဟု တွေးတောကာ ကိုယ်ရံတော် စစ်သည်တို့ အဖမ်းမခံဘဲ ထွက်ပြေးရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ထို့ကြောင့် မိမိ၏တစ်ဦးတည်းသော မိတ်ဆွေကောင်း ဖြစ်သည့် မြင်းညိုကြီးရှိရာ မြင်းဇောင်းဖက်သို့ လေ၏ လျင်မြန်ခြင်းဖြင့် တဟုန်ထိုးထွက်ပြေးသွားတော့သည်။

[၁၁]

# သေမိန့်ကျသောသူ

ကပ္ပတိန်ပရစ်ချတ်လည်း ချန္ဒရာပူရီဘုရင်၏ စက်ခန်းဆောင်အပါးမှ မြင်းဇောင်းရှိရာသို့ တဟုန်ထိုးထွက်ပြေးလာရာ မကြာမီ ရှေ့တူရူ၍ အုတ်တံတိုင်းတစ်ခုစီဖီလာကန့်လန့်ခြားတန့် ကာဆီးနေသည်လို တွေ့ရသည်။ ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း တွေဝေဆိုင်းငံ့မနေတော့ဘဲ အုတ်တံတိုင်းပေါ်သို့ ကုတ်ကပ်တွယ်ဖက်တက်ကာ အုတ်တံတိုင်းတစ်ဖက်ကို ကျော်ဆင်းလိုက်သည်။ ထို အခါအနောက်ဆောင်အနီးရှိ ပန်းဥယျာဉ်တစ်ခုအပါး ရောက်သွားတော့သည်။ ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း အမောဖြေသည့်အနေဖြင့် လေကို တဝကြီးရှူပြီးလျှင် မြင်းဇောင်းဖက်သို့ ဆက်ပြီး ပြေးလာခဲ့ရာ မကြာမီ ပန်းဥယျာဉ်အုတ်တံတိုင်းအနီး ပန်းခြံတစ်ခြံနားသို့ ရောက်သွားတော့သည်။

ထိုအခါ ပန်းခြံအနားတွင် ကန္တဲ့ကလျ ရပ်နေသော မိန်းမပျိုတစ်ယောက်ကို ရုတ်တရက် တွေ့မြင်လိုက်ရလေရာ ကပ္ပတိန်ပရစ်ချတ်လည်း မည်သို့မှ တွေးတော စဉ်းစားနေခြင်း မပြုတော့ဘဲ မိန်းမပျိုကို နောက်မှ သိမ်းဖက်ရင်းလက်ဝါးဖြင့် ပါးစပ်ကို လှမ်းပိတ်လိုက်သည်။ ထိုအခိုက်တွင်ပင် ....

"ဘာသံမှ မပြုလိုက်နဲ့၊ တိတ်တိတ်ကလေးနေစမ်း" ဟု ခပ်တိုးတိုးကြိမ်းလိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်လည်း မိန်းမပျိုလေးကို သိမ်းဖက်ထားရာမှာ အသံဗလံတို့ကို နားစွင့်ကြည့်လိုက်သည်။ ထိုအခါ အနောက်ဆောင်အုတ်တံတိုင်းတစ်ဖက်မှ ပြေးလွှားသွားကြသော ကိုယ်ရံတော်စစ်သည်တို့၏ခြေသံတို့ကို လည်းကောင်း၊ မြင်းဇောင်းအနီးမှ ဖြတ်သန်းပြေးသွားကြသောစစ်သည်တို့၏ ခြေသံတို့သို့လည်းကောင်း ကြားရသည်။ ထိုအခိုက်တွင် မိန်းမ

http://www.cherrythitsar.org



ပျိုလေး၏ နွေးထွေးသော ကိုယ်အတွေ့နှင့် မွှေးပျံ့ထုံသင်းသော အမွှေးနံ့သာရနံ့တို့ကို ခံစားရသည်။ အတန်ကြာသောအခါ အသံဗလံများ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ကိုယ်ရံတော်စစ်သည်တို့သည် ဤနေရာတစ်ဝိုက်၌ မိမိကို ရှာမတွေ့သောကြောင့် အခြားနေရာများ၌ မိမိကို လိုက်လံရှာဖွေနေယောင်တကား။

ကပ္ပတိန်ပရစ်ချတ်လည်း အသာသက်ပြင်းချလိုက်ပြီးလျှင် မိမိပွေ့ထားသော မိန်းမပျိုလေး၏ နားနားကို ကပ်ပြီး ....

"မင်း ပါးစပ်ကို ပိတ်ထားတဲ့လက်ကို လွှတ်လိုက်ရင် မင်း မအော်ဘဲ ငြိမ်ငြိမ်လေးနေမလား" ဟု မေးလိုက်ရာ မိန်းမပျိုလေး အသာခေါင်းညိတ်ပြသည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း ပွေ့ဖက်ထားသော မိန်းမပျိုလေးကို လျော့ဖြေပေးလိုက်ရာ မိန်းပျိုလေးလည်း ကပ္ပတိန်ပရစ်ချတ်ဖက်သို့ အသာလှည့်ပြီး မျက်နှာကို ရွှန်းရွှန်းစားစား မော့ကြည့်လိုက်သည်။ အလိုဘုရား၊ မိမိပွေ့ဖက်ထားသော မိန်းမပျိုလေးကား မိမိမြတ်နိုးချစ်ကြင်သော မင်းသမီးလေး မူဟာရီပါတကား။ ချန္ဒရာပူရီဘုရင်နှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားတော့မည့် ကြင်ယာတော်လောင်းပါတကား။

ကပ္ပတိန်ပရစ်ချတ်လည်း မင်းသမီးလေးမူဟာရီကို ဆွတ်ပျံ့ကြေကွဲသော မျက်လုံးအစုံဖြင့် ငေးကြည့်ရင်း ....

"မူဟာရီရယ် ... ညီမရယ်၊ ညီရယ်" ဟု တမ်းတလွမ်းမောသံကြီးဖြင့် ခေါ်လိုက်သည်။

ထိုအခိုက်တွင် မင်းသမီးလေးမူဟာရီသည် ကပ္ပတိန်ပရစ်ချတ်ကို မြတ်နိုးစုံမက်သော မျက်လုံးအစုံဖြင့် တရှိုက်မက်မက် ငေးကြည့်နေရှာသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်၏ ထွားကျိုင်းခိုင်းကြံ့လှသော ကိုယ်ခန္ဓာသည် ရှေးယခင်ကနှင့်မတူဘဲ ကြုံလှီဖျော့တော့နေသည့် အဖြစ်ကိုလည်းကောင်း၊ တောက်ပဝင်းလက်နေသော မျက်လုံးအစုံသည် ရှေးယခင်ကနှင့် မတူဘဲ အရောင်မှိန်ကာ ရီဝေနေသည့်အဖြစ်ကိုလည်းကောင်း တွေ့မြင်သတိပြုမိသည်။ ထို့ပြင် ကပ္ပတိန်ပရစ်ချတ်၏ အေးဆေးတည်ငြိမ်လှသော အမူအရာသည် ရှေးယခင်ကနှင့်မတူဘဲ ဂနာမငြိမ် ဖြစ်နေပြီး၊ ပတ် ဝန်းကျင်တစ်ခွင်ကို ကျီးကန်းတောင်းမှောက် ကြည့်နေသည့်အဖြစ်ကိုလည်းကောင်း တွေ့မြင်သတိပြုမိသည်။ ထို့ကြောင့် မင်းသမီးလေး မူဟာရီလည်း ရွှေရင်တဒိတ်ဒိတ် ခုန်နေမိရာက ....

"အစ်ကိုရယ် ... ဘာများ ဖြစ်နေသလဲကွယ်။ အစ်ကို့မှာ ဘေးဒုက္ခ အန္တရာယ်များ ကျရောက်နေသလားကွယ်" ဟု ကပ္ပတိန်ပရစ်ချတ်၏ လက်မောင်းအစုံကို ဆုပ်ကိုင်ရင်း စိုးရိမ်တကြီးမေးလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က မင်းသမီးလေးမူဟာရီကို ငုံ့ကြည့်ရင်း

"ဟုတ်ပါတယ် ရွှေမင်းသမီးလေးရယ်။ အဆိုးဆုံး ဘေးဒုက္ခ အန္တရာယ်ကို အစ်ကို ရင်ဆိုင်နေရပါတယ်။ ရွှေမင်းသမီးလေးနဲ့ စုလျားရစ်ပတ် လက်ထပ်မယ့် မောင်တော်လောင်းရဲ့ အသက်ကို လုပ်ကြံဖို့အသွားမှာ ကိုယ်ရံတော် စစ်သည်တော်တွေက အစ်ကို့ကို လိုက်ဖမ်းကြတဲ့အတွက် အစ်ကို ထွက်ပြေးနေရပါတယ်။ ရွှေမင်းသမီးလေးရယ်၊ အစ်ကိုဟာ ကာလီမယ်တော်ကြီးကို ကိုးကွယ်ယုံကြည်နေကြတဲ့ သာဂ်ိဂိုဏ်းသားတစ်ယောက် ဖြစ်နေပြီကွယ်။ အစ်ကို့ကိုသာ ဖမ်းမိသွားရင် အသက်ကို အရှင်မထားဘဲ ညှဉ်းပန်းနှိပ်စက်ပြီး သတ်မှာသေချာနေတယ်ကွယ်" ဟု ပြောလိုက်ရာ မင်းသမီးလေး မူဟာရီက သက်ပြင်းကို အသာချလိုက်ရင်း ....

"ဒုက္ခပါပဲ အစ်ကိုရယ်။ အစ်ကို့ ဒုက္ခကို ညီမဘယ်လို အကူအညီ ပေးရမလဲဟင်" ဟု မေးလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း အတန်ကြာအောင် တွေဝေစဉ်းစား နေမိသည်။ မင်းသမီးလေး မူဟာရီကား ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားနှင့် စုလျားရစ်ပတ် လက်ထပ်တော့မည့် မိဖုရားလောင်းဖြစ်သည်။ မင်းသမီး မူဟာရီထံက အကူအညီသာရပါက မိမိကြုံတွေ့နေရသော ဘေးဒုက္ခအခက်အခဲမှ လွတ်မြောက်နိုင်ပေသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်က စိတ်အားထက် သန်စွာဖြင့် ....

"အစ်ကို့ကို ညီမက တကယ်ပဲ ကူညီပေးမှာလားဟင်" ဟု မေးလိုက်ရာ၊ မင်းသမီးလေး မူဟာရီက အသာပြုံးရင်း .... "တကယ်ပေါ့ အစ်ကိုရဲ့" ဟု ပြောကြားလိုက်သည်။ ထို့နောက် တည်ငြိမ်သော အမူအရာဖြင့် ....

"ဒီမှာ အစ်ကို၊ ချန္ဒရာပူရီက အစ်ကိုထွက်ပြေးလွတ်မြောက်ချင်ရင် ညီမကို အစ်ကိုနဲ့တစ်ပါတည်း ခေါ်ဆောင်သွားပေတော့။ ညီမကို အစ်ကိုနဲ့ တစ်ပါတည်း ခေါ်ဆောင်သွားတဲ့အတွက် ကိုယ်ရံတော်စစ်သည်တွေဟာ ညီမကိုပါ ကျည်သင့်မှာ စိုးတဲ့အတွက် အစ်ကို့ကို သေနတ်နဲ့ လိုက်ပစ်ရဲမယ် မထင်ဘူး" ဟု ပြောကြားသည်။

မင်းသမီးလေး မူဟာရီ၏စကားကို ကြားလျှင် ကပ္ပတိန်ပရစ်ချတ် လည်း မယုံနိုင်လောက်အောင် အလွန်အမင်း အံ့အားသင့်သွားရာမှ ....

http://www.cherrythitsar.org



"ညီမရယ်၊ ညီမဟာ မကြာခင် မိဖုရားကြီး ဖြစ်မယ့်သူပါ။ ဘာကြောင့် အစ်ကို့နောက်ကို လိုက်ချင်ရတာလဲ။ အစ်ကို့ကို ဒီလောက်အထိ အကူအညီပေးဖို့ မလိုပါဘူးကွယ်" ဟု ပြောလိုက်ရာ မင်းသမီးလေးမူဟာရီက နှစ်နှစ်ခြိုက်ခြိုက် ပြုံးရင်း .... "အစ်ကိုရယ် ... ညီမဟာ မိဖုရားကြီးဘဝကို မတပ်မက် မခုံမင်ပါဘူး။ ပြီးတော့ ရွှေနန်းတော်တွင်း အကျဉ်းသားတစ်ယောက်လို အကျယ်ချုပ် အချုပ်ခံနေရတဲ့ဘဝကိုလည်း ငြီးငွေ့နေပါပြီ"

ဟု ပြောကြားသည်။ ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း မည်သို့မျှ မပြောတော့ဘဲ မင်းသမီးလေးမူဟာရီ၏ လက်ကိုသာ တယုတယ ကိုင်ဆွဲလိုက်သည်။ ထို့နောက် မင်းသမီးလေး မူဟာရီ၏ ကိုယ်ကိုပွေ့ကာ ပန်းဥယျာဉ် အုတ်တံတိုင်းပေါ်သို့ အသာတင်လိုက်သည်။ ထို့နောက် အုတ်တံတိုင်းတစ်ဖက်သို့ နှစ်ယောက်သား ခုန်ဆင်းလိုက်ကြပြီးလျှင် မြင်းဇောင်းရှိရာသို့ အတူတကွ ပုန်းလျှိုးကွယ်လျှိုး ပြေးလာကြသည်။

အချိန်မှာ ညမှောင်ရည်သန်းနေရကား ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေးမူဟာရီတို့ နှစ်ဦးသည် အခြားလူများ မမြင်အောင် မြင်းဇောင်းရှိရာသို့ အလွယ်တကူပင် ပုန်းလျှိုးကွယ်လျှိုး ပြေးလာနိုင်ကြသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရယ် ... ကိုယ်ရံတော်စစ်သည်တော်တွေက အစ်ကို့ကို ဖမ်းမိသွားရင် အစ်ကို့ကို သတ်ပစ်မှာ သေချာပါတယ်။ ပြီးတော့ မဒရပ်မြို့တော်ကို ထွက်ပြေးရင်လည်း အစ်ကို့ကို လူသတ်မှုနဲ့ စစ်ခုံရုံးတင် စစ်ဆေးပြီး သေဒဏ်ပေးမှာ သေချာပါတယ်။ဒီတော့ အစ်ကိုဟာ သေလူဖြစ်နေပါပြီ။ အစ်ကို့အတွက် ညီမသိပ်ပြီး အနစ်နာမခံစေချင်ဖူးကွယ်။ ဒီမှာပဲ အေးအေးဆေးဆေး နေခဲ့ပါတော့" ဟု ပြောကြားရာ မင်းသမီး မူဟာရီက ....

"ဒီစကားမျိုး ပြောမနေပါနဲ့ အစ်ကိုရယ်။ ဘေးဒုက္ခအန္တရာယ်တွေကြားထဲမှာ အစ်ကို့တစ်ယောက်တည်း ညီမ ပစ်မထားရက်ပါဘူး" ဟု ပြောကြားသည်။

ဤသို့ပြောကြားရင်း မြင်းဇောင်းရှိရာသို့ ပုန်းလျှိုးကွယ်လျှိုး ပြေးလာခဲ့ရာ၊ မကြာမီ မြင်းဇောင်းသို့ ရောက်လာခဲ့သည်။ ကံအားလျော်စွာ မြင်းဇောင်း၌ အစောင့်တစ်ယောက်မှ မရှိဘဲဖြစ်နေရာ၊ ကပ္ပတိန်ပရစ်ချတ်လည်း ချန္ဒရာပူရီဘုရင်က မိမိကို လက်ဆောင်ပေးထားသော အကောင်းဆုံးမြင်းညိုကြီးကို မြင်းကုန်းနှီးတင်လိုက်သည်။ ထိုအခိုက်တွင် မင်းသမီးလေးမူဟာရီလည်း မြင်းညိုမလေးကို မြင်းကုန်းနှီး တင်လိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့သည် လူသူလေးပါး အသွားအလာကင်းသော လမ်းတို့ကို ရွေးချယ်ပြီး ချန္ဒရာပူရီမြို့တော်နှင့် ဝေးရာဘက်သို့ ကဆုန်စိုင်းပြီး စီးနှင်လာခဲ့ကြသည်။

ကပ္ပတိန်ပရစ်ချတ်လည်း မိမိနှင့် တွေ့ဆုံခါစက မြင်းကို လုံးဝမစီးတတ်ပါဘူးဟု ဆိုခဲ့သော မင်းသမီးလေး မူဟာရီက မိမိနှင့် ရင်ဘောင်တန်းသည့်အထိ အကြေ့သား မြင်းစီးနိုင်သည့်အဖြစ်ကို အံ့ဩတွေဝေနေရာမှ ရုတ်တရက် တစ်စုံတစ်ရာကို တွေးမိပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

ထိုအခိုက်တွင် ကာနူးတောင်တန်းရှိ ကာလီမယ်တော်ကြီး၏ ဘုရားကျောင်းတော်အတွင်း၌ မိန်းမလှ စရိတသည် ဒေါသတကြီးဖြင့် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေရာမှ မိမိနှင့် မလှမ်းမကမ်းတွင် ရပ်နေသော ကာနယ်ဒါကုတ်၏ ရှေ့တည့်တည့်တွင် ဆတ်ခနဲ ရပ်တန့်လိုက်သည်။ ထို့နောက်–

“ကပ္ပတိန်ပရစ်ချတ် ထွက်ပြေးလွတ်မြောက်သွားပြီ ဟုတ်စ။ ဒီအင်္ဂလိပ်ကောင်က ငှက်မို့လို့ မိုးပေါ်ပျံသွားတာလား။ နဂါးမိုးလို့ မြေလျှိုးသွားတာလား” ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်က –

“မြင်းဇောင်းထဲက မြင်းတစ်စီးကို ခိုးပြီး ထွက်ပြေးသွားတာပါ” ဟု ပြောလိုက်ရာ၊ မိန်းမလှလေး စရိတက –

“ကပ္ပတိန်ပရစ်ချတ်က တစ်ယောက်တည်း ထွက်ပြေးလွတ်မြောက်သွားတယ်လို့ ရှင်ထင်နေသလား။ သူနဲ့အတူ တစ်ယောက်လောက် ပါသွားတာကော ရှင်သိသလား” ဟု မေးလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်က အံ့ဩသည့် အမူအရာဖြင့် ....

“ဟင့်အင်း မသိဘူး။ ကပ္ပတိန်ပရစ်ချတ်ရဲ့ ကိုယ်ရံတော်ဖြစ်တဲ့ ဆစ်လူမျိုး အဂ္ဂါဆင်းကို ဖမ်းမိထားပြီပဲ။ သူနဲ့အတူ ဘယ်သူများ ပါသွားနိုင်သလဲ၊ ကပ္ပတိန်ပရစ်ချတ်က သေမိန့်ကျနေတဲ့ လူတစ်ယောက်ပဲ။ သူနဲ့အတူ ဘယ်သူလိုက်ချင်ပါ့မလဲ” ဟု ပြောကြားရာ၊ မိန်းမလှ စရိတက ....

“ကပ္ပတိန်ပရစ်ချတ်နဲ့ ပါသွားတဲ့သူက တခြားသူ မဟုတ်ဘူး။ မင်းသမီးလေး မူဟာရီပဲ။ ဒါကို ရှင်သိရဲ့လား” ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်လည်း တိုး၍ အံ့အားသင့်သွားဟန်ဖြင့်

“ဘုရားရေ၊ ချန္ဒရာပူရီဘုရင်နဲ့ မကြာခင် စုလျားရစ်ပတ်လက်ထပ်တော့မယ့် မိဖုရားလောင်းက သေမိန့်ကျနေတဲ့ လူနဲ့အတူ လိုက်ပါသွားတယ်။ မယုံနိုင်စရာပဲ” ဟု ရေရွတ်ပြောကြားလိုက်သည်။

ထိုအခိုက်တွင် မိန်းမလှလေး စရိတလည်း ဆောက်တည်ရာ မရသည့်အသွင်ဖြင့် ခေါက်တုံ့ခေါက်ပြန် ဆက်လက်လမ်းလျှောက်နေပြီးမှ ....

"ကျွန်မဟာ အစီအစဉ်ကို အသေးစိတ်ချမှတ်ထားတာပဲ။ ကပ္ပတိန်ပရစ်ချတ်ဟာ ညစဉ်ညတိုင်း ဟောဒီကျောင်းတော်ကိုလာပြီး ကချေသည်မလေးတွေရဲ့ အကကို ရှုစားတယ်။ ကာလီမယ်တော်ကြီးရဲ့ ဆေးရည်ကို တစ်ခွက်ပြီးတစ်ခွက် သောက်သုံးတယ်။ ပြီးတော့ ကချေသည်မလေးတွေနဲ့ ပျော်ပါးတယ်။ တစ်ခါတစ်ရံမှာတော့ ကျွန်မနဲ့ ပျော်ပါးတယ်။ ဒီလိုနဲ့ ကပ္ပတိန်ပရစ်ချတ်ဟာ ကျွန်မရဲ့ မာယာကွန်ယက်ထဲကို ကျရောက်ခဲ့တယ်။ ကျွန်မထားရာနေ စေရာသွားတဲ့ ရမ္မက်ကျွန်တစ်ယောက် ဖြစ်လာခဲ့တယ်။ အဲဒီအခါကျတော့မှ ချန္ဒရာပူရီဘုရင်ရဲ့အသက်ကို လုပ်ကြံဖို့ စေခိုင်းခဲ့တာပါ။ အဲဒီလို စေခိုင်းတာလည်း ကပ္ပတိန်ပရစ်ချတ်ဟာ လုံးဝမငြင်းဆန်ခဲ့ဘူး။ စိတ်ပါလက်ပါပဲ ဆောင်ရွက်ဖို့ ကတိပြုခဲ့တယ်။ ဒါကြောင့်လည်း ကပ္ပတိန်ပရစ်ချတ်ရဲ့လက်ချက်နဲ့ ချန္ဒရာပူရီဘုရင် နတ်ရွာစံရလိမ့်မယ်။ ပြီးတော့ ချန္ဒရာပူရီဘုရင်ရဲ့ ထီးနန်းကို ကျွန်မ စိုးစံသိမ်းမြန်းရလိမ့်မယ်လို့ အကြွင်းမဲ့ မှတ်ထင်ယုံကြည်ထားခဲ့မိတယ်" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က အသာပြုံးရင်း ...

"ဒီအကြံ အောင်မြင်ဖို့ အရေးမှာ ကျွန်တော်တို့ ပြစ်သစ်တွေရဲ့ အကူအညီဟာလည်း အဓိကနေရာက ပါတယ် မဟုတ်လား" ဟု ပြောလိုက်ရာ၊ မိန်းမ လှ စရိတက မချင့်မရဲ အမူအရာဖြင့် နံရံကို လက်သီးဖြင့် ထုရင်း ....

"မှန်တယ်။ ရှင်တို့ ပြင်သစ်တွေရဲ့ အကူအညီဟာလည်း အဓိကနေရာက ပါပါတယ်။ ကပ္ပတိန်ပရစ်ချတ်ရဲ့ လက်ချက်နဲ့ ချန္ဒရာပူရီဘုရင် နတ်ရွာစံတာနဲ့ တစ်ပြိုင်နက် အိန္ဒိယတစ်ဝှမ်းလုံးမှာရှိတဲ့ ပြည်နယ်အသီးသီးဟာ အင်္ဂလိပ်တွေကို ဒေါသအမျက် ချောင်းချောင်းထွက်ပြီး၊ အင်္ဂလိပ်တွေကို အိန္ဒိယမြေပေါ်က မောင်းထုတ်ကြလိမ့်မယ်။ ဒီလို အင်္ဂလိပ်တွေကို အိန္ဒိယမြေပေါ်က မောင်းထုတ်ကြတဲ့အခါမှာ လူအားလုံးဟာ ကျွန်မရဲ့ အလံတော်မှာ တညီတညွတ်ထဲ ရှိကြမှာ သေချာပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ကာလီဒေဝီရယ်။ ခင်ဗျားရဲ့ ရည်ရွယ်ချက်က တယ်လည်း ကြီးလှပါကလား" ဟု ပြောလိုက်ရာ မိန်းမလှစရိတက–

"ဟုတ်တယ်။ ကျွန်မရဲ့ ရည်ရွယ်ချက်ကတော့ ခပ်ကြီးကြီးပဲ။ ဒါထက် ကပ္ပတိန်ပရစ်ချတ်ဟာ ချန္ဒရာပူရီဘုရင်နဲ့ အသက်ကို လုပ်ကြံဖို့ သံနိဋ္ဌာန်

http://www.cherrythitsar.org



ချထားပြီးခါမှ ဘာကြောင့် စိတ်ပြောင်းရပါလိမ့်” ဟု ပြောကြားသည်။ ထို့နောက် အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးမှ ....

“ကပ္ပတိန်ပရစ်ချတ် ထွက်ပြေးလွတ်မြောက်သွားတာဟာ ဆန်းတယ်။ ကျွန်မတို့ဟာ ကိုယ့်ကိုယ်ကို လည်လှပြီလို့ ထင်ခဲ့ပေမဲ့ တကယ်တော့ အင်္ဂလိပ်တွေရဲ့ အလှည့်စားကိုများ ခံရသလား မသိဘူး။ ကပ္ပတိန်ပရစ်ချတ်ဟာ လူသတ်မှုကျူးလွန်ခဲ့ယောင် သတင်းလွှင့်ထားပြီး ဒီမှာလာပြီး သူလျှိုလုပ်နေတဲ့ သူဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒီလိုဆိုရင် ရှင်နဲ့ကျွန်မတို့ ပူးပေါင်းပြီး ကြံစည်ထားတဲ့ ကိစ္စကြီးကို စုံစမ်းသိရှိသွားပြီး အချိန်မီ သတင်းပို့နိုင်အောင်လို့ မဒရပ်မြို့ကို ကပ္ပတိန်ပရစ်ချတ် ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်” ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က အသာရယ်မောကာ မိန်းမလှစရိတအပါးကို လျှောက်လာပြီး လက်မောင်းတစ်တစ်လေးကို လှမ်းဆုပ်ရင်း ....

“ဒီအတွက် စိတ်မပူပါနဲ့ဗျာ။ မဒရပ်မြို့မှာ ကျွန်တော်တို့ဆီက ရွှေတွေကို ယူပြီး အင်္ဂလိပ်တပ်ရဲ့ လျှို့ဝှက်တဲ့ သတင်းစကားတွေကို ပေးပို့နေတဲ့ သူလျှိုတစ်ယောက်ရှိတယ် မဟုတ်လား။ အဲဒီသူလျှိုက ကပ္ပတိန်ပရစ်ချတ်ရဲ့ ကိစ္စကို ကြည့်ရှင်းလိုက်မှာပါ။ အဲဒီအင်္ဂလိပ်သူလျှိုကောင်ကို ခင်ဗျားလည်း သိထားပြီးသားပါ။ မဒရပ်မြို့တော် တစ်နေရာမှာတောင် ကျွန်တော်တို့နဲ့ တစ်ခါချိန်းတွေ့ဖူးတယ် မဟုတ်လား” ဟု ပြောကြားသည်။

ထိုအခါ မိန်းမလှ စရိတက ....

“ဟုတ်ပါရဲ့။ ကျွန်မ အမှတ်ရပါပြီ” ဟုပြောလိုက်ရာ ကာနယ်ဒါကုတ်က မိန်းမလှစရိတ၏ လက်မောင်းကစ်ကစ်လေးကို ဆက်လက် ဆုပ်နယ်ရင်း ....

“အဲဒီသူလျှိုဆီက သတင်းစကားတွေကို ထပ်ပြီးရပါတယ်။ လူသတ်မှုကို ကပ္ပတိန်ပရစ်ချတ် ကျူးလွန်ခဲ့တာဟာ တကယ့်အမှန်ပါ။ ဒီတော့ မဒရပ်မြို့တော်ကို ပြန်သွားတာနဲ့ တစ်ပြိုင်နက် ကပ္ပတိန်ပရစ်ချတ်ဟာ ကျူးလွန်ခဲ့တဲ့ လူသတ်မှုကြောင့် အသတ်ခံရမှာ သေချာပါတယ်။ ဒါကြောင့် မဒရပ် မြို့တော်ကို ထွက်ပြေးသွားပြီး ခင်ဗျားနဲ့ ကျွန်တော်တို့ ပူးပေါင်းကြံစည်တဲ့ ကိစ္စကို သွားပြောမှာ မဟုတ်ပါဘူး။ ဒီအတွက် စိတ်အေးအေးသာ ထားပါတော့” ဟု ပြောကြားသည်။

ထိုအခါ မိန်းမလှစရိတက ....

“ရှင့်ဆီက ဒီစကားကြားရတဲ့အတွက် နည်းနည်းတော့ စိတ်အေးသွားမိပါရဲ့၊ ဒါပေမဲ့ လုံးဝတော့ စိတ်မချနိုင်သေးဘူး။ အင်္ဂလိပ်တွေက ကျွန်မ

http://www.cherrythitsar.org



တို့ကို အရူးလုပ်တာလည်း ဖြစ်နိုင်ပါသေးတယ်” ဟုပြောကြားရင်း မိမိ၏ လက်မောင်း တစ်တစ်လေးကို ဆုပ်နယ်နေသော ကာနယ်ဒါကုတ်၏ လက်များကို မသိမသာ ဖယ်ရှားလိုက်သည်။

ထိုအခိုက်တွင်ပင် ခြေသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ထိုအခါ မိန်းမလု စရိတလည်း ကာနယ်ဒါကုတ်ကို တွန်းဖယ်ရင်း ....

“ဒါဟာ နန်းတွင်းသူ ယမုနာရဲ့ခြေသံပဲ၊ ရွှေနန်းတော်ကြီးက သတင်းစကားကို လာပြောတာ ထင်ပါရဲ့” ဟု ပြောကြားရာမှ တံခါးမကြီးဆီ လျှောက်သွားကာ တံခါးဖွင့်ပေးလိုက်သည်။

ထိုအခါ ဆာရီအဝါဝတ်ထားသော မိန်းမပျိုတစ်ဦးသည် အခန်းတွင်းသို့ ဝင်လာပြီး မိန်းမလုစရိတကို လေးလေးစားစား အရိုအသေပြုလိုက်သည်။ ထို့နောက် တစ်နေရာသို့ ခေါ်သွားကာ မိန်းမလုစရိတ နားနားကိုကပ်ပြီး လေသံဖြင့် တိုးတိုးတိုးတိုး ပြောကြားသည်။ စကားဆုံးသောအခါ မိန်းမလုစရိတလည်း ရွှေလက်ကောက်တစ်ကွင်းကို လက်မှဆွဲချွတ်ပြီး နန်းတွင်းသူ ယမုနာကို ဆုချလိုက်သည်။ ယမုနာလည်း ရွှေလက်ကောက်ကို ယူပြီးလျှင် အပါးမှ ရိုသေစွာပြန်ထွက်သွားသည်။

ထိုအခါ မိန်းမလုစရိတလည်း ကာနယ်ဒါကုတ်ရှိရာသို့ ပြန်လျှောက်လာရင်း ....

“ကပ္ပတိန်ပရစ်ချတ်ထွက်ပြေးတဲ့အခါမှာ ပါသွားတဲ့သူဟာ မင်းသမီးလေး မူဟာရီ ဖြစ်တယ်ဆိုတာ အမှန်ပဲတဲ့၊ ဒီအတွက် ချန္ဒရာပူရီဘုရင်ရှီရင်ဂါလားဟာ ဒေါသအမျက်ချောင်းချောင်း ထွက်နေတယ်။ ပြီးတော့ လမ်းမှာကျကျန်နေတဲ့ လူသတ်ကြိုးနဲ့ ပေါက်ချွန်းကိုထောက်ထားပြီး ကပ္ပတိန်ပရစ်ချတ်က သူ့ကိုလုပ်ကြံဖို့လာခဲ့တယ်လို့လည်း ယုံကြည်နေတယ်။ ဒီလိုလုပ်ကြံဖို့နေရာက မလုပ်ကြံဘဲ စိတ်ပြောင်းသွားတာကတော့ မုတ်သုန်မိုးမိသွားလို့ဖြစ်နိုင်တယ်လို့ မှတ်ထင်နေတယ်တဲ့။ ဒါကြောင့် ကပ္ပတိန်ပရစ်ချတ်ကို မရအရလိုက်လံဖမ်းဆီးဖို့ မြင်းတပ်သားတွေ လွှတ်ထားတယ်တဲ့” ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

“ချန္ဒရာပူရီဘုရင်က ခင်ဗျားကိုကော ယုံမှားသင်္ကာမကင်း မဖြစ်ဘူးလား” ဟု မေးလိုက်ရာ မိန်းမလုစရိတက ....

“ဟင့်အင်း မဖြစ်ဘူး၊ ချန္ဒရာပူရီဘုရင်ကို ကပ္ပတိန်ပရစ်ချတ်တစ်ယောက်တည်းပဲ လုပ်ကြံဖို့ ကြိုးစားတာတဲ့၊ လမ်းမှာ ကျကျန်နေတဲ့ လူသတ်ကြိုးနဲ့ ပေါက်ချွန်းကတော့ ကျွန်မဆီကပစ္စည်းတွေ ဖြစ်နိုင်တယ်။ ကပ္ပတိန်

http://www.cherrythitsar.org



ပရစ်ချတ်ဟာ ဒီပစ္စည်းတွေကို ရယူလိုတာကြောင့် ကျွန်မနဲ့ ခင်မင်ရင်းနှီးအောင် ဆိုပြီး ကျွန်မဆီကို ညစဉ်ညတိုင်းလိုလို လာရောက်လည်ပတ်ခြင်း ဖြစ်တယ်လို့လည်း ယူဆနေကြတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အခြေအနေဟာ မဆိုးသေးဘူး။ အခြေအနေကောင်းမှာပဲ ရှိသေးတယ်" ဟု ပြောကြားသည်။ ထို့နောက် –

ကာနယ်ဒါကုတ်ကို ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် ခပ်ညညကြည့်ရင်း .....

"ကိုင်းပါ ကာနယ်၊ အခြေအနေအရပ်ရပ် ချောမောပြေပြစ်ပြီး အောင်ပန်းဆင်နိုင်ဖို့အတွက် ကာလီမယ်တော်ကြီးဆီမှာ ရှင်နဲ့ကျွန်မတို့ ဆုမွန်ကောင်းတောင်းကြပါစို့" ဟု ပြောကြားလိုက်သည်။

[၁၂]

# သေမင်း၏စံတွင်းသို့

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးမူဟာရီတို့သည် ချန္ဒရာပူရီမြို့တော်နှင့် ဝေးရာသို့ မြင်းကိုယ်စီက ဆုန်စိုင်းစီးနှင်လျက်ရှိ၏။

ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေးမူဟာရီတို့သည် မနားတမ်းခရီးဆက်လာခဲ့ကြရာ နေမွန်းတိမ်းအချိန်သို့ပင် ရောက်လာခဲ့တော့သည်။ နေသည် ကျက်ကျက်တောက်ပူလျက်ရှိရာ ချွေးတို့ဖြင့် တစ်ကိုယ်လုံးရွှဲနစ်နေတော့သည်။ သို့သော် မိမိတို့ ရှေ့တူရူတွင် ရေတသွင်သွင် စီးနေသော ချောင်းတစ်ခုနှင့် စိမ်းမြသော တောအုပ်တစ်ခုကို လှမ်းမြင်ကြရလေရာ အလိုလိုအားတက်ရွှင်လန်းနေကြသည်။

ကပ္ပတိန်ပရစ်ချတ်လည်း မိမိ၏ဝဲဖက်မှ ဘေးချင်းယှဉ်ပြီး စီးလာသော ဖုန်မှုန့်အလိမ်းလိမ်းကပ်နေသည့် မင်းသမီးလေးကို သနားချစ်ကြင်သော အမူအရာဖြင့် လှမ်းကြည့်လိုက်ရာ မင်းသမီးလေးမူဟာရီက ခပ်ယဲ့ယဲ့လေး ပြုံးပြလိုက်သည်။ ထို့နောက် "အစ်ကိုရေ၊ ဟောဟို ချောင်းနဲ့တောအုပ်ကို ရောက်ရင် ညီမတို့အဖို့ ဘေးရန်အန္တရာယ်အပေါင်းက ကင်းပြီလို့ မှတ်ရမှာပဲ" ဟု ပြောလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရယ်၊ အစ်ကို့ကြောင့် ညီမလည်း သိပ်ကို ပင်ပန်းနေပြီကွယ်၊ ညီမ ဒီလိုပင်ပန်းနေတာကိုမြင်ရတော့ ချန္ဒရာပူရီကို အစ်ကိုပြန်ပြီး အဖမ်းခံရရင် ကောင်းမလားလို့တောင် တွေးမိတယ်။ ဒါမှ ညီမဒုက္ခမရောက်ဘဲ ချမ်းချမ်းနေရမယ် မဟုတ်လား" ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ....

"အစ်ကိုရယ်၊ ဒါတွေ ပြောမနေပါနဲ့။ အစ်ကို့နောက်ကို ညီမစိတ်ဆန္ဒအရ လိုက်လာခဲ့တာပါ။ အနောက်ဆောင်အနီးက ပန်းဥယျာဉ်ထဲမှာ အစ်ကိုနဲ့

တွေ့တုန်းက ညီမတစ်ခွန်းလောက် အော်လိုက်ရုံနဲ့ ကိုယ်ရံတော်စစ်သည်တွေ တွေ့သွားပြီး အစ်ကိုအဖမ်းခံရမှာပါ။ ဒီလိုအော်လိုက်ရင်လည်း အစ်ကိုက ညီမကို ဘာမှ ရန်မလုပ်ဘူးဆိုတာကို ညီမသိပြီးသားပါ။ ဒါပေမဲ့ အစ်ကိုရယ် အစ်ကို့ဘေးရန်အန္တရာယ်ကြုံတွေ့တာ မြင်ရတော့ ညီမစိတ်မကောင်းဘူး။ ဆိုးတိုင်ပင်ကောင်းတိုင်ပင်အဖြစ် အစ်ကို့အပါးမှာ တပူးတွဲတွဲ နေချင်တယ်။ ဒါကြောင့် အစ်ကို့နောက်ကို လိုက်ခဲ့တာပါ" ဟုပြောကြားသည်။

မင်းသမီးလေး မူဟာရီ၏ သံယောဇဉ် မေတ္တာရနံ့တို့ဖြင့် ထုံသင်းနေသော စကားကို ကြားရသောအခါ ကပ္ပတိန်ပရစ်ချတ်လည်း စိတ်နှလုံးချမ်းမြေ့ကြည်နူးသွားပြီး ရုတ်တရက် နေပူရှိန်လျော့သွားသယောင် ခံစားရသည်။

ထိုအခိုက်တွင်ပင် ကပ္ပတိန်ပရစ်ချတ်နှင့် မူဟာရီတို့လည်း ချောင်းကမ်းပါးသို့ ရောက်လာခဲ့သည်။ ချောင်းကမ်းပါး၌ အရိပ်ကောင်းသော သစ်ပင်တို့ စီးတန်းပေါက်နေရာ ချောင်းကမ်းပါးသို့ရောက်သည်နှင့်တစ်ပြိုင်နက် အလိုလို အေးသွားတော့သည်။ ကပ္ပတိန်ပရစ်ချတ်လည်း ဆိုင်းငံ့မနေတော့ဘဲ ချောင်းစပ်သို့ မြင်းညိုကြီးကို မောင်းချလိုက်ရာ မောဟိုက်နေသော မြင်းညိုကြီးလည်း ချောင်းရေထဲ၌ တစ်ကိုယ်လုံးကို ရေစိမ်နေတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေးမူဟာရီသည် ချောင်းကို အနည်းငယ် ဆန်တက်သွားပြီး ချောင်းပေါ်သို့ ကိုင်းကျနေသော သစ်ကိုင်းကြီးတစ်ကိုင်းပေါ် သို့ အရောက်တွင် အဝတ်အစားများကို ချွတ်ကာ ရေချိုးတော့သည်။ ထိုအခိုက် တွင် မြင်းညိုကြီးပေါ်မှဆင်းကာ ချောင်းရေထဲ၌ စိမ်နေသော ကပ္ပတိန်ပရစ်ချတ် လည်း မင်းသမီးလေး မူဟာရီကို ပြုံးပြီး လက်ပြနှုတ်ဆက်ရင်း မင်းသမီးလေး မူဟာရီရှိရာသို့ ကူးခတ်လာခဲ့သည်။ ထိုအခါ မင်းသမီးမူဟာရီသည် သစ်ကိုင်း ၌ ချိတ်ထားသည့် အဝတ်ပုံရှိရာသို့ ဖျတ်ခနဲကူးခတ်သွားပြီး အဝတ်ပုံတွင်းမှ ရွှေခြည်ထိုးအိတ်လေးတစ်လုံးကို ထုတ်ယူလိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်အား လှမ်းပေးရင်း ....

"အစ်ကိုရေ ဟောဒီအိတ်လေးကို ဖွင့်ကြည့်စမ်းပါ" ဟု ပြောလိုက်ရာ ကပ္ပတိန်ပရစ်ချတ်လည်း ရွှေခြည်ထိုးအိတ်လေးကို ဖွင့်လိုက်သည်။ ထိုအခါ အိတ်တွင်း၌ အရည်အသွေး ကောင်းလှသော စိန်တုံးလေးများကို တွေ့ရသည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း အလွန်အမင်း ဝမ်းသာသွားရာမှ

"အဖိုးတန်တဲ့ စိန်တုံးလေးတွေပါလား။ ကြည့်စမ်း၊ ဒီစိန်တုံးလေးတွေကို ညီမနဲ့တစ်ပါတည်း ပါလာတယ်နော်" ဟု ပြောလိုက်ရာ မင်းသမီးလေး မူဟာရီက ....

http://www.cherrythitsar.org



"ဒီလိုစိန်တုံးလေးတွေ ညီမနဲ့တစ်ပါတည်း ရှိနေတဲ့အတွက်ကြောင့် အစ်ကို့နောက်ကို ညီမရဲရဲဝံ့ဝံ့ လိုက်ခဲ့တာပေါ့" ဟု ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရေ၊ ဒီစိန်တုံးလေးတွေရှိနေတဲ့အတွက် အစ်ကိုတို့ဘာမှ မပူရတော့ဘူးနော်။ အစားအသောက်၊ အဝတ်အထည်တွေ ဝယ်နိုင်ရုံမကဘူး။ အစ်ကို့အတွက် လက်နက်ကောင်းကောင်းလည်း ဝယ်နိုင်ပြီ" ဟု ပြောကာ မင်းသမီးလေး မူဟာရီ၏ ကိုယ်လေးကို ဝမ်းမြောက်ဝမ်းသာ ပွေ့ဖက်လိုက်သည်။ ထို့နောက် အလိုက်သင့်မော့ပေးထားသော နှုတ်ခမ်းအစုံကို တမျှင်းမျှင်း နမ်းစုတ်လိုက်သည်။

အတန်ကြာ၍ လူချင်းခွာလိုက်သောအခါ မင်းသမီးလေး မူဟာရီက ကပ္ပတိန်ပရစ်ချတ်ကို ချစ်ရည်ရွှန်းသော မျက်လုံးအစုံဖြင့် ငေးကြည့်ရင်း ....

"အစ်ကိုရေ၊ ညီမတို့ ဘယ်လိုခရီးဆက်ကြမလဲကွယ်" ဟု မေးလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"အစ်ကို့သဘောဆန္ဒကတော့ မဒရပ်မြို့တော်ကိုပဲ သွားချင်တယ်။ ချန္ဒရာပူရီဘုရင်နဲ့ ကိုယ်ရံတော်စစ်သည်တွေ လက်တွင်းက အစ်ကိုတို့ လွတ်မြောက်ပြီး မဒရပ်မြို့တော်ကို ချောချောမောမော ရောက်တာနဲ့တစ်ပြိုင်နက်၊ အစ်ကိုကြားသိထားတဲ့ သတင်းစကားတွေကို ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို အမြန်ဆုံးအကြောင်းကြားရမယ်။ ဒီလိုအရေးကြီးတဲ့ သတင်းစကားကို လာရောက်အကြောင်းကြားတဲ့အတွက် အစ်ကိုကျူးလွန်ပါတယ်လို့ စွပ်စွဲခံနေရတဲ့ လူသတ်မှုနဲ့ပတ်သက်ပြီးဘုရင်ခံချုပ် ရောဘတ်ကလစ်က အစ်ကို့ကို သက်ညှာတန်ကောင်းမယ် ထင်ပါရဲ့" ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေး မူဟာရီလည်း မည်သို့မျှ ပြန်မပြောဘဲ အသာ သက်ပြင်းချလိုက်သည်။

ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့ ရေမိုးသန့်စင်ပြီး၍ ချောင်းကမ်းပါးအနီးရှိ သစ်ပင်ရိပ်၌ ခေတ္တထိုင်နေခိုက်တွင် တဖြည်းဖြည်း မှောင်ရည်သမ်းလာတော့သည်။ လေနုအေးသည်လည်း တသွင်သွင် တိုက်ခတ်စပြုလာသည်။ ထိုအခိုက်တွင်ပင်ကျားဟိန်းသံနှင့် ကျားသစ်ဟိန်းသံတို့ကို ကြားရသည်။ တောမျောက်တို့အော်သံတို့ကိုလည်း ကြားရသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့လည်း နားနေအပန်းဖြေရာမှ ချက်ချင်းလိုက်ကြသည်။ ထို့နောက် ချောင်းကမ်းတစ်လျှောက်၌ ရှာတည်တတ်သည့် အဖြစ်ကို ဆင်ခြင်တွက်ဆကာ ချောင်းရိုးတစ်လျှောက် ခရီးဆက်လာခဲ့ကြသည်။ ထို့သို့ ခရီးဆက်လာခိုက်တွင် အပါးမှ

ကျားဟိန်းသံကြီးကို မကြာမကြာ ကြားရသည်။ ထို့ပြင် မလှမ်းမကမ်းမှနေ၍ ကျားကြီးတစ်ကောင် တကောက်ကောက် လိုက်လာသည်ကို မြင်ရသည်။ သို့သော် ကျားကြီးကား ကပ္ပတိန်ပရစ်ချတ်တို့ကို ရန်မူခြင်း မရှိရှာပေ။

ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့လည်း ကျားကြီး၏ ရန်ကို ကြောက်ကြောက် ကြောက်ကြောက်နှင့် ခရီးဆက်လာခဲ့ရာ လထွက်၍ ထိန်ထိန်သာသော အချိန်တွင်မှ ရွာလေးတစ်ရွာသို့ ရောက်ခဲ့သည်။ ရွာလေးကား ရွှန်းမြသော လရောင်အောက်တွင် အသက်ဝင်လှုပ်ရှားလျက်ရှိသည်။ မောင်းထောင်းသံ၊ ဆန်ဖွပ်သံ၊ ဆီကြိတ်သံတို့ဖြင့် ဆူညံလျက်ရှိသည်။

ကပ္ပတိန်ပရစ်ချတ်လည်း ရွာလေးရှိ ပစ္စည်းဥစ္စာနေကြွယ်ဝပြီး ငွေတိုးချေးစားလေ့ရှိသော ကုန်သည်ကြီးတစ်ဦးအိမ်သို့ သွားရောက်ပြီး စိန်တုံးလေးနှစ်တုံးကို ရောင်းချလိုက်သည်။ ထိုအခါ ကုန်သည်ကြီးက စိန်တုံးလေးနှစ်တုံးအတွက် ကြေးပြားပိုက်ဆံ တစ်ဆုပ်သာ ပေးလေရာ၊ မင်းသမီးလေး မူဟာရီလည်း မတရားဈေးနှိမ်ပေးသည့်အတွက် စိတ်တိုသွားဟန်ဖြင့် ....

"သူခိုး၊ ဓားပြ၊ ဈေးကို မတန်တဆ နှိမ်ပေးတယ်" ဟု ခပ်တိုးတိုး ရေရွတ်လိုက်ရာ ....

ကပ္ပတိန်ပရစ်ချတ်က .... "ညီမရယ်၊ အခုလို အကျဉ်းထဲ အကြပ်ထဲမှာ ဒီလိုပိုက်ဆံပေးပြီး ဝယ်တာပဲ တော်လှပြီလို့ အောက်မေ့ပါကွယ်" ဟု ပြောကြားဖျောင်းဖျလိုက်သည်။

ထို့နောက် ရရှိသော ကြေးပြားပိုက်ဆံများနှင့် အဝတ်အစားအချို့ကို ဝယ်သည်။ ဓားမြှောင်တစ်ချောင်းကို ဝယ်သည်။ ထို့နောက် ထိုရွာလေးရှိ အဘွားအိုတစ်ဦး၏ အိမ်တွင် မေတ္တာရပ်ခံပြီး ညအိပ်ကြသည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက် ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့သည် ထိုရွာလေးမှ ထွက်ခွာလာခဲ့သည်။ ထို့နောက် မဒရပ်မြို့တော်သို့ ဦးတည်ပြီး တစ်ရက်ပြီးတစ်ရက် ခရီးဆက်လာခဲ့ကြရာ နောက်ဆုံး၌ မဒရပ်မြို့တော်အပါးသို့ ရောက်ရှိသွားတော့သည်။

မဒရပ်မြို့တော်အပါးသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ကပ္ပတိန်ပရစ်ချတ်သည် မိန်းမလှလေး ရူမနီကိုသတ်သည့် လူသတ်တရားခံအဖြစ် မိမိကို စွပ်စွဲထားသည့်အဖြစ်ကို အမှတ်ရကာ ရင်တဒိတ်ဒိတ် ခုန်လာတော့သည်။ 'မိမိကို လူသတ်မှုမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပါမည်လော။ လူသတ်မှုတရားခံအဖြစ် သေဒဏ်အပြစ် ပေးမည်လော' ဟု တွေးတောကြောင့်ကြနေမိသည်။

ဤသို့ ရင်တဒိတ်ဒိတ် ခုန်နေရာမှ စိန်ရျော့ခံတပ်ကြီး ရှိရာသို့ မြင်း များကို ဆက်လက်စိုင်းနှင်လာရာ မကြာမီ တာဝန်ကျ စစ်ဗိုလ်နှင့် ဆုံတွေ့ သည်။ ထိုတာဝန်ကျ စစ်ဗိုလ်မှာ ကပ္ပတိန်ပရစ်ချတ်ကို ကောင်းစွာ မှတ်မိလေ ရာ ဝမ်းသာအားရနှုတ်ဆက်တော့သည်။ ဤတွင် ကပ္ပတိန်ပရစ်ချတ်က ....

"သူငယ်ချင်းရေ၊ ငါ့ကို ကာနယ်လောရင့်ဆီကို အမြန်ဆုံး ခေါ်သွား ပါကွာ။ အရေးကြီးတဲ့ သတင်းစကား ပြောစရာရှိနေတယ်" ဟု ပြောကြား လိုက်သည်။

ထို့နောက် ကာနယ်လောရင့်၏ ရုံးခန်းတွင်းသို့ သွားရောက်တွေ့ဆုံ ရာ ကာနယ်လောရင့်က စူအောင့်အောင့် မျက်နှာထားကြီးဖြင့် ကပ္ပတိန် ပရစ် ချတ်အား မကျေမနပ် စိုက်ကြည့်ပြီးမှ အပေါ်းရှိ မင်းသမီးလေး မူဟာရီကို တအံ့တဩ လှမ်းကြည့်လိုက်သည်။ ထို့နောက် အသံဩကြီးဖြင့် ....

"ကပ္ပတိန်ပရစ်ချတ်၊ မောင်ဟာ အရူးတစ်ယောက်ပဲ။ ဘာကြောင့် ချန္ဒရာပူရီက ထွက်ပြေးလာတာလဲ။ ချန္ဒရာပူရီနဲ့ ကျုပ်တို့ မျက်နှာမပျက်ချင်ဘူး ဆိုတာ မောင်မသိဘူးလား။ ဒီလို ချန္ဒရာပူရီက ထွက်ပြေးလာတဲ့အတွက် မောင့်ကို သေနတ်နဲ့ ပစ်သတ်ရမယ် သိလား" ဟု ဆူပူကြိမ်းမောင်းတော့ သည်။

ထိုအခိုက်တွင်ပင် ကပ္ပတိန်ပရစ်ချတ်က ကာနယ်လောရင့်အား အဖြစ်အပျက် အကျိုးအကြောင်းတို့ကို အသေးစိတ် ပြန်ပြောင်းပြောကြားလိုက် သည်။ ထို့နောက် ....

"ကိုင်း ... ကာနယ်။ ဘာကြောင့် ချန္ဒရာပူရီက ကျွန်တော် ထွက်ပြေး တယ်ဆိုတာကို သိပလား။ အခုအချိန်မှာ ကလကတ္တားမြို့တော်က ဘင်္ဂလား ဘုရင် ဆရတ်အဒူလာရဲ့လက်ထဲကို ကျရောက်သွားပြီ။ ပြီးတော့ ဘင်္ဂလား ဘုရင် ဆရတ်အဒူလာဟာ ပြင်သစ်တွေနဲ့ ပေါင်းပြီး အိန္ဒိယပြည်က ကျွန်တော် တို့ကို မောင်းထုတ်ပစ်ဖို့ ကြိုးစားနေပြီ။ ဒီအဖိုးတန်တဲ့ သတင်းစကားတွေကို ကာနယ်တို့ကို အချိန်မီ ပြောကြားသတိပေးဖို့ ကျွန်တော်လာတာပါ" ဟု ပြော ကြားလိုက်သည်။

သို့သော် ကာနယ်လောရင့်ကား အသိဉာဏ် အမြော်အမြင်ကြီးမား လှသူ မဟုတ်ရကား ကပ္ပတိန်ပရစ်ချတ်၏ အဖိုးတန်သတင်းစကားကို အရေး ထား လေးစားခြင်းမရှိလှပေ။ 'ချန္ဒရာပူရီမြို့မှ မိမိထွက်ပြေးလာရခြင်းအတွက် အပြစ်ဒဏ် ပေါ့လျော့အောင် ကပ္ပတိန်ပရစ်ချတ်က လုပ်ကြံလိမ်လည် ပြောဆို ခြင်းသာဖြစ်သည်' ဟုသာ မှတ်ထင်ယူဆနေပေသည်။ ထို့ကြောင့် ကာနယ် လောရင့်က စိတ်ဝင်မစားသည့် အမူအရာဖြင့် သမ်းဝေရင်း ....

"ကောင်းပြီလေ။ ဒီလိုဆိုရင် ဘုရင်ခံချုပ် ရောဘတ်ကလစ်နဲ့ တွေ့ဆုံပြီး ဒီသတင်းစကားတွေကို မောင်ကိုယ်တိုင် ပြောပြပေတော့။ အခုလောလောဆယ်မှာတော့ ဒီမှာ ဘုရင်ခံချုပ် ရောဘတ်ကလစ် မရှိသေးဘူး။ စိန့်ဒေးဗစ် ခံတပ်ကြီးဆီကို သွားနေတယ်။ ဒီတော့ ခြေမြန်တော်တစ်ဦးကို စေလွှတ်ပြီး အကြောင်းကြားခိုင်းလိုက်မယ်" ဟု ပြောကြားသည်။ ထို့နောက် မင်းသမီးလေး မူဟာရီအား ....

"မိန်းကလေးအတွက် သီးသန့် အိမ်တစ်အိမ် ပေးပါမယ်" ဟုပြောပြီးမှ ကပ္ပတိန်ပရစ်ချတ်ဖက်သို့ ဆတ်ခနဲ လှည့်ကာ ....

"မောင်ကတော့ စစ်တန်းလျားမှာပဲ နေရလိမ့်မယ်" ဟု ပြောကြားသည်။

ထိုစကားကို ကြားလျှင် မင်းသမီးလေး မူဟာရီသည် မကျေမနပ်သည့် အသွင်ဖြင့် တီးတိုးရေရွတ်လိုက်သည်။ သို့သော် ကပ္ပတိန်ပရစ်ချတ်ကမူ စိုးရိမ်ပူပန်သည့် အမူအရာဖြင့် ....

"ကောင်းပါပြီလေ။ ကာနယ်တို့ စီမံတဲ့အတိုင်း နေထိုင်ပါ့မယ်။ အခုလောလောဆယ် အရေးတကြီး လိုအပ်တာက ကျွန်တော် ကြားသိထားတဲ့ သတင်းစကားကို ဘုရင်ခံချုပ် ရောဘတ်ကလစ်ဆီကို အမြန်ဆုံး အကြောင်းကြားပေးဖို့ပါပဲ။ အခုအချိန်မှာဆိုရင် အိန္ဒိယ တစ်ဝှန်းလုံးဟာ ကျွန်တော်တို့ကို တော်လှန်ပုန်ကန်ဖို့ အသင့်ဖြစ်နေတယ်။ ဒါပေမဲ့ ဒီအင်အားစုကို ဖြိုခွဲပစ်ဖို့ နည်းလမ်းတစ်လမ်းတော့ ရှိပါသေးတယ်။ ဒီနည်းလမ်းကို ဘုရင်ခံချုပ် ရောဘတ်ကလစ်နဲ့ တွေ့တဲ့အခါမှာ ကျွန်တော်ပြောပါ့မယ်" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်လောရင့်က ....

"ကောင်းပါပြီ" ဟု စိတ်မပါ လက်မပါ ပြောပြီးနောက် အနီးရှိ အစောင့်စစ်သည်တို့ကို အချက်ပြလိုက်ရာ၊ အစောင့်စစ်သည်များလည်း ကပ္ပတိန်ပရစ်ချတ် ရှိရာသို့ လျှောက်လာကြသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် မင်းသမီးလေး မူဟာရီ၏ နဖူးပြင်ကို ငုံ့မွှေးရင်း ....

"ဘာမှ စိတ်သောကရောက်မနေပါနဲ့ ညီမရယ်။ ဘုရင်ခံချုပ် ရောဘတ်ကလစ်ဟာ အသိဉာဏ် အမြော်အမြင်ကြီးတဲ့ လူတစ်ယောက်ပါပဲ။ အစ်ကိုပေးတဲ့ သတင်းစကားဟာ အတိုင်းမသိ အဖိုးတန်တာကို သိပါလိမ့်မယ်။ အစ်ကိုရဲ့ အကြံဉာဏ်ကိုလည်း လိုက်နာပါလိမ့်မယ်။ အခု လောလောဆယ်မှာတော့ အစ်ကိုနဲ့ ညီမတို့ ခေတ္တခွဲနေကြတာပေါ့ကွယ်။ ဒီအတောအတွင်း ညီမ ကျန်းမာရေးကို ဂရုစိုက်ပါကွယ်" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခိုက်တွင်ပင် ကပ္ပတိန်ပရစ်ချတ်သည် 'မဒရပ်မြို့တော်သို့ မိမိပြန်လာသည်ကို တွေ့ပါက မိန်းမလှလေးရှုမနီကို သတ်မှုဖြင့် မိမိအား သေနတ်ဖြင့် ပစ်သတ်မည်ဖြစ်ကြောင်း' ဘုရင်ခံချုပ် ရောဘတ်ကလစ်က မိမိအား ပြောကြားသတိပေးဖူးသည့်အဖြစ်ကို ဖျတ်ခနဲ အမှတ်ရလာသည်။

[၁၃]

# စစ်ပွဲအတွက် ပြင်ဆင်ခြင်း

ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း ကပ္ပတိန်ပရစ်ချတ် ပြောကြားသမျှသော စကားကို တစ်လုံးမကျန် စိတ်ဝင်စားစွာ နားထောင်နေရာမှ မိမိကိုင်တွယ်ဖြေရှင်းရအံ့သော နောင်ရေးကို တွေးတာ မျှော်ခေါ်ကာ အသာသက်ပြင်းချလိုက်မိသည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ်သည် လွန်ခဲ့သော ဆယ့်နှစ်နှစ်ခန့် ကာလက အိန္ဒိယပြည်သို့ လာရောက်ပြီး အရှေ့အိန္ဒိယ ကုမ္ပဏီတွင် စာရေးအဖြစ် စတင် အမှုထမ်းခဲ့သည်။ ထို့နောက် ရောဘတ်ကလစ်၏ ကြိုးစားမှု၊ တည်ကြည်မှု၊ အမြော်အမြင်ကြီးမှု ကံကြမ္မာ၏ဖေးမကူညီမှုတို့ကြောင့် စာရေး ဘဝမှ တရိပ်ရိပ် တက်လာခဲ့သည်။ နောက်ဆုံး၌ ဆာဘွဲ့ကိုပင် ချီးမြှင့်ခြင်း ခံရပေသည်။ ထို့အတူ ဆာရောဘတ်ကလစ် အမှုထမ်းသော အရှေ့အိန္ဒိယ ကုမ္ပဏီကြီးသည်လည်း တစ်နေ့တခြား တိုးပွားကြီးကျယ်လာသည်။ အိန္ဒိယ ပြည်ကြီး၌ အခြေကျကျ ခြေချနိုင်လာခဲ့သည်။ သို့သော် ယခုအခါ၌မူ ဘုရင်ခံချုပ် ဆာရောဘတ်ကလစ်၏ သွေး၊ ချွေး၊ အသိဉာဏ်တို့ဖြင့် ရင်းနှီးတည်ထောင်ကာ ကြီးပွားချမ်းသာနေသော အရှေ့အိန္ဒိယ ကုမ္ပဏီကြီးနှင့် ဗြိတိသျှ ကိုလိုနီနယ်ချဲ့တို့သည် ဘေးရန် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည့် အခြေအနေဆိုးသို့ ရောက်ရှိနေပေပြီတကား။

ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း ဤသို့တွေးတောနေရာမှ နံရံတွင် ချိတ်ထားသော ဗြိတိသျှ အလံတော်ကြီးကို မော့ကြည့်လိုက်၊ မိမိအပါးတွင် ထိုင်နေသော ကာနယ်လောရင့်၏ မျက်နှာကို မသိမသာ အကဲခတ်လိုက် လုပ်နေပေသည်။ ထိုအခါ ကာနယ်လောရင့်၏မျက်လုံးအစုံ၌ ကပ္ပတိန် ပရစ်

http://www.cherrythitsar.org



ချတ် ပြောကြားသော စကားတို့ကို အယုံအကြည် မရှိသည့် အသွင်သည် လည်းကောင်း၊ ကပ္ပတိန်ပရစ်ချတ်အပေါ် ပြတ်ပြတ်တောက်တောက် သဘော ထားနေသည့် အသွင်သည် လည်းကောင်း ပေါ်ထင်နေပေသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်က ....

"ချန္ဒရာပူရီဘုရင် ရှီရင်ဂါလားဟာ ပြင်သစ်အရာရှိ ကာနယ်ဒါကုတ် ပြောစကားကို နားဝင်နေပါတယ်။ ကျွန်တော်တို့ အင်္ဂလိပ်တွေကို တွန်းလှန် တိုက်ခိုက်တဲ့အခါမှာ ပြင်သစ်က အကူအညီ အပြည့်အဝပေးပါ့မယ်လို့ ကာ နယ်ဒါကုတ်က ကတိပေးထားပါတယ်။ ပြီးတော့ ဘင်္ဂလားဘုရင်ဆရတ်အဒူ လာကလည်း တစ်ချိန်တည်း တစ်ခါတည်း ပေါင်းစည်းပြီး ကျွန်တော်တို့ အင်္ဂလိပ်တွေကို တိုက်မယ့်အကြောင်း သဘောတူပြီးပါပြီလို့ ဆိုပါတယ်။ ဒီ အတိုင်းသာ သူတို့ပေါင်းစည်းပြီး ကျွန်တော်တို့ကို ဝိုင်းဝန်းတိုက်ကြမယ်ဆိုရင် ကျွန်တော် တို့ရဲ့ရှေ့ရေးဟာ ရင်လေးစရာဖြစ်သွားပါတော့မယ်" ဟု ပြောကြား သည်။

ထိုသို့ ပြောကြားနေခိုက်တွင် မင်းသမီးလေး မူဟာရီသည် ကပ္ပတိန် ပရစ်ချတ်အပါးတွင် ထိုင်နေရာမှ ကပ္ပတိန်ပရစ်ချတ်၏မျက်နှာကို မြတ်နိုးချစ် ကြင်သော အမူအရာဖြင့် တရှိုက်မက်မက် ငေးစိုက်ကြည့်နေသည်။ ထို့ပြင် ကပ္ပတိန် ပရစ်ချတ်က ဖျတ်ခနဲ လှမ်းကြည့်တိုင်း ပြုံးပြုံးပြလိုက်သည်။ ဤသို့ သော ကပ္ပတိန် ပရစ်ချတ်နှင့် မင်းသမီး မူဟာရီ၏ မေတ္တာအမူအရာတို့ကို ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း အမှတ်ထင်ထင် သတိပြုလိုက်မိပြီး တစ်စုံ တရာကို အလေးအနက် စဉ်းစားတွေးတောနေမိသည်။

ထိုအခိုက်တွင် ကာနယ်လောရင့်က ....

"ကပ္ပတိန် ပရစ်ချတ် မောင်ကြားသိလာရတဲ့ သတင်းစကားဟာ အလွန်တရာ အရေးကြီးပြီး အဖိုးတန်လှပါတယ်။ ဒီလိုသတင်းစကားမျိုးကို ရယူလာခဲ့တဲ့အတွက်လည်း မောင့်ကိုအတိုင်းမသိ ချီးကျူးပါတယ်။ ဒါပေမဲ့ ဒီအတွက်ကြောင့်တော့ မောင်ကျူးလွန်ခဲ့တဲ့ လူသတ်မှုကို ကျုပ်တို့ မပလပ်နိုင် ပါဘူး။ ချန္ဒရာပူရီက ကျုပ်တို့ပြန်လာတဲ့အခါမှာ မောင့်အမှုကို ဆက်စစ်ရပါလိမ့် မယ်။ ဒီအတောအတွင်းမှာတော့ မောင့်ကို တပ်ထဲမှာပဲ ချုပ်ထားရလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် ကပ္ပတိန် ပရစ်ချတ်လည်း အလွန်အမင်း စိတ်လှုပ်ရှားသွားပြီး သက်ပြင်းကြီး ရှူလိုက်မိသည်။ 'မိမိအနေနှင့် အထွေ အထူး မျှော်လင့်နေ၍ မဖြစ်တော့ပြီ။ ကာနယ်လောရင့် ပြောကြားသည့်အတိုင်း သာ မိန်းမလှလေး ရှူမနီကို သတ်သည့်အမှုအတွက် စစ်ဆေးခြင်း ခံရတော့

မည်။ လူသတ်မှုကို မိမိမကျူးလွန်ပါကြောင်း ထင်ရှားအောင် မလျှောက်လဲနိုင်ပါက မိမိအပြစ်ဒဏ်ခံရပေတော့မည်။ လူသတ်သမားအဖြစ် သေနတ်နှင့်ပစ်၍ အဆုံးစီရင်ခြင်းကို ခံရပေတော့မည်' ဟုလည်း တွေးတောကာ ရင်လေးနေရှာသည်။

ထိုအခိုက်တွင် မင်းသမီးလေးမူဟာရီသည် ဒေါသတကြီးဖြင့် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ ထို့နောက် ကာနယ်လောရင့်၏ မျက်နှာကို စိန်းစိန်းကြည့်ရင်း ....

"ဒါဟာ ရှင်တို့ အင်္ဂလိပ်တရားဥပဒေပေါ့လေ ဟုတ်လား၊ ကပ္ပတိန်ပရစ်ချတ်ဟာ အလွန်အဖိုးတန်တဲ့ သတင်းစကားကို ပြောကြားဖို့အတွက် ချန္ဒရာပူရီမြို့တော်က အသက်စွန့်ပြီး ထွက်ပြေးလာခဲ့တာ။ ဒီရောက်တဲ့အခါကျတော့ ရှင်တို့က ဖမ်းချုပ်ပြီး လူသတ်မှုနဲ့ အဆုံးစီရင်ဖို့ ကြိုးစားကြတယ်။ ကပ္ပတိန် ပရစ်ချတ်သာ အဖိုးတန်တဲ့ သတင်းစကားကို လာမပြောဘူးဆိုရင် ကျားလာတဲ့အခါမှာ အိပ်ပျော်နေတဲ့ဝက်တွေလို ရှင်တို့တစ်တွေ ပေါ့ပေါ့ဆဆနေမှာ မဟုတ်လား။ ချန္ဒရာပူရီတပ်၊ ဘင်္ဂလားတပ်၊ ပြင်သစ်တပ်တွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်တာကို လည်စင်းခံရမှာပဲ မဟုတ်လား" ဟု ဒေါသတကြီးပြောကြားပြီးမှ .... "တကယ်တော့ ကပ္ပတိန် ပရစ်ချတ်ဟာ ရှင်တို့ အင်္ဂလိပ်တရားဥပဒေရဲ့ သက်ညှာထောက်ထားမှုကို မျှော်လင့်တာထက် ချန္ဒရာပူရီဘုရင်ရဲ့ သက်ညှာထောက်ထားမှုကို မျှော်လင့်တာကမှ ပိုပြီးကောင်းပါလိမ့်ဦးမယ်" ဟု ပြောကြားရင်း ကပ္ပတိန် ပရစ်ချတ်ကို ပြေးဖက်လိုက်သည်။ ထို့နောက် ရင်ခွင်တွင်း၌ ခေါင်းမှီကာ ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

ထိုအခါ တရားဥပဒေကို လေးစားရိုသေကာ တရားဥပဒေအတိုင်း တင်းတင်းကြပ်ကြပ် လိုက်နာအရေးယူလေ့ရှိသော ကာနယ်လောရင့်၏ စိတ်နှလုံးသည် အနည်းငယ် နူးညံ့ပျော့ပျောင်းသွားသည်။ ထို့ကြောင့် မည်သို့မှ ပြန်မပြောဘဲ ငေးငိုင်တွေဝေနေသည်။ ထိုအခိုက်တွင် ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း တစ်စုံတစ်ရာကို တွေးတောဆင်ခြင်မိဟန်ဖြင့် အသာပြုံးလိုက်သည်။

အတန်ကြာသောအခါ ကာနယ်လောရင့်လည်း ချောင်းတစ်ချက်ဟန့်လိုက်ရာ အစောင့်စစ်သည်တစ်စုသည် အခန်းတွင်းသို့ ဝင်လာကြပြီးလျှင် ကပ္ပတိန် ပရစ်ချတ်၏ဘေးတစ်ဖက်တစ်ချက်တွင် ဝန်းရံလိုက်ကြသည်။ ထိုအခါ ကပ္ပတိန် ပရစ်ချတ်လည်း မင်းသမီးလေးမူဟာရီကို မြတ်နိုးချစ်ကြင်သောအမူအရာဖြင့် ဆွေးဆွေးမြည့်မြည့် လှမ်းကြည့်ပြီးနောက် အစောင့်စစ်သည်များ ခေါ်ဆောင်ရာ အချုပ်ခန်းရှိရာသို့ လိုက်ပါသွားတော့သည်။

http://www.cherrythitsar.org


မင်းသမီး မူဟာရီလည်း ထွက်ခွာသွားသော ကပ္ပတိန် ပရစ်ချတ်ကို ရီဝေသော မျက်လုံးအစုံဖြင့် ငေးကြည့်နေရာမှ ကပ္ပတိန် ပရစ်ချတ်ကို လုံးဝ မတွေ့မမြင်ရတော့သည်နှင့် တစ်ပြိုင်နက် ဘုရင်ခံချုပ် ရောဘတ်ကလစ်နှင့် ကာနယ်လောရင့်တို့ဖက်သို့ ချာခနဲလှည့်လိုက်ပြီးလျှင် ဒေါသတကြီးဖြင့် အမျိုးမျိုးရန်တွေ့ပါတော့သည်။

ထိုအခါ ဘုရင်ခံချုပ်ရောဘတ်ကလစ်လည်း မင်းသမီးလေး မူဟာရီကို ဖြေသိမ့်ဖျောင်းဖျရင်း အစောင့်စစ်သည်တို့အား မင်းသမီးလေး စံမြန်းရန်အတွက် သီးသန့်ထားရှိသော စိန်ဂျော့ခံတပ်ကြီးအတွင်းရှိ အိမ်လေးသို့ ပို့ခိုင်းလိုက်သည်။

ထို့နောက် စားပွဲကြီးတွင် ထိုင်ကာ အတန်ကြာအောင် တွေဝေစဉ်းစားနေသည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ်ကား သာမန် အသေးအဖွဲကိစ္စများကိုပင် အသုံးကျအရာဝင်အောင် စီမံဆောင်ရွက်တတ်သော သူတစ်ယောက်ဖြစ်လေရကား 'ကပ္ပတိန် ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့၏ ခိုင်မြဲလေးနက်သော မေတ္တာတရားကို အကြောင်းပြုအခြေတည်ပြီး အသုံးကျ အရာဝင်အောင် စီမံဆောင်ရွက်တော့အံ့" ဟု စဉ်းစားဆုံးဖြတ်လိုက်သည်။

ကပ္ပတိန် ပရစ်ချတ်နေရသော အချုပ်ခန်းကား သံတိုင်ကာထားသော ပြတင်းပေါက် တစ်ပေါက်မှအပ လေးဖက်လေးတန် အုတ်နံရံကာထားသော အခန်းလေးဖြစ်သည်။ အခန်းတွင်း၌ ကြိုးခုတင်တစ်လုံး၊ စားပွဲလေးတစ်လုံးနှင့် ကုလားထိုင်တစ်လုံးသာ ရှိသည်။ စားပွဲလေးပေါ်၌ကား ရေတကောင်းတစ်လုံးရှိပေသည်။

သံတိုင်ကာထားသော ပြတင်းပေါက်မှ နေရောင်ခြည်ထိုးဝင်နေရာ အခန်းလေးမှာ အလင်းရောင် အပြည့်အဝ ရနေပေသည်။ ကပ္ပတိန် ပရစ်ချတ်လည်း မိမိကြုံတွေ့နေရသော ဘဝကံကြမ္မာကို တွေးကာ နာကျည်းသော အသွင်ဖြင့် သရော်ပြုံးပြုံးလိုက်ပြီး ကြိုးခုတင်ပေါ်မှ ဆတ်ခနဲထကာ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေရာ ထောင်ချောက်ထဲမိနေသော ကျားကြီးတစ်ကောင်နှယ်ပင် တူနေပေသည်။

ထိုသို့ လမ်းလျှောက်နေခိုက်တွင် အချုပ်ခန်းတံခါးဖွင့်သံကို ကြားရပြီးနောက် အချုပ်ခန်းတံခါးဝ၌ အစောင့်စစ်သည်တစ်ဦးနှင့်အတူ မားမားမတ်မတ် ရပ်နေသော ကပ္ပတိန် လူစီယပ်ဘီထရမ်ကို တွေ့မြင်ရသည်။

ကပ္ပတိန် ဘီထရမ်လည်း ကပ္ပတိန် ပရစ်ချတ်ရှိရာသို့ အူယားဖားယားပြေးသာပြီး ....."တမ် ... တမ်၊ သူငယ်ချင်းရယ် မင်းကို တွေ့ရတာ ဝမ်းသာ

http://www.cherrythitsar.org



လိုက်တာကွာ။ ဒါပေမဲ့ သူငယ်ချင်းရယ် ... မင်းဘာကြောင့် ပြန်လာရတာလဲ။ မိုက်လိုက်ပါဘိကွာ”ဟုပြောရင်း ကပ္ပတိန်ပရစ်ချတ်ကို ပြေးပွေ့လိုက်သည်။

ထိုသို့ပြေးလာလိုက်တွင် ကပ္ပတိန် ဘီထရမ်၏ မြင်းစီးဖိနပ်ဖနောင့်တွင် တပ်ထားသည့် ခွေးသွားစိတ် ဖနောင့်ဆူးဘီးလေးသည် အတန်ငယ် အသံမြည်သွားသည်။

ကပ္ပတိန် ဘီထရမ်နှင့် ကပ္ပတိန် ပရစ်ချတ်တို့ တစ်ဦးကိုတစ်ဦး အတန်ကြာအောင် ဖက်ထားကြပြီးနောက်၊ တစ်ဦးကိုတစ်ဦး အတန်ကြာအောင် ငေးကြည့်နေကြသည်။ ထို့နောက် ကပ္ပတိန် ဘီထရမ်က ....

“တမ်ရယ်၊ သူငယ်ချင်းအမှုအတွက် ငါလည်းအစွမ်းကုန် ကြိုးပမ်းပါတယ်။ ချန္ဒရာပူရီကို မင်းထွက်သွားတဲ့ ရက်ကစပြီး ငါဟာ မဒရပ်တစ်မြို့လုံးနှံ့အောင် လိုက်လံစုံစမ်းပါတယ်။ လူသူလေးပါးစည်ကား ရှုပ်ထွေးတဲ့ ဈေးတွေ၊ ရုံးတွေမှာလည်း ထောက်လှမ်းကြည့်ပါတယ်။ ဒါပေမဲ့ သူငယ်ချင်းရယ်၊ ဘာတစ်ခုမှ သဲလွန်စမရခဲ့ပါဘူး။ ရူမနီအသတ်ခံရတဲ့ညက ရူမနီရဲ့တဲတစ်ဝိုက်မှာ တွေ့မြင်ရတဲ့လူဆိုလို့လည်း တစ်ယောက်မှ မရှိဘူးလို့ ထွက်ဆိုကြပါတယ်” ဟု ပြောကြားကာ စိတ်မကောင်းသည့်အသွင်ဖြင့် ငေးကြည့်လိုက်သည်။

ထိုအခိုက်တွင် ကပ္ပတိန် ဘီထရမ်၏ မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်နေသော ကပ္ပတိန် ပရစ်ချတ်သည် ကပ္ပတိန် ဘီထရမ်က မိမိအပေါ်၌ ကျိတ်ပြီး မနာဝန်လိုဝန်တိုစိတ်ထားနေသည့် အရိပ်အယောင်ကို ရိပ်ခနဲ တွေ့မြင်သတိပြုမိသည်။

ကပ္ပတိန် ပရစ်ချတ်မှာ ရုပ်အဆင်းခံ့ညားတင့်တယ်ရုံမက တိုက်ရည်ခိုက်ရည်နှင့်လည်း အထူးပြည့်စုံကာ ပြီးခဲ့သော တိုက်ပွဲများတွင် ရဲရဲရင့်ရင့် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်အောင်ပွဲဆင်ခဲ့သူဖြစ်ရကား ....

မဒရပ်မြင်းလျင်တပ်တွင်းရှိ အခြားစစ်ဗိုလ်များထက် ကျော်စောထင်ရှားပြီး လူသိများခဲ့သူဖြစ်လေသည်။ ထို့ကြောင့် ကပ္ပတိန် ဘီထရမ် အပါအဝင် အခြားသော စစ်ဗိုလ်များသည် ကပ္ပတိန် ပရစ်ချတ်ကို ပုထုဇဉ်တို့သဘာဝအတိုင်း ကျိတ်ပြီး မနာလိုဝန်တိုဖြစ်နေကြပေသည်။ ထိုအချက်ကို ကပ္ပတိန် ပရစ်ချတ်လည်း ကောင်းစွာ သတိပြုမိသည်။ ထို့ကြောင့် ‘မဒရပ်မြို့တော်သို့ မိမိပြန်လည်ရောက်ရှိလာခဲ့ပါက ကပ္ပတိန် ဘီထရမ်က ဤသို့သော စကားမျိုးကိုသာ ပြောကြားပေလိမ့်မည်’ ဟု ကြိုတင်တွက်ဆပြီးဖြစ်သည်။ ထို့ကြောင့်လည်း ကပ္ပတိန် ဘီထရမ်၏ စကားကြောင့် မည်သို့မျှ တုန်လှုပ်ချောက်ချားခြင်း မဖြစ်တော့ဘဲ ငေးငိုင်သော အမူအရာဖြင့် ...

http://www.cherrythitsar.org



"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်။ အမှန်ပြောရရင်တော့ ရူမနီကို ငါတကယ် မသတ်ပါဘူးကွာ။ ဒါပေမဲ့ ရူမနီကို ငါတကယ်မသတ်ကြောင်းကိုလည်း ခိုင်လုံတဲ့သက်သေ အထောက်အထား မပေးနိုင်ပါဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန် ဘီထရမ်က ....

"သူငယ်ချင်းရယ်။ ငါ့အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းကို ယုံမှားသင်္ကာမကင်းဘူးကွာ။ ဒါပေမဲ့လေ မင်းအနေနဲ့ ရုံးတော်မှာ အယူခံတော့ တင်လိုက်ပါဦး" ဟု ပြောကြားရာ ကပ္ပတိန် ပရစ်ချတ်က နာကျည်းသော အသံဖြင့် ....

"အယူခံတက်ရမယ် ဟုတ်လား" ဟု မေးလိုက်သည်။ ဤတွင် ကပ္ပတိန် ဘီထရမ်လည်း ပခုံးကို တစ်ချက်တွန့်ပြလိုက်သည်။ ထို့နောက် သနားကြင်နာသော အမူအရာဖြင့် ကပ္ပတိန် ပရစ်ချတ်ကို လှမ်းကြည့်ရင်း ...

"ကိုင်းပါ သူငယ်ချင်းရယ်၊ စိတ်မကောင်းစရာတွေကို ဆက်မပြောကြပါစို့နဲ့လား။ ချန္ဒရာပူရီမှာ မင်းမြင်တွေ့ခဲ့ရတဲ့ အဖြစ်အပျက်အကြောင်းအရာတွေသာ ပြောစမ်းပါလား။ ငါလည်း တော်တော်စိတ်ဝင်စားနေတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်လည်း မိမိမြင်တွေ့ခဲ့ရသော အဖြစ်အပျက်အကြောင်းများကို စိတ်ပါလက်ပါ စီကာပတ်ကုံးပြောပြတော့သည်။ ကပ္ပတိန် ပရစ်ချတ်လည်း ချန္ဒရာပူရီမြို့တော်၏ ပတ်ဝန်းကျင်အနေအထား၊ မြို့တော်သူမြို့တော်သားတို့၏ အလုပ်အကိုင် အနေအထိုင်၊ ဝတ်စားဆင်ယင်ပုံနှင့် ကိုးကွယ်ယုံကြည်မှုတို့ကို နားထောင်နေသော ကပ္ပတိန် ဘီထရမ်၏ စိတ်မျက်စိ စိတ်နား၌ မြင်ယောင်ကြားယောင်လာအောင် စီကာပတ်ကုံးပြောကြားသွားသည်။ သို့သော် မိမိတွေ့ကြုံခဲ့ရသော ကာလီဒေဝီခေါ် မိန်းမလှစရိတနှင့် ကာလီမယ်တော်ကြီးအတွင်း ဘုရားကျောင်းဆောင်က အဖြစ်အပျက်တို့ကို ကားတစ်လုံးတစ်ပါဒမှ ဖွင့်ဟမပြောဘဲ ထိန်ချိန်ထားခဲ့သည်။ ချန္ဒရာပူရီ ရွှေနန်းတော်၌ တွေ့ကြုံရသော ပြင်သစ်အရာရှိ ကာနယ်ဒါကုတ်အကြောင်းနှင့် မဒရပ်မြို့တော်ကို တိုက်ခိုက်သိမ်းယူမည့် အကြံအစည်တို့ကိုမူ မထိမ်ချန်ဘဲ ဖွင့်ဟပြောကြားလိုက်သည်။

ဤသို့ ကပ္ပတိန် ပရစ်ချတ် ပြောကြားနေခိုက်တွင် ကပ္ပတိန် ဘီထရမ်လည်း အလွန်အမင်း စိတ်ဝင်စားသည့် အမူအရာဖြင့် စိတ်အားထက်သန်စွာ နားထောင်မှတ်သားနေသည်။ ကပ္ပတိန် ဘီထရမ်၏ လွန်ကဲသော စိတ်အားထက်သန်မှုကို သတိပြုမိသော ကပ္ပတိန် ပရစ်ချတ်လည်း 'ဤမျှ စိတ်ပါဝင်စား

http://www.cherrythitsar.org



ပြီး စိတ်အားထက်သန်နေခြင်းမှာ ချန္ဒရာပူရီမြို့တော်ကို ဘုရင်ခံချုပ် ရောဘတ် ကလစ်နှင့် ကာနယ်လောရင့်တို့ သွားရောက်တိုက်ခိုက်ပါက ကပ္ပတိန် ဘီထရမ်ပါ လိုက်ပါသွားရမည့် အခြေအနေတွင် ရှိသောကြောင့် ဖြစ်ပေလိမ့်မည်” ဟု မှတ်ထင်တွေးတောမိသည်။

ကပ္ပတိန် ပရစ်ချတ်၏ စကားဆုံးသောအခါ ကပ္ပတိန် ဘီထရမ်က မိမိ၏ခြေထောက်တွင် တပ်ဆင်ထားသော ဖနောင့်ဆူးဘီးလေးကို အမှတ်မထင် စိုက်ကြည့်ရင်း ....

“သူငယ်ချင်းရယ်၊ မင်းဟာ စကားပြော သိပ်ကောင်းတာပဲကွာ။ ကြားနာရတဲ့လူရဲ့ စိတ်မျက်စိ၊ စိတ်နားမှာ မြင်ယောင်ယောင်၊ ကြားယောင်ယောင် ဖြစ်အောင်ကို ပြောနိုင်ပါတယ်” ဟု ချီးကျူးသည်။ ထို့နောက် ....

“ငါသာ အထက်အရာရှိလူကြီးသာဆိုရင် ရူမနီရဲ့အမှုကို ဖြေရှင်းမရတဲ့ အမှုအနေနဲ့ ပိတ်ပစ်လိုက်မှာပဲ။ မင်းကိုတော့ အရေးယူမနေတော့ပါဘူး” ဟု ပြောကြားရင်း ကပ္ပတိန် ပရစ်ချတ်၏ လက်ကို လေးလေးစားစား ဆုပ်ကိုင်ထားလိုက်သည်။ ထို့နောက် ....

“သူငယ်ချင်းရယ်၊ ဘာမှ စိတ်ပူမနေပါနဲ့ကွာ။ မင်းရဲ့အမှုကို ငါဆက်ပြီး စုံစမ်းပေါ့မယ်။ မင်းအတွက် အသုံးဝင်မယ့် သက်သေအထောက်အထားရရချင်း ကာနယ်လောရင့်ဆီ ငါကိုယ်တိုင်သွားပြီး အကြောင်းကြားအသနားခံပေါ့မယ်” ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန် ပရစ်ချတ်က ....

“ယုံပါတယ် သူငယ်ချင်းရာ၊ မင်းဒီလို အားပေးစကားပြောကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ” ဟု ပြောလိုက်ရာ ကပ္ပတိန် ဘီထရမ်က

“ကျေးဇူးတင်နေဖို့ မလိုပါဘူးကွာ။ ငါတို့ဟာ သူငယ်ချင်းတွေပဲ ဒီလောက်တော့ ကူညီဆောင်ရွက်ရမှာပေါ့” ဟု ပြောကြားသည်။ ထို့နောက်

“ကိုင်းပါ ... သူငယ်ချင်းရယ်၊ မင်းဘာများ လိုချင်သလဲ။ မင်းဆီကို ငါ နောက်တစ်ခေါက်လာတော့ ယူလာပေးပေါ့မယ်။ ဘာစာအုပ်ဖတ်ချင်သလဲ။ ဘာအစားအစာတွေ စားချင်သလဲ။ မင်းဆန္ဒကို ပြောစမ်းပါကွာ” ဟု မေးလိုက်ရာ ကပ္ပတိန် ပရစ်ချတ်လည်း မိမိ၏ဆန္ဒကို ဖွင့်ပြောသင့် မပြောသင့် အတန်ကြာအောင် စဉ်းစားပြီးမှ ....

“ငါ့ဆန္ဒကတော့ မင်းသမီးလေး မူဟာရီနဲ့ တွေ့ချင်တယ်ကွာ။ မင်းသမီးလေး မူဟာရီနဲ့ တွေ့တဲ့အခါမှာ ငါ့ဆီကို ဘာကြောင့်လာမတွေ့တာလဲလို့ မေးချင်တယ်” ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ ကပ္ပတိန် ဘီထရမ်လည်း အလွန်အမင်း အံ့အားသင့်ဟန်ဖြင့် မျက်ခုံးကို ဆတ်ခနဲ ပစ်ရင်း ....

"မင်းသမီးလေး မူဟာရီဟုတ်လား။ မင်းသမီး မူဟာရီဟာ သူ့ရဲ့ ရာဇဌာနီဖြစ်တဲ့ ဘာရီမဟာလီမြို့တော်ကို ပြန်သွားတာကြားပါပကော၊ ဒီအကြောင်းကို ဘယ်သူမှ မင်းကိုမပြောကြဘူးလား" ဟု ပြောကြားလိုက်ရာ ကပ္ပတိန် ပရစ်ချတ်လည်း မိမိမမျှော်လင့် မမှတ်ထင်သော စကားကြောင့် အလွန်အမင်း အံ့ဩတုန်လှုပ်ကာ အတန်ကြာအောင် ပါးစပ်အဟောင်းသားနှင့် ငေးနေရှာသည်။ ထို့နောက် တုန်ရီသော အသံဖြင့် ....

"ဘာရီမဟာလီမြို့တော်ကို မင်းသမီးမူဟာရီ ပြန်သွားတယ် ဟုတ်လား ... သူငယ်ချင်း၊ ဘာကြောင့်များ ဒီလိုပြန်သွားပါလိမ့်နော်။ ငါ ထင်နေတာက ... ငါ ထင်နေတာက"

ပြောကြားရာမှ စကားဆက်မပြောနိုင်တော့ဘဲ စကားကို ရုတ်တရက် ဖြတ်လိုက်ရှာသည်။

ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်လည်း ဘာရီမဟာလီမြို့တော်သို့ မင်းသမီးလေးမူဟာရီ ပြန်သွားခြင်းမှာ မိမိမှတ်ထင်ယူဆနေသကဲ့သို့ မိမိကို မင်းသမီးလေး မူဟာရီက မပြတ်နိုးမချစ်ခင်သောကြောင့်ဖြစ်သည်ဟု တွေးတောနေမိသည်။ အမှန်တကယ်အားဖြင့် မိမိသည် ချန္ဒရာပူရီဘုရင်၏ မိဖုရားဖြစ်တော့မည့် မင်းသမီးလေး မူဟာရီကို ချန္ဒရာပူရီဘုရင်၏လက်တွင်းမှ မဒရပ်မြို့တော်သို့ အတင်းအဓမ္မ ခေါ်ဆောင်လာခြင်းသာ ဖြစ်သည်။ လမ်းခရီး၌ မိမိနှင့် မင်းသမီးလေး မူဟာရီ ညပေါင်းများစွာ အတူတကွ အိပ်စက်၍ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ကြသည်။ မိမိကို မင်းသမီးမူဟာရီက စွဲစွဲလမ်းလမ်း စုံစုံမက်မက် ချစ်ခင်မြတ်နိုးနေသည်ဟုလည်း မှတ်ထင်ခဲ့မိသည်။ သို့သော် ... သို့သော် မင်းသမီးလေးမူဟာရီသည် မိမိကို လုံးဝမမြတ်နိုး မချစ်ခင်ပေ၊ ထို့ကြောင့်လည်း အချုပ်ခန်းတွင်း၌ မိမိအချုပ်ခံရခိုက်တွင် မိမိထံတစ်ခေါက်မှပင် မလာဘဲ၊ ရာဇဌာနီဖြစ်သော ဘာရီမဟာလီမြို့တော်သို့ ပြန်သွားခြင်းဖြစ်သည်ဟု မှတ်ထင်ယူဆနေမိသည်။ ထို့ကြောင့်လည်း ကပ္ပတိန် ပရစ်ချတ်က စိတ်အားလျော့သည့် အမူအရာဖြင့် ....

"ကိုင်း ... သူငယ်ချင်းရေ၊ ငါ့အတွက် ဘာမှ ဒုက္ခခံပြီး ယူမလာပါနဲ့ကွာ။ ငါ့ထိုက်နဲ့ ငါ့ကံပဲရှိပါစေတော့" ဟု ပြောကြားလိုက်သည်။

ကပ္ပတိန် ဘီထရမ် အချုပ်ခန်းတွင်းမှ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက်၊ ကပ္ပတိန် ပရစ်ချတ်လည်း အခန်းတွင်းရှိ ကြိုးကုတင်ပေါ်သို့ စိတ်ပျက်လက်ပျက် ပစ်လှဲချလိုက်သည်။

http://www.cherrythitsar.org


ကပ္ပတိန် ပရစ်ချတ်သည် မိန်းမလှလေး ရှုမနီကို သတ်သည့်အမှုဖြင့် သေဒဏ်စီရင်ခြင်းခံရမည်ကို လုံးဝမကြောက်ခဲ့ပေ။ စိတ်လည်း မထိခိုက်ခဲ့ပေ။ တုန်လည်း မတုန်လှုပ်ခဲ့ပေ။ သို့သော် မိမိကို စွဲစွဲလမ်းလမ်း နှစ်နှစ်ကာကာ ချစ်မြတ်နိုးပါသည်ဟု မိမိရင်ခွင်တွင်း၌ ခေါင်းထားရင်း တဖွဖွပြောခဲ့ပြီး၊ မိမိကိုယ်တိုင်ကလည်း မိနီကို စွဲစွဲလမ်းလမ်း နှစ်နှစ်ကာကာ ချစ်မြတ်နိုးနေရှာသည်ဟု မှတ်ထင်ယူဆထားခဲ့သော မိမိချစ်သူက အချုပ်ခန်းတွင်း၌ မိမိရောက်ရှိနေပြီး ချစ်သူ၏အားပေးဖြေသိမ့်မှုကို အထူးတောင့်တလိုအပ်နေချိန်တွင် မိမိကို ရက်ရက်စက်စက် စိမ်းစိမ်းကားကား စွန့်ခွာထွက်သွားသည်ကို ကြားရသိရသော အခါ၌မူ စိတ်မထိခိုက်ဘဲမနေတော့ပြီ။ စိတ်ထိခိုက်ရလေပြီတကား။ မိမိ မတုန်လှုပ်ဘဲ မနေတော့ပြီ။ တုန်လှုပ်ရလေပြီတကား။

ကပ္ပတိန် ပရစ်ချတ်လည်း ကြိုးခုတင်ထက်၌ တလူးလူး တလွန့်လွန့် လူးလိမ့်ကာ စိတ်သောက ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။ အစောင့်စစ်သည်များလာရောက်ပေးပို့သော မနက်စာကိုလည်း လုံးဝမစားပေ။ ညစာကိုလည်း လုံးဝ မစားပေ။ ထို့ကြောင့် အစောင့်စစ်သည်လည်း အံ့သြတွေဝေကာ တစ်ကိုယ်တည်း တီးတိုးရေရွတ်ရင်း အစားအစာများကို ပြန်သိမ်းသွားသည်။

နောက်တစ်နေ့နံနက် မိုးသောက်အလင်းရောက်ပြီး၍ မနက်စာ လာရောက်ပေးပို့သောအခါ၌မူ လာရောက်ပေးပို့သော အစားအစာတို့ကို တို့ကနန်းဆိတ်ကနန်းစားပြီးနောက် အစောင့်စစ်သည်အား သတင်းစကား အမျိုးမျိုးကို စစ်စစ်ပေါက်ပေါက် မေးမြန်းသည်။

အစောင့်စစ်သည်မှာ အလွန်တရာ စကားပြောချင်ပြီး၊ စပ်စပ်စုစုလည်း နိုင်လှသော သူတစ်ယောက်ဖြစ်ပေရာ၊ ကပ္ပတိန် ပရစ်ချတ်သိလိုသော အကြောင်းအရာအားလုံးကို သိလိုက်ကြားလိုက်ရသည်။

အစောင့်စစ်သည်၏ ပြောကြားချက်အရ၊ ဘုရင်ခံချုပ် ရောဘတ်ကလစ်သည် ချန္ဒရာပူရီမြို့တော်သို့ ချီတက်ရန် အစစအရာရာ အသင့်ပြင်နေကြောင်း၊ လူသူလက်နက် စုဆောင်းနေကြောင်း၊ စစ်ချီတက်မည့် တပ်များမှာ ခြေလျင်တပ်ရင်း ၃၉၊ မဒရပ်မြင်းလျင်တပ်၊ ကြေးစား အိန္ဒိယတပ်တို့ ဖြစ်၍ စစ်သည် ဦးရေတစ်ထောင်ကျော်ခန့်သာရှိကြောင်း သိရှိရသည်။

ဤသတင်းသာမှန်ပါက ဘုရင်ချုပ် ဆာရောဘတ်ကလစ်၏ စစ်သည်အင်အားမှာ ရန်သူ၏ စစ်သည်အင်အားနှင့် အင်အားချင်းမယှဉ်သာအောင် နည်းပါးနေပေသည်။ ချန္ဒရာပူရီဘုရင်၏ ကိုယ်ပိုင်စစ်သည်များမှာပင် တစ်သောင်းကျော်ကျော်ရှိနေပေရာ၊ ရန်သူ၏ စစ်သည်အင်အားမှာ အနည်းဆုံး

http://www.cherrythitsar.org



တစ်သောင်းကျော်ရှိပေမည်။ သို့သော် ထိုရန်သူစစ်သည် နှစ်သောင်းကျော်ကား မိမိတို့ဗြိတိသျှ စစ်သည်တို့ကဲ့သို့ စစ်သည်တိုင်း သေနတ်မကိုင်ဆောင်နိုင်ပေ။ အချို့တစ်ဝက်သာ သေနတ်ကိုင်ဆောင်နိုင်၍ အများစုမှာ ဓားလှံလေးမြားတို့ကို သာ ကိုင်ဆောင်နိုင်ကြသည်။ ထို့ကြောင့် မိမိတို့ ဗြိတိသျှ စစ်သည်တို့သည် ရန်သူတို့နှင့် နှိုင်းယှဉ်ပါက လူအင်အားချင်း မယှဉ်သာအောင် နည်းပါးလင့် ကစား၊ လက်နက်အင်အားမှာမူ မယှဉ်သာအောင် သာလွန်နေသည်ဟု ဆိုနိုင် ပေသည်။

ကပ္ပတိန် ပရစ်ချတ်လည်း အခြေအနေအရပ်ရပ်ကို တွေးတောနှိုင်းဆ နေရာမှ မိမိတို့ စစ်သည်များ၏ရှေ့ရေးကို တွေးတော စိတ်ပူကာ အကျဉ်းချုပ် ခန်းလေးတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

အချိန်ကား တစ်ရက်ပြီးတစ်ရက် ကုန်လာခဲ့သည်။ ကပ္ပတိန် ပရစ် ချတ်ကား အချုပ်ခန်းလေးတွင်း၌ပင် အချုပ်ခံနေရာမှ အပြင်ဖက်က သတင်း စကားအမျိုးမျိုးကို အစောင့်စစ်သည်ထံမေးမြန်းစုံစမ်းကာ၊ ပြောကြားသမျှ သတင်းတို့ကို စိတ်ဝင်စားစွာ မှတ်သားနားထောင်နေရသည်။

အစောင့်စစ်သည်၏ ပြောကြားချက်အရ၊ ဘုရင်ခံချုပ် ရောဘတ် ကလစ်သည် ကာလကတ္တားမြို့၌ ဖြစ်ပွားသော ကြေကွဲစရာဖြစ်ရပ်သတင်းကို အသေအချာ ကြားသိသွားပြီး၊ ချက်ချင်းပင် အရေးယူဆောင်ရွက်ကြောင်း၊ ဒုတိယရေကြောင်း ဗိုလ်ချုပ်ကြီး ချားဝပ်ဆန်၏ ရေတပ်ကြီးသည် ယခုအခါ ကလကတ္တားမြို့သို့ ချီတက်သွားပြီဖြစ်ကြောင်း၊ ထို့ပြင် မဒရပ်မြို့တော်ရှိ စစ် တပ်အင်အားကိုလည်း တိုးချဲ့ထားကြောင်း၊ အိန္ဒိယကမ်းရိုးတန်းတစ်လျှောက် ရှိ ဗြိတိသျှ ခံတပ်ကြီးများကိုလည်း လူသူအင်အား တိုးဖြည့်ထားကြောင်း၊ ဤသို့အစစအရာရာ ပြင်ဆင်ပြီး ဖြစ်သော်လည်း ဘုရင်ခံချုပ် ရောဘတ်ကလစ် သည် ချန္ဒရာပူရီမြို့တော်သို့ မချီတက်ဘဲ ဆိုင်းငံ့ထားကြောင်း၊ ဤသို့ဆိုင်းငံ့နေ ခြင်းမှာ ချန္ဒရာပူရီမြို့တော်သို့ မိမိတို့ ချီတက်သွားခိုက်တွင် ရန်သူတို့က မဒရပ် မြို့တော်သို့ တစ်နည်းတစ်ဖုံအားဖြင့် သိမ်းပိုက်လိုက်ကြမည်ကို စိုးရိမ်သော ကြောင့်ဖြစ်ကြောင်း၊ ယခုအခါ၌ ဘုရင်ခံချုပ် ရောဘတ်ကလစ်သည် ညစဉ်ည တိုင်း ညဉ့်နက်သန်းခေါင်တိုင်အောင် မအိပ်မနေ အလုပ်လုပ်နေကြောင်း၊ မိမိ ထံသို့ ရောက်လာသော သတင်းစကားများ၊ အစီရင်ခံစာများကို စေ့စေ့စပ်စပ် ဖတ်ပြီး စီမံဆောင်ရွက် ညွှန်ကြားကြောင်း၊ အထူးသဖြင့် ဘုရင်ခံချုပ် ရောဘတ် ကလစ်သည် ရှေးယခင်က မိမိနှင့် ပူးတွဲဆောင်ရွက်ဖူးသော လူဟောင်းလူ ကောင်းများကို ရွေးချယ်ပြီး အထူးတာဝန်ပေးနေကြောင်း ... စသည့်စသည့် တို့ကို ကြားသိရပေသည်။

http://www.cherrythitsar.org



ထိုသတင်းစကားများကို ကြားသိရလေတိုင်း ကပ္ပတိန် ပရစ်ချတ်၏ ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ ချန္ဒရာပူရီမြို့ကို တိုက်ခိုက်ရန် မိမိတို့စစ်တပ်ကြီး ချီတက်ပါက မိမိကိုပါ တစ်ပါတည်းခေါ်သွားလိမ့်မည်။ ရှေးယခင်ကကဲ့သို့ မဒရပ်မြင်းတပ်က စစ်ဗိုလ်အဖြစ် စစ်ပွဲ၌ နွှဲပျော်ရလိမ့်မည်ဟု တွေးတော မျှော်လင့်ကာ အားတက်နေရှာသည်။

တစ်နေ့သော နံနက်ခင်းတွင် ကပ္ပတိန် ပရစ်ချတ်သည် မနက်စာသုံးဆောင်ပြီး အချုပ်ခန်းတွင်း၌ လမ်းလျှောက်နေခိုက်တွင် အစောင့်စစ်သည် ရောက်ရှိလာပြီး အချုပ်ခန်းတံခါးကို ဖွင့်လိုက်သည်။ ထိုအခါ အချုပ်ခန်းတံခါး အနီး၌ အသင့်စောင့်နေကြသော အိန္ဒိယစစ်သည်တစ်စုကို တွေ့ရသည်။ ထိုစစ်သည်များအားလုံးမှာ ယူနီဖောင်းအသစ်တို့ကို ဝတ်ဆင်ထားကြပြီး၊ သေနတ်အသစ်တို့ကို ကိုင်စွဲထားကြသည်။

ကပ္ပတိန် ပရစ်ချတ်လည်း ထိုစစ်သည်များနှင့်အတူ ဘုရင်ခံချုပ်ဆာရောဘတ်စံမြန်းရာ စံအိမ်တော်ကြီးသို့ လျှောက်လာခဲ့သည်။ ထိုအခိုက်တွင် ကပ္ပတိန် ပရစ်ချတ်သည် ရှေးယခင်တစ်ခါလာခဲ့စဉ်က ချန္ဒရာပူရီမြို့တော်က သံတမန်ကြီးများရောက်နေပြီး မြင်းဇောင်း၌ မြင်းကောင်း၊ မြင်းကြော့များ ရှိနေသည့်အဖြစ်ကို လည်းကောင်း၊ ဘုရင်သံတမန်တော်ကြီးလည်း ဖြစ်၍ ဝန်ကြီးချုပ်လည်း ဖြစ်သော ရာမ်ကုမာရီနှင့် မိမိတွေ့ကြုံပြီးခင်မင်ရင်းနှီးရသည့် အဖြစ်ကိုလည်းကောင်း ပြန်ပြောင်းအောက်မေ့မိရှာသည်။ ထိုသို့ ပြန်ပြောင်းအောက်မေ့ရာက 'ဘုရင်ခံချုပ် ရောဘတ်ကလစ်နှင့် မိမိတွေ့ဆုံရပါက မိမိ၏ဘဝအခြေအနေသည် မည်သို့ဖြစ်ပျက်လာမည်နည်း' ဟုလည်း တွေးတောတွက်ဆနေရှာသည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ်၏ စံအိမ်တော်ဧည့်ခန်းတွင်းသို့ ကပ္ပတိန် ပရစ်ချတ် ခြေတစ်လှမ်းချမိသည်နှင့်တစ်ပြိုင်နက်၊ ဧည့်ခန်းတွင်း၌ မကြာခင်က ရောက်ရှိနေနှင့်သော မင်းသမီးလေး မူဟာရီသည် ထိုင်ရာမှ ဆတ်ခနဲ ထကာ ကပ္ပတိန် ပရစ်ချတ်ရှိရာသို့ အူယားဖားယား ပြေးလာပြီး ကပ္ပတိန် ပရစ်ချတ်ကို တအားပွေ့ဖက်လိုက်သည်။ ထို့နောက် ကပ္ပတိန် ပရစ်ချတ် မျက်နှာတစ်ခွင် တစ်ပြင်လုံးကို တရစပ် နမ်းရင်း ....

"အစ်ကိုရယ်၊ အစ်ကို နေကောင်းတယ်နော်၊ ညီမနဲ့ အစ်ကိုတို့ ခွဲခွာရတာ သိပ်ကို ကြာနေပြီနော်" ဟုပြောကြားသည်။

ကပ္ပတိန်ပရစ်ချတ်လည်း အတိုင်းမသိ ဝမ်းမြောက်ရွှင်လန်းကာ ခေတ္တမျှ ကြောင်အမ်းအမ်း ဖြစ်နေပြီးမှ မိမိကို တရစပ်နမ်းနေရှာသော မိမိမြတ်

နိုးချစ်ကြင်သည့် မင်းသမီး မူဟာရီ၏ ကိုယ်လုံးထွေးထွေး အိအိလေးကို တအားပွေ့ဖက်ပြီး အားကျမခံ ပြန်၍ နမ်းလိုက်သည်။

အတန်ကြာသောအခါ လူချင်း အတန်ငယ်ခွာပြီး တစ်ဦးမျက်နှာကို တစ်ဦး ရွှန်းရွှန်းစားစား စိုက်ကြည့်မိကြသည်။ ထိုအခါ မင်းသမီးလေး မူဟာရီ သည် မြင်းစီးဝတ်စုံကို ဝတ်စားထားပြီး ဝေးလံရှည်လျားသော ခရီးရှည်ကြီးကို မရပ်မနား ခရီးဆက်လာရသည့်အသွင်ဖြင့် အဝတ်အစားတို့၌ ဖုန်အလိမ်းလိမ်း ကပ်နေသည့်အဖြစ်ကို သတိပြုမိတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေး မူဟာရီက ....

"အစ်ကိုရေ၊ ညီမတို့ ခရီးရှည်ကြီးကို အတူသွားရဦးမယ်။ အရင် ကလိုပဲ အစ်ကိုနဲ့ ညီမတို့ ချန္ဒရာပူရီမြို့တော်ကို ခရီးဆက်ကြရလိမ့်မယ်" ဟု ပြောကြားရာ၊ ကပ္ပတိန်ပရစ်ချတ်က .... "ဒါထက် နေပါဦးကွယ်။ အစ်ကို ကြားရတာက ညီမရဲ့ဖခမည်းတော်ရှိရာ ဘာရီမဟာလီမြို့တော်ကို ညီမ ပြန်သွားတယ်ဆို။ ဟုတ်တယ် မဟုတ်လား" ဟု မေးလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ....

"ဟုတ်ပါတယ် အစ်ကို၊ ဒီအကြောင်းကို နောက်တော့ ညီမပြောပါ့ မယ်။ အခု ညီမပြောချင်တာက ဘုရင်ခံချုပ် ရောဘတ်ကလစ်က 'အစ်ကို့ကို အချုပ်ခန်းက လွှတ်ပေးမယ်။ ချန္ဒရာပူရီမြို့တော်ကို ချီတက်တိုက်ခိုက်တဲ့အခါ မှာ ညီမနဲ့အတူ လိုက်ပါခွင့်ပြုမယ်' လို့ သဘောတူထားတဲ့ အကြောင်းပါ ကွယ်။ အခုအခါမှာ ဘုရင်ခံချုပ်ရောဘတ်ကလစ်ဟာ အစ်ကို့ရဲ့ အကူအညီကို အရေးတကြီး လိုအပ်နေပါတယ်" ဟု ပြောကြားရာ၊ ကပ္ပတိန်ပရစ်ချတ်လည်း ကြားရသော စကားကို မယုံကြည်နိုင်သည့်အသွင်ဖြင့် ခေါင်းတစ်ချက်ယမ်း လိုက်သည်။ ထို့နောက် ....

"အစ်ကို မျှော်လင့်မထားတာတွေ တွေ့ရ၊ ကြုံရ၊ ကြားရ၊ သိရတဲ့ အတွက် အစ်ကိုဖြင့် ကိုယ့်နားကို ကိုယ်တောင် မယုံချင်တော့ဘူးကွယ်။ ညီမ က သိပ်ပြီး ခြေလှမ်းကျယ်လှချည်လား" ဟု ပြောကြားလိုက်ရာ မင်းသမီး မူဟာရီက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ....

"ညီမ ဒီလိုခြေလှမ်းကျယ်ရတာကလည်း အစ်ကို့ကို ချစ်တဲ့ စိတ် ကြောင့်ပါပဲ အစ်ကိုရယ်။ အမှန်တကယ်ပြောရရင် ချန္ဒရာပူရီအကြောင်းကို အစ်ကိုတစ်ယောက်ကလွဲပြီး ဘယ်သူမှ ဂဃနဏ မသိပါဘူး။ ဒီတော့ ချန္ဒရာ ပူရီကို ဘုရင်ခံချုပ် ရောဘတ်ကလစ်ချီတက်တိုက်ခိုက်တဲ့အခါမှာ အစ်ကိုတစ် ယောက်ကလွဲပြီး ဘယ်သူများလမ်းပြနိုင်မှာလဲကွယ်။ စဉ်းစားပါဦး" ဟု ပြော ကြားသည်။

http://www.cherrythitsar.org



ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဒီလို အဖိုးတန်လှတဲ့ အကြံကောင်း၊ ဉာဏ်ကောင်းကို ဘုရင်ခံချုပ်ရောဘတ်ကလစ် စဉ်းစားတွေးတောမိအောင် ဘယ်သူများပြုဆောင်တာလဲကွယ်" ဟု ပြောလိုက်ရာ မင်းသမီးလေး မူဟာရီက တခစ်ခစ် ရယ်မောကာ ကပ္ပတိန်ပရစ်ချတ်၏ ရင်ခွင်တွင်းသို့ ခေါင်းကို နွဲ့နွဲ့လေးမှီထားရင်း ....

"ဒါတော့ အစ်ကို တွေးကြည့်ပေါ့" ဟု တိုးတိုးလေး ပြောကြားလိုက်သည်။

ထိုအခိုက်တွင် 'ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့ လွတ်လွတ်လပ်လပ် တွေ့ကြပါစေ' ဟူသောသဘောဖြင့် ဧည့်ခန်းတွင်းမှ ခေတ္တ ရှောင်ပေးသော ဘုရင်ခံချုပ်ရောဘတ်ကလစ်လည်း ဧည့်ခန်းတွင်းသို့ ပြုံး ပြုံးကြီး ဝင်လာသည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်ကို စေ့စေ့ကြည့်ရင်း –

"တမ် ... ကျုပ်ကို မောင် ဘယ်လိုသဘောထားနေမယ်ဆိုတာ ကျုပ် ရိပ်စားမိပါတယ်။ ဒါပေမဲ့ ကျုပ်နေရာက ဝင်ပြီး မောင်စဉ်းစားကြည့်ပါကွယ်။ ကျုပ်ဟာ တရားဥပဒေ စည်းကမ်းဘောင်ထဲက လှုပ်ရှားနေရတဲ့သူပါ။ မောင့်ကို အချုပ်ခန်းထဲက လွှတ်ပေးချင်ပေမဲ့ ကျုပ်သဘောနဲ့ ကျုပ် မလွှတ်နိုင်ပါဘူး။ တရားဥပဒေ စည်းကမ်းနဲ့ မဆန့်ကျင်တဲ့ အကြောင်းပြချက်ကို တွေးရကြံရပါတယ်" ဟု ပြောကြားသည်။ ထို့နောက် မင်းသမီးလေး မူဟာရီဖက်သို့ လှည့်ကာ အသာဦးညွှတ်လိုက်ရင်း ....

"ဟောဒီ မင်းသမီးလေးက ဘာရီမဟာလီမြို့တော်က ပြန်လာလာခြင်း ကျုပ်လိုချင်နေတဲ့ အကြောင်းပြချက်ကို တွေးကြံပေးပါတယ်။ ဒီအတွက် မင်းသမီးလေးကို ကျေးဇူးအထူးတင်ပါတယ်။ မင်းသမီးလေး တွေးကြံပေးတဲ့ အကြံဉာဏ်အတိုင်းပဲ ကျုပ် ချက်ချင်း ဆောင်ရွက်ပါ့မယ်။ အမှန်တကယ်တော့ ချန္ဒရာပူရီကို ချီတက်တိုက်ခိုက်တဲ့အခါမှာ လမ်းပြဖို့အတွက် အသင့်မြတ်ဆုံး လူကတော့ မောင်ပါပဲကွယ်။ ဒါပေမဲ့ မောင်က ကျုပ်တို့ကို လမ်းပြမပေးချင်ဘူး ဆိုရင် နေရစ်နိုင်ပါတယ်။ ဒါမှမဟုတ်ဘဲ ကျုပ်တို့ကို လမ်းပြပေးချင်တယ်ဆိုရင်တော့ ချန္ဒရာပူရီကို ကျုပ်တို့ချီတက်တဲ့အခါမှာ ကျုပ်တို့နဲ့အတူ တစ်ပါ တည်း လိုက်ခဲ့ပေတော့၊ ပြီးတော့ မောင့်ကို ကျုပ်ကြိုတင်ပြီး ပြောစရာတစ်ရပ် ရှိပါတယ်။ အဲဒါကတော့ ကျုပ်တို့ကို လမ်းပြပေးတဲ့အတွက် မောင့်ကို ကျုပ်တို့ ဘာကတိမှ မပေးနိုင်ဘူး။ မောင်ကျူးလွန်ခဲ့တဲ့ လူသတ်မှုကို စီရင်ဆုံးဖြတ်တဲ့ အခါမှာလည်း မလျှော့ပေါ့ မသက်ညှာနိုင်ဘူး" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

http://www.cherrythitsar.org



"အချုပ်ခန်းထဲမှာ ဦးအကြာအရှည်မနေဖူးဘူး ထင်ပါရဲ့၊ အချုပ်ခန်းထဲမှာ အကြာအရှည် နေဖူးရင်တော့ အချုပ်ခံရတဲ့ ဒုက္ခကို ဦးကိုယ်ချင်းစာမိမှာပါ။ ငါးပေပတ်လည်ရှိတဲ့ အခန်းကျဉ်းလေးထဲမှာ မလူးသာမလွန့်သာနေပြီး လေကို မဝတဝရှူနေရတဲ့ဒုက္ခဟာ ကြီးမားလှပါတယ်။ ဒီတော့ ဦးအလိုရှိတဲ့အတိုင်းပါပဲ။ ချန္ဒရာပူရီကို ဦးတို့ ချီတက်တိုက်ခိုက်တဲ့အခါမှာ လမ်းပြအဖြစ် ကျွန်တော် လိုက်ပါပါ့မယ်" ဟု ပြောကြားရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်က

"ဝမ်းသာလိုက်တာ မောင်ရယ်၊ ကာနယ်လောရင့်နဲ့ ကျုပ် ဆွေးနွေးပြီး အစစအရာရာ စီမံလိုက်ပါမယ်။ သာမန်လမ်းပြရိုးရိုးအဖြစ် မောင်လိုက်ရမှာ မဟုတ်ပါဘူးကွယ်။ ယခင်ရာထူးဟောင်းဖြစ်တဲ့ မဒရပ်မြင်းလျင်တပ်က ဗိုလ်အဖြစ် လိုက်ပါရမှာပေါ့။ မောင့်ကို ဒီလိုလိုက်ပါခွင့်ပေးထားပေမဲ့ မောင်ထွက်ပြေးမသွားနိုင်အောင် စောင့်ကြပ်နေမယ့် အစောင့်စစ်သည်တွေတော့ ချထားရလိမ့်မယ်။ ဦးတို့ ကြုံတွေ့ရင်ဆိုင်ရတော့မယ့် ချန္ဒရာပူရီကို တိုက်ပွဲမှာ မောင်ရှပ်ရှပ်ချွံချွံ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ပေးနိုင်ရင်တော့ ဘာပဲဖြစ်ဖြစ် မောင့်အမှုအတွက် အယူခံစာကို အင်္ဂလန်ကို လှမ်းပြီးတင်ပေးပါ့မယ်။ ဒီလို အယူခံစာတင်တယ်ဆိုရင်တော့ လနဲ့ချီပြီး ကြာချင်ကြာသွားမှာပေါ့ကွယ်။ အင်း ... ဒီအတောအတွင်းမှာ စိတ်မရှည်နိုင်တဲ့ ကာနယ်လောရင့်က လူသတ်မှုကို ကျူးလွန်ပါတယ်လို့ မောင်ဝန်ခံလာတဲ့အထိ အမှုကို စစ်ဆေးပြီး မောင့်ကို သေဒဏ်အပြစ်ပေးကောင်း ပေးနိုင်ပါတယ်။ ဒါတော့ ကျုပ်လည်း မတတ်နိုင်ဘူးကွယ်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် သဘောပေါက်ပါတယ်" ဟု ပြောလိုက်ရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်က ....

"ကျေးဇူးတင်စရာ မလိုပါဘူးကွယ်။ ကျုပ် ဒီလောက်ပဲ ဆောင်ရွက်ပေးနိုင်တဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ ကျုပ်မှာက ဆောင်ရွက်စရာကိစ္စတွေ၊ ပြဿနာတွေ တောင်ပုံရာပုံ ရှိနေတယ်။ ဒီတော့ မောင့်ကိစ္စကို ဦးဖောက်ချပြီး မဆောင်ရွက်နိုင်ဘူးကွယ်။ ဒီအတွက် ကျုပ်ကို ခွင့်လွှတ်ပါ" ဟု ပြောကြားသည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ် အပေါ်းတွင် စိုးရိမ်ကြောင့်ကြသော အသွင်ဖြင့် နွဲ့နွဲ့လေး ကပ်နေသော မင်းသမီးလေး မူဟာရီကို ဖျတ်ခနဲ လှည့်ကြည့်ပြီးနောက် ....

"အိန္ဒိယပြည်ကြီးကို ကျုပ်ရောက်နေတာ နှစ်နဲ့ချီပြီး ကြာနေပါပြီကွယ်။ ဒီတော့ လူပေါင်းစုံနဲ့တွေ့ပြီး သတင်းပေါင်းစုံကို ကြားထားသိထားပါ

တယ်။ အင်း ... ကံကောင်းထောက်မကူညီရင်တော့ ချန္ဒရာပူရီကို သိမ်းပြီးတဲ့ အခါမှာ ကျုပ်ဖြစ်စေချင်တဲ့ ဆန္ဒတစ်ရပ်တော့ ပြည့်ဝထမြောက်ကောင်းပါရဲ့” ဟု ပြောကြားသည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်နှင့်မင်းသမီးလေး မူဟာရီတို့ကို သွားခွင့်ပြုလိုက်ရာ ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေးမူဟာရီတို့လည်း တစ်ယောက်လက်ကို တစ်ယောက်တွဲကာ ဘုရင်ခံချုပ်ရောဘာကလစ်၏ ဧည့်ခန်းမအတူယှဉ်ပြီး ထွက်လာခဲ့ကြသည်။

ထိုအခိုက်တွင် မင်းသမီးလေး မူဟာရီက ....

“အစ်ကိုလည်း အချုပ်ခန်းထဲမှာ နေရတာကြာလို့ သောင်းညာနေရောပေါ့၊ ဒီတော့ ညီမနေနေရတဲ့အိမ်ကို ရောက်တဲ့အခါမှာ ရေမိုးချိုးလိုက်ပါလား၊ အဲဒီမှာ ရေချိုးကန်လည်း ရှိတယ်”

ဟု ပြောရာ ကပ္ပတိန်ပရစ်ချတ်က ....

“ကောင်းတာပေါ့ ညီမရယ်၊ ချန္ဒရာပူရီက အစ်ကိုနဲ့ညီမတို့ ထွက်ပြေးကြတုန်းက လမ်းခရီးက ချောင်းလေးမှာ ရေချိုးပြီးကတည်းက အစ်ကိုအဖို့ တစ်ခါမှ ရေထပ်မချိုးရသေးဘူး။ တစ်ကိုယ်လုံးလည်း ညစ်ပတ်နံစော်နေပြီ” ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေးမူဟာရီက အသာရယ်မောရင်း ....

“ဒါဖြင့် ညီမရဲ့ အိမ်လေးဆီကို မြန်မြန်သွားတာပေါ့ အစ်ကိုရယ်” ဟု ပြောကြားလိုက်သည်။

မင်းသမီးလေး မူဟာရီအတွက် သီးသန့်ထားပေးသော အိမ်လေးကား လှပသပ်ရပ်ပြီး နှလုံးမွေ့လျော် ပျော်စရာကောင်းလှပေသည်။ အိမ်တွင်း၌ ကော်ဇောများအပြည့် ခင်းထားပေသည်။ အိမ်နောက်ဖေးတွင်လည်း ပန်းခြံလေး တစ်ခြံနှင့် ရေချိုးကန်တစ်ကန် ရှိပေသည်။

ထိုအိမ်လေးသို့ ရောက်သောအခါ မင်းသမီးလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်ကို ရေချိုးကန်သို့ ခေါ်သွားပြီး ရေတစ်ဝချိုးခိုင်းသည်။ ကိုယ်တိုင်လည်း ကပ္ပတိန်ပရစ်ချတ်အပေါ်တွင် ရေချိုးသည်။ ထိုအခိုက် မင်းသမီးလေး မူဟာရီက ....

“အစ်ကိုရယ်၊ ညီမရဲ့ ရာဇဌာနီဖြစ်တဲ့ ဘာရီမဟာလီမြို့တော်ကို ညီမပြန်သွားခဲ့ပါတယ်။ ပြန်သွားရတဲ့အကြောင်းရင်းက ညီမဘေးမသီရန်မခ ကျန်းကျန်းမာမာ ရှိနေတာကို ဖခမည်းတော် သိစေချင်တာလည်း ပါပါတယ်။ ပြီးတော့ ချန္ဒရာပူရီမြို့တော်ကို ဘုရင်ခံချုပ်ဆာရောဘတ်ကလစ်ရဲ့ စစ်တပ်ကြီး ချီတက်တဲ့အခါမှာ အစ်ကိုနဲ့အတူ ညီမတို့ရဲ့စစ်တပ်တစ်တပ်လည်း လိုက်ပါစေ

http://www.cherrythitsar.org


ချင်တာလည်း ပါပါတယ်။ ညီမတို့ရဲ့ စစ်သည်တွေဟာ တောင်ပေါ်သားတွေ ဖြစ်ပြီး ချုန္တရာပူရီနယ်ကိုလည်း ကျွမ်းကြပါတယ်" ဟု ပြောကြားလိုက်ရာ၊ ကပ္ပတိန်ပရစ် ချတ်က ပူပင်ကြောင့်ကြသွားဟန်ဖြင့် ....

"ကြည့်စမ်း၊ ညီမက အစ်ကိုစစ်တိုက်တဲ့အခါမှာ အတူလိုက်ပါဖို့ တောင် ကြံရွယ်ထားပါလား။ ညီမက စစ်တိုက်လို့ ဖြစ်ပါ့မလား" ဟု မေးလိုက် သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ရယ်မောရင်း ....

"ဖြစ်ပါတယ် အစ်ကိုရဲ့။ ညီမက မြင်းစီးလည်း ကျွမ်းကျင်ပါတယ်။ သေနတ်ပစ်လည်း ကျွမ်းကျင်ပါတယ်။ ညီမက တစ်ဦးတည်းသော သမီးတော် လေး ဖြစ်ပေမဲ့လို့ ဖခမည်းတော်က ယောကျ်ားတို့တတ်အပ်တဲ့ အတတ်ပညာ တွေကို သင်ပေးထားပါတယ်" ဟု ပြောလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က –

"မဟုတ်သေးဘူး ညီမရယ်။ စစ်မြေပြင်မှာ ညီမက ကိုယ့်တပ်ကို ကိုယ် ခေါင်းဆောင်ပြီး တိုက်မှာမဟုတ်လား။ မတော်တဆ တစ်ခုခုများ ဖြစ် သွားမှဖြင့် အစ်ကိုရင်ကျိုးရချည့်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ....

"အစ်ကိုက ညီမအတွက် စိုးရိမ်ကြောင့်ကြနေတယ်ပေါ့လေ"

ဟု မေးရာ ကပ္ပတိန်ပရစ်ချတ်က ....

"စိုးရိမ်ကြောင့်ကြရပြီကော ညီမရယ်။ အစ်ကို့အနေနဲ့ကတော့ စစ်ပွဲ မှာ ညီမကိုယ်တိုင်ကိုယ်ကျ မပါဝင်မတိုက်ခိုက်ဖြစ်အောင် အစွမ်းကုန် ကြိုးစား မှာပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ကပ္ပတိန်ပရစ်ချတ်ကို မခို့တရို့ ကြည့်ရင်း ....

"အစ်ကိုက ညီမကို ဒီလောက်တောင်ပဲ ချစ်သလားကွယ်" ဟု မေးရာ ကပ္ပတိန်ပရစ်ချတ်လည်း ကျိတ်မနိုင်ခဲမရသော အသွင်ဖြင့် မင်းသမီး လေး မူဟာရီ၏ ကိုယ်လုံးလေးကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ရင်း ....

"ချစ်တာပေါ့ ညီမရယ်။ ဖွင့်မပြောပြတတ်လောက်အောင် ချစ်ရပါ တယ်" ဟု ပြောကြားလိုက်သည်။

ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေးတို့သည် ရေကန်တွင်း၌ ရေကို တစ်ဝကြီးချိုးနေကြရာ ညမှောင်လာသောအခါမှ ပန်းမျိုးစုံဖူးပွင့်နေသော ပန်း ခြံလေးကိုဖြတ်ပြီး အိမ်သို့ပြန်လာခဲ့သည်။

ထို့နောက် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ အသင့်ပြင်ထား သော အကောင်းဆုံးညစာကို အတူသုံးဆောင်ကြသည်။ ထို့နောက် တစ်

http://www.cherrythitsar.org



ယောက်လက်ကို တစ်ယောက်တွဲကာ ပန်းခြံတွင်း၌ အေးအေးလူလူ လမ်းလျှောက်ကြသည်။ ထို့နောက် ပန်းခြံတွင်းရှိ ထိုင်ခုံတစ်ခုပေါ်တွင် ကိုယ်ချင်းထိအောင် ထိုင်ရင်း ပန်းရနံ့တို့ဖြင့် ထုံသင်းသော လေနုအေးကို တဝကြီးရှူရင်း တစ်ယောက်မျက်နှာကိုတစ်ယောက် ရွှန်းရွှန်းစားစား ငေးကြည့်နေကြသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် မင်းသမီးလေးမူဟာရီကို အသာပွေ့ဖက်ကာ ရင်ခွင်တွင်းသို့ သွင်းရင်း နဖူးဆံစကို ပွတ်ပေးသည်။ ထို့နောက် ပါးပြင်အိအိထွေးထွေးကို အသာငုံ့မွှေးသည်။ ထို့နောက် မျက်နှာတစ်ခွင် တစ်ပြင်လုံးကို တရကြမ်း မွှေးရင်း ....

"ညီမရေ ... အစ်ကိုနဲ့ဒီလိုနေတာ ပျော်တယ်နော်" ဟု မေးလိုက်ရာ မင်းသမီးလေး မူဟာရီက လေသံဖြင့် ....

"ပျော် ... ပျော်ပါတယ်၊ ဒီလို ပျော်လွန်းတဲ့အတွက် ညီမဖြင့် ရှေ့ရေးကို တွေးပြီး ကြောက်လာမိတယ်။ ချန္ဒရာပူရီကို တိုက်ခိုက်သိမ်းယူပြီးတဲ့အခါမှာ အစ်ကို့အမူကို စီရင်ဆုံးဖြတ်တော့မှာနော်။ အဲဒီတော့ ဘယ်လိုဖြစ်မလဲ မသိဘူး။ အစ်ကိုရယ် ညီမကတော့ အစ်ကိုနဲ့ မခွဲချင်ဘူး။ အခုလိုပဲ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် အတူနေသွားချင်ပါတယ်" ဟု ပြောရင်း မျက်ရည်စီးကျလာသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မင်းသမီးလေး မူဟာရီ၏ ကိုယ်လုံးလေးကို ထွေးဖက်ထားရာမှ ရီဝေသော မျက်လုံးအစုံဖြင့် ရှေ့တူရူသို့ ငေးကြည့်ရင်း ....

"ဒါတော့ ကံတရားပေါ့ကွယ်။ ရှေ့ရေးဘယ်လို ဖြစ်မယ်ဆိုတာတော့ အစ်ကိုလည်း မတွေးတတ်ပါဘူးကွယ်။ တွေးလည်း မတွေးချင်ပါဘူးကွယ်" ဟု ပြောကြားလိုက်သည်။

[၁၄]

# စစ်ထမ်းခရီးဝယ်

နွေနှောင်းရာသီ မနက်ခင်းတွင် ဘုရင်ခံချုပ် ရောဘတ်ကလစ် ဦးဆောင်သော ဗြိတိသျှတပ်ကြီးသည် ချန္ဒရာပူရီကို တိုက်ခိုက်သိမ်းယူရန်အတွက် မဒရပ်မြို့တော်မှ စတင်ချီတက်လာခဲ့သည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ်သည် တပ်ဦးမှ ချီတက်ပြီး ဘုရင်ခံချုပ် ရောဘတ်ကလစ်၏ တပ်နောက်မှ မဒရပ်မြင်းလျင်တပ် ချီတက်သည်။ မဒရပ်မြင်းလျင် တပ်ဦးမှ ချီတက်လာသူကား ကပ္ပတိန်ပရစ်ချတ်ပင်ဖြစ်သည်။ ကပ္ပတိန်ပရစ်ချတ်သည် ခရမ်းရောင်စစ်ဝတ်စုံကို ဆင်မြန်းထားပြီး ခါးတွင် ဓားလွယ်ကြီးကို ချိတ်ထားသည်။ ဓားလွယ်ကြီး၏ လက်ကိုင်ရိုးမှာ ရွှေချထားရကား ဝင်းပသော မနက်ခင်း နေရောင်ခြည်အောက်တွင် အရောင် တဖျတ်ဖျတ် တောက်နေသည်။ ထို့ပြင် သားရေစစ်ဦးထုပ်အနက်မှ ပန်းဖွားသည်လည်း လေထဲတွင် တလူလူလွင့်နေသည်။ ထို့အတူ ပြောင်နေအောင် တိုက်ထားသော ဘွတ်ဖိနပ်မှာလည်း တဖိတ်ဖိတ်တောက်နေသည်။

မြင်းလျင်တပ်၏ နောက်မှ ခြေလျင်တပ်များ၊ အိန္ဒိယတိုင်းရင်းသားတပ်များနှင့် တပ်မဟာ ၃၉ တို့ လိုက်ပါလာသည်။ တပ်မဟာ ၃၉ မှာ အိန္ဒိယပြည်၌ ပထမဆုံးအကြိမ် ဖွဲ့စည်းထားသော အမြဲတမ်းတပ်ဖြစ်သည်။ ရှေးယခင်ကမူ အိန္ဒိယပြည်ရှိ အရှေ့အိန္ဒိယ ကုမ္ပဏီသည် အမြဲတမ်းတပ်ကို ဖွဲ့ထားခြင်း မရှိပေ။ လိုအပ်ပါမှ လခပေးပြီး စစ်သားများကို ငှားရမ်းပြီး တပ်ဖွဲ့လေ့ရှိသည်။ မဒရပ်မြို့အတွက် စစ်တပ်ကို စက်ရုံအလုပ်ရုံမှ လုပ်သားများကို ငှားရမ်းကာ တပ်ဖွဲ့လေ့ရှိပြီး ကလကတ္တားမြို့အတွက် စစ်တပ်ကို သင်္ဘောသားများ၊ အလုပ်ကြမ်းသမားများကို ငှားရမ်းကာ တပ်ဖွဲ့လေ့ရှိပေသည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ် ဦးဆောင်ကာ ဗြိတိသျှ တပ်ကြီးသည် မဒရပ်မြို့တော်မှ မြောက်ဘက်သို့ ဦးတည်ပြီး ချီတက်လာခဲ့သည်။ ထိုသို့ ချီတက်လာခိုက်တွင် စစ်အလံများသည် တလူလူလွင့်နေပြီး၊ စစ်ခရာသံများမှာ လည်း ဆူညံလျက်ရှိသည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ် ဦးဆောင်သော ဗြိတိသျှစစ်တပ်ကြီး သည် မွန်တာရွန်မြစ်ကို ဖြတ်ကျော်ပြီးနောက်၊ ကျဉ်းမြောင်းသော ကမ်းရိုးတန်း မြေပြန့်လွင်ပြင်အတိုင်း မြောက်ဖက်သို့ ဆက်လက်ချီတက်လာခဲ့သည်။ ကမ်း ရိုးတန်း မြေပြန့်လွင်ပြင်ကို ကျော်သည်နှင့် တစ်ပြိုင်နက် မြေပြင်သည် မြင့်မား မတ်စောက်လာပြီး တောင်ကုန်း တောင်တန်းများ ထူထပ်လာသည်။ ရှေ့ဂိတ် တောင်တန်းကြီး၏ အစပေတကား။

အရှေ့ဂိတ်တောင်တန်းကြီးကား မြင့်မားမတ်စောက်လှပြီး အချို့ သော တောင်ထွတ် တောင်ထိပ်တို့၌ ဆီးနှင်းများ ဖုံးလွှမ်းနေသည်။ အချို့ သော တောင်ထွတ်တောင်ထိပ်တို့မှာ လေထဲ၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်ရှိနေ သည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ် ခေါင်းဆောင်သော ဗြိတိသျှတပ်ကြီး သည် အရှေ့ဂိတ်တောင်တန်းကြီးကို တရွေ့ရွေ့ ချီတက်လာခဲ့သည်။ ညည တပ်နားသည့်အခါများတွင် ကပ္ပတိန်ပရစ်ချတ်သည် ဘုရင်ခံချုပ် ရောဘတ် ကလစ်နှင့် ကာနယ်လောရင့်တို့အား ရှေ့ချီတက်ရမည့် ခရီးစဉ်နှင့် ပတ်သက်၍ ပထဝီအနေအထားနှင့် အခြေအနေအလားအလာ အရပ်ရပ်ကို မြေပုံဆွဲကာ ရှင်းပြရသည်။ ထိုသို့ ရှင်းပြသည့်အခါများ၌ ကပ္ပတိန် ဘီထရမ်နှင့် ကပ္ပတိန် ရှုဖတ်ပါရေးတို့လည်း လာရောက်နားထောင်လေ့ရှိသည်။ ကပ္ပတိန် ဘီထရမ် နှင့် ကပ္ပတိန်ပါရေးတို့ကား ကပ္ပတိန်ပရစ်ချတ်နှင့်တူ မဒရပ်မြင်းလျှင်တပ်ကို ဦးဆောင်တိုက်ခိုက်ရမည့်သူများ ဖြစ်သည်။ ထို့ကြောင့်လည်း မိမိတို့ ချီတက် ရမည့် ဒေသ၏ ပထဝီအနေအထားနှင့် အခြေအနေအလားအလာ အရပ်ရပ်ကို ကြိုတင်သိထားဖို့ အထူးလိုအပ်သည့်အလျောက် တက်ရောက်နားထောင်ကြ ခြင်း ဖြစ်သည်။

မဒရပ်မြို့တော်မှ ထွက်ခွာချီတက်လာသော တတိယနေ့ညတွင် ကပ္ပတိန်ပရစ်ချတ်လည်း ထုံးစံအတိုင်း ရှေ့ချီတက်ရမည့် ခရီးစဉ်နှင့် ပတ်သက် ၍ ပထဝီအနေအထားနှင့် အခြေအနေ အလားအလာ အရပ်ရပ်ကို ရှင်းပြနေ သည်။ ထိုအခိုက်တွင် ကျောက်တုံးနှင့် သံပွတ်ကြိတ်သံကို ရုတ်တရက် ကြားရ သောကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ထိုအခါ ကျောက်စတစ်ခုနှင့် ငြိနေသော မိမိ၏မြင်းစီးဖိနပ်ဖနောင့်၌ ကပ်ထားသည့် ဖနောင့်ဆူးဘီးလေးကို

http://www.cherrythitsar.org



ကပ္ပတိန် ဘီထရမ် ဖြုတ်ထုတ်နေသည်ကို မြင်ရသည်။ ထိုအခိုက်တွင် ကပ္ပတိန် ဘီထရမ်က ....

"ဟောဒီမြေကြီးကလည်း ကျောက်စွန်းတွေ ကျောက်စတွေ အကျိုးအပဲ့တွေ သိပ်ပေါတာပဲ။ ဒီကျောက်စွန်း ကျောက်စအကျိုးအပဲ့တွေနဲ့ လွတ်တယ်လို့ကို မရှိဘူး" ဟု ရေရွတ်လိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ရွက်ထည်တဲကြမ်းပြင်ကို အမှတ်မထင် ကြည့်လိုက်ရာ၊ တဲတွင်းရှိ မြေကြီး၌ မြင်းစီးဖိနပ်ဖနောင့်တွင် တပ်လေ့ရှိသော ဖနောင့်ဆူးဘီးနှင့် ခြစ်ထားသည့် ခြစ်ရာလေးများကို အနှံ့အပြား တွေ့ရသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မျက်မှောင်ကြုတ်ကာ တွေပြီး စဉ်းစားနေမိသည်။ စိတ်ထဲ၌လည်း တစ်စုံတစ်ရာကို ပြေးပြီး သတိရမိသည်။ သို့သော် ထိုအခိုက်တွင်ပင် ရှေ့ချီတက်ရမည့် ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရန် တာဝန်ရှိနေသေးသည့်အလျောက် မိမိရှေ့တွင် ချထားသော မြေပုံကို လက်ဖြင့် ထောက်ကာ ထောက်ကာ ဆက်လက်ရှင်းပြနေသည်။

ထိုသို့ ကပ္ပတိန်ပရစ်ချတ် ရှင်းပြနေခိုက်တွင် မင်းသမီးလေး မူဟာရီသည် ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို မြတ်နိုးချစ်ကြင်စွာ ငေးစိုက်ပြီး ကြည့်နေရှာသည်။ ထိုသို့ ငေးစိုက်ကြည့်နေသည့်အဖြစ်ကို ဘုရင်ခံချုပ် ရှောဘတ်ကလစ်လည်း အမှတ်ထင်ထင် သတိပြုနေရာမှ မသိမသာ ပြုံးလိုက်သည်။

ဘုရင်ခံချုပ် ရှောဘတ်ကလစ် ဦးဆောင်သော ဗြိတိသျှတပ်ကြီးသည် ချန္ဒရာပူရီသို့ ဦးတည်ချီတက်လာရာ၊ သတ္တမနေ့သို့ ရောက်လာခဲ့ပေပြီ။ ထိုနေ့မနက် အရုဏ်တက်ချိန်တွင် ကပ္ပတိန်ပရစ်ချတ်လည်း အိပ်ရာမှ စောစောနိုးလာသောကြောင့် ရွက်ထည်တဲအပြင်သို့ ထွက်ကာ၊ ကိုယ်လက်ဆန့်ရင်း ပတ်ဝန်းကျင်တစ်ခွင်ကို ငေးကြည့်နေမိသည်။ အရှေ့ဂိတ်တောင်ထိပ်တွင် နေဝန်းထွက်ပြူစ ပြုနေပေပြီ။ သို့သော် မြူနှင်းတို့ကား မကွဲသေးပေ။ လေပြည်အေးမှာမူ တသုန်သုန် တိုက်ခတ်နေပေသည်။

ထိုသို့ ရွက်ထည်တဲအပြင်သို့ထွက်ကာပတ်ဝန်းကျင်တစ်ခွင်ကို ငေးကြည့်နေခိုက်တွင် ကပ္ပတိန်ပရစ်ချတ်သည် မြင်းဟီသံကို ရုတ်တရက် ကြားလိုက်ရသည်။ ထို့ကြောင့် အသံကြားရာဖက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ မဒရပ်မြင်းလျှင်တပ်က စစ်ဗိုလ်အဝတ်အစားဖြစ်သော ခရမ်းရောင် စစ်ဝတ်စုံကို ဆင်မြန်းထားသည့် လူတစ်ဦး တပ်စခန်းမှ မြင်းကို ဒုန်းစီးပြီး ထွက်ခွာသွားသည်ကို တွေ့လိုက်ရသည်။ ထိုသူသည် တပ်စခန်းအနီးရှိ တောင်တန်းကြီးဆီသို့ ဦးတည်ထွက်ခွာသွားခြင်းဖြစ်ရာ၊ ကပ္ပတိန်ပရစ်ချတ်လည်း ထိုသူကို စေ့စေ့စပ်စပ် လှမ်းမျှော်ကြည့်ရာမှ ....

"အလို ဘုရားရေ၊ လူစီယပ် ဘီထရမ်ပါလား။ ဘာကြောင့်များ မနက်ဝေလီဝေလင်းကြီး ထပြီး ခရီးသွားရတာပါလိမ့်။ ဒီတောင်တန်းတွေမှာ ချန္ဒရာပူရီစစ်သည်တွေ အမြောက်အမြား ရှိနိုင်တယ်ဆိုတာကို မသိရှာ့ သလား" ဟု ရေရွတ်လိုက်သည်။

ထို့နောက် မြင်းဇောင်းသို့ ပြေးသွားပြီး၊ မြင်းတစ်စီးကို ထုတ်ခိုင်း သည်။ မြင်းထုတ်လာသည်နှင့် တစ်ပြိုင်နက် မြင်းနက်ကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီးလျှင် မြင်းထုတ်ပေးသော စစ်သားကို ကြည့်ကာ ....

"မင်းသမီးလေးကို ပြောလိုက်ပါကွယ်။ ကပ္ပတိန်ဘီထရမ်နောက်ကို ကျုပ်လိုက်သွားပါတယ်" ဟု ပြောကြားရင်း၊ မြင်းကို ဒုန်းစိုင်းပြီး ထွက်ခွာသွား သည်။

ထိုအခိုက်တွင် မြင်းခွာသံတဖြောင်းဖြောင်းကြောင့် ကာနယ်လောရင့် လည်း မျက်နှာသစ်နေရာမှ ဆတ်ခနဲ ခေါင်းထောင်ပြီး လှမ်းကြည့်လိုက်ရာ မြင်းကို ဒုန်းစိုင်းပြီး ထွက်ခွာသွားသော ကပ္ပတိန်ပရစ်ချတ်၏ နောက်ကျောကို လှမ်းမြင်လိုက်ရသည်။ ဤတွင် ကာနယ်လောရင့်လည်း ....

"အင်း ... ကပ္ပတိန်ပရစ်ချတ်တော့ တပ်ကနေပြီး စွန့်ခွာထွက်ပြေးပါ ပကော" ဟု ရေရွတ်လိုက်သည်။

ကပ္ပတိန်ဘီထရမ်နောက်သို့ မြင်းကို ဒုန်းစိုင်းပြီး စီးလာခဲ့သော ကပ္ပတိန်ပရစ်ချတ်သည် မကြာမီပင် ကပ္ပတိန်ဘီထရမ်၏ အရိပ်အယောင်ကို သစ်ပင်များကြားတွင် ရိပ်ခနဲ လှမ်းမြင်ရသည်။ ကပ္ပတိန်ဘီထရမ်ကား တောင်ကုန်းများကို ဖြတ်ကာ ချန္ဒရာပူရီမြို့တော်ဖက်သို့ ခရီးနှင်လျက်ရှိသည်။ ကပ္ပတိန်ဘီထရမ် မြင်းစီးသွားပုံမှာလည်း ချစ်ကြည်ရေးခရီးထွက်လာသော သူတစ်ယောက်ကဲ့သို့ အေးအေးသက်သာရှိလှသည်။

ဤတွင် ကပ္ပတိန်ဘီထရမ်နောက်သို့ စိုးရိမ်တကြီးလိုက်လာခဲ့သော ကပ္ပတိန်ပရစ်ချတ်လည်း အလွန်တရာ အံ့ဩတွေဝေသွားမိတော့သည်။ ထို့ အတူ 'ကပ္ပတိန်ဘီထရမ်သည် ချန္ဒရာပူရီမြို့တော်ဆီသို့ မည်သည့်ရည်ရွယ် ချက်ဖြင့် ခရီးဆက်နေပါသနည်း' ဟုလည်း တွေးတောစဉ်းစားနေမိသည်။

ကပ္ပတိန်ဘီထရမ်နှင့် ကပ္ပတိန်ပရစ်ချတ်သည် မတ်စောက်သော တောင်တန်းကြီးကို တဖြည်းဖြည်း တက်လျက်ရှိရာ ဆီးနှင်းဖုံးနေသော တောင် ထိပ်မှ ဖြတ်တိုက်လာသော လေအေး၏ဒဏ်ကို သိသိသာသာ ခံစားရတော့ သည်။ တဝူးဝူး တိုက်ခတ်နေသော လေအေးဒဏ်ကြောင့် တောင်စောင်းတို့၌ ကပ်ပေါက်နေသော တောပန်းနီနီဝါဝါ ပြာပြာစိမ်းစိမ်းတို့သည် ဘယ်ညာယိမ်း ထိုး လှုပ်ရှားနေတော့သည်။

http://www.cherrythitsar.org



ကပ္ပတိန်ပရစ်ချတ်လည်း ကပ္ပတိန်ဘီထရမ်ကို မျက်ခြည်ပြတ်မခံဘဲ နောက်ယောင်ခံပြီး လိုက်ခဲ့ရာ၊ ကပ္ပတိန် ဘီရမ်သည် ချောက်ကမ်းပါး အစွန်း ထိပ်တွင် ခေတ္တရပ်တံ့ပြီး အိတ်တွင်းမှ စာရွက်ခေါက်တစ်ခုကို ထုတ်ပြီးဖြန့်ကာ ခေတ္တမျှ စေ့စေ့စပ်စပ် ကြည့်နေသည်ကို တွေ့ရသည်။ ထို့နောက် စာရွက်ကိုပြန် ခေါက်ပြီး အိတ်တွင်းပြန်ထည့်ကာ ခရီးဆက်သည်ကို တွေ့ရသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း 'ကပ္ပတိန်ဘီထရမ် ဖြန့်ထုတ်ပြီး ကြည့်သော စာရွက်ခေါက်ကား ချန္ဒရာပူရီ မြို့တော်သို့ မိမိတို့ချီတက်မည့် ခရီးလမ်းကြောင်းကို ရေးဆွဲထားသော မြေပုံစာရွက်ပင် ဖြစ်မည်' ဟု တပ်အပ် သေချာတွေးတောမိသည်။ ထိုအခါ 'ကပ္ပတိန်ဘီထရမ်သည် အရေးကြီးသော မြေပုံစာရွက်ကို ဘာကြောင့် ယူဆောင်သွားသနည်း။ ထို့ပြင် ဤသို့ ခရီးဆက် မည့်အကြောင်းကိုလည်း ဘုရင်ခံချုပ် ရောဘတ်ကလစ်အား အဘယ်ကြောင့် ကြိုတင်အကြောင်းကြားကာ သွားခွင့်အမိန့်ကို မတောင်းပါသနည်း' ဟု ထပ်မံ တွေးတောစဉ်းစားမိပြန်သည်။

ထိုသို့ တွေးတောစဉ်းစားရာမှ ကပ္ပတိန်ဘီထရမ် နောက်သို့ဆက်ပြီး နောက်ယောင်ခံ လိုက်ခဲ့ရာ ကပ္ပတိန်ဘီထရမ်သည် တောင်ထိပ်ပေါ်သို့ ရောက် သွားပြီးနောက် ကျောက်တုံးကြီးတစ်တုံးနောက်တွင် ပျောက်သွားသည်။ ကပ္ပတိန်ပရစ်ချတ်လည်း ဆက်ပြီးလိုက်လာရာ တောင်စောင်းပေါ်မှ ကျောက်ခဲ စလေးများ လိမ့်ကျသံကို ကြားရသည်။ ကပ္ပတိန်ဘီထရမ်ကား တောင်ထိပ်မှ တောင်အောက်သို့ ဆင်းသက်နေလေပြီတကား။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း 'ကပ္ပတိန်ဘီထရမ် နောက်သို့ ဆက်ပြီး လိုက်ရအံ့လော' ဟု တွေးတောစဉ်းစားနေသည်။ ကပ္ပတိန်ဘီထရမ် နောက်သို့ ဤအတိုင်းဆက်လိုက်ပါက တောင်ဆင်းခရီးဖြစ်သည့်အတွက် ကပ္ပတိန်ဘီထရမ်သာ နောက်သို့လှည့်ကြည့်ပါက မိမိနောက်ယောင်ခံ လိုက်နေ သည်ကို ချက်ချင်းပင် တွေ့မြင်သတိပြုမိနိုင်သည်။ ကပ္ပတိန်ဘီထရမ်နောက်သို့ ဆက်မလိုက်ပါကလည်း ကပ္ပတိန်ဘီထရမ်ကို မျက်ခြည်ပြတ်သွားနိုင်သည် ဟူသော အချက်ကို အလေးအနက် တွေးမိသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း တစ်စုံတရာကို တွေးမိသွားဟန် ဖြင့် "အလိုဘုရား၊ ငါ မထင်မိတာတွေများ ဖြစ်လေမလား" ဟု ရေရွတ်လိုက် သည်။ ထို့နောက် စိတ်အားထက်သန် တက်ကြွစွာဖြင့် ကပ္ပတိန်ဘီထရမ် နောက်သို့ မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်သွားတော့သည်။

မင်းသမီး မူဟာရီသည် မိမိမြတ်နိုးချစ်ကြင်သော ကပ္ပတိန်ပရစ်ချတ် နှင့်အတူ မနက်စာသုံးဆောင်ရန်အတွက် သိုးသားကင်၊ ကိတ်မုန့်နှင့် ကော်ဖီကို

အသင့်ပြင်ခိုင်းထားပြီး ကပ္ပတိန်ပရစ်ချတ်၏အလာကို ငံ့လင့်စောင့်မျှော်နေသည်။ သို့သော် နေအတော်မြင့်လာသည့်တိုင်အောင် ကပ္ပတိန်ပရစ်ချတ်ကား ပေါ်မလာခဲ့ပေ။ ထို့ကြောင့် မကျေမနပ်ဖြစ်ရာမှ စိတ်ဆိုးဒေါသထွက်နေရှာသည်။ ကပ္ပတိန်ပရစ်ချတ်၏ ရွက်ထည်တဲရှိရာသို့လည်း လည်တဆန့်ဆန့်နှင့် ငေးမျှော်ကြည့်ရင်း ....

"အစ်ကိုဟာ အချိန်ကို မလေးစားဘူး။ မနက်စာကို ညီမနဲ့အတူ လာပြီးသုံးဆောင်ပါ့မယ်လေးဘာလေး ပြောပြီးတော့ အချိန်နဲ့ပေါ်မလာဘူး။ စောင့်ရတဲ့သူမှာဖြင့် လည်ပင်းကို ရှည်နေပြီ၊ နေနှင့်ဦး။ လာတော့မှ စိတ်ရှိလက်ရှိ ထုရိုက်ပစ်လိုက်မယ်" ဟု တတွတ်တွတ် ရေရွတ်နေရှာသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ် ရောဘတ်ကလစ်၏ ရွက်ထည်တဲကြီး အတွင်းမှ ဘုရင်ခံချုပ် ရောဘတ်ကလစ်နှင့် ကာနယ်လောရင့်တို့ ထွက်လာပြီး မိမိရွက်ထည်တဲရှိရာသို့ အတူလျှောက်လာသည်ကို တွေ့ရသည်။ ဘုရင်ခံချုပ် ရောဘတ်ကလစ်၏ မျက်နှာထားမှာ တင်းမာခက်ထန်နေပေရာ၊ မင်းသမီး လေး မူဟာရီလည်း 'ကြီးကျယ်သော ပြဿနာတစ်ရပ်ရပ်တော့ ကြုံနေပေပြီ' ဟု တွေးတောကာ ရင်တဒိတ်ဒိတ် ခုန်နေပေသည်။

မိမိရွက်ထည်တဲသို့ ဘုရင်ခံချုပ် ရောဘတ်လစ်နှင့် ကာနယ်လောရင့် တို့ ရောက်ရှိလာသောအခါ မင်းသမီးလေး မူဟာရီက ....

"အကြောင်းတစ်ခုခု ထူးလာပြီနဲ့ တူတယ်။ ကပ္ပတိန်ပရစ်ချတ်တစ် ယောက်ကော မပါပါလား။ ဘာများ ဖြစ်နေပါသလဲ" ဟု မေးလိုက်ရာ ဘုရင်ခံ ချုပ် ရောဘတ်ကလစ်က ....

"ကပ္ပတိန်ပရစ်ချတ်လား၊ ကပ္ပတိန်ပရစ်ချတ်ဟာ ကျုပ်တို့ကို သစ္စာ ဖောက်ပြီး ဒီမနက်ဝေလီဝေလင်းမှာပဲ တပ်က စွန့်ခွာထွက်ပြေးသွားပြီလေ" ဟု ပြောကြားလိုက်သည်။

ထိုစကားကိုကြားလျှင် မင်းသမီးလေး မူဟာရီလည်း ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို မီးတဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် စေ့စေ့ကြည့် ရင်း ....

"ဒါ လုံးဝမဖြစ်နိုင်ဘူး။ ကပ္ပတိန်ပရစ်ချတ်ဟာ ဦးတို့ထင်နေသလို လူသတ်သမားလည်း မဟုတ်ဘူး။ တပ်ကစွန့်ခွာ ထွက်ပြေးတာလည်း မဟုတ် နိုင်ဘူး၊ ကပ္ပတိန်ပရစ်ချတ်အကြောင်းကို ကျွန်မ သိပါတယ်။ ကပ္ပတိန် ပရစ် ချတ်ကို ကျွန်မ ယုံတယ်" ဟု ပြောလိုက်ရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်က....

"ကျုပ်လည်း မင်းသမီးလေးလိုပဲ ကပ္ပတိန်ပရစ်ချတ်ကို ယုံချင်ပါ တယ်။ ဒါပေမဲ့ တကယ့်ဖြစ်ရပ်အမှန်ကတော့ ကပ္ပတိန်ပရစ်ချတ်ဟာ ဒီနေ့

http://www.cherrythitsar.org



မနက် ဝေလီဝေလင်းမှာ တပ်ကို အမှန်တကယ်ပဲ စွန့်ခွာထွက်ပြေးသွားပါပြီ” ဟု ပြန်ပြောသည်။

ထို့နောက် ဘုရင်ခံချုပ်ရောဘတ်ကလစ်လည်း စိတ်မကောင်းသည့် မျက်နှာဖြင့် ရွှတ်ထည်တဲတွင်းမှ လှည့်ထွက်သွားမည်ပြုရာ မင်းသမီးလေး မူဟာရီက ....

“ဒီမှာ ဦး၊ ကပ္ပတိန်ပရစ်ချတ်ဟာ တပ်က အမှန်တကယ် စွန့်ခွာ ထွက်ပြေးသွားတယ်ဆိုပါတော့၊ ကပ္ပတိန်ပရစ်ချတ်ကို ဘယ်လိုအရေးယူ မလဲ” ဟု မေးလိုက်ရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်က ...

“တပ်ပြေးအနေနဲ့ တွေ့တဲ့အရပ်မှာ သေနတ်နဲ့ပစ်သတ်ဖို့ အမိန့်ထုတ် ရပါလိမ့်မယ်” ဟု ပြောကြားသည်။ ထို့နောက် ကာနယ်လောရင့်နှင့်အတူ မင်းသမီးလေး မူဟာရီ၏ ရွှက်ထည်တဲမှ ထွက်ခွာသွားသည်။

http://www.cherrythitsar.org

[၁၅]

# စစ်ဝရိယာယ်

ကပ္ပတိန်ဘီထရမ်၏နောက်သို့ နောက်ယောင်ခံကာ လိုက်ခဲ့သော ကပ္ပတိန်ပရစ်ချတ်သည် နောက်ဆုံး၌ ကနူးတောင်တန်းကြီး၌ တည်ရှိသော ကာလီမယ်တော်ကြီး ဘုရားကျောင်းသို့ ကပ္ပတိန်ဘီထရမ် တန်းတန်းမတ်မတ် ဝင်ရောက်သွားသည်အဖြစ်ကို တွေ့ရသည်။

ကာလီမယ်တော်ကြီး ဘုရားကျောင်းကား ကပ္ပတိန်ပရစ်ချတ် ညတိုင်းလိုလို လာရောက်ဖူးသော နေရာဖြစ်လေရာ ကပ္ပတိန်ပရစ်ချတ်လည်း မိမိပုန်းအောင်းရမည့်နေရာကို အလွယ်တကူ တွေ့ရှိရလေသည်။ ကပ္ပတိန်ပရစ်ချတ်လည်း မြင်းနက်ကြီးကို မလှမ်းမကမ်းရှိ တောအုပ်လေးတွင် ကြိုးလှန်ထားပြီးနောက် ဘုရားကျောင်းရှိရာသို့ ပုန်းလျှိုးကွယ်လျှိုး လျှောက်လာပြီးလျှင် ဘုရားကျောင်းအဝင်ဝ၌ တည်ရှိသော လှည်းဘီးသဏ္ဍာန် စကြာကြီး (ချက္ကရ) နောက်တွင် အသာပုနေလိုက်သည်။

ထို့နောက် လူသူလေးပါး အရိပ်အခြည်ကို ကြည့်ပြီးနောက်၊ ကပ္ပတိန်ဘီထရမ် ဝင်သွားသည့် တံခါးပေါက်မှ ဘုရားကျောင်းတော်တွင်းသို့ လှစ်ခနဲ ဝင်လာခဲ့သည်။ ထို့နောက် အပြင်ဖက်ကျောင်းတော်ရှိ နတ်ဘုရားရုတ်တုများ နောက်တွင် ခေတ္တပုန်းအောင်းနေပြီးမှ အတွင်းဘုရားဆောင်ရှိရာသို့ တိတ်တဆိတ်ချဉ်းကပ်သွားသည်။

အတွင်း ဘုရားဆောင်တွင်း၌ သိဝနတ်ဘုရားနှင့် ကြင်ရာတော် ပရာဗာတီနတ်ဒေဝီတို့၏ ရုပ်တုများ၊ ကာလီမယ်တော်ကြီး၏ ရုပ်တုများတို့ရှိလေရာ၊ ကပ္ပတိန်ပရစ်ချတ်လည်း ထိုရုပ်တုများနောက်တွင် ပုန်းအောင်းရင်း အသံဗလံများကို နားစွင့်နေသည်။ ထိုအခါ မသဲမကွဲ ပြောနေသော စကားသံများကို

http://www.cherrythitsar.org



ကြားရလေရာ၊ ကပ္ပတိန်ပရစ်ချတ်လည်း နတ်ဘုရား ရုတ်တုတစ်ဆူမှ အခြား နတ်ဘုရား ရုတ်တုတစ်ဆူ နောက်သို့ ဖျတ်ခနဲ ဖျတ်ခနဲ ကူးသွားရင်း အသံလာ ရာဆီသို့ ရွေ့လျားလာခဲ့သည်။ နောက်ဆုံး၌ မသဲမကွဲ ပြောနေသော စကားသံ များကို သဲသဲကွဲကွဲ ကြားရတော့သည်။

ကပ္ပတိန်ပရစ်ချတ်လည်း စိတ်ဝင်စားစွာဖြင့် နားစွင့်ထောင်နေရာ ကာလီဒေဝီခေါ် မိန်းမလှစရိတာ၏ အသံကို ပထမဆုံးကြားရသည်။ မိန်းမလှ စရိတာက ....

"ဘုရင်ခံချုပ် ရောဘတ်ကလစ်က ကျွန်မတို့ကို လာတိုက်ရင်လည်း ကျွန်မတို့ ဘာများ စိုးရိမ်ကြောင့်ကြနေစရာလိုသလဲ။ ဒီသတင်းကို ချန္ဒရာပူရီ ဘုရင် ရှီရင်ဂါ–လားကို အကြောင်းကြားလိုက်ရုံပဲ ရှိတာပေါ့။ ဒီတော့ အသင့်ရှိ နေတဲ့ စစ်တပ်ကြီးနဲ့ အင်္ဂလိပ်စစ်တပ်ကို မှုန့်မှုန့်ညက်ညက် ကျေသွားအောင် ချေမှုန်းလိုက်တာပေါ့"ဟု စိတ်အားထက်သန်သောအသံဖြင့် ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ဘီထရမ်က .....

"ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို ဒီလို အလွယ်တကူ ချေမှုန်းနိုင် မယ်လို့ မမျှော်လင့်ပါနဲ့ခင်ဗျာ။ ဘုရင်ခံချုပ် ရောဘတ်ကလစ်မှာ တိုက်ရည်ခိုက် ရည်နဲ့ ပြည့်စုံတဲ့ စစ်ဗိုလ်ကောင်း၊ စစ်သားကောင်းတွေ အများကြီး ပါလာပါ တယ်။ ပြီးတော့ ကပ္ပတိန်ပရစ်ချတ်လည်း ပါလာပါတယ်။ မဒရပ် မြင်းလျင် တပ်ကို ကပ္ပတိန်ပရစ်ချတ် ဦးဆောင်ပြီးတိုက်တာကို မြင်ဖူးပါသလား။ မြင်ဖူး ရင် ဘယ်လောက်ကြောက်စရာ ကောင်းတယ်ဆိုတာကို သိရပါလိမ့်မယ်" ဟု စိုးရိမ်ကြောင့်ကြသံကြီးဖြင့် ပြန်ပြောသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ဟုတ်တယ်။ တကယ့်ကို ကြောက်စရာကောင်းတယ်။ အာကော့မြို့ တိုက်ပွဲနဲ့ ပစ္စန္တမြို့တိုက်ပွဲတွေမှာ ကျုပ် မျက်ဝါးထင်ထင် မြင်တွေ့ဖူးတယ်" ဟု တုန်လှုပ်သံကြီးဖြင့် ထောက်ခံသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း လူကိုပါမြင်တွေ့ရလေ အောင် နေရာရွှေ့လိုက်သည်။ ထိုအခါ မိန်းမလှစရိတာက ပခုံးကို ဟန်ပါပါဖြင့် တွန့်လိုက်ရင်း ....

"ဟောဒီ တောင်ကုန်းဒေသမှာတော့ မြင်းလျင်တပ်ဟာ ဘာမှ အရေး မပါ အရာမဝင်ပါဘူး။ ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားရဲ့ စစ်တပ်ကြီးက တောင် စောင်းမှာ နေရာယူထားပြီး အင်္ဂလိပ်စစ်တပ်ကြီး တက်လာတာနဲ့ တောင် အောက်ကို တဟုန်ထိုးဆင်းပြီး တိုက်မှာပါ။ အဲဒီအခါမှာ ဆင်တပ်ကြီးလည်း အကူအညီ ပေးပါလိမ့်မယ်။ ဒီလိုတိုက်ခိုက်တာကို အင်္ဂလိပ်တပ်က ခံနိုင်ပါ့

မလား။ မကြာခင် အရှုံးပေးပြီး ထွက်ပြေးရမှာပါ” ဟု ပြောကြားသည်ကို မြင်ရ၊ ကြားရသည်။

ထို့နောက် မိန်းမလှစရိတာသည် တိုက်ပွဲအစီအစဉ်အရပ်ရပ်ကို နားထောင်ရသူတို့၏ စိတ်မျက်စိ၊ စိတ်နား၌ မြင်ယောင်ယောင်၊ ကြားယောင် ယောင်ဖြစ်လာအောင် အသေးစိတ် ချမှတ်ပြောကြားတော့သည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း ကျဉ်းမြောင်းမတ်စောက်သော တောင်ကြားကို မိမိတို့ဗြိတိသျှစစ်တပ်ကြီးအဖြတ်တွင် ကျောက်တောင်ပေါ်မှ ကျောက်တုံးကျောက်ခဲကြီးများ လိမ့်ကျလာသည့်အတွက် ဟစ်အော်ညည်းတွားနေကြရသည့် အဖြစ်ကိုလည်းကောင်း၊ သေနတ်ကျည်ဆံကဲ့သို့ လျင်မြန်သော မြားတံတို့ မိုးရွာသကဲ့သို့ ရွာနေသည့်အဖြစ်ကိုလည်းကောင်း၊ ထိုအခိုက်တွင် ဆင်တပ်ကြီးက ကစဉ့်ကလျား ဖြစ်နေသော မိမိတို့ဗြိတိသျှတပ်ကြီးကို လိုက်နင်းနေသည့်အဖြစ်ကို လည်းကောင်း မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်လာသည်။

ထို့ပြင် မိမိတို့ဗြိတိသျှစစ်တပ်ကြီးကို ဦးဆောင်လာကြသော ဘုရင်ခံချုပ် ရောဘတ်ကလစ်၊ ကာနယ်လောရင့်နှင့် ကပ္ပတိန်ဝှါရေးတို့ကိုရွေးပြီး သေနတ်နှင့်ပစ်သတ်သည့် အဖြစ်ကိုလည်းကောင်း၊ ခေါင်းဆောင်ကောင်းများ ကျဆုံးသွားသည့်အတွက် စိတ်ဓာတ်ကျပြီး ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးကြသော မိမိတို့ဗြိတိသျှတပ်မှ လူအပေါင်းတို့ကို တောကြားတောင်ကြား၌ လိုက်လံသတ်ဖြတ်နေကြသည့် အဖြစ်ကိုလည်းကောင်း မြင်ယောင်ယောင်၊ ကြားယောင်ယောင် ဖြစ်လာသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း ချောင်းမြောင်းနားထောင်နေရာမှ အလိုလို ဇောချွေးပြန်လာပြီး နဖူး၌ ချွေးဥလေးများ ပင် စီလာတော့သည်။

ထိုအခိုက်တွင် မိန်းမလှစရိတာက ဟက်ဟက်ပက်ပက် ရယ်မောရင်း

“ကိုင်း ... ဒီလိုအခြေအနေဆိုးကို ကြုံတွေ့ရတဲ့အခါမှာ ကပ္ပတိန်ပရစ်ချတ်ကော ဘာများတတ်နိုင်ပါ့မလဲ။ မဒရပ်မြင်းလျင်တပ်ကို ဦးဆောင်ပြီး တိုက်နိုင်ပါ့ဦးမလား။ ဆင်တပ်အနင်းခံရလို့ စိစိညက်ညက် မကျေဘဲ ခံနိုင်ပါ့မလား” ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ဘီထရမ်က ....

“ခင်ဗျားရဲ့ အပြောကတော့ ချောနေတာပဲ၊ တကယ်လက်တွေ့မှာ ဒီအတိုင်းဖြစ်လာလိမ့်မယ်လို့ ထင်သလား။ ကပ္ပတိန်ပရစ်ချတ် တိုက်တာခိုက်တာကိုကော ခင်ဗျားမြင်ဖူးသလား။ ကပ္ပတိန်ပရစ်ချတ်သာ ဦးဆောင်ပြီး တိုက်မယ်ဆိုရင် မဒရပ်မြင်းလျင်တပ်က တပ်သားတွေသာ ငရဲပြည်အထိ လိုက်တိုက်ဝံ့ကြတယ်။ ကပ္ပတိန်ပရစ်ချတ်ကို ယုံလည်း ယုံကြည်တယ်။ အားလည်း

http://www.cherrythitsar.org



ကိုးကြတယ်။ မြားမိုးပဲရွာရွာ၊ လှံမိုးပဲရွာရွာ သူတို့နောက်တွန့်ကြမှာ မဟုတ်ဘူး" ဟု ပြောကြားလိုက်ရာ၊ မိန်းမလှစရိတက ....

"ဒါပေမဲ့ သူတို့တစ်တွေဟာ ဆင်တပ်ကိုတော့ ရင်မဆိုင်ဝံ့ပါဘူး။ ဆင်စွယ်ဖျားမှာ အားလုံး ကားခနဲ အသက်ပျောက်သွားကြမှာပါ။ ဆင်နင်းခံရပြီး အားလုံးစိစိညက်ညက် ကျေသွားကုန်ကြမှာပါ" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကာနယ်ဒါကုတ်လည်း ကပ္ပတိန်ဘီထရမ်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ....

"ဒါထက် နေပါဦး ကပ္ပတိန်။ အခုတိုက်ရ ခိုက်ရတော့မယ့် စစ်ပွဲမှာ ခင်ဗျား ဘယ်နေရာက ပါဝင်မှာလဲ။ ဘာကိုများ ဆောင်ရွက်ကူညီမှာလဲ" ဟု မေးလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်က ....

"ကျွန်တော်ဆောင်ရွက်မယ့် တာဝန်လား။ ကျွန်တော် ကတိပေးထားတဲ့အတိုင်းပေါ့ ကာနယ်၊ ဗြိတိသျှစစ်တပ်ကြီးကို ထောင်ချောက်ဆင်ထားတဲ့ နေရာရောက်အောင် ဦးဆောင်ခေါ်လာခဲ့မယ်။ ထောင်ချောက်အနားကို အရောက်မှာ တစ်ခုခုမေ့ကျန်ခဲ့သလိုလိုနဲ့ နောက်ကြောင်းပြန်လှည့်ပြီး လစ်ထွက်လာခဲ့မယ်။ ဒါပဲပေါ့ မဟုတ်လား" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က စိတ်ပျက်ငြီးငွေ့သော အမူအရာဖြင့်....

"ကျုပ်အနေနဲ့ ဒီကိစ္စကြီးတစ်ရပ်လုံး ပြီးငြိမ်းသွားစေချင်ပါပြီ။ ဒီကိစ္စကြီးအတွက် လုံးပမ်းရတာလည်း အတော်ကြာနေလေတော့ စိတ်တောင်ပျက်လာပါပြီ" ဟု ပြောလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်လည်း ကာနယ်ဒါကုတ်ကို အလန့်တကြား မော့ကြည့်ရင်း ....

"မဒရပ်မြို့တော်မှာခင်ဗျားနဲ့ကျွန်တော်တို့ ကတိစကားထားခဲ့တာကိုတော့ အမှတ်ရပါတယ်နော်။ အင်္ဂလိပ်တွေကို အိန္ဒိယပြည်ပေါ်က မောင်းထုတ်ပြီးတဲ့အခါမှာ ကျွန်တော့်ကို ဘုရင်ခံချုပ်ရာထူးတစ်နေရာ ပေးမယ်လို့ ခင်ဗျား ကတိပေးခဲ့ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က "ဟုတ်ပါတယ်။ ကျုပ်ရဲ့ကတိစကားကို ကျုပ်မမေ့ပါဘူး။ ခင်ဗျားက ကျုပ်ကို လူလိမ်လူညာတစ်ယောက်လို့များ ထင်နေပါသလား" ဟု မေးလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်က ချက်ချင်းပင် ....

"မထင်ပါဘူးဗျာ" ဟု ပြောလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်က ဆက်၍ ....

"ကပ္ပတိန်၊ ခင်ဗျားပေးခဲ့တဲ့ကတိအတိုင်း ခင်ဗျား ကျေပွန်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ခင်ဗျားဆီက သတင်းစကားတွေကြောင့် အင်္ဂလိပ်စစ်တပ်ရဲ့ လှုပ်ရှားမှုတွေ အားလုံးကို ကျုပ်တို့ ကြိုတင်ပြီးသိထားရပါတယ်။

ဒါကြောင့်လည်း ချန္ဒရာပူရီနဲ့ ပွန်ဒီချာရီတို့မှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားနိုင်ခဲ့ပါတယ်။ ဒီအတွက် ခင်ဗျားကို ကျေးဇူးအထူးတင်ပါတယ်။ အချိန်အခါရောက်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားကို ကျုပ်တို့ ကျေးဇူးဆပ်ပါ့မယ်” ဟု ပြောကြားသည်။

ထိုအခိုက်တွင် နတ်ဘုရားရုပ်တုကြီးများနောက်တွင် ပုန်းရင်းချောင်းမြောင်းနားထောင်နေသော ကပ္ပတိန်ပရစ်ချတ်သည် ဒေါသအမျက်ချောင်းချောင်းထွက်နေပြီး အံတကြိတ်ကြိတ် ဖြစ်နေသည်။ ‘မိမိ၏သွေးသောက်ရောင်းရင်းဟု မှတ်ထင်ထားသော ကပ္ပတိန်ဘီထရမ်ကား သစ္စာဖောက်လောက်ကောင်ပါတကား။ ယေရှုသခင်ကို သစ္စာဖောက်ပြီး ရန်သူလက်သို့ ဝကွက်ပြီးအပ်ခဲ့သော ငမိုက်သား ဂျူဒါကဲ့သို့သော လူယုတ်မာ တစ်ယောက်ပါတကား။ မိမိနှင့် ရင်းရင်းနှီးနှီး ဆက်ဆံစားသောက်ပြီး မိမိကိုကိုးစားယုံကြည်နေကြသော လူ အပေါင်းတို့ကို သစ္စာဖောက်အကောက်ကြံကာ သေတွင်းသို့ပို့မည့် လူသတ်သမားပါတကား” ဟု တွေးတောကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ထားမိသည်။

ထိုအခိုက်တွင်ပင် ကပ္ပတိန်ပရစ်ချတ်လည်း ‘မိမိကြား သိရသော သတင်းစကားများကို ဘုရင်ခံချုပ် ရောဘတ်ကလစ်အား အချိန်မီ ပြောကြားရန် လိုအပ်နေကြောင်း’ ကို သတိပြုဆင်ခြင်မိပြီး မိမိတို့တပ်စခန်းသို့ အမြန်ဆုံးပြန်ရန်ဆုံးဖြတ်လိုက်သည်။

ထိုအခိုက်တွင် မိန်းမလှ စရိတက စိတ်လှုပ်ရှားနေသော အသံကြီးဖြင့် ....

“ဒီလို အင်္ဂလိပ်တပ်တွေကို တစ်ယောက်မကျန် ချေမှုန်းသုတ်သင်နေခိုက်မှာပဲ ကျွန်မရဲ့ သာဂ်ဂိုဏ်းသားတွေက ချန္ဒရာပူရီဘုရင်ရဲ့ ရွှေနန်းတော်ကိုတိုက်ခိုက်ကြလိမ့်မယ်။ ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားနဲ့ ဝန်ကြီးချုပ် ရာမ်ကုမာရီတို့ကို သုတ်သင်သတ်ဖြတ်ကြလိမ့်မယ်။ အရေးပါတဲ့ နန်းတွင်း အရာရှိကြီးတွေကိုလည်း ရှင်းလင်းပစ်ကြရလိမ့်မယ်။ ပြီးတော့ ချန္ဒရာပူရီထီးနန်းကို ကျွန်မသိမ်းမြန်းအုပ်စိုးမယ်။ ချန္ဒရာပူရီပြည်ရဲ့ ဇကရီဘုရင်မကြီးအဖြစ် ရွှေထီးရွှေနန်းကို စိုးစံမယ်။ ကျွန်မရဲ့စကားဟာ တရားဥပဒေ ဖြစ်ရမယ်။ ကျွန်မကို လူအားလုံးတို့ ဦးညွှတ်ရိုကျိုး ရှိခိုးကန်တော့ရမယ်” ဟု စိတ်အားထက်သန်စွာ ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

“ခင်ဗျားရဲ့ သာဂ်ဂိုဏ်းသားတွေကိုသာ တာဝန်ကို ကျေပွန်အောင် ပထမဦးဆုံးဆောင်ရွက်ခိုင်းပါဦး” ဟု ပြောလိုက်ရာ မိန်းမလှစရိတက ....

"ဒီအတွက် စိတ်ချပြီးသာနေပါ။ သာဂ်ဂိုဏ်းသားတွေဟာ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်တတ်ပါတယ်။ ချန္ဒရာပူရီဘုရင် ရီရင်ဂါ–လားဟာ ကျွန်မအပေါ်မလိုလားတဲ့ အမူအရာတွေ ပြပြနေတာ ကြာလှပါပြီ။ ရွှေနန်းတော်ကို ကျွန်မသွားတာတောင် တွေ့ခွင့်မပေးဘဲ ထားတယ်။ တတ်နိုင်ရင် ကျွန်မကို ကျားရှိတဲ့ လှောင်အိမ်ထဲထည့်ပြီး အဆုံးစီရင်ချင်နေတယ်ဆိုတာကို ကျွန်မ သေသေချာချာ သိပါတယ်။ ဒီတော့ ချန္ဒရာပူရီဘုရင် ရီရင်ဂါ–လားကို ဒီအတိုင်း ကြည့်နေလို့ မဖြစ်တော့ဘူး။ လုပ်ကြံဖယ်ရှားပစ်မှ ဖြစ်မယ်" ဟု ပြောကြားသည်။

ထိုအခိုက်တွင် ကပ္ပတိန်ဘီထရမ်သည် ကိုယ်ကို ဆတ်ခနဲ မတ်လိုက်ပြီး စားရိုးပေါ်သို့ လက်တင်ကာ .... "ကောင်းပါတယ်" ဟု ပြောကြားကာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် ....

"ကျွန်တော်တို့ သဘောတူချက်က ဒါပဲပေါ့။ မနက်ဖြန် နေ့ခင်းမှာ ဗြိတိသျှစစ်တပ်ကြီးကို တတိယတောင်ကြားကွေ့ကို ရောက်လာအောင် ကျွန်တော် သွေးဆောင်ခေါ်ခဲ့မယ်။ အဲဒီအချိန်မှာပဲ ခင်ဗျားရဲ့ သာဂ်ဂိုဏ်းသားတွေက ချန္ဒရာပူရီ ဘုရင်ရီဂါရင်–လားရဲ့ နန်းတော်ကို တိုက်ခိုက်လုပ်ကြံပေတော့" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ချန္ဒရာပူရီဘုရင် ရီရင်ဂါ–လား နတ်ရွာစံ ကံတော်ကုန်ပြီဆိုတဲ့ သတင်းစကားကြားကြားချင်း ပြင်သစ်အလံတော်ကို တိုင်ထိပ်ကို လွှင့်ထူပြီး အချက်ပြလိုက်မယ်။ ပြင်သစ်တွေဟာ စရိတကို ထောက်ခံတယ်။ စရိတ နန်းတက်တာကို လိုလားတယ်ဆိုတာကို အထင်အရှား သိစေမယ်" ဟု ပြောကြားလိုက်သည်။

နတ်ဘုရားရုပ်တုကြီးများ နောက်တွင် ပုန်းရင်း ချောင်းမြောင်းနားထောင်နေသော ကပ္ပတိန်ပရစ်ချတ်လည်း မိမိကြားသိလိုသော သတင်းစကားများအားလုံးကို ကြားသိပြီးဖြစ်ရကား ဆက်လက်နားထောင်ခြင်းဖြင့် အချိန်ဖြုန်း မနေတော့ဘဲ နောက်သို့ ခြေသံမကြားအောင် တဖြည်းဖြည်း ဆုတ်ခွာလာခဲ့သည်။

အတွင်းကျောင်းဆောင်မှ အပြင် ကျောင်းဆောင်သို့ အရောက်တွင် ကပ္ပတိန်ပရစ်ချတ်သည် ခေတ္တရပ်နားပြီး လူသူလေးပါး အရိပ်အခြေကို ကြည့်လိုက်သေးသည်။ လူရိပ်လူယောင်မမြင်သောအခါမှ အပြင်ကျောင်းဆောင်သို့ ထွက်လာကာ ကျောင်းတံခါးမကြီးမှ အပြင်ဖက်သို့ တဟုန်ထိုး ပြေးသွားတော့သည်။ ထို့နောက် မလှမ်းမကမ်းရှိ တောအုပ်လေးသို့ ဆက်ပြေးသွားသည်။

http://www.cherrythitsar.org



တောအုပ်လေးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကြိုးလှန်ထားသော မြင်းနက်ကြီးပေါ်သို့ လွှားခနဲခုန်တက်ကာ မိမိတို့ ဗြိတိသျှတပ်များစခန်းချရာသို့ ဒုန်းစိုင်းစီးလာခဲ့သည်။

ယခုအခါ၌ အချိန်သည် အရေးကြီးနေပြီ။ ကပ္ပတိန် ဘီထရမ် ပြန်မရောက်ခင် တပ်စခန်းသို့ ပြန်ရောက်ပြီး ဘုရင်ခံချုပ်ရောဘတ်ကလစ်အား အကျိုးအကြောင်းကို ကြိုတင်ပြောကြား အသိပေးရမည်။ ကြိုတင်ပြင်ဆင်မှုကို ပြုရမည်။ ဤသို့ တွေးတောကာ ကပ္ပတိန်ပရစ်ချတ်လည်း ဖြတ်လမ်းကို ရွေးပြီး မြင်းကို ဒုန်းစိုင်းလာခဲ့သည်။

ဤသို့ဖြင့် မရပ်မနား ခရီးဆက်လာခဲ့ရာ နေမွန်းတိမ်းချိန်သို့ အရောက်တွင် မနက်စာ လုံးဝမစားခဲ့သော ကပ္ပတိန်ပရစ်ချတ်လည်း ဆာလောင်မွတ်သိပ်ကာ အူတကြုပ်ကြုတ် ဖြစ်လာတော့သည်။ ထို့ကြောင့် တောတန်း၌ပေါက်သော တောသစ်သီးတို့ကို ခူးစားရသည်။ ထို့နောက် လမ်း၌တွေ့ရသော ချောင်းလေးတွင် ရေကိုတဝကြီးသောက်ပြီး မြင်းနက်ကြီးကိုလည်း ရေတိုက်သည်။

ထို့နောက် ဆက်လက်ပြီး ဒုန်းစိုင်းလာခဲ့ရာ ည မှောင်ရည်သန်းချိန်တွင် တပ်စခန်းအနီးသို့ ရောက်လာသည်။ တပ်စခန်း၌ ဖိုထားသော မီးရောင်တို့ကို မြင်ရသောအခါ ကပ္ပတိန်ပရစ်ချတ်လည်း တအားတက်လာပြီး မြင်းနက်ကြီးအား ....

"ဖေ့သားကြီးရေ၊ ကြိုးစားလိုက်စမ်း။ တပ်စခန်းကို ရောက်တော့မယ်" ဟု ပြောလိုက်ရာ မြင်းနက်ကြီးလည်း လူစကား နားလည်သည့်အလား ရှေးကထက် တိုးပြီး ဒုန်းစိုင်းပြေးလာတော့သည်။

တပ်စခန်းသို့ ရောက်ခါနီးတွင် တပ်စခန်းရှိရာမှ မြင်းကို ဒုန်းစိုင်းစီးပြီး မိမိရှိရာသို့ တဟုန်ထိုးလာနေသော လူတစ်ယောက်ကို တွေ့ရသည်။ ထိုလူ၏ အလျင်စလို နိုင်လှမှုကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း အလန့်တကြားဖြစ်သွားကာ ခါးကြားမှ ပစ္စတိုကို ဆတ်ခနဲ ဆွဲထုတ်ပြီး ထိုသူကို ချိန်ထားလိုက်သည်။

ထိုအခိုက်တွင် ထိုသူလည်း အပါးသို့ရောက်လာပြီး နှုတ်မှလည်း

"အစ်ကိုရေ၊ အစ်ကို" ဟု တတွတ်တွတ် အော်ခေါ်လိုက်သံကို ကြားရသည်။ ထိုအခါမှ ကပ္ပတိန်ပရစ်ချတ်လည်း ထိုသူမှာ မင်းသမီးလေး မူဟာရီဖြစ်ကြောင်း သိရှိသွားကာ လက်ထဲက ပစ္စတိုကို ပြန်သိမ်းလိုက်သည်။

ထိုအခိုက်တွင် မင်းသမီးလေးမူဟာရီနှင့် ကပ္ပတိန်ပရစ်ချတ်တို့လည်း မြင်းချင်းယှဉ်မိကြတော့သည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရေ ဘာများ အကြောင်းထူးလို့လဲ" ဟု မေးလိုက်ရာ မင်းသမီးလေးမူဟာရီက စိုးရိမ်မကင်းသော အမူအရာဖြင့် ....

"အစ်ကိုရေ၊ ဘုရင်ခံချုပ်ရောဘတ်ကလစ်က အစ်ကို့ကို တပ်က စွန့်ခွာ ထွက်ပြေးသွားတယ်လို့ ထင်နေတယ်။ ဒါကြောင့် အစ်ကို့ကို တွေ့ရာ နေရာမှာ သေနတ်နဲ့ပစ်သတ်ဖို့ အမိန့်ထုတ်ထားတယ်။ ဒီတော့ တပ်စခန်းကို ပြန်မသွားနဲ့တော့ အစ်ကိုရေ၊ တပ်စခန်းကို ပြန်သွားတာနဲ့ တစ်ပြိုင်နက် အစ်ကို အသတ်ခံရမှာပဲ" ဟု ပြောကြားလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"သေနတ်နဲ့ ပစ်သတ်သင့်တာက အစ်ကို မဟုတ်ဘူး ညီမရေ၊ ကပ္ပတိန်ဘီထရမ်ပါ" ဟု ပြောကြားရေရွတ်လိုက်ပြီးမှ မိမိကြားရသိရသော သတင်းစကားများအားလုံးကို အသေးစိတ် ပြောကြားလိုက်သည်။ ထို့နောက်

"အစ်ကို ဒီကိုပြန်လာတာက အစ်ကိုကြားလာခဲ့ရတဲ့ သတင်းစကားတွေကို အချိန်မီပြောကြားဖို့ပါပဲ ညီမရယ်" ဟု ပြောလိုက်ရာ မင်းသမီးလေးမူဟာရီက ....

"အင်း ... ဒီလိုဆိုရင် ဘုရင်ခံချုပ်ရောဘတ်ကလစ်နဲ့ ကာနယ်လောရင့်တို့ ထင်တာတွေ မှားကုန်ပြီပေါ့၊ အစ်ကို ထွက်ပြေးသွားတာကို မြင်လို့ ကပ္ပတိန်ဘီထရမ်က နောက်က လိုက်တာလို့ သူတို့ ထင်နေတယ်လေ" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က အသာရယ်မောလိုက်ရင်း ....

"အင်း ... မကြာခင် ကပ္ပတိန်ဘီထရမ်လည်း ပြန်ရောက်လာပါလိမ့်မယ်။ ဘာကြောင့် ဒီလိုထွက်သွားရတယ်ဆိုတာကို ကပ္ပတိန်ဘီထရမ်က ဘယ်လိုများ အကြောင်းပြမလဲ မသိဘူး" ဟု ပြောကြားလိုက်ရာ မင်းသမီးလေးမူဟာရီက ကပ္ပတိန်ပရစ်ချတ်ကို စိုက်ကြည့်ရင်း ....

"အစ်ကိုရယ် ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားမနေပါနဲ့၊ အခု အစ်ကို ဘာလုပ်မလဲ။ ညီမရဲ့ဘာရီမဟာလီတပ်ကို ပြန်ခေါ်ပြီး ညီမတို့ရဲ့ ရာဇဌာနီကို အတူသွားကြမလား။ အစ်ကို့ကို လက်ရဖမ်းချင်လို့ ညီမတို့ ရာဇဌာနီကို အရောက် သူတို့လိုက်တယ်ဆိုရင်တော့ သူတို့ကို ညီမတို့ အလွယ်တကူ ချေမှုန်းနိုင်ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမက အစ်ကိုအတွက် ဒီလောက်အထိပဲ စွန့်စားမှာလားကွယ်" ဟု မေးလိုက်ရာ မင်းသမီးလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်ကို ဖက်ပြီး အငမ်းမရ နမ်းလိုက်ပြီးမှ ....

http://www.cherrythitsar.org



"စွန့်စားမှာပေါ့ အစ်ကို၊ အစ်ကိုသာ ညီမနဲ့တစ်ပါတည်း လိုက်ခဲ့ပါတော့။ ညီမရဲ့တပ်သားတွေကို အသင့်ပြင်ခိုင်းထားပါတယ်။ ညီမအမိန့်ပေးတာကို အသင့်စောင့်နေကြပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မင်းသမီးလေး မူဟာရီကို တုံ့ပြန်နမ်းလိုက်ပြီးမှ ....

"ဒီလို စိတ်လိုက်မာန်ပါ လုပ်လို့ မတော်သေးပါဘူးကွယ်။ ညီမရဲ့တပ်နဲ့အတူ ညီမရဲ့ ရာဇဝ္ဒနီကို အစ်ကို လိုက်ပြန်သွားရင် ကျန်ရစ်နေတဲ့အစ်ကိုတို့ ဗြိတိသျှတပ်ကြီးဟာ ရန်သူရဲ့ထောင်ချောက်ထဲကိုကျဆင်းပြီး မရှုမလှပျက်စီးသေဆုံးသွားတာကို အစ်ကိုလက်ပိုက်ပြီး ကြည့်မနေနိုင်ဘူးကွယ်" ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးမူဟာရီလည်း အသာသက်ပြင်းချလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က ....

"ကိုင်း ... ညီမရေ၊ အစ်ကိုပြောတာကို သေသေချာချာ နားထောင်နော်။ အခု လောလောဆယ် အခြေအနေအရ တပ်စခန်းကို အစ်ကို ပြန်လို့မဖြစ်သေးဘူး။ ဒီတော့ ညီမတစ်ယောက်တည်းပဲ တပ်စခန်းကို ပြန်သွားပါ။ ပြီးတော့ ညီမကို အစ်ကိုပြောခဲ့တဲ့ သတင်းစကားအားလုံးကို ဘုရင်ခံချုပ်ရောဘတ်ကလစ်ကို ပြောလိုက်ပါ။ ပြီးတော့ ချန္ဒရာပူရီတပ်ကြီး ချီတက်လာတာကို အထင်အရှားသိရအောင် အစ်ကို တစ်နည်းနည်းနဲ့ အချက်ပေးမယ့်အကြောင်းနဲ့ ကပ္ပတိန်ဘီထရမ်ဟာ သစ္စာဖောက်တစ်ယောက်ဖြစ်တဲ့အကြောင်းကိုလည်း ပြောပြပါ" ဟု မှာကြားသည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ....

"ကောင်းပါပြီ အစ်ကိုရယ်။ အစ်ကို စေခိုင်းတဲ့အတိုင်း တပ်ကို ပြန်ပါ့မယ်။ ဒါပေမဲ့ အစ်ကိုရေ ညီမအနေနဲ့ကတော့ အစ်ကိုအပါးမှာပဲ နေချင်တယ်။ တစ်ဖဝါးမှတောင် မခွာချင်ဘူး" ဟုပြောကြားရာ ကပ္ပတိန်ပရစ်ချတ်က –

"ညီမရေ ဘုရင်ခံချုပ် ရောဘတ်ကလစ် အပါးမှာနေပြီး ဘုရင်ခံချုပ်ရောဘတ်ကလစ်ကို ကူပြီး တိုက်ပေးပါကွယ်။ ဘုရင်ခံချုပ် ရောဘတ်ကလစ်ကလည်း ညီမကို အစစအရာရာ စောင့်ရှောက်ပါလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်ကို ချစ်ရည်ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း ....

"မောင်တော်ဘုရားရဲ့ အမိန့်တော်မြတ် အတိုင်းပါ မောင်တော်" ဟု ရယ်ရယ်မောမော ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မင်းသမီးလေး မူဟာရီကို လက်ပြ နှုတ်ဆက်ရင်း မြင်းနက်ကြီးကို ဒုန်းစိုင်းပြီး ထွက်ခွာသွားတော့သည်။

မင်းသမီးလေး မူဟာရီလည်း အမှောင်ထုတွင်း၌ ပျောက်ကွယ်သွားသော မိမိ၏ချစ်သူကို ငေးကြည့်ရင်း စီးကျလာသော မျက်ရည်စတို့ကို အသာသိမ်းလိုက်သည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ်၏ ရွက်ထည်တဲကြီးတွင်းသို့ မင်းသမီးလေး မူဟာရီဝင်ရောက်ချိန်၌ တဲတွင်း၌ ကပ္ပတိန်ဘီထရမ် ရောက်ရှိနေပြီ။ ကပ္ပတိန်ဘီထရမ်နှင့်အတူ ဘုရင်ခံချုပ် ရောဘတ်ကလစ်၊ ကာနယ်လောရင့်နှင့် ကပ္ပတိန်ရှုဖတ်ပါရေးတို့လည်း တဲတွင်း၌ရှိနေပြီး မင်းသမီးလေးမူဟာရီ ဝင်လာသောခဏ၌ အချင်းချင်း စကားပြောနေကြရာမှ ခေတ္တရပ်လိုက်ကြသည်။

မင်းသမီးလေး မူဟာရီလည်း ဘုရင်ခံချုပ် ရောဘတ်ကလစ်၏ ရှေ့တည့်တည့်သို့ လျှောက်သွားပြီးနောက် ကပ္ပတိန်ဘီထရမ်ဖက်သို့ ကိုယ်ကို ဖျတ်ခနဲ လှည့်ကာ မျက်နှာကို လက်ညှိုးဖြင့် ငေါက်ငေါက်ထိုးရင်း ....

"ကပ္ပတိန်ပရစ်ချတ်က ပြောတယ်။ ဟောဒီလူဟာ သစ္စာဖောက်တစ်ယောက်တဲ့၊ ဟောဒီ လူရဲ့ နောက်ကို သူနောက်ယောင်ခံပြီး လိုက်သွားတာ၊ ဟောဒီ လူဟာ ကနူးတောင်တန်းက ကာလီမယ်တော်ကြီး ဘုရားကျောင်းကို ဝင်သွားတာ တွေ့ရတယ်။ ပြီးတော့ ကာလီဒေဝီနဲ့ ပြင်သစ်အရာရှိ ကာနယ် ဒါကုတ်တို့နဲ့ သွားပြီးတွေ့ဆုံဆွေးနွေးတာကိုလည်း ကြားရတယ်လို့ ပြောပါတယ်" ဟု ရဲရဲကြီး ပြောချလိုက်သည်။

ထိုစကားကို ကြားလျှင် ကပ္ပတိန်ဘီထရမ်၏ မျက်နှာသည် သွေးမရှိတော့သည့် အလားဖြူဖျော့သွားသည်။ ဘုရင်ခံချုပ် ရောဘတ်ကလစ်နှင့် ကာနယ်လောရင့်တို့၏ မျက်နှာကိုလည်း ကြောက်လန့်တကြား ကြည့်လိုက်ရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်နှင့် ကာနယ်လောရင့်တို့လည်း မင်းသမီးလေး မူဟာရီ၏ စကားကို လုံးဝ မယုံကြည်သည့် အသွင်ဖြင့် ငေးကြည့်နေသည်ကို တွေ့မြင်သတိပြုမိသည်။ ထိုအခါမှ ကပ္ပတိန် ဘီထရမ်လည်း တဖြည်းဖြည်း အားပြန်တက်လာမိသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ် ရောဘတ်ကလစ်က ....

"မင်းသမီးလေး၊ မင်းသမီးလေးဟာ ကပ္ပတိန်ပရစ်ချတ် လှည့်ဖျားတိုင်းကို ခံနေရတယ်။ တကယ်တော့ ကပ္ပတိန်ပရစ်ချတ်ဟာ တပ်ကို စွန့်ခွာထွက်ပြေးသွားတဲ့ တပ်ပြေးတစ်ယောက်၊ သစ္စာဖောက်တစ်ယောက်ပါ၊ ကပ္ပတိန်ဘီထရမ်ကို ဒီလိုစွပ်စွဲတာကလည်း ကျုပ်တို့ အချင်းချင်း စိတ်ဝမ်းကွဲသွားအောင် သွေးခွဲတာပါ" ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေးမူဟာရီသည် ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို မျက်လုံးအပြူးသားနှင့် ဒေါသတကြီး စိုက်ကြည့်နေရာမှ ....

"ရှင်တို့သာ လိမ်လည်လှည့်ဖျားတာကို ခံနေရတာပါ။ ရှင်က ကပ္ပတိန်ပရစ်ချတ်ကို လူသတ်သမားလို့ စွပ်စွဲခဲ့တယ်။ဒါပေမယ့် ကပ္ပတိန် ပရစ်ချတ်မှာ အပြစ်ရှိတယ်လို့ ဘယ်ရုံးတော်ကမှ အမိန့်မချမှတ်သေးဘူး၊ ပြီးတော့ တပ်ကို စွန့်ခွာထွက်ပြေးတယ်ဆိုပြီး ကပ္ပတိန်ပရစ်ချတ်ကို သစ္စာဖောက်လို့ စွပ်စွဲပြန်တယ်။ တပ်ကို စွန့်ခွာထွက်ပြေးတဲ့လူက ကပ္ပတိန်ပရစ်ချတ်တစ်ယောက်တစ်ယောက်တည်းလား။ ကပ္ပတိန်ဘီထရမ်လည်း ပါတာပဲမဟုတ်လား၊ ပြီးတော့ တပ်ကို ကပ္ပတိန်ဘီထရမ်ပြန်လာတော့လည်း တကယ်သစ္စာရှိတဲ့ ရောင်းရင်းလို ကြိုဆိုတာပဲ မဟုတ်လား" ဟု ပြောကြားသည်။

ထိုအခါ ဘုရင်ခံချုပ် ရောဘတ်ကလစ်က .....

"ဒီမှာ မင်းသမီး၊ မင်းသမီးလေး သတိမေ့နေတဲ့ အချက်တစ်ခုလည်း ရှိသေးတယ်။ မိန်းမလှလေး ရူမနီရဲ့ အလောင်းဘေးမှာ ကပ္ပတိန်ပရစ်ချတ်ကို ကာနယ်လောရင့်နဲ့ ကပ္ပတိန်ဘီထရမ်တို့ တွေ့ခဲ့တာပါ။ ရူမနီကို ထိုးသတ်တဲ့ ဓားကလည်း ကပ္ပတိန်ပရစ်ချတ်ရဲ့ ဓားပါ။ ဒါကြောင့် ကပ္ပတိန်ပရစ်ချတ်ကို လူသတ်သမားလို့ စွပ်စွဲတာပါ" ဟု ပြောလိုက်ရာ မင်းသမီးလေး မူဟာရီက

"ရူမနီကို ကပ္ပတိန်ပရစ်ချတ် လုံးဝ မသတ်ပါဘူး။ရူမနီဆီက သတင်းစကားကို ကြားသိချင်တာကြောင့် ရူမနီဆီကို သွားတာပါ။ ရူမနီကို သတ်တဲ့ သူကတော့ ရှင်တို့အပေါ်မှာ သစ္စာဖောက်ပြီး ပြင်သစ်တွေကို သတင်းပို့နေတဲ့ သူလျှိုကောင်ပါ။ အဲဒီ သူလျှိုကောင်ဟာလည်း ဟောဒီ ကပ္ပတိန်ဘီထရမ်ပဲ ဖြစ်ပါလိမ့်မယ်" ဟု ပြောကြားသည်။

ထိုအခါ ဘုရင်ခံချုပ်ရောဘတ်ကလစ်က အသာပြုံးရယ်ရင်း .....

"မင်းသမီးလေးရဲ့ ကျိုးကြောင်းဆင်ခြင်ပုံကတော့ တော်ပါပေတယ်ဗျာ။ ဒါဟာလည်း ကပ္ပတိန်ပရစ်ချတ်ရဲ့ ဉာဏ်ပဲနေမှာပါ။ ကပ္ပတိန်ပရစ်ချတ်ဟာ ကပ္ပတိန်ဘီထရမ်အပေါ် ကျုပ်တို့ယုံမှား သင်္ကာမကင်း ဖြစ်ပြီး ဖမ်းချုပ်ထားစေချင်တယ်။ ဒါမှ ကျုပ်တို့ တပ်ကို ဦးဆောင်နိုင်တဲ့ စစ်ဗိုလ်ကောင်းတွေနည်းပြီး တိုက်ပွဲမှာ အရေးမလှ ဖြစ်သွားမယ်လို့ တွေးကြံထားပုံရပါတယ်" ဟုပြောကြားသည်။

ထိုအခါ မင်းသမီးလေး မူဟာရီက .....

"ရှင်တို့ဟာ တကယ်ကမ်းတဲ့ လူတွေပဲ။ အမှန်တရားကို လုံးဝမကြည့် မမြင်တတ်တဲ့ လူတွေပဲ။ ဒီလို လုပ်တဲ့အတွက် ကပ္ပတိန်ပရစ်ချတ်မှာ

ဘာများ အကျိုးကျေးဇူးရှိမှာလဲ”ဟု မေးလိုက်ရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်က.....

“ကပ္ပတိန်ပရစ်ချတ်က ဘုရင်ဖြစ်ချင်မှာပေါ့။ ဘာရီမဟာလီနယ်ကို အစိုးရတဲ့ ဘုရင်ဖြစ်ချင်နေမှာပေါ့”ဟု ဖြေလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက မျက်နှာကို အပေါ်သို့ မော့ကာ

“ကပ္ပတိန်ပရစ်ချတ်က ဘာရီမဟာလီနယ်ကို အစိုးရတဲ့ ဘုရင်ဖြစ်ချင်တယ်တဲ့လား။ ဒီလို ဖြစ်ချင်တယ်ဆိုရင်လည်း ကျွန်မကို ချစ်လို့၊ ကျွန်မရဲ့ ရွှေလက်ကို ဆွဲပြီး နန်းသိမ်းပွဲ ခံချင်လို့ပဲ ဖြစ်မယ်”ဟု ပြောပြီးမှ ....

“ကပ္ပတိန်ပရစ်ချတ်ကို ကျွန်မနဲ့အတူ ဘာရီမဟာလီနယ်ကို လိုက်ပါဖို့ ခေါ်ခဲ့ပါတယ်။ အဲဒီလို ခေါ်တဲ့အခါမှာ ကပ္ပတိန်ပရစ်ချတ်ဟာ လုံးဝလက်မခံဘဲ ငြင်းပယ်ခဲ့ပါတယ်။ ငြင်းပယ်ရုံမကဘူး၊ ကျွန်မရဲ့တပ်တွေ ရှင်တို့နဲ့အတူနေပြီး ရှင်တို့နဲ့အတူ ချန္ဒရာပူရီတပ်တွေကို ကူတိုက်ပေးပါလို့ တဖွဖွ မှာခဲ့တယ်။ ဒါဟာ သစ္စာဖောက်တစ်ယောက်ရဲ့ အပြုအမူလား။ ထိုသူကို မြတ်နိုးချစ်ကြင်ပြီး သူ့ကို ထီးနန်းတင်ဖို့ အသင့်ဖြစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ အသက်ကိုတောင် သူ့တိုင်းပြည်အတွက် စွန့်လွှတ်ခိုင်းသွားတဲ့ လူတစ်ယောက်ဟာ သစ္စာဖောက်တစ်ယောက် ဖြစ်ပါ့မလား”ဟု ပြောကြားသည်။

ထိုစကားကို ကြားလျှင် ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း အံ့သြတွေဝေသွားရာက ကပ္ပတိန်ဘာရီထမ်၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ထိုအခါ ကပ္ပတိန်ဘာရီထမ်က....

“ကာနယ်....ကျွန်တော်ဟာ ဂုဏ်သရေရှိ စစ်ဗိုလ်တစ်ဦးပါ။ ကျွန်တော့်စကားကို ယုံပါ။ ဒီမိန်းမဟာ မဟုတ်မမှန်တဲ့ စကားတွေကို လုပ်ကြံလိမ်လည်ပြီး ပြောကြားနေတာပါ။ တပ်က ကျွန်တော် ထွက်သွားတာက မနေ့ကထားခဲ့တဲ့ ကတိစကားအတိုင်း ရှေ့ဆက်လက်ချီတက်ရမယ့် လမ်းခရီးကို ထောက်လှမ်းစနည်းနာဖို့ သွားတာပါ”ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ကြားဝင်ပြီး...

“ဒါဟာ သက်သက် ဆင်ခြေပေးတာပါ။ အမှန်တကယ်က ချန္ဒရာပူရီက မိတ်ဆွေတွေနဲ့ သွားတွေ့တာပါ။ ကပ္ပတိန်ဘီထရမ်ရဲ့ နောက်ကို နောက်ယောင်ခံပြီး လိုက်လံစုံစမ်းခဲ့တဲ့အတွက် ကပ္ပတိန်ဘီထရမ်ရဲ့ လျှို့ဝှက်ချက်တွေ အားလုံးကို ကပ္ပတိန်ပရစ်ချတ် သိထားပြီးဖြစ်ပါတယ်။ တကယ်တော့ ကပ္ပတိန်ဘီထရမ်ဟာ သစ္စာဖောက်တစ်ယောက်ပါ။ သူလျှိုတစ်ယောက်ပါ။ လူသတ်သမားပါ”ဟု ပြောလိုက်ရာ၊ ဘုရင်ခံချုပ် ရောဘတ်ကလစ်က အသာသက်ပြင်းချရင်း ...

http://www.cherrythitsar.org



"ကောင်းပြီလေ။ ဒါဖြင့်ရင် ကပ္ပတိန်ပရစ်ချတ် သိထား၊ ကြားထားတာတွေကို ကျုပ်တို့ကို ပြန်ပြောပြစမ်းပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်ထံမှ ကြားသိရသမျှသော သတင်းစကားများကို စိတ်အားထက်သန်စွာဖြင့် တစ်လုံးမကျန်ပြန်ပြောင်း ပြောကြားလိုက်သည်။ ထို့နောက် ....

"ဒီသတင်းစကားတွေဟာ ကပ္ပတိန်ပရစ်ချတ် အဟုတ်မမှန် လုပ်ကြံပြီး ပြောတာတွေ မဟုတ်ပါဘူး။ တကယ်တော့ ကပ္ပတိန်ဘီထရမ်ဟာ အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက်သူလျှိုတစ်ယောက်ပါ၊မိန်းမလှလေး ရူမနီကို သတ်တဲ့ လူသတ်သမားဟာလည်း သူပါပဲ" ဟုပြောကြားလိုက်သည်။

ထိုအခါ ကာနယ်လောရင့်က ဟက်ဟက်ပက်ပက်ရယ်မောရင်း ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို ကြည့်ကာ ....

"ရောဘတ်ရေ၊ အကျိုးအကြောင်း ဆက်စပ်တင်ပြပုံကဖြင့် အကွက်ကို စေ့နေတာပဲ။ သိပ်ကို တော်တာပဲ" ဟု ပြောလိုက်ရာ ဘုရင်ခံချုပ်ရောဘတ်ကလစ်လည်းသက်ပြင်းချလိုက်ရင်း....

"အေးဗျာ .... စဉ်းစားစရာတော့ ဖြစ်လာပြီပဲ" ဟု ပြောလိုက်ရင်း ရှေ့သို့ ငေးစိုက်ပြီး ကြည့်နေသည်။

ထိုအခိုက်တွင် ကပ္ပတိန်ဘီထရမ်က ....

"ကျွန်တော်ဟာ ဦးတို့ရှေ့မှောက်မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲတာကို ခံနေရပါတယ်။ ဒီအချိန်မှာတော့ ကပ္ပတိန်ပရစ်ချတ်ဟာ ဘေးလွတ်ကင်းတဲ့ တောထဲတောင်ထဲမှာ ပုန်းခိုနေပါတယ်။ ဒီစရိတဆိုတဲ့ မိန်းမနဲ့ပြင်သစ်အရာရှိတို့ကို သွားတွေ့တဲ့ သူဟာ ကျွန်တော်ဖြစ်နိုင်သလား။ ကပ္ပတိန်ပရစ်ချတ်ဖြစ်နိုင်သလားဆိုတာကို စဉ်းစားကြည့်ရင် အဖြေပေါ်နိုင်ပါတယ်။ ကပ္ပတိန်ပရစ်ချတ်ဟာ ချန္ဒရာပူရီမှာ ရက်ပေါင်းများစွာ နေလာခဲ့တဲ့သူပါ။ ဒီတော့ စရိတနဲ့ကော ပြင်သစ်အရာရှိနဲ့ပါ သိကျွမ်းဖို့ အခွင့်သာပါတယ်။ အဆက်အဆံလုပ်လို့ဖြစ်ပါတယ်။ တကယ်တော့ ကပ္ပတိန်ပရစ်ချတ်ဟာ သူလုပ်ဆောင်ခဲ့သမျှကို ကျွန်တော်လုပ်ဆောင်တာပါလို့ ပုံချပြီး သူ့အပြစ်ကို ကျွန်တော်အပြစ်လုပ်တာပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ်ရောဘတ်ကလစ်လည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း ....

"အင်းလေ ... ကျုပ်တို့ကို ဘယ်သူသစ္စာဖောက်ပြီး အကောက်ကြံတယ်ဆိုတာ မကြာခင် သိရတော့မှာပါ။ ကပ္ပတိန်ပရစ်ချတ်က မောင့်ကိုစွပ်စွဲပြီး မောင်က ကပ္ပတိန်ပရစ်ချတ်ကို စွပ်စွဲတယ်။ ခိုင်လုံထင်ရှားတဲ့ သက်သေခံ

http://www.cherrythitsar.org


အထောက်အထားကိုတော့ နှစ်ဦးနှစ်ယောက်စလုံး မပြနိုင်ဘူး” ဟု ပြောကြားလိုက်သည်။

ထိုအခါ ပွတိန်ပရစ်ချတ်လည်း ကျောထဲ၌ စိမ့်ခနဲ ဖြစ်ကာ ဒူးတုန်သွားရှာသည်။ သို့သော် ချက်ချင်းပင် အားပြန်တင်းကာ ....

“ဒီလိုဆိုရင် ကျွန်တော့်ကို အကျယ်ချုပ်နဲ့ ချုပ်ထားမလား။ ဒါမှမဟုတ် မနက်ဖြန် စစ်ချီတက်တဲ့အခါမှာ လိုက်ပါရမလား” ဟု မေးလိုက်ရာ ဘုရင်ခံချုပ်ရောဘတ်ကလစ်က ....

“မောင့်တပ်ကို မောင်ခေါင်းဆောင်ပြီး လိုက်ခဲ့ပါ။ ကျုပ်တို့မှာ တိုက်ရေးခိုက်ရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ခေါင်းဆောင်ကောင်းတွေ လိုနေပါတယ်” ဟု ဖြေကြားလိုက်သည်။

ဤတွင် ကပွတိန်ဘီထရမ်လည်း ဘုရင်ခံချုပ်ရောဘတ်ကလစ်ကို အရိုအသေပေးပြီးနောက် တဲတွင်းမှ ထွက်ခွာသွားသည်။

ထိုသို့ ကပွတိန်ဘီထရမ် ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် မင်းသမီးလေး မူဟာရီလည်း ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို စိန်းစိန်းကြည့်ရင်း

“ဒီလိုဆိုရင် ကျွန်မကလည်း မေးစမ်းပါရစေ၊ မနက်ဖြန် မနက်ချီတက်တဲ့အခါမှာ ကျွန်မရဲ့ တပ်ကော ပါဝင်တိုက်ခိုက်ရမလား၊ ကျွန်မတို့ကို မယုံဘူးဆိုရင်တော့ ကျွန်မတို့ မပါဝင်မတိုက်ခိုက်တော့ဘဲ တပ်ပြန်ဆုတ်သွားချင်တယ်” ဟု ပြောလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ်ရောဘတ်ကလစ်က သိမ်သိမ်မွေ့မွေ့ ပြုံးကာ မင်းသမီးလေးကို အသာဦးညွှတ်လိုက်ရင်း ....

“ကပွတိန်ပရစ်ချတ်က မင်းသမီးလေးရော မင်းသမီးလေးရဲ့ တပ်ပါ ကျုပ်နဲ့အတူ ရှိနေစေချင်တယ် မဟုတ်လား၊ ဒီတော့ မင်းသမီးလေးရဲ့ သဘောအတိုင်း ဆုံးဖြတ်ပါ” ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက မျက်နှာကို မော့လိုက်ပြီး ...

“ဒါဖြင့် ဦးတို့နဲ့အတူ လိုက်ပါတိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မတို့စစ်သည်တွေက စစ်ဘယ်လိုတိုက်ရတယ်ဆိုတာ အင်္ဂလိပ်တပ်သားတွေ သိသွားအောင် လက်တွေ့သင်ခန်းစာ ပေးပါလိမ့်မယ်” ဟု ပြောကြားကာ တဲကြီးအတွင်းမှ ခပ်သွက်သွက် ထွက်ခွာသွားသည်။

ထိုအခါ ကာနယ်လော့ရင့်က မကျေနပ်သည့် အမူအရာဖြင့် ....

“ဒီမှာ ရောဘတ်၊ မင်းသမီးလေး မူဟာရီရဲ့တပ်ကို ယုံကြည်စိတ်ချရပါမလား” ဟု မေးလိုက်ရာ ဘုရင်ခံချုပ် ရောဘတ်ကလစ်က ....

http://www.cherrythitsar.org


"ယုံကြည်စိတ်ချနိုင်ပါတယ်။ ကျုပ်ရဲ့ ဆုံးဖြတ်ချက် မှန်လိမ့်မယ်လို့ လည်း ယုံကြည်ထားပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာနယ်လောရင့်လည်း ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို တစ်ချက်မျှ စိုက်ကြည့်လိုက်သည်။ ဘုရင်ခံချုပ် ရောဘတ်ကလစ်မှာ အာကော့ တိုက်ပွဲနှင့် ဒါဗီကော့တတိုက်ပွဲတို့၌ ရှုံးတော့မည့် အခြေအနေဆိုးမှ အနိုင်ရ အောင် တိုက်ခိုက်အောင်ပန်ဆင်ခဲ့သော သူတစ်ယောက်ဖြစ်လေရာ ထိုသို့သော သူ၏ ဆုံးဖြတ်ချက်ကို မည်သို့မျှ ဆင်ခြေမတက်ဝံ့ရှာပေ။ ထို့ကြောင့်လည်း ကာနယ်လောရင့်သည် ပခုံးကိုသာ တစ်ချက်တွန့်လိုက်တော့သည်။

ဘုရင်ခံချုပ်ရောဘတ်ကလစ်၏ ရွက်ထည်တဲကြီးမှ ထွက်ခွာလာခဲ့ သော မင်းသမီးလေးမူဟာရီလည်း တစ်စုံတရာကို တွေးကာ အားရပါးရ ပြုံး ရယ်ရင်း မိမိ၏ ရွက်ထည်တဲရှိရာသို့ ခပ်သွက်သွက် လျှောက်လာသည်။

ရွက်ထည်တဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မိမိ၏အထိန်းတော် ကြီးကို ခေါ်ကာ ယောကျ်ားလေးအဝတ်အစားကို ရွေးထုတ်ခိုင်းသည်။ ထို့ နောက် ယောကျ်ားလေးတစ်ယောက်နှင့် တူအောင် ပြုပြင်သည်။ ထို့နောက် မှန်ရှေ့တွင် ကိုယ့်ကိုယ်ကို ကြည့်ကာ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်သည်။ ထို့နောက် ဘာရီမဟာလီတပ်မှူးကို ဆင့်ခေါ်ခိုင်းသည်။ ဘာရီမဟာလီတပ်မှူး ရှီဗာနန် ရောက်လာသောအခါ မင်းသမီးလေးမူဟာရီက မိမိနှင့် ဘုရင်ခံချုပ် ရောဘတ်ကလစ် ပြောကြားခဲ့သော စကားတို့ကို ပြန်ပြောင်းပြောကြားပြီး နောက်

"ရှီဗာနန်ရေ၊ ဒီနေ့ညမှာပဲ ကပ္ပတိန်ပရစ်ချတ်ရဲ့ နောက်ကို သခင်မ လိုက်သွားတော့မယ်။ ဒီတော့ မောင်မင်းပဲတပ်ကို အုပ်ချုပ်ပြီး ဦးဆောင်တိုက် ခိုက်ပေတော့။ တိုက်ပွဲမဝင်ခင် သခင်မနဲ့ ကပ္ပတိန်ပရစ်ချတ်တို့ အရောက်ပြန် လာနိုင်အောင် ကြိုးစားပါ့မယ်။ အခါမသင့် အခွင့်မသာလို့ သခင်မ ပြန် မရောက်ရင်လည်း စိတ်ပူမနေနဲ့၊ သခင်မကိုယ်တိုင် တပ်ကို ဦးဆောင်တိုက်ခိုက် နေသလို သဘောထားပြီး ရှုပ်ရှုပ်ချွံချွံ ရဲရဲရင့်ရင့်သာ တိုက်ပါ" ဟု မှာကြား သည်။

ထိုအခါ တပ်မှူးရှီဗာနန်က ရိုသေစွာဦးညွှတ်ရင်း –

"အမိန့်တော်မြတ်အတိုင်းပါ သခင်မ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီလည်း ဆိုင်းငံ့တွေဝေမနေတော့ဘဲ ရွက်ထည်တဲတွင်းမှ ပြေးထွက်ကာ မိမိစီးနေကျမြင်းညိုမလေးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ ထို့နောက် မြင်းညိုမလေးကို ဒုန်းစိုင်းပြီး စီးသွားရာ မကြာခင် အမှောင်ထုတွင်း၌ ပျောက်ကွယ်သွားတော့သည်။

[၁၆]

# စစ်ချီ စစ်တက် စစ်ဖျက် စစ်ထိုး

ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လား၏ တပ်ကြီးသည် မြင့်မားမတ်စောက်သော တောင်တန်းကြီးတစ်နေရာရှိ ညီညာပြန့်ပြူးသော တောင်ကလပ်၌ တပ်စခန်းချနေသည်။ ဝင်းပသော နေရောင်အောက်တွင် ရွက်ထည်တဲများ အမြောက်အမြား စီတန်းနေပေသည်။

ထိုရွက်ထည်တဲများရှေ့တွင် လှံကိုင်စစ်သည်များနှင့် လေးစစ်သည်များ အစုလိုက် အအုပ်လိုက် စီတန်းရပ်နေကြသည်။ ထိုသူများသည် အမြောက်များကို နေရာတကျ ပြင်ဆင်ချိန်ရွယ်နေကြသော စစ်သည်များကို ငေးကြည့်နေကြသည်။ ရွက်ထည်တဲများ၏ နောက်ဖက်တွင်မူ မြင်းတပ်သားများ စုရုံးရပ်နေပေသည်။ ရွက်ထည်တဲနှင့် မလှမ်းမကမ်းတွင်မူ ဆင်စီး သူရဲတို့သည် ဆင်ဦးကင်းနှင့် အစွယ်တို့ကို ဆေးနီဆေးပြာများ ခြယ်နေကြသည်။ ဤသို့ ဆင်များကို ဆေးခြယ်ခြင်းမှာ အလှအပသက်သက် မဟုတ်ပေ။ ရန်သူများ မြင်ပါက ထိတ်လန့်တုန်လှုပ် သွားရန်ဖြစ်ပေသည်။

ထိုသို့သော ချန္ဒရာပူရီ၏ တပ်စခန်းအနီးရှိ ရွက်ထည်တဲတစ်တဲရှေ့တွင် ခါးတွင် နံငယ်ပိုင်းသာ ဝတ်ထားသော သူတောင်းစားတစ်ယောက်သည် လှံကိုင်စစ်သည်များကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေသည်။ ထိုအခိုက်တွင် မြင်းစီးစစ်သည်တစ်ဦးလည်း ထိုသူတောင်းစားအပါးမှ မြင်းကို ဒုန်းစိုင်းပြီး ဖြတ်သွားရာ၊ ထိုသူတောင်းစားလည်း ကြောက်လန့်သည့် အမူအရာဖြင့် နောက်သို့ ဆုတ်လိုက်သည်။ ထိုအခါ အပါးရှိ စစ်သည်အပေါင်းတို့လည်း ဝါးခနဲ ရယ်လိုက်ကြသည်။

ဤတွင် သူတောင်းစားလည်း ရွက်ထည်တဲ နောက်ဖက်သို့ စောင်းငန်း စောင်းငန်းနှင့် ထွက်သွားပြီး လူသူလေးပါး ရုတ်တရက် မတွေ့နိုင်သော

နေရာသို့ အရောက်တွင် နံငယ်ပိုင်းထဲကို လက်နှိုက်ပြီး ဖယောင်းတိုက်ထားသော မီးစာကြိုးတစ်ခွေကို လက်ဖြင့် စမ်းလိုက်သည်။

ထိုသူတောင်းစားကား အခြားသူမဟုတ်။ ကပ္ပတိန်ပရစ်ချတ်ပေတည်း။ ကပ္ပတိန်ပရစ်ချတ်သည် မိမိကိုယ်ကို နွားချေးများ၊ ပြာများဖြင့် အနံ့အပြား သုတ်လိမ်းပြီး သူတောင်းစားယောင် ရုပ်ဖျက်ကာ ချန္ဒရာပူရီ တပ်စခန်းတွင်းသို့ နေအရဏ်မတက်မီပင် ဝင်ရောက်ခဲ့သည်။ ထို့နောက် တပ်စခန်းအတွင်း နေရာအနှံ့ လှည့်ပတ်ကြည့်ရှုခဲ့သည်။ ကပ္ပတိန်ပရစ်ချတ်မှာ လူတကာထံမှ လှည့်လည်အလှူခံတတ်သော ဇာတ်နိမ့်သည့် သူတောင်းစား အသွင်ဆောင်ထားရကား ချန္ဒရာပူရီ တပ်စခန်းတွင်းရှိ လူအပေါင်းတို့လည်း ကပ္ပတိန်ပရစ်ချတ်ကို မေးလားစမ်းလား မပြုကြရုံမက အနားသို့ပင် မကပ်ကြပေ။

ကပ္ပတိန်ပရစ်ချတ်လည်း မီးစာကြိုးခွေကို လက်ဖြင့် စမ်းထားရာမှ နှစ်နှစ်ခြိုက်ခြိုက်ပြုံးရယ်ကာ ဆင်တပ်ရှိရာသို့ လျှောက်ခဲ့သည်။ ဆင်တပ်ရှိဆင်များမှာ နှာမောင်းတယမ်းယမ်း၊ နားရွက်တခတ်ခတ်နှင့် လှုပ်ရှားတက်ကြွနေသည့် အသွင်ကို ဆောင်နေသည်။ ဆင်တပ်နောက်ဖက်၌မူ လက်နက်ခဲယမ်းမီးကျောက်များကို တင်ထားသည့် နွားလှည်းကြီးများ စီးတန်းရပ်ထားသည်။

ကပ္ပတိန်ပရစ်ချတ်လည်း ထိုနွားလှည်းကြီးများ ရှိရာသို့ လျှောက်လာရင်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။ နေမင်းသည် ခေါင်းတည့်တည့်သို့ ရောက်နေပြီဖြစ်ရာ၊ မကြာမီ နေမွန်းတည့်ပေတော့မည်။ ယခုအချိန်၌ ဘုရင်ခံချုပ် ရောဘတ်ကလစ်ဦးဆောင်သော ဗြိတိသျှတပ်ကြီးသည် မတ်စောက်သောတောင်ကြားလမ်းကို ဖြတ်ကာ ချီတက်လာပေတော့မည်။ ထိုသို့ ချီတက်လာသော ဗြိတိသျှတပ်ကြီးကို ချေမှုန်းရန်အတွက် ချန္ဒရာပူရီတပ်ခွဲတစ်ခုသည်လည်း တောင်ဇောင်းတစ်လျှောက်မှ အသင့်စောင့်နေပေပြီ။ မိမိမြတ်နိုးချစ်ကြင်သော မင်းသမီးလေး မူဟာရီမှတစ်ဆင့် မိမိပြောကြားသတိပေးသော စကားတို့ကို ဘုရင်ခံချုပ် ရောဘတ်ကလစ်သည် အလေးအနက် သဘောထားပါမည်လော။ အလေးအနက် သဘောထားပါက ဘုရင်ချုပ် ရောဘတ်ကလစ်သည် ရှေ့ပြေးကင်းထောက်တပ်တစ်တပ်ကို စေလွှတ်ပြီး စုံစမ်းပေလိမ့်မည်။ 'မိမိကို သစ္စာဖောက်တစ်ယောက်၊ တပ်ကို စွန့်ခွာထွက်ပြေးသော တပ်ပြေးတစ်ယောက်' ဟု ယူဆကာ မိမိ၏စကားကို အလေးအနက် သဘောမထားဘဲ ရှေ့သို့ ဖွတ်တိုးချီတက်လာပါက ရန်သူ၏ထောင်ချောက်တွင်းသို့ ကျရောက်ကာ မရှုမလှ သေကြေပျက်စီးပေတော့မည်။

ကပ္ပတိန်ပရစ်ချတ်လည်း ထိုသို့ တွေးတာရာမှ နွားလှည်းတစ်စီးအပါးတွင် ခြေပစ်လက်ပစ် ထိုင်ချပြီး လှည်းထောက်ကို မှီနေလိုက်သည်။

http://www.cherrythitsar.org



ထို့နောက် ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်အကဲခတ်လိုက်သည်။ နွားလှည်းကြီးများအပါး၌ အစောင့်စစ်သည် တစ်ဦးတစ်ယောက်မှ မရှိပေ။ လူသူလေးပါးလည်း ကင်းရှင်းနေပေသည်။ အရေးကြီးလှသော လက်နက်ခဲယမ်းမီးကျောက်တင်သည့် နွားလှည်းကြီးများ အပါးတွင် အစောင့်စစ်သည်မထားခြင်းမှာ "မိမိ တို့တပ်တွင်းသို့ မျက်နှာစိမ်းအင်္ဂလိပ်လူမျိုးတို့ မဝင်ရောက်နိုင်" ဟု ယုံကြည်စိတ်ချထားသောကြောင့် ဖြစ်ဟန်တူသည်။

လူသူလေးပါး ရှင်းသည်နှင့်တစ်ပြိုင်နက် ကပ္ပတိန်ပရစ်ချတ်လည်း နံငယ်ပိုင်းထဲကို လက်နှိုက်ပြီး မီးစာကြိုးခွေကို ဖျတ်ခနဲ ထုတ်ယူလိုက်သည်။ ထို့နောက် ယမ်းမှုန့်စည်တစ်စည်မှ အပေါက်ကို ဖွင့်ကာ ထိုအပေါက်ထဲသို့ မီးစာကြိုးစကို ထည့်လိုက်သည်။ ထို့နောက် အသင့်ပါလာသော မီးခြစ်နှင့် မီးစာကြိုးကို မီးညှိကာ မီးစာကြိုး တဖျစ်ဖျစ် လောင်သည်နှင့်တစ်ပြိုင်နက် ဝေးရာသို့ တအားကုန် ထွက်ပြေးလာခဲ့သည်။

ထိုသို့ ထွက်ပြေးလာခိုက်တွင် မိမိရှိရာသို့ တဟုန်ထိုးပြေးလာသော ယောက်ျားလေးတစ်ယောက်ကို တွေ့ရသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်က နောက်သို့ ပြန်သွားရန်လက်ပြတားဆီးလိုက်သည်။ သို့သော် ယောက်ျားလေးမှာ မနားခံဘဲ ရှေ့သို့ပြေးမြဲပြေးလာသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း မိမိအပါးသို့ ရောက်လာသော ယောက်ျားလေး၏ ခါးကို ဆတ်ခနဲ ပွေ့ကာ မြေကြီးပေါ်သို့ နှစ်ယောက်သား လှိမ့်ချလိုက်သည်။ ထို့နောက် ဒေါသတကြီးဖြင့် ....

"သိပ်မိုက်တဲ့ အကောင်။ ဘာကြောင့် သေတွင်းထဲ ဆင်းချင်ရတာလဲ" ဟု ကြိမ်းမောင်းရင်း မြေကြီးပေါ်၌ ပြားပြားဝပ်ခိုင်းလိုက်သည်။

ထိုအခိုက်တွင် ဝုန်းခနဲ ပေါက်ကွဲသံကြီး မြည်းဟီးထွက်ပေါ်လာသည်။ ထို့နောက် ဝုန်းခနဲဝုန်းခနဲ ပေါက်ကွဲသံကြီးများ ဆက်တိုက်မြည်ဟီးထွက်ပေါ်လာသည်။ ကပ္ပတိန်ပရစ်ချတ်နှင့် ယောက်ျားလေးတို့ ပြားပြားဝပ်နေသော မြေကြီးသည် လှိုင်းထသကဲ့သို့ လှုပ်ခါနေသည်။ ကျောက်တုံးကျောက်ခဲများ အစအနများသည် မိုးရွာသကဲ့သို့ လွင့်စင်ကာ တဖွဲဖွဲကျနေသည်။ ထို့အတူ ဆင်တပ်မှ ဆင်များ အလန့်တကြား ကျည်ကျည်ကျာကျာ အော်သံ၊ လူများ အလန့်တကြားအော်သံတို့ ဆူညံရောထွေးနေကာ ကမ္ဘာပျက်သကဲ့သို့ ဖြစ်သွားသည်။

ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း အရဲစွန့်ကာ မသိမသာ ခေါင်းထောင်ကြည့်လိုက်ရာ၊ မြင်ရသော ရှုခင်းကြောင့် အသက်ရှုပင် မှားသွားမိသည်။

လက်နက်ခဲယမ်းမီးကျောက်လှည်းကြီးများ ဆက်ကာ ဆက်ကာ ပေါက်ကွဲသော ပေါက်ကွဲသံကြီးများကြောင့် ဆင်တပ်မှ ဆင်ကြီးများသည် သွေးရူးသွေးတန်းဖြစ်ကာ ချန္ဒရာပူရီတပ်စခန်းဖက်သို့ ဦးတည်ပြေးပြီးလျှင် ကိုယ့်တပ်ကိုယ်ကို ပြန်နင်းနေသည်။ ဆင်ကြီးများ၏ ခြေထောက်အောက်တွင် ရွက်ထည်တဲကြီးများ တစ်တဲပြီးတစ်တဲ ပြိုပျက်နေသည်။ လူအပေါင်းတို့ လည်း ဆင်နင်းမခံရလေအောင် ကစဥ့်ကလျားပြေးလွှားနေကြသည်။ ထိုသို့ ပြေးလွှားနေသည့်ကြားမှ ဆင်နင်းခံရသူများ၊ ဆင်တို့က နှာမောင်းဖြင့် ရစ်ပတ်ဖမ်းယူခြင်းခံရပြီး ကောင်းကင်ထက်သို့ ပစ်လွှင့်လိုက်သည့်အတွက် မရှုမလှ သေဆုံးရသူများလည်း အမြောက်အမြား ရှိနေပေသည်။ ချန္ဒရာပူရီတပ်စခန်းကား ကမ္ဘာပျက်သကဲ့သို့ ဆူပွက်လျက်ရှိသည်တကား။

ကပ္ပတိန်ပရစ်ချတ်လည်း အတန်ကြာအောင် မြေပြင်ထက်၌ ပြားပြားဝပ်နေပြီးမှ ဆတ်ခနဲထကာ အားကုန်ထွက်ပြေးသွားသည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်၏ အပါးတွင် ပြားပြားဝပ်နေသော ယောက်ျားလေးလည်း ဆတ်ခနဲထကာ ကပ္ပတိန်ပရစ်ချတ်နောက်ဖက်မှ အပြေးလိုက်လာသည်။ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း ရထားတစ်စင်းအနီးတွင် ရုတ်တရက်ရပ်လိုက်ပြီး မိမိနောက်မှ အရိပ်ပမာ တကောက်ကောက် လိုက်နေသော ယောက်ျားလေးအား ....

"ဟေ့ ကောင်လေး၊ ငါ့နောက်ကို လိုက်မလာနဲ့" ဟု မာန်လိုက်ရာ၊ ယောက်ျားလေးက ....

"အစ်ကိုက အားကောင်းမောင်းသန် ယောက်ျားကြီးပါ။ ကျွန်တော်ကိုပါ တစ်ပါတည်း ခေါ်သွားပါ" ဟု တောင်းပန်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"မခေါ်နိုင်ဘူး။ ငါ့နောက်ကို တကောက်ကောက် မလိုက်နဲ့" ဟု ထပ်ပြောလိုက်၏။ သို့သော် ယောက်ျားလေးလည်း ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို ယုံကြည်ကိုးစားသော အသွင်ဖြင့် စိုက်ကြည့်ရင်း ခေါင်းခါပြလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ဆူညံရှုပ်ထွေးနေသော တပ်စခန်းရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး ....

"ကောင်းပြီလေ၊ ပြောမရရင်လည်း ငါ့နောက်သာ လိုက်ခဲ့တော့" ဟု ဆိုလိုက်ရာ၊ ယောက်ျားလေးက ....

"ကျေးဇူးတင်ပါတယ် အစ်ကို" ဟု ဆိုလိုက်သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်နှင့်ယောကျ်ားလေးတို့သည် မလှမ်းမကမ်းရှိ တောအုပ်လေးသို့ တအားကုန် ထွက်ပြေးခဲ့ကြသည်။ ထိုတောအုပ်လေးအတွင်းရှိ မြေကွက်လပ်တစ်နေရာတွင် မိမိ၏ မြင်းနက်ကြီးကို ကြိုးလှန်ထားခဲ့ရကား ကပ္ပတိန်ပရစ်ချတ်လည်း မြင်းနက်ကြီးရှိရာသို့ ပြေးသွားသည်။ ထိုအခါ မြင်းနက်ကြီးဘေး၌ မြင်းညိုမတစ်ကောင်ကို အသင့်တွေ့ရသည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်လည်း တစ်စုံတရာကို တွေးမိဟန်ဖြင့် မိမိအပါးရှိ ယောကျ်ားလေး၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ....

"မူဟာရီ၊ ညီမရယ်" ဟု ခေါ်လိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်၏ ရင်ခွင်တွင်းသို့ ခေါင်းတိုးဝင်ရင်း ....

"အစ်ကို့နောက်ကို ညီမလိုက်လာတဲ့အတွက် စိတ်မဆိုးပါနဲ့နော်" ဟု တိုးတိုးလေး ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရယ်။ ညီမက သိပ်လည်း အတင့်ရဲပါကလားကွယ်" ဟုပြောကြားကာ၊ မင်းသမီးလေး မူဟာရီ၏ ကိုယ်လုံးကို တအားဖက်ကာ မျက်နှာတစ်ခွင် တစ်ပြင်လုံးကို အနှံ့နမ်းလိုက်သည်။

ထို့နောက် အတန်ကြာသောအခါမှ လူချင်းခွဲလိုက်ပြီးလျှင် ကပ္ပတိန်ပရစ်ချတ်က ....

"ညီမရေ၊ အစ်ကိုတို့ အမြန်ဆုံး ခရီးဆက်ကြစို့။ ဆင်တပ်ကြီးလည်း အစ်ကိုကြောင့် ကိုယ့်တပ်ကို ကိုယ်ပြန်နင်းနေပြီ" ဟု ပြောလိုက်သည်။

ထို့နောက် ကိုယ့်မြင်းပေါ်သို့ ကိုယ်လွှားခနဲ ခုန်တက်ကာ တောအုပ်လေးတွင်းမှ ဒုန်းစိုင်းထွက်ခွာလာခဲ့ကြသည်။

တောင်ကုန်းများ၊ တောင်ကမ္ဘားများ၊ လျှိုမြောင်များ၊ ချောက်များကို ဖြတ်ပြီး မရပ်မနား ခရီးဆက်လာခဲ့ရာ၊ နောက်ဆုံး၌ စမ်းချောင်းလေးတစ်ခုအပါးသို့ ရောက်လာခဲ့သည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီလည်း မြင်းပေါ်မှ ဆင်းသက်ကာ ခေတ္တအပန်းဖြေကြသည်။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်လည်း စမ်းချောင်းတွင်းသို့ ဆင်းကာကိုယ်လက်သုတ်သင်ပြီးနောက် မိမိခေါက်သိမ်းထားသော မဒရပ်မြင်းလျင်တပ်က စစ်ဗိုလ်ဝတ်စုံကို ထုတ်ကာ သေသေသပ်သပ် ပြန်ဝတ်လိုက်သည်။

ထို့နောက် ကိုယ့်မြင်းပေါ်သို့ ကိုယ်လွှားခနဲ ပြန်တက်ကာ ဆက်လက် ခရီးထွက်ခဲ့ကြသည်။ နောက်ဆုံး၌ ကျဉ်းမြောင်းလှသော တောင်ကြား

http://www.cherrythitsar.org



လမ်းပေါ်သို့ မိုးပြီးတည်နေသော တောင်ကလပ်တစ်နေရာရှိ ကျောက်တောင်စွန်းသို့ ရောက်ရှိလာခဲ့သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ကျောက်တောင်စွန်းမှ နေ၍ လှမ်းမျှော်ကြည့်လိုက်ရာ၊ ကျဉ်းမြောင်းသော တောင်ကြားလမ်းရှိရာ ဦးတည်ချီတက်လာသော ဗြိတိသျှစစ်တပ်ကြီးကို တွေ့ရသည်။ ထိုစစ်တပ်ကြီး၏ ရှေ့မှ ချီတက်လာသော သူများကား ဘာရီမဟာရီမြင်းတပ်နှင့် မဒရပ်မြင်းလျှင်တပ်တို့ ဖြစ်ပြီး၊ နောက်မှတစ်ပါတည်းကပ်၍ ခြေလျင်တပ်နှင့် အိန္ဒိယတိုင်းရင်းသားတပ်တို့ လိုက်ပါလာသည်။

ကပ္ပတိန်ပရစ်ချတ်လည်း မိမိတို့ ဗြိတိသျှတပ်ကြီးကို ငေးမျှော်ကြည့်ပြီးနောက်၊ ကျဉ်းမြောင်းသော တောင်ကြားလမ်ကို ငုံ့ကြည့်လိုက်ရာ တောင်ကြားလမ်း တစ်ဖက်တစ်ချက်ရှိ တောင်စောင်းအမြင့်၊ ကျောက်တုံး ကျောက်ဆောင်များ နောက်၌ အသင့်ပုန်းအောင်းစောင့်ဆိုင်းနေကြသော ချန္ဒရာပူရီတပ်ခွဲကို တွေ့ရသည်။ ထိုတပ်ကား ရန်သူကို ထောင်ချောက်ဆင်ပြီး ချေမှုန်းရန်အတွက် သီးသန့်တာဝန်ပေးထားသော ချန္ဒရာပူရီတပ်ခွဲပင် ဖြစ်တော့သည်။

ကပ္ပတိန်ပရစ်ချတ်လည်း စိတ်မသက်မသာဖြင့် ထိုချန္ဒရာပူရီတပ်ကို ငေးကြည့်နေရာမှ ခပ်လှမ်းလှမ်းကို မျှော်ကြည့်လိုက်ရာ၊ ထိုချန္ဒရာပူရီတပ်ခွဲကို အားဖြည့်ရင်း ချီတက်လာသော ချန္ဒရာပူရီတပ်မကြီးကို မိုင်ဝက်ခန့်အကွာ၌ တွေ့ရပြန်သည်။

ဤတွင် ကပ္ပတိန်ပရစ်ချတ်က ....

"အင်း ... တောင်စောင်းကနေပြီး အသင့်စောင့်နေတဲ့ ချန္ဒရာပူရီတပ်ခွဲဟာ မကြာခင် တပ်မကြီးနဲ့ ပေါင်းပြီး အားကောင်းလာလိမ့်မယ်။ ပြီးတော့ ဟိုဖက်လမ်းကွေ့ကလည်း ပြန်စုလို့ရတဲ့ ဆင်တပ်ကို အသင့်ချထားလိမ့်မယ်" ဟု ပြောကား ပစ္စတိုကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။

ထို့နောက် အောက်ဖက်ရှိ ချန္ဒရာပူရီတပ်ကို ချိန်ရွယ်ပြီး ဒိုင်းခနဲပစ်လိုက်ရာ သေနတ်သံသည် တစ်တောတစ်တောင်လုံး မြည်ဟိန်းပဲ့ တင်ထပ်သွားသည်။ သို့သော် ကျဉ်းမြောင်းသော တောင်ကြားလမ်းအတိုင်း ချီတက်နေသော ဗြိတိသျှတပ်ကြီးကား ရပ်တံ့ဆိုင်းငံ့သွားခြင်း မရှိပေ၊ ထို့ကြောင့် ကပ္ပတိန်ပရစ်ချတ်လည်း စိတ်ဆိုးမာန်ဆိုးဖြင့် ....

"အရူးတွေ၊ သေနတ်သံကို မကြားရအောင် နားပင်းနေကြသလား" ဟု ရေရွတ်လိုက်မိသည်။

ထိုအခိုက်တွင် မင်းသမီးလေး မူဟာရီသည် မြင်းကုန်းနှီး၌ ချိတ်ထားသော မောင်းပြန်သေနတ်ကိုထုတ်ကာ အောက်သို့တည့်တည့်ကြီး ချိန်ရွယ်

http://www.cherrythitsar.org



လိုက်သည်။ ထိုအခိုက်တွင် ကပ္ပတိန်ပရစ်ချတ်က သေနတ်မောင်းကို မဖြုတ်ရန် မင်းသမီးလေးမူဟာရီကို ကပျာကယာ တားဆီးလိုက်သည်။ အကြောင်းသော်ကား တောင်စောင်းများ၌ ပုန်းအောင်းနေသော ချန္ဒရာပူရီစစ်သည်များ၏ နောက်ဖက်ရှိ ကျောက်တုံးကြီးများကြားတွင် ရွှေ့လျားနေသော ကာကီအကျႌ အညိုဝတ် မဒရပ်မြင်းလျင်တပ်သားများနှင့် ဘာရီမဟာလီစစ်သည်တို့ကို တွေ့မြင်ရသောကြောင့်ပေတည်း။

ထိုအခိုက်တွင် ဗြိတိသျှစစ်သည်တို့သည် ကျဉ်းမြောင်းသော တောင်ကြားလမ်းတွင်းသို့ ချီတက်လာပြီး ထိုသူများကို အသင့်စောင့်ဆိုင်းနေကြသော ချန္ဒရာပူရီတပ်ခွဲက တဟုန်ထိုးပြေးဆင်းတိုက်ခိုက်နေကြသည်ကိုလည်းကောင်း၊ ထိုသို့ တဟုန်းထိုးပြေးဆင်း တိုက်ခိုက်နေကြသော ချန္ဒရာပူရီတပ်ကို အပေါ်စီးကနေရာယူထားသည့် မဒရပ်မြင်းလျင်တပ်သားများနှင့် ဘာရီမဟာလီစစ်သည်တို့က သေနတ်နှင့် တဒိုင်းဒိုင်း ပစ်ခတ်ချေမှုန်းနေသည်ကို လည်းကောင်း တွေ့မြင်ရသည်။

'ရန်သူကို တစ်ယောက်မကျန် ချေမှုန်းပစ်လိုက်မည်' ဟု အားခဲမျှော်လင့်ထားသော ချန္ဒရာပူရီတပ်ခွဲမှာ နှစ်ဖက်ညှပ်ပြီး အတိုက်ကိုခံရရုံမက၊ တပ်ကူလည်း အချိန်မီ ရောက်မလာသောကြောင့် တဖြည်းဖြည်း စိတ်ဓာတ်ကျလာတော့သည်။ ထိုအခိုက်တွင် ဗြိတိသျှစစ်သည်များနှင့် ဘာရီမဟာလီစစ်သည်များက သဲကြီးမဲကြီး ရဲရဲရင့်ရင့် တိုက်ခိုက်နေရာ၊ ချန္ဒရာပူရီတပ်မှ နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာနေရသည်။

ကျောက်တောင်စွန်းမှ ရပ်တံ့ကာ တိုက်ပွဲအခြေအနေကို ကြည့်ရှုအကဲခတ်နေသော ကပ္ပတိန်ပရစ်ချတ်လည်း မင်းသမီးလေး မူဟာရီကို ခေါ်ကာ မိမိတို့ တပ်ရှိရာဘက်သို့ တောင်ကြောကို ဖြတ်ပြီး မြင်းကို စီးနှင်လာခဲ့သည်။ ထိုအခါ ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီး မူဟာရီတို့ကို တွေ့မြင်လိုက်ရသော မဒရပ် မြင်းလျင်တပ်သားများနှင့် ဘာရီမဟာလီ စစ်သည်များလည်း "ဟူးရေး" ဟု ဝမ်းမြောက်ဝမ်းသာ ဟစ်အော် ကြွေးကြော်လိုက်ကြသည်။

ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့လည်း ဘုရင်ခံချုပ်ရောဘတ်ကလစ်ရှိရာသို့ ဦးတည်ပြီးလာခဲ့ရာ ဘုရင်ခံချုပ်ရောဘတ်က ကပ္ပတိန်ပရစ်ချတ်ကို လက်ကမ်းကြိုဆိုရင်း ....

"ကပ္ပတိန်ပရစ်ချတ်ရေ၊ မောင့်အပေါ်ကို ကျုပ်တို့ အထင်မှားခဲ့တဲ့အတွက် တောင်းပန်ပါတယ်ကွယ်။ မောင် ပြောကြားသတိပေးတဲ့အတိုင်းပဲ ချန္ဒရာပူရီတပ်က ကျုပ်တို့ကို ထောင်ချောက်ဆင်ထားတာကို တွေ့ရပါတယ်" ဟု ပြောကြားသည်။

http://www.cherrythitsar.org



ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဘီထရမ်ကော၊ ကပ္ပတိန်ဘီထရမ်ကို မမြင်ရပါကလား" ဟု မေးလိုက်ရာ၊ ဘုရင်ခံချုပ် ရောဘတ်ကလစ်က ....

"ချန္ဒရာပူရီတပ်ဖက်က ပြင်းထန်မြည်ဟိန်းလှတဲ့ ပေါက်ကွဲသံကြီးတွေကို ကျုပ်တို့ဆက်ကာဆက်ကာ ကြားရတယ်။ ဒါကြောင့် ကျုပ်လည်း တောင်ဖေါင်းတွေဘက် ရှေ့ပြေးကင်းထောက် တပ်တစ်တပ်ကို စေလွှတ်လိုက်တယ်။ အဲဒီအခါမှာ မောင်ပြောတဲ့အတိုင်းပဲ ချန္ဒရာပူရီတပ်က ကျုပ်တို့ကို အသင့်စောင့်နေတာကို တွေ့ရတယ်။ ဒီတော့ ကျုပ်လည်း မဒရပ်မြင်းလျင်တပ်ကို ချန္ဒရာပူရီတပ်ရဲ့ နောက်ဘက်က နေရာယူခိုင်းပြီး ခြေလျင်တပ်ကိုတော့ တောင်ကြားလမ်းထဲ ဖြတ်ပြီး ချီတက်ခိုင်းတယ်။ ပြီးတော့ ... ချန္ဒရာပူရီတပ်ကို မောင်မြင်တဲ့အတိုင်း နှစ်ဖက်ညှပ်ပြီး တိုက်ကြတယ်။ ဒီလိုတိုက်ခိုက်ချိန်မှာပဲ ကပ္ပတိန်ဘီထရမ်ဟာ လျစ်ခနဲ ထွက်ပြေးသွားပါတယ်" ဟု ပြောကြားပြီးနောက် ....

"ဒါထက် နေပါဦး။ မောင်ပြောတဲ့ ချန္ဒရာပူရီ ဆင်တပ်ဆိုတာကော၊ ဆင်တပ်နဲ့ကူတိုက်တာလည်း မမြင်ရပါကလား"

ဟု မေးလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ချန္ဒရာပူရီတပ်မတွင်းသို့ မိမိဝင်ရောက် ပြီး ဆောင်ရွက်ပုံ၊ လက်နက်ခဲယမ်းမီးကျောက်လှည်းကြီး ပေါက်ကွဲသွားပုံနှင့် ဆင်တပ်ကြီး ကြောက်လန့်တကြားနှင့် ကိုယ့်တပ်ကိုယ်ကို ပြန်နင်းပုံတို့ကို ပြန်ပြောင်းပြောကြားသည်။ ထို့နောက် ဆက်လက်၍ ....

"ချန္ဒရာပူရီတပ်ကတော့ ဖရိုဖရဲဖြစ်ပြီး အရေးနိမ့်နေပါပြီ။ အခုလိုအခါမှာ မြင်းလျင်တပ်နဲ့ ဖိတိုက်လို့ရှိရင် ချန္ဒရာပူရီတပ်ဟာ လုံးဝဆုံးရှုံးပျက်စီးသွားပါလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ်ရောဘတ်က အားကိုးသော အမူအရာဖြင့် ....

"ဟုတ်ပါတယ် မောင်၊ ကျုပ်တို့ မြင်းလျင်တပ်ကို ဦးဆောင်ပြီး တိုက်မယ့် ခေါင်းဆောင်ကောင်း လိုနေပါတယ်။ အဲဒီခေါင်းဆောင်ကတော့ မောင်ပါပဲ၊ မြင်းလျင်တပ်ကို မောင်ပဲ ခေါင်းဆောင်ပြီး တိုက်ပါတော့" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို အရိုအသေပေးပြီးနောက် မြင်းလျင်တပ်သားများရှိရာသို့ မြင်းကို စိုင်းနှင်သွားရာ မင်းသမီးလေး မူဟာရီလည်း ကပ္ပတိန်ပရစ်ချတ်၏ဘေးမှ မြင်းချင်းယှဉ်ပြီး လိုက်ပါစီးနင်းလာခဲ့သည်။

ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့ အတူယှဉ်တွဲပြီး တပ်ဦးသို့ ချီတက်လာသည်ကို မြင်ကြရသောအခါ မဒရပ်မြင်းလျင်တပ်သားများနှင့် ဘာရီမဟာလီစစ်သည် အပေါင်းတို့လည်း "ဟူးရေး"၊ "ဟူးရေး" ဟု ဝမ်းမြောက်ဝမ်းသာ ဟစ်အော်ကြွေးကြော်ကြသည်။

ထိုအဖြစ်အပျက်ကို လှမ်းမျှော်ကြည့်ရင်း ဘုရင်ခံချုပ် ရောဘတ်ကလစ်က ....

"ပြင်သစ်ပိုင် ပွန်ဒီချာရီမြို့တော်က ဘုရင်ခံချုပ် 'ဂျူဆေဖရန်ဆွာဒူဖရစ်' ဆောင်ရွက်ခဲ့ဖူးတဲ့ နည်းအတိုင်းပဲ၊ ငါလည်း ဆောင်ရွက်ရတော့မယ်" ဟု ပြုံးပြုံးကြီးကြီး ပြောကြားလိုက်သည်။

တပ်ဦးသို့ ရောက်ရှိနေသော ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့လည်း မဒရပ်မြင်းလျင်နှင့် ဘာရီမဟာလီစစ်သည်တို့ကို ခေါင်းဆောင်ကာ တောင်ကြားလမ်းကို တဟုန်ထိုးဖြတ်ပြီး ချန္ဒရာပူရီတပ်မကြီးကို အတင်းချင်းနင်းတိုက်ခိုက်တော့သည်။

ကပ္ပတိန်ပရစ်ချတ်သည် မြင်းစီးသူရဲကိုင် ဓားလွယ်ကြီးကို ဝင့်ကာဝင့်ကာ တပ်ဦးမှနေ၍ ရန်သူတို့ကို တရကြမ်း ဦးဆောင်တိုက်ခိုက်နေသည်။ ထိုအခိုက်တွင် မြင်းလျင်တပ်သားများနှင့် ဘာရီမဟာလီ စစ်သည်တို့လည်း ရန်သူတို့ကို တရကြမ်း ရှပ်ရှပ်ချွံချွံ ရဲရဲရင့်ရင့် တိုက်ခိုက်နေသည်။ ထို့ကြောင့် ဓားသံတို့ တချွင်ချွင် မြည်နေသည်။ စစ်မြေပြင်၌ ကျဆုံးသွားသော ရန်သူစစ်သည်တို့၏ အော်ဟစ်သံ ညည်းတွားသံတို့ ပွက်ပွက်ညံနေသည်။

ကပ္ပတိန်ပရစ်ချတ်သည် တပ်ဦးမှ ခေါင်းဆောင်ပြီး တိုက်ခိုက်နေခိုက်တွင် မင်းသမီးလေး မူဟာရီသည် ဘာရီမဟာလီတပ်မှူး ရှီဗာနန်နှင့်အတူ ကပ္ပတိန်ပရစ်ချတ်အပါးမှကပ်ပြီး ရန်သူတို့ကို ရှပ်ရှပ်ချွံချွံ ရဲရဲရင့်ရင့် တိုက်ခိုက်နေသည်။ မင်းသမီးလေး မူဟာရီသည် ကြောက်ရွံ့တုန်လှုပ်ခြင်း ကင်းသောအမူအယာဖြင့် မောင်းပြန်သေနတ်ကို မောင်းတင်ပြီး ရန်သူတို့ကို သေသေချာချာ ချိန်ရွယ်ပစ်ခတ်နေသည်။

ဤသို့အားဖြင့် ဗြိတိသျှတပ်က ရှပ်ရှပ်ချွံချွံ ရဲရဲရင့်ရင့် ဖိတိုက်လာသောအခါ ဖရိုဖရဲဖြစ်နေသော ချန္ဒရာပူရီ တပ်လည်း စိတ်ဓာတ်ကျသည်ထက်ကျလာကာ နောက်သို့ ကစဉ့်ကလျား ဆုတ်ခွာစပြုလာသည်။ ထိုသို့ဆုတ်ခွာသော ရန်သူတပ်ကို မြင်းလျင်တပ်သားများလည်း တရကြမ်းလိုက်ပြီး သုတ်သင် ချေမှုန်းပြန်သည်။ ထို့ကြောင့် ချန္ဒရာပူရီ တပ်သည်လည်း ကြောက်လန့်တကြားဖြင့် ခြေဦးတည့်ရာ ဆုတ်ခွာထွက်ပြေးကြသည်။

http://www.cherrythitsar.org



ထိုအခါ ဗြိတိသျှခြေလျင်တပ်နှင့် အိန္ဒိယတိုင်းရင်းသားတပ်တို့လည်း ရန်သူနောက်သို့ တဟုန်ထိုး ထက်ကြပ်မကွာ လိုက်ပြီး ရန်သူတို့ကိုတစ်ယောက်မကျန်ရအောင် ကောက်သင်းကောက်ချေမှုန်းသုတ်သင်ပြန်သည်။

ဤသို့အားဖြင့် ရန်သူတပ်ကြီး လုံးဝ အရေးနိမ့်သွားသည်ကို မြင်ရသောအခါ ကပ္ပတိန်ပရစ်ချတ်လည်း ဓားအိမ်တွင်းသို့ ဓားကို ပြန်သွင်းလိုက်သည်။ ထိုအခိုက်တွင် အပါးရှိနေသော မင်းသမီးလေး မူဟာရီက ....

"အစ်ကိုရေ တိုက်ပွဲတော့ ပြီးသလောက်ဖြစ်သွားပါပြီနော်။ ညီမတို့ဘာများ ဆောင်ရွက်စရာ ရှိသေးသလဲ" ဟု မေးလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က

"ညီမအနေနဲ့တော့ ဆောင်ရွက်စရာ မရှိတော့ဘူး။ အစ်ကို့အနေနဲ့ကတော့ ဆောင်ရွက်စရာ ကျန်နေသေးတယ် ညီမရေ။ ပြဿနာအရှုပ်အထွေးတစ်ရပ် ရှင်းသွားအောင်လို့ ကပ္ပတိန်ဘီထရမ်နောက်ကို အစ်ကို လိုက်ရဦးမယ်။ ဒီတော့ ဘုရင်ခံချုပ် ရောဘတ်ကလစ်ဆီကို ညီမသွားပြီး ကပ္ပတိန်ဘီထရမ်နောက်ကို အစ်ကို လိုက်သွားကြောင်း ပြောလိုက်ပါနော်" ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ....

"ညီမတော့ သဘောမတူချင်ဘူး အစ်ကိုရယ်။ ကပ္ပတိန်ဘီထရမ်နောက်ကို လိုက်မနေပါနဲ့တော့" ဟု ပြောရာ ကပ္ပတိန်ပရစ်ချတ်က ....

"အစ်ကို့ စကားကို နားထောင်ပါ ညီမရယ်။ အစ်ကို့ကို ကူညီတဲ့အနေနဲ့ ဘုရင်ခံချုပ် ရောဘတ်ကလစ်ဆီသွားပြီး အကျိုးအကြောင်း ပြောပေးပါ။ သူ့ကို ကြိုတင်ပြီး အကြောင်းမကြားရင် အစ်ကို့ကို တပ်ပြေးအဖြစ် ထပ်မံစွပ်စွဲတာကို ခံရဦးမယ်။ အစ်ကိုအနေနဲ့ကတော့ ကိုယ့်ပြဿနာကို ကိုယ်ကိုယ်တိုင်ပဲ ရှင်းချင်ပါတယ်" ဟု ပြောကြားသည်။

"အစ်ကိုရေ၊ ဘေးမသီ ရန်မခအောင် အစစအရာရာ သတိထားပါနော်။ အစ်ကိုသာ တစ်ခုခုဖြစ်သွားရင် ညီမရင်ကျိုးရလိမ့်မယ်" ဟု ပြောကြားလိုက်ရာ ကပ္ပတိန်ပရစ်ချတ်က အသာပြုံးလိုက်ရင်း ....

"စိတ်ချပါ ညီမရယ်။ အစ်ကို ဘေးမသီရန်မခဘဲ ချောချောမောမောပြန်ရောက်လာမှာပါ" ဟု ပြောကြားကာ မင်းသမီးလေး မူဟာရီကို လက်ပြနှုတ်ဆက်ရင်း ချန္ဒရာပူရီ မြို့တော်ဆီသို့ ဦးတည်ထွက်ခွာသွားသည်။

ချန္ဒရာပူရီ ရွှေနန်းတော်ကြီးကား တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ချန္ဒရာပူကြီးပြည့်ရှင် ဘုရင်ရှီရင်ဂါ–လားသည် ရာဇပလ္လင်အပါးတွင် နတ်ရွာစံကံတော်ကုန်လျက်ရှိသည်။

ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားသည် မိမိတို့ ချန္ဒရာပူရီတပ်က ဗြိတိသျှတပ်ကြီးကို အကြွင်းမဲ့ ချေမှုန်းလိုက်ပြီဖြစ်ကြောင်း အောင်ပွဲသတင်းကို

http://www.cherrythitsar.org



ရာဇပလ္လင်ထက်တွင် စံပယ်ရင်း စောင့်မျှော်နေခဲ့သည်။ ထိုအခိုက်တွင် သာဂ်ဂိုဏ်းသားနှစ်ဦးသည် ရှေ့တော်မှောက်သို့ ရောက်လာပြီး အောင်ပွဲသတင်းကို စောင့်မျှော်နေသည့် ဘုရင်ရှီရင်ဂါ–လား၏ လည်မျိုကို လူသတ်ကြိုးဖြင့် ရစ်ပတ်လိုက်ကြသည်။ ဘုရင် ရှီရင်ဂါ–လားလည်း တတ်စွမ်းသမျှ ရုန်းကန်တိုက်ခိုက်သေး၏။ သို့သော် နောက်ဆုံး၌မူ ဘုရင်ရှီရင်ဂါ–လားသည် ရာဇပလ္လင်အပါးတွင် ရုန်းရင်းကန်ရင်းနှင့်ပင် နတ်ရွာစံ ကံတော်ကုန်ခဲ့ရရှာသည်။

ဘုရင်ရှီရင်ဂါ–လား၏ အပါးတွင်လည်း ဝန်ကြီးချုပ် ရာမ်ကုမာရီ၏ အလောင်းကြီးသည် အခန့်သား တည်ရှိနေပေသည်။

သာဂ်ဂိုဏ်းသားတို့သည် ကာလီဒေဝီခေါ် မိန်းမလှစရိတာ၏ အမိန့်အတိုင်း ရွှေနန်းတော်ကို ဝင်စီးကာ ဘုရင်ရှီရင်ဂါ–လားနှင့် ဝန်ကြီးချုပ် ရာမ်ကုမာရီတို့၏ အသက်ကိုလည်းကောင်း၊ အရေးပါသော နန်းတွင်းအရာရှိတို့၏ အသက်ကိုလည်းကောင်း လုပ်ကြံသတ်ဖြတ်ခဲ့ကြပေပြီတကား။ ထို့ကြောင့်လည်း ရွှေနန်းတော်အခွင်လုံးသည် အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေတော့သည်။ မရဏရှင်သေမင်း၏ စံပျော်ရာဒေသဖြစ်နေပေသည်။ အသက်မသေကျန်ရှိနေသူတို့လည်း အကြောက်ကြီး ကြောက်ကာ တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ ကုပ်နေကြရသည်။

ထိုသို့ မရဏရှင်သေမင်း၏ စံပျော်ရာ ဒေသဖြစ်သော ရွှေနန်းတော်အတွင်းသို့ မိန်းမလှစရိတာသည် ခန့်ထည်သော အမူအရာဖြင့် လျှောက်လာပြီး ဘုရင်ရှီရင်ဂါ–လားနှင့် ဝန်ကြီးချုပ် ရာမ်ကုမာရီတို့၏ အလောင်းအပါးတွင် ခေတ္တမျှတွေပြီး ရပ်နေသည်။ ထို့နောက် ဘုရင်ရှီရင်ဂါ–လား၏ အလောင်းကို ခြေထောက်ဖြင့် ဆတ်ခနဲ တစ်ချက်ကန်လိုက်ပြီးနောက် အနီးရှိ ရွှေသလွန်ထက်၌ ခေတ္တထိုင်ရင်း ရွှေနန်းတော်ကြီးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

ဤရွှေနန်းတော်ကြီးကို ယခုအခါ၌ မိမိစိုးမိုးပိုင်သရပေတော့မည်။ ရွှေအိမ် ရွှေနန်း ရွှေကြငှန်းနှင့် ရွှေနန်း စည်းစိမ်ကို မိမိမြိန်မြိန်ကြီး ခံစားရပေတော့မည်။ မိမိကို လူအပေါင်းတို့က သက်ဦးဆံပိုင် ဧကရီဘုရင်မကြီးအဖြစ် တုပ်ဝပ်ရိုကျိုး ရှိခိုးကန်တော့ကြရတော့မည်။

မိန်းမလှစရိတာသည် ဤသို့တွေးတောရင်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ထိုအခိုက်တွင် ရွှေနန်းတော်တွင်းသို့ ကာလီမယ်တော်ကြီး ဘုရားကျောင်းက မိမိ၏လူယုံတော် မိန်းမပျိုတစ်ယောက် ဝင်ရောက်လာပြီး "ဘုရားကျောင်းတော်ကြီး၌ ကပ္ပတိန်ဘီထရမ် ရောက်ရှိနေကြောင်း" ပြောကြားလျှောက်တင်လိုက်သည်။

http://www.cherrythitsar.org



ထိုအခါ မိန်းမလှစရိတာလည်း ရွှေသလွန်ထက်မှ ဆတ်ခနဲ ရပ်လိုက်ရင်း .... "ကပ္ပတိန်ဘီထရမ်တောင် ရောက်လာပလား။ ကပ္ပတိန်ဘီထရမ်ရောက်လာတာဟာ အင်္ဂလိပ်စစ်တပ်ကြီး မရှုမလှ ရှုံးနိမ့်သွားပြီဆိုတဲ့ မင်္ဂလာသတင်းကောင်းကို လာပြီး အကြောင်းကြားတာပဲ ဖြစ်မယ်။ အင်း ... ဒီလိုဆိုတော့ ချန္ဒရာပူရီ ထီးစည်ကြငှန်းကို ငါ သိမ်းမြန်းအုပ်စိုးရတော့မှာပေါ့" ဟု ရေရွတ်ပြီးမှ ....

"ဘင်္ဂလားဘုရင် ဆရာတ်အဒူလာဟာလည်း ပြင်သစ်တွေနဲ့ အကူအညီယူပြီး အင်္ဂလိပ်တွေကို အိန္ဒိယနိုင်ငံက မောင်းထုတ်ပစ်လိမ့်မယ်။ ဒီလိုအင်္ဂလိပ်တွေကို မောင်းထုတ်ပစ်ပြီးတဲ့ အခါကျမှ ဘင်္ဂလားဘုရင် ဆရာတ်အဒူလာကို သာဂ်ိဂိုဏ်းသားတွေ အကူအညီနဲ့ လုပ်ကြံရမယ်။ ဒီလိုဆိုရင် အိန္ဒိယပြည်တစ်ဝှမ်းလုံးကို ငါတစ်ယောက်တည်း ပြိုင်ဖက်မရှိ အုပ်ချုပ်စိုးမြန်းနိုင်ပေမယ်" ဟု ရေရွတ်ကြုံးဝါးလိုက်သည်။

ထို့နောက် မိမိလူယုံတော် မိန်းမပျိုလေးနှင့်အတူ ကာလီမယ်တော်ကြီး ဘုရားကျောင်းသို့ ခပ်သွက်သွက် ပြန်လာတော့သည်။

မိန်းမလှ စရိတလည်း ကာလီမယ်တော်ကြီး ကျောင်းတော်သို့ ပြန်လာခဲ့ရာ၊ ကာလီမယ်တော်ကြီး ဘုရားကျောင်း အတွင်းဆောင်၌ မိမိကိုအသင့် စောင့်နေသော ကာနယ်ဒါကုတ်ကို တွေ့ရသည်။ ကာနယ်ဒါကုတ်က "ကပ္ပတိန်ဘီထရမ်၏ အမှုအရာမှာ အကဲမရလှကြောင်း၊ စိုးရိမ်ပူပန်သည့်အသွင်ဆောင်နေကြောင်း" ပြောကြားလိုက်ရာ၊ မိန်းမလှ စရိတက အသာရယ်မောရင်း ....

"ရှင် ပေးမယ်ဆိုတဲ့ ကတိစကားတည်မှ တည်ပါ့မလားလို့ တွေးတောပြီး စိုးရိမ်ပူပန်နေတာ ဖြစ်မှာပေါ့ရှင်" ဟု ပြောလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ဒီအတိုင်းပဲ ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်ဗျာ။ တကယ်တော့ ဒီမျိုးဖျက် သစ္စာဖောက်တွေနဲ့ ကျုပ်အဆက်အဆံ မလုပ်ချင်ပါဘူး။ ဒီကောင်တွေကစိတ်သဘောထား ယုတ်ညံ့သိမ်ဖျင်းတဲ့လူတွေပဲ။ ဒီလိုလူယုတ်မာတွေဟာကောင်းကျိုးထက် ဆိုးပြစ်ကိုသာ လုပ်တတ်ကြတယ်။ ကျုပ်အနေနဲ့တော့နောင်ကို ဒီလိုလူစားမျိုးတွေနဲ့ လုံးဝ အဆက်အဆံ မလုပ်တော့ပါဘူးဗျာ" ဟု ပြောကြားသည်။

ထိုအခိုက်တွင် ကာနယ်ဒါကုတ်နှင့် မိန်းမလှစရိတတို့ ရှိရာသို့ ကပ္ပတိန်ဘီထရမ် လျှောက်လာသည်။ ကပ္ပတိန်၏ခါးတွင် ပစ္စတိုတစ်လက် ချိတ်ထားပြီး၊ ပစ္စတိုတစ်လက်ကို ခါးကြားထိုးထားသည်။

http://www.cherrythitsar.org



ကပ္ပတိန်ဘီထရမ်ကို မြင်ရသောအခါ မိန်းမလှ စရိတာက လက်ကို မြှောက်ကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ရင်း ....

"ဘယ်နဲ့လဲ ကပ္ပတိန်ဘီထရမ်၊ စစ်မြေပြင် သတင်းစကားကို ပြော ကြားချင်လို့ လာတာ မဟုတ်ဘား။ စစ်မြေပြင်မှာ ကျွန်မတို့ အနိုင်ရတယ် မဟုတ်လား" ဟု မေးလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်က အက်ကွဲသော အသံကြီး ဖြင့် ....

"မဟုတ်ဘူး၊ ကျုပ်တို့ ရှုံးတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာလီမယ်တော်ကြီး ဘုရားကျောင်းတစ်ခုလုံးသည် ရုတ် တရက် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ မိန်းမလှစရိတာလည်း အလွန် အမင်း စိတ်ထိခိုက်သွားရာမှ အသက်ကို ပြင်းပြင်းရှူရင်း ....

"ရှင် ... ပြက်ရယ်ပြုပြီး ပြောတာပါ။ ရှင် လိမ်ပြောတာပါ။ ဒီအချိန် ဟာ ပြက်ရယ်ပြုရမယ့် အချိန်မဟုတ်ဘူး။ လိမ်ပြောရမယ့် အချိန် မဟုတ်ဘူး" ဟု ဒေါသတကြီး အော်ပြောလိုက်သည်။

ထိုအခါ ကပ္ပတိန်ဘီထရမ်လည်း မည်သို့မျှ ပြန်မပြောဘဲ သုန်မှုန် သော မျက်နှာထားဖြင့် ခေါင်းကို ခါလိုက်သည်။ ဤတွင် ကာနယ်ဒါကုတ်က

"ဘာဖြစ်လို့ စစ်ပွဲမှာ ကျုပ်တို့ဖက်က ရှုံးရတာလဲ။ စစ်ပွဲမှာ ကျုပ်တို့ အသေအချာ နိုင်နိုင်တယ် မဟုတ်လား" ဟု မေးလိုက်ရာ ကပ္ပတိန်ဘီထရမ် လည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ရင်း ....

"ပရစ်ချတ်ပေါ့။ ခွေးကောင် ပရစ်ချတ်ပေါ့၊ ဒီခွေးကောင်ဟာ ကံကို အလွန်ကောင်းနေတယ်။ မိန်းမလှ ရူမနီကို သတ်တဲ့အမှုနဲ့ သေဒဏ် အပေးခံရ တော့မယ့် ဆဲဆဲမှာ ဘုရင့်ဧည့်သည်တော်အဖြစ် ဟောဒီချန္ဒရာပူရီကို လာရ တယ်။ ချန္ဒရာပူရီက ထွက်ပြေးပြီး မဒရပ်မြို့တော်ကို ရောက်တော့လည်း ကံ ကောင်းထောက်မနေပြန်တယ်။ ဟောဒီ ဘုရားကျောင်းဆောင်ထဲမှာ ကျုပ်တို့ ဆွေးနွေးတိုင်ပင်တာကို ကြားသွားပြီး၊ လျှို့ဝှက်သတင်းစကားအားလုံးကို မင်းသမီးလေးမူဟာရီကတစ်ဆင့် ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို အချိန်မီ သတိပေးနိုင်ခဲ့တယ်" ဟု ပြောကြားရာမှ ဘုရားကျောင်းတံခါးဝဆီသို့ ငေး ကြောင်ပြီး ကြည့်ရှုနေသည်။ ထို့နောက် ဆက်လက်၍ ....

"ချန္ဒရာပူရီတပ်ကြီး ချီတက်လာတဲ့အခါမှာ တစ်နည်းနည်းနဲ့ အချက်ပေးပါ့မယ်လို့ ကတိပြုခဲ့တဲ့အတိုင်း ကပ္ပတိန်ပရစ်ချတ်ဟာ လက်နက်ခဲ ယမ်းမီးကျောက်တင်တဲ့ လှည်းကြီးတွေကို ဖျက်ဆီးပြီး အချက်ပေးနိုင်ခဲ့တယ်။ လက်နက် ခဲယမ်းမီးကျောက် လှည်းကြီးတွေ ပေါက်ကွဲသံဟာ သေတဲ့လူ နိုးလောက်အောင် ဆူညံလေတော့ ဘုရင်ခံချုပ်ရောဘတ်ကလစ်ဟာ အမှုမဲ့

http://www.cherrythitsar.org



အမှတ်မဲ့ မချီတက်ခိုင်းတော့ဘဲ ရှေ့ပြေးကင်းထောက်တပ်ကို စေလွှတ်ပြီး စုံစမ်းခိုင်းတော့တယ်။ အဲဒီအခါမှာ ချန္ဒရာပူရီတပ်က တောင်ကြားလမ်း တစ်ဖက်တစ်ချက်က တောင်စောင်းတွေမှာ ပုန်းအောင်းစောင့်ဆိုင်းနေတာကို သိသွားတာပေါ့။ ဒီတော့ ချန္ဒရာပူရီတပ်ရဲ့ နောက်ကျောဖက်ကနေပြီး မဒရပ် မြင်းလျင်တပ်ကို နေရာယူခိုင်းပြီး ချန္ဒရာပူရီတပ်ကို နှစ်ဖက်ညှပ်တိုက်ခိုင်းတယ်။ ဒီတော့ ချန္ဒရာပူရီတပ်လည်း ကြွံကြွံမခိုင်နိုင်တော့ဘဲ ဆုတ်ခွာ ထွက်ပြေးရတာပေါ့" ဟု ပြောကြားသည်။

ထိုအခါ မိန်းမလှ စရိတက ....

"ဒီတော့ ချန္ဒရာပူရီတပ်မကြီးက လာရောက်ပြီး အားသစ်မဖြည့်ဘူးလား။ ကူပြီး မတိုက်ဘူးလား" ဟု ခပ်တိုးတိုး မေးလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်က ....

"အချိန်မီ မလာရောက်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ လက်နက်ခဲယမ်းမီးကျောက် လှည်းကြီးတွေ ဆက်တိုက်ပေါက်ကွဲတဲ့အခါမှာ ချန္ဒရာပူရီတပ်မကြီးက ဆင်တပ်ဟာ သွေးရူးသွေးတန်းဖြစ်သွားပြီး ကိုယ့်တပ်ကို ကိုယ်ပြန်နင်းနေလို့ပဲ။ ဒီတော့ တပ်ကို ပြန်စုနေရတာနဲ့ အချိန်ကြန့်ကြာသွားတယ်။ ဒီအချိန်မှာပဲ ကပ္ပတိန်ပရစ်ချတ်ဟာ မဒရပ်မြင်းလျင်တပ်ကို တပ်ဦးက ခေါင်းဆောင်ပြီး ချန္ဒရာပူရီတပ်ကို ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းတယ်။ ဒီလိုနည်းနဲ့ ချန္ဒရာပူရီတပ်ဟာ မရှုမလှ ဆုံးရှုံးပျက်စီးသွားတယ်" ဟု ပြောကြားသည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ဒီတော့ ခင်ဗျားက ဘာလုပ်နေသလဲ" ဟု မေးလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်လည်း နာကျည်းသော အသံကြီးဖြင့် ရယ်မောရင်း ....

"ကျွန်တော်လား၊ ကျွန်တော့်ကို ဘုရင်ခံချုပ် ရောဘတ်ကလစ်က ဖမ်းဆီးဖို့ အမိန့်မပေးခင်မှာ တပ်က ထွက်ပြေးလာခဲ့တာပေါ့။ ကျွန်တော်က မင်းသမီးလေး မူဟာရီကတစ်ဆင့် ကပ္ပတိန်ပရစ်ချတ် ပြောကြား သတိပေးချက်တွေကို မဟုတ်မှန်ပါဘူးလို့ အတိအလင်းပြောခဲ့တယ် မဟုတ်လား။ ဒီတော့ ဘုရင်ခံချုပ်ရောဘတ်ကလစ်က ကျွန်တော့်ကို ဖမ်းပြီး စစ်ခုံရုံးမတင်ခင်မှာ အချိန်မီ ထွက်ပြေးခဲ့ရတာပေါ့" ဟု ပြောကြားသည်။

ထိုအခါ မိန်းမလှစရိတက ကပ္ပတိန်ဘီထရမ်ကို စက်ဆုပ်ရွံရှာသော အကြည့်ဖြင့် ကြည့်ရင်း ....

"ရှင်ဟာ သိပ်ကိုသစ္စာဖောက်တဲ့လူပဲ၊ မင်းသမီးလေး မူဟာရီကတစ်ဆင့် ကပ္ပတိန်ပရစ်ချတ် ပြောကြားသတိပေးတဲ့ သတင်းစကားကို မဟုတ်မမှန်ပါဘူးလို့ ရှင်အတိအလင်း ပြောခဲ့တဲ့အတွက် ရှင် ဘာမှ ကြောက်စရာမလို

http://www.cherrythitsar.org



ပါဘူး။ ဒါဟာ အဓိပ္ပာယ်အကောက် အယူ မတူတာပဲရှိတယ်။ ရာဇဝတ်မှု မဟုတ်ဘူး၊ ပြစ်မှုမဟုတ်ဘူး၊ ဒီအတွက် ရှင့်ကို ဘုရင်ခံချုပ် ရှေ့ဘာတ်ကလစ် က အရေးမယူနိုင်ပါဘူး" ဟု ပြောလိုက်ရာ ကပ္ပတိန်ဘီထရမ်က ....

"ကျွန်တော့်မှာ ဘုရင်ခံချုပ်ရှေ့ဘာတ်ကလစ် အရေးယူနိုင်တဲ့ ပြစ်ချက်နှစ်ရပ်ရှိခဲ့တယ်။ ပထမပြစ်ချက်ကတော့ မိန်းမလှလေး ရူမနီကို သတ်ခဲ့တဲ့ လူသတ်မှုပဲ၊ ကျွန်တော့်အပေါ် သစ္စာဖောက်တဲ့အတွက်ကြောင့် ရူမနီကို ကျွန်တော်ကိုယ်တိုင် သတ်ခဲ့မိတယ်။ ဒုတိယပြစ်ချက်ကတော့ ကျွန်တော့် တိုင်းပြည်ကို သစ္စာဖောက်တဲ့အမှုပါပဲ၊ ကျွန်တော်ဟာ ကာနယ်ဒါကုတ်က ဘုရင်ခံချုပ် ရာထူးပေးမယ်ဆိုတဲ့ ကတိကို ယုံစားပြီး ဗြိတိသျှတပ်ကို ချန္ဒရာပူရီတပ်က ထောင်ချောက် ဆင်ထားတဲ့နေရာကို ရောက်အောင် ဦးဆောင်ခေါ်သွားခဲ့တယ်။ ဒီပြစ်ချက်နှစ်ရပ်ကို ဘုရင်ခံချုပ် ရှေ့ဘာတ်ကလစ် ရိပ်စားမိနိုင်ပါတယ်" ဟု ပြောလိုက်သည်။

ထိုအခါ ကာနယ်ဒါကုတ်က ....

"ခင်ဗျားဟာ အရူးပဲ၊ ခင်ဗျားရဲ့ ပြစ်ချက်နှစ်ရပ်ကို ဘယ်သူသိသလဲ၊ သက်သေခံ အထောက်အထားကော အထင်အရှား၊ အခိုင်အလုံရှိလို့လား၊ ဒီအကြောင်းတွေက ကျုပ်တို့ သုံးယောက်တည်း သိတဲ့ကိစ္စပဲ မဟုတ်လား" ဟု ပြောလိုက်ရာ ကပ္ပတိန်ဘီထရမ်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ....

"ဟုတ်တယ်၊ ကျွန်တော်တို့ သုံးယောက်တည်း သိတဲ့ကိစ္စပါပဲ" ဟု ပြောရာမှ ခါးတွင်ထိုးထားသော ပစ္စတိုတို့ကို ဖျတ်ခနဲ ဆွဲထုတ်ပြီး ကာနယ်ဒါကုတ်နှင့် မိန်းမလှစရိတတို့ကို ချိန်ရွယ်ထားလိုက်သည်။ ပစ္စတိုနှစ်လက်စလုံးပင် အသင့်မောင်းတင်ထားပြီးဖြစ်လေရာ မိန်းမလှစရိတလည်း ကပ္ပတိန်ဘီထရမ်ကို ကြောက်လန့်တကြား ကြည့်ရင်း ....

"ရှင် ဘာလုပ်မလို့လဲ၊ ကျွန်မတို့က ရှင့်ကို သစ္စာဖောက်မယ်လို့များ ထင်နေသလား" ဟု မေးလိုက်ရာ ကပ္ပတိန်ဘီထရမ်က ....

"ကျွန်တော့်ကို ခင်ဗျားတို့ သစ္စာဖောက်လို့လည်း မရတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့နှစ်ယောက်စလုံး သေလူတွေပဲကိုး၊ ခင်ဗျားတို့ နှစ်ယောက်ရှိနေသမျှ ကာလပတ်လုံး ကျွန်တော်အဖို့ နောက်ကြောင်းအေးမှာ မဟုတ်ဘူး။ ဘုရင်ခံချုပ်ရှေ့ဘာတ်ကလစ်က အစ်အောက်မေးတဲ့အခါမှာ ခင်ဗျားတို့ ဖော်ကြမှာပဲ။ ခင်ဗျားတို့နှစ်ယောက် မရှိရင်တော့ ကျွန်တော် အပြစ်ကင်းတဲ့အကြောင်းကို ဘုရင်ခံချုပ်ရှေ့ဘာတ်ကလစ် ယုံလောက်အောင် ကြံဖန်ပြီး ပြောရင် ရချင်ရနိုင်ပါသေးတယ်" ဟု ပြောရင်း ကာနယ်ဒါကုတ်နှင့် မိန်းမလှ

http://www.cherrythitsar.org



စရိတတို့ကို ချိန်ရွယ်ထားသည့် ပစ္စတိုနှစ်လက်စလုံး၏ မောင်းကို ဆွဲချလိုက်သည်။

ပစ္စတိုတစ်လက်မှ ကျည်ဆန်သည် ခါးတွင် ချိတ်ထားသော သေနတ်ကို အသင့်ဆွဲထုတ်ပြီးဖြစ်သော ကာနယ်ဒါကုတ်၏ နှလုံးသားကို ဖောက်ထွင်းသွားရာ ကာနယ်ဒါကုတ်လည်း ဘုရားကျောင်း ကြမ်းပြင်ပေါ်သို့ မှောက်လျက် လဲကျသွားသည်။ ပစ္စတိုတစ်လက်မှ ကျည်ဆံသည် မိန်းမလှစရိတ၏ ချက်အထက် တစ်လက်မအကွာနေရာကို ဖောက်ထွင်းသွားရာ မိန်းမလှစရိတလည်း ကြမ်းပေါ်သို့ ဒူးထောက်လျက် လဲကျသွားသည်။ ကာနယ်ဒါကုတ်မှာ ပွဲချင်းပြီး သေဆုံးသွားသော်လည်း မိန်းမလှစရိတကား ပွဲချင်းပြီး မသေဆုံးပေ။ ထို့ကြောင့် မိန်းမလှစရိတလည်း အားတင်းကာ တစ်စုံတရာ ပြောကြားဖို့ ကြိုးစားရှာသည်။ သို့သော် ပြော၍မထွက်ပါပေ။

ထိုအခိုက်တွင် ကပ္ပတိန်ဘီထရမ်သည် အေးဆေးတည်ငြိမ်သော အသွင်ဖြင့် ပစ္စတိုတစ်လက်ကို ခါးတွင် ချိတ်ထားသော အိတ်ထဲသို့ ပြန်ထည့်သည်။ ထို့နောက် အခြားပစ္စတိုတစ်လက်ကို ကျည်အသစ်ထပ်ထိုးကာ မောင်းတင်လိုက်ပြီး ....

"မိန်းမချောလေးရေ၊ ခင်ဗျား အသက်မသေဘဲ ပြန်ရှင်လာမှာကို မလိုလားပါဘူး။ ပြီးတော့ မိန်းမသားတစ်ယောက် ဝေဒနာခံစားတာကိုလည်း မကြည့်ရက်ပါဘူး။ ဒီတော့ ဟောဒီလက်ဆောင်ကို ထပ်ပြီး ခံယူပါဦးဗျာ" ဟု ပြောရင်း မောင်းကို ဖြုတ်ချလိုက်သည်။

ထိုအခါ မိန်းမလှစရိတလည်း ကြမ်းပေါ်သို့ ပုံလျက်လဲကျသွားတော့သည်။ ထိုအခိုက်တွင် စိတ်ဓာတ်ပြင်းထန်လှသော မိန်းမလှစရိတက ထွီခနဲ တံတွေးထွေးလိုက်ပြီး ....

"ကာနယ်ဒါကုတ်က ပြောတယ်။ နင်ဟာ စိတ်သဘောထား ယုတ်ညံ့ဖျင်းတဲ့လူတဲ့၊ ဒီလိုလူယုတ်မာတွေဟာ ကောင်းကျိုးထက် ဆိုးပြစ်ကိုသာ လုပ်တတ်ကြတယ်တဲ့၊ မှန်လိုက်လေကွယ်" ဟု ရေရွတ်ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ဘီထရမ်က ဟက်ဟက်ပက်ပက် ပြုံးရယ်လိုက်ရင်း ....

"ခင်ဗျားကို ကျွန်တော် ဒုက္ခထပ်မပေးပါတော့ဘူးဗျာ" ဟု ပြောကြားပြီး ပစ္စတိုသေနတ်ကို မြှောက်ကာ မိန်းမလှစရိတ၏ ခေါင်းကို တည့်တည့်ကြီး ချိန်ရွယ်လိုက်သည်။

[၁၇]

# ယုတ်မာသူတို့ စတ်သိမ်း

ကပ္ပတိန်ပရစ်ချတ်လည်း ကာလီမယ်တော်ကြီးဘုရားကျောင်းရှိရာသို့ မြင်းကို ဒုန်းစိုင်းလာခဲ့ရာ ဘုရားကျောင်းသို့ ရောက်ခါနီးမိုင်ဝက်ခန့်အလိုတွင် ပစ္စတို သေနတ်သံများကိုကြားလိုက်ရသည်။ ထို့ကြောင့် ဘုရားကျောင်းတော် တံခါးဝသို့ ရောက်၍ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းမိသည်နှင့် တစ်ပြိုင်နက် ဓားအိမ်မှ ဓားကို ဖျတ်ခနဲ ဆွဲထုတ်လိုက်တော့သည်။

ထို့နောက် ကပ္ပတိန်ပရစ်ချတ်လည်း ဓားကို တင်းတင်းဆုပ်ပြီး ဘုရားကျောင်းတော်ကြီးသို့ ခြေသံပြင်းပြင်းနှင့် ဝင်သွားသည်။ ကပ္ပတိန်ပရစ်ချတ်၏ ခြေသံကြောင့် သွေးအိုင်ထဲ လဲနေသော မိန်းမလှစရိတာကို ငုံ့ကြည့်နေသည့် ကပ္ပတိန်ဘီထရမ်လည်း ချာခနဲ လှည့်ကာ ကပ္ပတိန်ပရစ်ချတ်ကို လက်တွင်းရှိ ပစ္စတိုနှင့် ပစ်ထည့်လိုက်သည်။ သို့သော် ကျည်ဆံမှာ ကပ္ပတိန်ပရစ်ချတ်ကို မထိဘဲ သီသီလေး ပွတ်သွားရာ ကပ္ပတိန်ဘီထရမ်လည်း လက်တွင်းရှိ ပစ္စတိုကို ကြမ်းပေါ်သို့ ပေါက်ချလိုက်ပြီးလျှင် ခါးတွင် ချိတ်ထားသော ဓားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်ကို ဓားနှင့်စတင်ခုတ်လိုက်သည်။

ထိုအခါမှစ၍ ကပ္ပတိန်ပရစ်ချတ်နှင့် ကပ္ပတိန်ဘီထရမ်တို့သည် တစ်ဦးနှင့်တစ်ဦး အပြိုင်တကြီးဖြင့် သဲသဲမဲမဲ ထိုးခုတ်ကြတော့သည်။ ထိုသို့ ထိုးခုတ်ကြရာတွင် ကပ္ပတိန်ဘီထရမ်၏ လက်မောင်းတွင် ကပ္ပတိန်ပရစ်ချတ်၏ ဓားချက်ကြောင့် ဒဏ်ရာအနည်းငယ် ရသွားသည်။ ထို့ကြောင့် ကပ္ပတိန်ဘီထရမ်လည်း ရုတ်တရက် လန့်သွားပြီး နောက်သို့ အနည်းငယ် ဆုတ်ပေးလိုက်သည်။ သို့သော် ချက်ချင်းအားတင်းကာ ကပ္ပတိန်ပရစ်ချတ်ကို ဖိပြီး အတင်းဝင်ခုတ်သည်။ ထိုသို့ ခုတ်ရင်း ....

http://www.cherrythitsar.org



"ဟော့ကောင် တမ်။ မင်းကို ငါ အသေသတ်မယ်။ မင်းသေတဲ့အခါ ကျတော့ တိုက်ပွဲပြင်းထန်နေတုန်းမှာ စစ်မြေပြင်က မင်းထွက်ပြေးသွားတယ်။ ဒါကြောင့် မင်းနောက်ကို ငါလိုက်ခဲ့တယ်။ ဒီတော့ ဟောဒီ ဘုရားကျောင်းကို မင်းလာပြီး မိန်းမလှစရိတနဲ့ ကာနယ်ဒါကုတ်တို့ကို မင်း စိတ်ပြောင်းသွားတဲ့ အကြောင်းပြောနေတာကို ငါကြားရတယ်။ မိန်းမလှစရိတနဲ့ ကာနယ်ဒါကုတ်တို့ကို မင်းသေနတ်နဲ့ ပစ်သတ်တာကိုလည်း ငါမြင်ရတယ်လို့ ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို ငါပြောလိုက်မယ်" ဟုလည်း ကြိမ်းဝါးပြောဆိုသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဟော့ ... လူသတ်သမား၊ စရိတနဲ့ ကာနယ်ဒါကုတ်ကို မင်းသတ်ခဲ့သလို မိန်းမလှလေး ရူမနီကိုလည်း မင်းသတ်ခဲ့တာပဲ မဟုတ်လား" ဟု ပြောလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်က ....

"ဩော် ... ဒီအကြောင်းကို မင်းတောင် သိနေမှကိုး။ ဘယ်နည်း ဘယ်ပုံသိတယ်ဆိုတာလေးလည်း တစ်ဆိတ်လောက် မင်းစမ်းပါဦး" ပြောကြားသည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်လည်း ကပ္ပတိန်ဘီထရမ်ကို တန်ပြန် ထိုးခုတ်တိုက်ခိုက်ရာမှ ....

"မင်း သိချင်ရင်လည်း ပြောရတာပေါ့လေ။ ဘုရင်ခံချုပ် ရောဘတ်ကလစ်ရဲ့ ရွက်ထည်တဲထဲမှာ မင်းရဲ့ မြင်းစီးဖိနပ် ဖနောင့်ဆူးဘီးကြောင့် ခြစ်ရာလေးတွေ ထင်နေတာကို ငါအမှတ်မထင် သတိပြုမိတယ်။ ဒီလို ခြစ်ရာလေး မျိုးကို မိန်းမလှလေး ရူမနီရဲ့တဲထဲမှာ ငါတွေ့ခဲ့ဖူးတယ်။ ဒီတော့ ရူမနီရဲ့ တဲထဲကို ငါအရင် မင်းရောက်ခဲ့ပြီး ရူမနီကို သတ်ခဲ့တာဖြစ်မယ်လို့ ငါကောက်ချက် ချမိတယ်။ ဘယ်နဲ့လဲ ... ဟုတ်တယ် မဟုတ်လား" ဟု ပြောကြားလိုက်ရာ ကပ္ပတိန်ဘီထရမ်က ....

"ဟုတ်တယ်။ ရူမနီကို ငါသတ်ခဲ့တယ်။ ဘာကြောင့် ငါသတ်သလဲ ဆိုတော့ ရူမနီမှာ ငါ့ကြောင့် ကိုယ်ဝန်ရှိသွားလို့ပဲ။ ငါ့ကြောင့် ကိုယ်ဝန်ရှိတဲ့ အကြောင်းကို ဘုရင်ခံချုပ် ရောဘတ်ကလစ်ကိုပဲဖြစ်ဖြစ်၊ ကာနယ်လောရင့်ကိုပဲ ဖြစ်ဖြစ် သွားတိုင်ရင် ငါလှလှကြီး ချောက်ကျနိုင်တယ်။ ပြီးတော့ ရူမနီဟာ အေးအေးဆေးဆေး မနေဘဲ ငါ့အကြောင်းတွေကို လိုက်ပြီး စုံစမ်းတယ်။ ငါ့ လျှို့ဝှက်ချက်တွေကို သိသွားတယ်။ ဒါကြောင့် ငါ့ကို ဒုက္ခမပေးနိုင်အောင် ရူမနီကို သတ်လိုက်တယ်။ ဘာဖြစ်သလဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

http://www.cherrythitsar.org


"ဘာကြောင့် ငါ့ဓားမြှောင်ကို အသုံးပြုရတာလဲ" ဟု မေးလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်က ....

"မင်းရဲ့ ဘွတ်ဖိနပ်ကို ဆေးတုန်းမှာ မင်းဓားမြှောင်ကို မေ့ထားခဲ့တယ်။ အဲဒီတုန်းက မင်းကို ပြန်ပေးဖို့ဆိုပြီး ငါကောက်ယူခဲ့တယ်။ ဒါပေမဲ့ ပြန်မပေးဖြစ်ဘဲ ငါ့ဆီမှာ ပါလာတယ်။ အဲဒီညမှာပဲ ရှုမနီဆီကို ငါသွားတယ်။ ပြီးတော့ ငါ့ဆီမှာ အလွယ်တကူ ပါလာတဲ့ မင်းရဲ့ ဓားမြှောင်နဲ့ပဲ ရှုမနီကို ထိုးသတ်လိုက်တယ်" ဟု ပြောကြားပြီးမှ ....

"အခုလည်း မင်းကို ငါသတ်ရဦးမယ်။ မင်းသေသွားရင် ငါ့အဖို့ ဒုက္ခခပ်သိမ်းက ငြိမ်းသွားမှာပါပဲ။ မိန်းမလှစရိတနဲ့ ကာနယ်ဒါကုတ်တို့ အလောင်းဘေးမှာ မင်းရဲ့ အလောင်းကို တွေ့ရတဲ့အတွက် ဘယ်သူမှ အံ့ဩမှာ မဟုတ်ဘူး။ ဘယ်သူကမှလည်း ငါ့ကို မေးလား စမ်းလား လုပ်နေမှာ မဟုတ်ဘူး။ မေးလား စမ်းလား လုပ်ရင်လည်း ပြေအောင် ငါဖြေရှင်းနိုင်ပါတယ်" ဟု ပြောကြားသည်။

ထိုသို့ပြောရင်း ကပ္ပတိန်ဘီထရမ်သည် ကပ္ပတိန်ပရစ်ချတ်၏ ဓားချက်တို့ကို ဖယ်ရှားနေရသည်။ တစ်ဦးကိုတစ်ဦး အလစ်မပေးဘဲ ဆက်ပြီး ထိုးခုတ်နေကြသည်။ နှစ်ဦးစလုံးမှာ လက်ရည်တူချည်းများသာဖြစ်ရာ၊ တစ်ဦးကိုတစ်ဦး အနိုင်ရအောင် တိုက်ခိုက်ရသည်မှာ မလွယ်ကူလှပေ။

ထိုသို့ ပြင်းပြင်းထန်ထန် ထိုးခုတ်နေခိုက်တွင် ကပ္ပတိန်ပရစ်ချတ်၏ ပြင်းထန်လှသော ဓားချက်ကြောင့် ကပ္ပတိန်ဘီထရမ်၏ လက်တွင်းမှ ဓားသည် အခန်းထောင့်ရှိ ကာနယ်ဒါကုတ်၏ အလောင်းဘေးသို့ လွင့်ထွက်သွားသည်။ ထိုအခါ ကပ္ပတိန်ဘီထရမ်လည်း လွင့်ထွက်သွားသော မိမိဓားရှိရာသို့ ကြောက်လန့်တကြား ဒိုက်ထိုးလိုက်သည်။ ထိုအခါ ကပ္ပတိန်ဘီထရမ်၏ လက်သည် ကာနယ်ဒါကုတ် လွတ်ကျသွားသော ပစ္စတိုပေါ်သို့ ကျသွားသည်။ ဤတွင် ကပ္ပတိန်ဘီထရမ်လည်း ပစ္စတိုကို ကောက်ယူပြီး လဲနေရာမှ ကိုယ်ကို တစ်ပတ်လှည့်လိုက်သည်။ ထို့နောက် ကပ္ပတိန်ပရစ်ချတ်ကို တည့်တည့်ကြီး ထိုးချိန်ကာ ....

"သူငယ်ချင်း၊ ဘုရားသခင်ထံမှာ ဆုမွန်ကောင်း တောင်းပေတော့" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် အသက်ပြင်းလှသော မိန်းမလှ စရိတ၏ လက်တစ်ဖက်သည် သေနတ်ကိုင်ထားသော ကပ္ပတိန်ဘီထရမ်၏ လက်ကို ဖမ်းဆွဲလိုက်သည်။ ထိုအခါ ကပ္ပတိန်ဘီထရမ်လည်း မိန်းမလှ စရိတလက်တွင်းမှ လွတ်အောင် လက်ကို တအားဆောင့်ရုန်းနေရသည်။ ထိုအခိုက်တွင်ပင် ကပ္ပတိန်

ပရစ်ချတ်သည် ကပ္ပတိန်ဘီထရမ်၏ အပါးသို့ရောက်လာပြီး လက်ကို လိမ်ကာ ပစ္စတိုကို ဆွဲယူလိုက်သည်။

ထိုအခိုက်တွင်ပင် ဘုရင်ခံချုပ် ရောဘတ်ကလစ်နှင့် မင်းသမီးလေး မူဟာရီတို့သည် ဘုရားကျောင်းတော်တွင်းသို့ ပြေးဝင်လာကြသည်။ ထိုအခါ သွေးအိုင်ထဲ၌ လဲနေသော မိန်းမလှစရိတကို လည်းကောင်း၊ ကြမ်းပေါ်တွင် လဲနေရာမှ ကပ္ပတိန်ပရစ်ချတ်ကို မျက်လုံးအဝိုင်းသားနှင့် ကြောက်လန့်တကြား မော့ကြည့်နေသော ကပ္ပတိန်ဘီထရမ်ကို လည်းကောင်း၊ ပစ္စတိုကိုင်ထားရာမှ ကပ္ပတိန်ဘီထရမ်ကို ငုံ့ကြည့်နေသော ကပ္ပတိန်ပရစ်ချတ်ကို လည်းကောင်း တွေ့မြင်ကြရသည်။

ဘုရင်ခံချုပ် ရောဘတ်ကလစ်ကို မြင်သောအခါ သွေးအိုင်ထဲလဲနေသော မိန်းမလှစရိတက လက်ပြပြီး ခေါ်လိုက်ရာ၊ ဘုရင်ခံချုပ်ရောဘတ်ကလစ်လည်း မိန်းမလှစရိတ အပါးတွင် ဒူးထောက်ထိုင်လိုက်သည်။ ထိုအခါ မိန်းမလှ စရိတက လေသံသဲ့သဲ့ဖြင့် ....

"ရှင် အလိုရှိတဲ့ သူကတော့ ကပ္ပတိန်ဘီထရမ်ပါပဲ။ ရူမနီကို သတ်တဲ့ သူကလည်း ဘီထရမ်ပါပဲ။ ရှင်တို့ကို သစ္စာဖောက်ပြီး ပြင်သစ်တွေအတွက် သူလျှိုလုပ်တဲ့ သူကလည်း ဘီထရမ်ပါပဲ" ဟု ပြောကြားသည်။ ထို့နောက် အားတင်းပြီး ....

"ကပ္ပတိန်ပရစ်ချတ်ဟာ အပြစ်ကင်းတဲ့ လူတစ်ယောက်ပါ။ ဘီထရမ်ဟာ သူ့ဓားမြှောင်ကို ခိုးပြီး ရူမနီကို သတ်ခဲ့တာပါ" ဟု ပြောကြားသည်။

ထို့နောက် အတန်ကြာအောင် စကားမပြောနိုင်သေးဘဲ အနားယူပြီးမှ ခေါင်းကို တစ်ဖက်သို့ စောင်းလိုက်ရာ၊ ကပ္ပတိန်ဘီထရမ်ကို တွေ့မြင်သွားသည်။ ထိုအခါ မိန်းမလှလေး စရိတက မချိပြုံးပြုံးလိုက်ရင်း ....

"ကပ္ပတိန်၊ စိတ်သဘောထား ယုတ်ညံ့သိမ်ဖျင်းတဲ့ ယောကျ်ား ဆောတွေ့သလို၊ စိတ်သဘောထား ယုတ်ညံ့သိမ်ဖျင်းတဲ့ မိန်းမလည်း ဆောတွေ့တာပါပဲ" ဟု ရေရွတ်ပြောကြားပြီး၊ ကိုယ်ကို တစ်ချက်တွန့်ကာ ငြိမ်ကျသွားတော့သည်။

ထိုအခါ ဘုရင်ခံချုပ် ရောဘတ်ကလစ်က "မိုက်ဇာတ်တော့ သိမ်းသွားပြီ" ဟု ရေရွတ်ကာ အသာသက်ပြင်းချလိုက်သည်။ ထို့နောက် ကပ္ပတိန်ဘီထရမ်၏ မျက်နှာကို စိန်းစိန်းဝါးဝါး စိုက်ကြည့်ပြီး လက်ခုပ်တစ်ချက်တီး လိုက်ရာ၊ အိန္ဒိယစစ်သည်တစ်စုတို့ အပြေးဝင်ရောက်လာသည်။ ထိုအခါ ဘုရင်ခံချုပ် ရောဘတ်ကလစ်က ....

"ဒီကောင်ကို ဖမ်းပြီး တပ်စခန်းကို ခေါ်သွား၊ လမ်းမှာ လွတ်မသွားစေနဲ့။ အစောင့်အကြပ်လည်း ထူထူချထား၊ ကာနယ်လောရင့်နဲ့ တွေ့တဲ့အခါကျတော့မှ ဒီကောင်ကို စစ်ခုံရုံးတင်ပြီး စစ်ဆေးပို့ဖို့ စီစဉ်ရမယ်" ဟု ပြောကြားလိုက်ရာ၊ အိန္ဒိယစစ်သည်တစ်စုလည်း ကပ္ပတိန်ဘီထရမ်ကို ဖမ်းပြီး ဆွဲခေါ်သွားကြတော့သည်။

ထိုအခါမှ ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း တစ်ယောက်ကို တစ်ယောက် မြတ်နိုးချစ်ကြင်စွာ ဆုပ်ကိုင်ထားကြသော ကပ္ပတိန်ပရစ်ချတ်နှင့် မင်းသမီးလေး မူဟာရီတို့အပါးသို့ လျှောက်လာသည်။ ထိုသို့ လျှောက်လာရင်း ....

"ပြင်သစ်ပိုင် ပွန်ဒီချာရီမြို့တော်မှာ ဘုရင်ခံချုပ်အဖြစ် ခန့်ခဲ့တဲ့ ဂျိုဆေဖရန်ဆွာ ဒူဖရစ်ကို ပြင်သစ်ပြည်ကို ပြန်ခေါ်လိုက်တာဟာ ပြင်သစ်တွေအဖို့ လူကောင်းတစ်ယောက် ဆုံးရှုံးသွားတာပဲ။ ပြင်သစ်ဘုရင်ခံချုပ် ဒူဖရစ်ဟာ အိန္ဒိယပြည်နယ်တွေကို တိုင်းရင်းသားတွေကို ပြန်ပြီး အုပ်ချုပ်ခိုင်းတဲ့ အလေ့ရှိတယ်။ ဒီနည်းဟာ အတုယူဖို့ အတော်ကောင်းပါတယ်။ ကျုပ်လည်းပဲ ပြင်သစ်ဘုရင်ခံချုပ် ဒူဖရစ်ရဲ့ နည်းကို ချန္ဒရာပူရီမှာ သုံးရလိမ့်မယ်" ဟု ပြောကြားလိုက်၏။ ထို့နောက် မင်းသမီးလေး မူဟာရီကို အသာဦးညွှတ်ကာ ....

"မင်းသမီးလေး သဘောတူမယ်ဆိုရင် မင်းသမီးလေးကို ချန္ဒရာပူရီပြည်ရဲ့ ဘုရင်မကြီးအဖြစ် ခန့်အပ်ပါရစေ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီးနောက် ကပ္ပတိန်ပရစ်ချတ်၏ မျက်နှာကို မော့ကြည့်ကာ ....

"ကပ္ပတိန်ပရစ်ချတ်လို အားကိုးအားထား ပြုလောက်တဲ့သူသာ ကျွန်မရဲ့အပါးမှာ ရှိရင် ပေးအပ်တဲ့ ရာထူးကို လက်ခံနိုင်ပါတယ်" ဟု ပြောပြီး

"ကပ္ပတိန်ပရစ်ချတ်နဲ့အတူ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးမိုးချင်ပါတယ်" ဟု ပြောကြားလိုက်သည်

ထိုအခါ ဘုရင်ခံချုပ် ရောဘတ်ကလစ်လည်း အသာရယ်မောကာ

"ကပ္ပတိန်ပရစ်ချတ်ကို မင်းသမီး မူဟာရီရဲ့ မောင်တော်အဖြစ် ရွေးချယ်တာကို ကျုပ်တို့ သဘောတူပါတယ်။ ဒါမှ မဒရပ်မြို့တော်ကို ရန်သူတွေလာရောက် တိုက်ခိုက်မယ့် အရေးကို ကျုပ်တို့တွေးပြီး မပူရတော့ဘူးပေါ့။ ဒါမှ လာမယ့်နှစ်မှာ ကလကတ္တားမြို့ကို ကျုပ် စိတ်အေးလက်အေး ပြောင်းရွှေ့သွားနိုင်မှာပေါ့" ဟု ပြောကြားလိုက်သည်။ ထို့နောက် အေးဆေးတည်ငြိမ်သော အသွင်ဖြင့် ဘုရားကျောင်းအတွင်းမှ ထွက်ခွာသွားသည်။

http://www.cherrythitsar.org



ထိုအခါ မင်းသမီးလေး မူဟာရီလည်း ဘဝနှောင်ရေးအတွက် စိတ်အေးသွားဟန်ဖြင့် အသာသက်ပြင်းချလိုက်ပြီးမှ ....

"အစ်ကိုရေ ... ညီမ ဖခမည်းတော်ကို ချန္ဒရာပူရီဘုရင် ရှီရင်ဂါ–လားက ဖမ်းပြီး အကျဉ်းချထားတယ်လို့ သတင်းစကားကြားရတယ်။ ဒီတော့ ခမည်းတော်ကို အကျဉ်းတိုက်က လွတ်ပြီး မင်္ဂလာသတင်းကို ပြောကြားရဦးမယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ကပ္ပတိန်ပရစ်ချတ်က ....

"ဟုတ်တယ်၊ အစ်ကိုလည်း အစ်ကိုရဲ့ ကိုယ်ရံတော် အဂ္ဂါဆင်းကို အကျဉ်းတိုက်က လွတ်ရဦးမယ်။ အဂ္ဂါဆင်းဟာ ယုံကြည်စိတ်ချရတဲ့ လူကောင်းတစ်ယောက်ဖြစ်လေတော့ အစ်ကိုတို့ တပ်သစ်တွေ ပြန်ဖွဲ့တဲ့အခါမှာ သူ့ကို လေ့ကျင့်သင်ကြားခိုင်းရမယ်" ဟု ပြောကြားပြီးမှ လေးနက်တည်ငြိမ်သော အမူအရာဖြင့် ....

"ညီမရေ ... အစ်ကိုတို့ ဆောင်ရွက်စရာ တာဝန်တွေ အများကြီးရှိတယ်။ အစ်ကိုတော့ တိုင်းပြည်တာဝန်တွေနဲ့ ပိနေမှာပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး မူဟာရီက ကပ္ပတိန်ပရစ်ချတ်၏ ကိုယ်ကို ကန္နဲ့ကလျ မှီလိုက်ရင်း ....

"ဒီလိုဆိုရင် အစ်ကိုက ညီမအတွက် အချိန်ပေးနိုင်ပါ့မလား" ဟု ခပ်ထေ့ထေ့ ပြောလိုက်ရာ ကပ္ပတိန်ပရစ်ချတ်လည်း မည်သို့မျှ တုန့်ပြန်ပြောကြားခြင်း မပြုတော့ဘဲ မင်းသမီးလေးမူဟာရီ၏ ကိုယ်လုံးလေးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်လိုက်ပြီးလျှင် ပြည့်ဖြိုးတင်းအိနေသော နှုတ်ခမ်းအစုံကို တမြတ်တနိုး နမ်းလိုက်လေသတည်း။ ။

အောင်ခန့်

http://www.cherrythitsar.org



ကာလီဒေဝီ

WOMAN OF KALI

BY GARONER F.FOX